# အမျိုးသားညီညွတ်ရေးအစိုးရ
# ပညာရေးဝန်ကြီးဌာန

## ဆရာ့လမ်းညွှန်

# မြန်မာစာ

## ဒွါဒသမတန်း

NUG MOE

မတ်လ၊ ၂၀၂၄ ခုနှစ်

# မာတိကာ


စာမျက်နှာ

**ဒွါဒသမတန်း မြန်မာစာ သင်ရိုးမိတ်ဆက်** ၁

## အပိုင်း (၁)
## အပြောသင်ခန်းစာ

၁။ မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ် ၅
၂။ နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများ ၁၀
၃။ ဗန်းစကားပေါ်ပေါက်ပုံများ ၁၅
၄။ အသွင်ကွဲမြန်မာစကားများ ၁၉
၅။ စကားသင်္ကေတရောသုံးမှု ၂၃
၆။ ဥပစာ ၂၈

## အပိုင်း (၂)
## အဖတ်အရွတ်သင်ခန်းစာ

**အခန်း (၁) မြန်မာစကားပြေရွေးချယ်ချက်**

၁။ ကျစွာမင်းနှင့်မိထွေးတော် ၃၃
၂။ သစ္စာ ပညာ ဝီရိယ ၃၈
၃။ ဘုရားဖူးသွားခြင်း ၄၃
၄။ လူ့အသည်း ၄၈
၅။ အမှောင် ၅၄
၆။ တိုင်းရင်းသားပုံပြင်နှင့် စကားပုံများ ၅၉
(က) မိဘမဲ့ ပညာရှိကလေး သမ္မတ ဖြစ်လာပုံ (ကချင်ပုံပြင်)
(ခ) တိုင်းရင်းသားစကားပုံများ


NUG MOE

# မာတိကာ

စာမျက်နှာ

## အခန်း (၂) မြန်မာကဗျာရွေးချယ်ချက်


၁။ ပညာရဲရင့် ပွဲလယ်တင့် ၆၇
၂။ တံခွန်တိုင်သိကြားထင့် ၇၂
၃။ အရသာကြီး ခြံစပ်သီး ၇၉
၄။ ပန်းပန်လျက်ပဲ ၈၄
၅။ ဖိုးမောင်လာပြီ ၈၈
၆။ ဝိညာဉ်ခြေရာ ၉၄
၇။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ ၉၉


## အခန်း (၃) မြန်မာပြဇာတ်ရွေးချယ်ချက်


၁။ အာဇာနည်မိခင် -


## အပိုင်း (၃)
## အရေးသင်ခန်းစာ


အရေးသင်ခန်းစာ ၁၀၄
၁။ ပြောတဲ့အခါနဲ့ ရေးတဲ့အခါ ၁၀၇
၂။ နည်းလမ်းငါးသွယ် ၁၁၃
၃။ ခွန်အားရှိသောစာ ၁၁၈
၄။ စာရေးနည်း နှစ်မျိုး ၁၂၂
၅။ ရသဖန်တီးသူ ရသနှင့် ရသခံစားသူ ၁၂၇
၆။ ရေးဟန် ၁၃၂

# ဒွါဒသမတန်း မြန်မာစာ သင်ရိုးမိတ်ဆက်

## နိဒါန်း

ဒွါဒသမတန်း မြန်မာစာသင်ရိုးသစ် ဖြစ်လာတဲ့ နောက်ခံအကြောင်းကို နည်းနည်း ပြောပြချင်ပါတယ်။ ၂၀၂၃ ဇွန်လကစလို့ ကြားကာလပညာရေးလုပ်ငန်းတစ်ခုအဖြစ် ဒွါဒသမတန်း မြန်မာစာသင်ရိုးကို ပြင်ဆင်မွမ်းမံဖို့ ဖြစ်လာပါတယ်။ ၂၀၂၃ ခုနှစ် ဇွန်လ ၂၃ ရက်က စလို့ အပတ်စဉ် သောကြာနေ့တိုင်း မြန်မာစာ ဘုတ်အဖွဲ့အစည်းအဝေးကို ပြုလုပ်ပြီး အတွေ့အကြုံရှိ ဆရာကြီး၊ ဆရာမကြီးများ ပါဝင်တဲ့ သင်ရိုးပြုစုရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ စွမ်းရည်အခြေပြုပညာရေးစနစ် (Competency based Education) ဖြစ်ဖို့ ရည်မှန်းတဲ့အတွက် ဒွါဒသမတန်း မြန်မာစာဘာသာရပ် တတ်မြောက်မှုစွမ်းရည် (Competency) တွေကို ချမှတ်ခဲ့ကြပါတယ်။ တတ်မြောက်မှုစွမ်းရည်တွေချပြီး ဒီစွမ်းရည်တွေရောက်အောင် သင်ကြားမဲ့ သင်ခန်းစာတွေ ရွေးချယ်ပြုစုဖို့ တာဝန်တွေ အသီးသီး ခွဲဝေယူခဲ့ကြပါတယ်။ ဆရာကြီး၊ ဆရာမကြီးတွေက တာဝန်ကျရာ သင်ခန်းစာတွေနဲ့ လေ့ကျင့်ခန်းတွေကို ပြုစုပြီး power point presentation များနဲ့ အပတ်စဉ် တင်ပြဆွေးနွေးကြပါတယ်။ အထပ်ထပ် ဆွေးနွေးပြင်ဆင်ပြီး ၂၀၂၃ နိုဝင်ဘာ ၁၄ ရက်မှာ ၁၀၀% ပြင်ဆင်ထားတဲ့ ဒွါဒသမတန်း မြန်မာစာ သင်ရိုးသစ်ကို ပြုစုနိုင်ခဲ့ပါတယ်။

## ရည်ရွယ်ချက်

သင်ရိုးပြုစုရေးအဖွဲ့ရဲ့ ငါးကြိမ်မြောက်အစည်းအဝေးမှာ ဒွါဒသမတန်း မြန်မာစာသင်ရိုးကို ၁၀၀% ပြင်ဆင်ပြုစုဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၁၀၀% ပြင်ဆင်ရတဲ့ ရည်ရွယ်ချက် ၃ ခုရှိပါတယ်။

ပထမ ရည်ရွယ်ချက်က တိုင်းရင်းသားဒေသတွေမှာ မြန်မာစကားနဲ့ မြန်မာစာကို အသုံးချ ဘာသာစကားတစ်ခု၊ ကြားခံဘာသာစကားတစ်ခုအဖြစ် ထိထိရောက်ရောက် လွယ်လွယ်ကူကူ သုံးနိုင်ဖို့ပါ။

ဒုတိယရည်ရွယ်ချက်က ဘာသာစကားဆိုင်ရာ တတ်မြောက်မှုစွမ်းရည် (အပြောစွမ်းရည်၊ အရေး စွမ်းရည်၊ အဖတ်စွမ်းရည်၊ အကြားစွမ်းရည်)ကို ပေါက်မြောက်အောင်မြင်စေတဲ့ သင်ရိုးဖြစ်ဖို့ပါ။

တတိယရည်ရွယ်ချက်က ဒွါဒသမတန်း အတွက်ချမှတ်ထားတဲ့ တတ်မြောက်မှုစွမ်းရည်တွေကို အပြည့်အဝပေးနိုင်မဲ့ စစ်ဆေး အကဲဖြတ်မှု (Assessment)တွေကို ဖြေကြည့်စေချင်လို့ပါ။

ဒွါဒသမတန်း မြန်မာစာသင်ရိုးသစ်က ဗမာတိုင်းရင်းသားအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက တိုင်းရင်းသားအားလုံးအတွက်ရည်ရွယ်ပြုစုထားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားဆရာ၊ ဆရာမများနဲ့ ကျောင်းသား၊ ကျောင်းသူတွေ သင်ကြား လေ့လာရခက်ခဲတဲ့ ရေသည်ပြဇာတ်အစား နေ့စဉ်သုံးစကားနဲ့ ရေးထားတဲ့ အာဇာနည်မိခင် ပြဇာတ်ကို အစားထိုးခဲ့ပါတယ်။

ဒီနေရာမှာ သင်ရိုးပါ သင်ခန်းစာတွေနဲ့ လေ့ကျင့်ခန်းတွေဟာ နမူနာသာဖြစ်ပါတယ်။ ဒွါဒသမတန်း အတွက် ချမှတ်ထားတဲ့ တတ်မြောက်မှုစွမ်းရည်တွေသာ ရနိုင်မယ်ဆိုရင် ဘယ်စာအမျိုးအစားကို မဆို ဆက်စပ် လေ့လာသင်ကြားနိုင်ပါတယ်။ တိုင်းရင်းသားကလေးတွေအတွက် ဒုတိယဘာသာစကား သင်ကြားနည်းစနစ်နဲ့ သင်ကြားနိုင်ပါတယ်။

ဆရာ၊ ဆရာမတို့အနေနှင့် မိမိတို့ စိတ်တိုင်းကျ လေ့ကျင့်ခန်းမေးခွန်းများကို ထုတ်ပြီး သင်ကြားပေး လို့လဲရပါတယ်။ BECA စာမေးပွဲမှာ ဖတ်စာအုပ်ထဲက လေ့ကျင့်ခန်း မေးခွန်းတွေပဲ မေးမှာ မဟုတ်လို့ တတ်မြောက်မှုစွမ်းရည်တွေရောက်အောင် ဆရာ၊ ဆရာမတို့က လွတ်လွတ်လပ်လပ် သင်ကြားပေးပါ။ လေ့ကျင့်ခန်းများများ ထည့်ပေးခြင်းက ဆရာတို့ ဆရာမတို့ သင်ကြားပြသမှုကို ဘောင်ခတ်ခြင်းမဟုတ်ဘဲ၊ နမူနာအဖြစ် လေ့ကျင့်လို့ ရအောင် ထည့်ပေးခြင်းပဲ ဖြစ်ပါတယ်။

# အပိုင်း (၁) အပြောသင်ခန်းစာ

| သင်ခန်းစာ | တတ်ကျွမ်းမှုစံသတ်မှတ်ချက် |
|---|---|
| အပိုင်း (၁) အပြောသင်ခန်းစာ | (၁) မြန်မာဘာသာစကားကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် ပြောဆိုနိုင်ခြင်း<br>(၂) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ဘာသာစကားနှင့် စာပေကို တန်ဖိုးထားမြတ်နိုးခြင်း |

အပိုင်း (၁) အပြောသင်ခန်းစာ

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် |
|---|---|---|---|
| ၁။ | မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ် | • မြန်မာစကားသံအချို့နှင့် အနက်အဓိပ္ပာယ်တို့ ဆက်သွယ်နေပုံကို သိရှိရန်<br>• ဗျည်းသံတူလျှင် အနက်အဓိပ္ပာယ် တူညီနီးစပ်မှုလည်း ရှိပုံ၊<br>• အချို့သောဗျည်းသံများကို ကာရန်တူ တ-ဗျည်းနှစ်လုံးဆင့်တွဲလျှင် အနက်အဓိပ္ပာယ် အတိုင်းအဆကို လျော့ပါးစေသော သဘောရှိပုံ၊<br>• သံညင်း၊ သံပြင်း ကွဲပြားမှုနှင့် နှစ်သံတွဲ သုံးသံတွဲနှင့် တက်ကျသံသည်လည်း အနက်အဓိပ္ပာယ်နှင့် ဆက်သွယ်မှုရှိပုံတို့ကို သိရှိပြီး လူမှုဆက်ဆံရေးနယ်ပယ်တွင် လက်တွေ့အသုံးချနိုင်ရန်။ | **ပူးပေါင်းဆောင်ရွက်မှုနည်း**(Collaborative learning Method)<br>• ဆရာက ကျောင်းသားများကို မြန်မာစကားသံအချို့၏အနက်ကို မေးခွန်းမေးရန်<br>• ကျောင်းသားများက အချင်းချင်း ပူးပေါင်းရှာဖွေ အဖြေထုတ်ရန်<br>• နှစ်ယောက်တစ်တွဲ အပြန်အလှန်ပြောဆိုနည်း၊(Dyadic Exchange Method)<br>• မြန်မာစကားသံအချို့နှင့်အနက်အဓိပ္ပာယ်တို့ဆက်သွယ်နေပုံကို ကျောင်းသား နှစ်ယောက်စီအပြန်အလှန် ဆွေးနွေးပြောဆိုရန် |

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် |
|---|---|---|---|
| ၂။ | နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြု သည့် ဝေလေ့သုံးစကားများ | • မြန်မာဝေလေ့သုံးစကားကို လေ့လာခြင်းအားဖြင့် သုံးစွဲရခြင်း၏ နောက်ကွယ်တွင် ပြောဆိုသုံးစွဲသော လူမျိုး၏လူမှု လူ့ကိစ္စ လုပ်ငန်းဆောင်တာတည်း ဟူသော ဓလေ့ သဘောများကို ပါ သိရှိပြီး လူမှုဆက်ဆံရေး အဆင်ပြေချောမွေ့ လာနိုင်ရန် | **ပူးပေါင်းဆောင်ရွက်မှုနည်း**(Collaborative learning Method)<br>• အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့ဝင်အားလုံး အပြောစွမ်းရည် ကျွမ်းကျင်လာသည့်အပြင် ကျန်အဖွဲ့များ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်တင်ပြနိုင်ရန်<br>**ဉာဏ်ဖွင့်ဆွေးနွေးနည်း**<br>(Brainstorming Method)<br>• ကျောင်းသားများသိထားပြီးသော ဝေလေ့သုံးစကားများကို မေးမြန်းဆွေးနွေးခြင်း။ |
| ၃။ | ဗန်းစကား ပေါ်ပေါက်ပုံများ | • ဗန်းစကားသည် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ကြံစည်တီထွင်ခြင်းလည်း မဟုတ်ဘဲ လူပေါင်းများစွာတို့က နည်းမျိုးစုံ တင်စားသုံးနှုန်းခြင်းကို သိရှိပြီး လူမှုရေး နယ်ပယ်တွင် လက်တွေ့ အသုံးချ ပြောဆိုနိုင်ရန်<br>• ဗန်းစကား၏သဘောသဘာဝနှင့် တင်စား သုံးနှုန်းခြင်းကို သိရှိပြီး လူမှုရေး နယ်ပယ်တွင် လက်တွေ့ အသုံးချပြောဆိုနိုင်ရန်။ | **နှစ်ယောက်တစ်တွဲ အပြန်အလှန်ပြောဆိုနည်း၊(Dyadic Exchange Method)**<br>• လူမှုဆက်ဆံရေးတွင် ဗန်းစကားကို အသုံးပြုပြောဆိုပုံကို ကျောင်းသားနှစ်ယောက်စီအပြန်အလှန်ဆွေးနွေးပြောဆိုရန်<br>**ဉာဏ်ဖွင့်ဆွေးနွေးနည်း**<br>**(Brainstorming Method)**<br>• ကျောင်းသားများသိထားပြီးသော ဗန်းစကားများကို မေးမြန်းဆွေးနွေးခြင်း။ |
| ၄။ | အသွင်ကွဲမြန်မာစကားများ | • အသွင်ကွဲမြန်မာစကား လုံးအားလုံး တန်းတူရည်တူဖြစ်သည် ဟူသော အချက်ကိုမှု အလေးအနက်ဂရုပြုမိနိုင် စေရန်။ | **ပူးပေါင်းပါဝင်သင်ကြားနည်း (Co-orpative learning Method)**<br>• အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့ဝင်အားလုံးအပြော စွမ်းရည်ကျွမ်းကျင်လာသည့်အပြင် ကျန်အဖွဲ့များ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်တင်ပြနိုင်ရန် |

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် |
|---|---|---|---|
| ၄။ | အသွင်ကွဲမြန်မာစကားများ | • အသွင်ကွဲမြန်မာစကားတစ်ခုက တစ်ခုထက်ပို၍ အဆင့်မြင့်သည် အဆင့် နိမ့်သည်ဟူ၍ မရှိဘဲ တစ်မျိုးစီ တစ်နည်းစီ အသွင်ကွဲပုံများကိုသိရှိပြီးလူမှုရေးနယ်ပယ်တွင် အသုံးချနိုင်ရန်။ | **နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောဆိုနည်း။(Dyadic Exchange Method)**<br>• လူမှုဆက်ဆံရေးတွင် ဒေသိယစကားကို အသုံးပြုပြောဆိုပုံကို ကျောင်းသားနှစ်ယောက်စီ<br>• အပြန်အလှန်ဆွေးနွေးပြောဆိုရန် |
| ၅။ | စကားသင်္ကေတရော သုံးမှု | • စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားထိတွေ့မှုနှင့် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှု ဆက်ဆံရေး စသည့်အကြောင်း အမျိုးမျိုး ကြောင့်ဖြစ်ပုံကိုသိရှိပြီး လူမှုဆက်ဆံရေးနယ်ပယ်တွင်လက်တွေ့အသုံးချပြောဆိုနိုင်ရန်<br>• မိမိတို့ ဘာသာစကား၏သဘောသဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင် ဖန်တီးထားသော မွေးစားစကားလုံးများကို အပြောစကားတွင် ထည့်သွင်းအသုံးပြု နိုင်ရန် | **ပူးပေါင်းဆောင်ရွက်မှုနည်း (Collaborative learning Method)**<br>• ဆရာက ကျောင်းသားများကို စကားသင်္ကေတရောသုံးခြင်းနှင့်ဆိုင်သော မေးခွန်းတစ်ခုပေးရန်<br>• ကျောင်းသားများက အချင်းချင်းအုပ်စုဖွဲ့၍ ပူးပေါင်းရှာဖွေ အဖြေထုတ်ရန်<br>**ဉာဏ်ဖွင့်ဆွေးနွေးနည်း (Brainstorming Method)**<br>• ကျောင်းသားများသိထား ပြီးသည့် စကားသင်္ကေတ ရောသုံးသောစကားလုံးများကို မေးမြန်းဆွေးနွေးခြင်း။ |
| ၆။ | ဥပစာ | • ဘာသာစကားနယ်ပယ်တွင် တူညီမှု ဆက်စပ်မှုကို အခြေပြု၍ တင်စားသုံးသော ဥပစာ တင်စားမှုကို လက်တွေ့ပြောဆို အသုံးချနိုင်ရန်<br>• လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားပြောရာ၌ တင်စားသုံးသောဥပစာ<br>• အသုံးအနှုန်းတို့ကို လက်တွေ့အသုံးချ ပြောဆိုနိုင်စေရန်။ | **ပူးပေါင်းဆောင်ရွက်မှုနည်း (Collaborative learning Method)**<br>• အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့ဝင်အားလုံး အပြောစွမ်းရည်ကျွမ်းကျင်လာသည့်အပြင် ကျန်အဖွဲ့များ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်တင်ပြနိုင်ရန်<br>**ဉာဏ်ဖွင့်ဆွေးနွေးနည်း (Brainstorming Method)**<br>• ကျောင်းသားများသိထား ပြီးသည့် ဥပစာစကားလုံး များကို မေးမြန်းဆွေးနွေးခြင်း။ |

# အပြောသင်ခန်းစာ
## ၁။ မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်

| သင်ခန်းစာခေါင်းစဉ် | မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ် |
|---|---|
| သင်ယူမှုရလဒ် | (၁) မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်တို့၏ဆက်သွယ်ပုံကို သိနားလည်ပြီး လက်တွေ့ အသုံးပြုနိုင်စေရန်။<br>(၂) မြန်မာစကားသံအချို့နှင့် အနက်အဓိပ္ပာယ်တို့ ဆက်သွယ်နေပုံကို သိရှိပြီး<br>လူမှုဆက်ဆံရေးနယ်ပယ်တွင် လက်တွေ့အသုံးပြုနိုင်ရန်။ |
| သင်ကြားနည်းစနစ် | (၁) ပူးပေါင်းဆောင်ရွက်မှုနည်း (Collaborative learning Method)<br>(၂) နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောဆိုနည်း၊(Dyadic Exchange Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ယခု စာသင်ချိန်တွင် မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ် ဆက်စပ်မှုရှိပါသလား။ ဟု သင်ခန်းစာနှင့် ပတ်သက်ပြီး မည်မျှသိမည်ကို မေးခွန်းမေး၍ အစပြုသင်ကြားပါ။
- စာရေးသူအကြောင်းကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ပူးပေါင်းဆောင်ရွက်မှုနည်းဖြင့် ကျောင်းသားများနှင့် ဆွေးနွေးပါ။
- မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်တို့၏ဆက်သွယ်ပုံကို ကျောင်းသားများနှင့် ဆွေးနွေးမေးမြန်းပြောဆို၍ အဖြေရှာပါ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ဆရာက မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်တို့၏ဆက်သွယ်ပုံကို ဖွင့်ဆိုရှင်းပြပါ။

- ဗျည်းသံတူလျှင် အနက်အဓိပ္ပာယ်တူညီနီးစပ်မှုလည်း ရှိပုံ၊
- အချို့သော ဗျည်းသံများသည် အနက် အဓိပ္ပာယ်ကို ပြုပြင်ပေးနိုင်စွမ်းရှိပုံ၊
- အချို့ဗျည်းသံများကို ကာရန်တူ တ-ဗျည်းနှစ်လုံး ဆင့်တွဲလျှင် အနက်အဓိပ္ပာယ် အတိုင်းအဆကို လျော့ပါးစေသော သဘောရှိပုံတို့ကို ရှင်းပြပါ။

သာဓက-

- 'ဖြူ၊ နီ၊ ချို၊ ချဉ်' တို့ကို ကာရန်တူ တ-ဗျည်းနှစ်လုံး ဆင့်တွဲလျှင် 'ဖြူတူတူ၊ နီတီတီ၊ ချိုတိုတို၊ ချဉ်တဉ်တဉ်' ဖြစ်လာပုံ
- 'ဖြူတူတူ' သည် ဖြူလောက် အပြည့်အဝ မဖြူကြောင်း၊ ဖြူ၏အနက်အဓိပ္ပာယ် အတိုင်းအဆကို လျော့ပါးစေသော သဘောရှိကြောင်းဆွေးနွေးရှင်းပြပါ။
- ထို့နောက် ကျောင်းသားအရေအတွက်ပေါ်မူတည်၍ နှစ်ယောက်တစ်တွဲအုပ်စုများ ဖွဲ့ပါ။
- အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ စကားသံနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုကို ပူးပေါင်းဖော်ထုတ်ပါစေ။
- အုပ်စု တစ်စု၏အဖြေကို ကျန်အခြားအုပ်စုများက အကဲဖြတ်ပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု ရှိသည့် စကားလုံးများကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင် ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ ဗျည်းသံတူလျှင် အနက်အဓိပ္ပာယ် တူညီနီးစပ်မှုရှိကြောင်း မည်သည့်စာကြောင်းများကပြောဆိုသွားသည်ကို သာဓကပြ ပြောဆိုပါ။

လေ့ကျင့်ရန် မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁ ကို အုပ်စုဖွဲ့၍ဖြစ်စေ နှစ်ယောက်တွဲ၍ဖြစ်စေ လက်တွေ့ပြောဆို ဆွေးနွေးပါ။
- ဆရာက မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော ဗျည်းသံတူလျှင် အနက်အဓိပ္ပာယ် တူညီနီးစပ်မှု ရှိကြောင်းနှင့် 'ဖြူ၊ နီ၊ ချို၊ ချဉ်' တို့ကို ကာရန်တူ တ-ဗျည်းနှစ်လုံး ဆင့်တွဲလျှင် 'ဖြူတူတူ၊ နီတီတီ၊ ချိုတိုတို၊ ချဉ်တဉ်တဉ်' ဖြစ်လာပုံများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးပါ။



NUG MOE

လုပ်ငန်းစဉ် ၂
သင်ကြားခြင်း လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဆွေးနွေးစေပြီးမှ ဆွေးနွေးမှုရလဒ်များကို အုပ်စုခေါင်းဆောင်များက ကိုယ်စားပြု ရှင်းလင်းတင်ပြရန်။
- အပြောအဆိုပိုင်းတွင် စကားသံနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုကို မည်သို့ အသုံးပြုနိုင်ပုံကို သေချာစွာ လေ့လာ ရမည်ဖြစ်ကြောင်း သင်ပါ။ သံညင်း၊ သံပြင်း ကွဲပြားမှုနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုရှိကြောင်း၊ သံညင်း သည် ကြိယာအနက်ရပြီး သံပြင်းသည် နာမ်အနက် ရသည့် စကားလုံးဖြစ်ပြီး၊ မြေကြီးကို 'ကော်'ရသော ပစ္စည်းကို 'ဂေါ်' ဟုခေါ်ပုံ 'ကော်' နှင့် 'ဂေါ်' သည် သံညင်း၊ သံပြင်း အတွဲဖြစ်ပုံတို့ကို နမူနာပြ၍ အခြားစကားလုံး

'ခွေ' ထားသောပစ္စည်းကို 'ဂွေ'

ကျောကုန်းနှင့် လည်ကုပ် 'ဆက်'နေ သည့်နေရာကို 'ဇက်'

'စောက်' သည့်နေရာကို 'ဇောက်'

'ထောက်' ရသောပစ္စည်းကို 'ဒေါက်'

'ဖိ' ရသည့်ပစ္စည်း ကို 'ဘိ'

'ဖွဲ့' ထားသောစာကို 'ဘွဲ့'

- စသော စကားလုံးများသည် သံညင်း၊ သံပြင်း အတွဲများဖြစ်သည်။ ရှေ့စကား လုံးများသည် ကြိယာအနက် ရ၍ နောက်စကားလုံးများသည် နာမ်အနက်ရကြောင်း သာဓကအပြောဝါကျများဖြင့် ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ တက်ကျသံနှင့်အနက်အဓိပ္ပာယ် ဆက်သွယ်မှုရှိကြောင်းကို ပြောစကားများအရ၊ အသုံးအဆောင် ပစ္စည်းများနှင့် ကျိုးကြောင်းပြ အပြန်အလှန်ဆွေးနွေးပါ။
၂။ ဗျည်းသံအချို့တွင် ကာရန်တူ တ-နှစ်လုံးကို ဆင့်တွဲလျှင် အနက်အဓိပ္ပာယ် လျော့ပါးတတ်ကြောင်း သင်သိသော စကားလုံးများကိုသုံး၍ အုပ်စုဖွဲ့ ဆွေးနွေးတင်ပြပါ။
၃။ ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁
သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော ဗျည်းသံတူလျှင် အနက်အဓိပ္ပာယ် တူညီနီးစပ်မှု ရှိကြောင်းနှင့် သံညင်း၊ သံပြင်း ကွဲပြားမှုနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုရှိကြောင်း၊ သံညင်း သည် ကြိယာအနက်ရပြီး သံပြင်းသည် နာမ်အနက် ရသည့် စကားလုံးဖြစ်ပြီး၊ မြေကြီးကို 'ကော်'ရသော ပစ္စည်းကို 'ဂေါ်' ဟုခေါ်ပုံ 'ကော်' နှင့် 'ဂေါ်' သည် သံညင်း၊ သံပြင်း အတွဲဖြစ်ပုံတို့ကို နမူနာပြ၍ အခြားစကားလုံးများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးပါ။

- နှစ်သံတွဲ သုံးသံတွဲ စကားလုံးများတွင်လည်း နောက်ဆုံးစကားသံ၏ သံညင်း သံပြင်း ကွဲပြားမှုကို လိုက်၍ ကြိယာအနက်၊ နာမ်အနက် ကွဲပြားတတ်ပုံ၊
- ‘သူဆရာအဖြစ် အမှုထမ်းနေတယ်’ ဟူသော စကားတွင် ‘အမှုထမ်း’ သည် /အမှုထန်း/ ဟု အသံထွက်ပါသည်။ အဆုံးသံ /ထန်း/ သည် သံညင်းဖြစ်ပြီး ကြိယာ အနက်ရပုံ၊
- ‘အမှုထမ်းတွေ စည်းကမ်းရှိကြပါ’ ဟူသောစကားတွင် ‘အမှုထမ်း’ သည် /အမှုဒန်း/ ဟု အသံထွက်ပုံ အဆုံးသံ /ဒန်း/ သည် သံပြင်းဖြစ်ပြီး နာမ်အနက်ရပုံတို့ကို သင်ပါ။
- ကျောင်းသားများကို အုပ်စုဖွဲ့ ပြောဆိုစေရပါမည်။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- အောက်ပါစကားလုံးများကို အပြောဝါကျတွင် သုံး၍ အပြောလေ့ကျင့်ပါ။ (နှစ်ယောက်တွဲ လေ့ကျင့်ပြောကြားရန်)
- ထမင်းချက် /ထမင်းချက်/ နှင့် ထမင်းချက် /ထမင်းဂျက်/
- အိမ်စောင့်/အိမ်စောင့်/ နှင့် အိမ်စောင့်/အိမ်ဇောင့်/
- ပဲပြုတ်/ပဲပြုတ်/ နှင့် ပဲပြုတ်/ပဲဗျုတ်/

စသည်တို့တွင်လည်း သံညင်း သံပြင်း ကွဲပြားမှုကြောင့် ကြိယာအနက် နာမ်အနက် ကွဲပြားမှုဖြစ်ပုံကို ရှင်းပြပြီး ကျောင်းသားများကို နှစ်ယောက်တွဲ အပြန်အလှန်ပြောကြားလုပ်ဆောင်စေရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ တက်ကျသံနှင့်အနက်အဓိပ္ပာယ် ဆက်သွယ်မှုရှိကြောင်းကို ပြောစကားများအရ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကျိုးကြောင်းပြ အပြန်အလှန်ဆွေးနွေးပါ။
၂။ ကျောင်းသားများ၏ အပြောစကားများ မှန်၊ မမှန်ကို ဆရာကစစ်ဆေးပါ။

## စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော သံညင်း သံပြင်း ကွဲပြားမှုကြောင့် ကြိယာအနက် နာမ်အနက် ကွဲပြားမှုဖြစ်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ထို့နောက် ဆရာက တက်ကျသံနှင့် အနက်အဓိပ္ပာယ် ဆက်သွယ်ပုံကိုလည်း လေ့လာနိုင်ပါသည်။

‘မို့ – မို – မိုး’ ဟူသော တက်ကျသံကို ကြည့်ပါက –

မို့(အနိမ့်သက်သံ)သည် အနည်းငယ် မို့မောက်သည် ဟုအနက်ရသည်။(ကုန်းမို့မို့၊ ပါးမို့မို့)

မို(သံပြေ) သည် ထို့ထက်ပို၍ မိုမောက်သည့် အဓိပ္ပာယ်ကို ဆောင်သည်။ (ပိုမို၊ ကုန်းမို)

မိုး(အမြင့်သက်သံ)သည် ထို့ထက်ပို၍ မိုမောက်သော အဓိပ္ပာယ်ကို ဆောင်သည်။ (ခေါင်မိုး)

အထက်ပါသာဓကအရ အနိမ့်သက်သံသည် အနက်အဓိပ္ပာယ်အတိုင်းအဆ အနည်းဆုံးဖြစ်၍ သံပြေက ထို့ထက်ပိုပြီးအနက်ရှိပြီး အမြင့်သက်သံက ထိုအသံနှစ်သံထက် ပိုလွန်သောအနက်ရှိကြောင်းရှင်းပြသင်ကြားပါ။

ထို့နောက် ဆရာက ကျောင်းသားများကို အုပ်စုဖွဲ့၍ ဆွေးနွေးချိန် မိနစ် ၂၀ ပေး၍ စကားရည်လုရန် လမ်းညွှန်ပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- စကားရည်လုရန် ခေါင်းစဉ် နှစ်ခုကို ဆရာက ချရေးပြပြီး၊ အုပ်စုငယ်အတွင်းဆွေးနွေးပြီးသူများကို အုပ်စုအလိုက်စကားရည်လုပြောဆိုစေရပါမည်။
- အဆို – တက်ကျသံနဲ့ အနက်အဓိပ္ပာယ် ဆက်စပ်မှုက လူမှုဆက်ဆံရေးမှာ အသုံးဝင်တယ်။
- အချေ – တက်ကျသံနဲ့ အနက်အဓိပ္ပာယ် ဆက်စပ်မှုက လူမှုဆက်ဆံရေးမှာ အသုံးမဝင်ဘူး။
- စကားရည်လုခြင်း

(ခေါင်းဆောင်) ပထမအုပ်စု– ပထမလူ – အဆိုခေါင်းစဉ်ကို ဖွင့်ဆို–

(ခေါင်းဆောင်) ဒုတိယအုပ်စု –ပထမလူ – အချေခေါင်းစဉ်ကိုဖွင့်ဆို ပြီး ပထမလူကိုချေပရန်။

ပထမအုပ်စု– ဒုတိယလူ – အဆို(ပထမလူရဲ့အချေက အားနည်းချက်ထောက်ပြပြီး မိမိတို့ခေါင်းစဉ်ကို သာဓကများဖြင့် အခိုင်အမာပြောဆို)

ဒုတိယအုပ်စု –ဒုတိယလူ – အချေ (ဒုတိယလူပြောဆိုချက်ကို သာဓကများဖြင့်ချေပ)

ပထမအုပ်စု– တတိယလူ – အဆို–(အချေသမားတွေပြောသမျှ ခြုံငုံချေပပြောဆို)

ဒုတိယအုပ်စု –တတိယလူ – အချေ(အဆိုသမားတွေကို ခြုံငုံချေပ)

(ခေါင်းဆောင်)ပထမအုပ်စု – အပိတ်စကားနဲ့ မိမိခေါင်းစဉ်ကို အခိုင်အမာသက်သေပြ ပြောဆိုရန်။

(ခေါင်းဆောင်) ဒုတိယအုပ်စု – အပိတ်စကားနဲ့ မိမိခေါင်းစဉ်ကို အခိုင်အမာသက်သေပြ ပြောဆိုရန်။

စစ်ဆေးအကဲဖြတ်ခြင်း

ဖတ်စာအုပ်ထဲမှ လေ့ကျင့်ခန်းကို လက်တွေ့ပြုလုပ်ပါ။

၁။ စကားရည်လုပါ။

အဆို – မြန်မာစကားသံနှင့်အနက်အဓိပ္ပာယ်ဆက်စပ်မှု ရှိခြင်းသည် အရေးပါသည်။

အချေ – မြန်မာစကားသံနှင့်အနက်အဓိပ္ပာယ်ဆက်စပ်မှု ရှိခြင်းသည် အရေးမပါပါ။

လက်တွေ့လုပ်ဆောင်စေခြင်း

- စကားရည်လုစေခြင်း
- ဆရာက စကားရည်လုသော အဖွဲ့နှစ်ဖွဲ့၏ စကားပြောဟန်များကို သုံးသပ်ဆွေးနွေးပါ။

စာအညွှန်း

၁။ မောင်ခင်မင်(ဓနုဖြူ)။၂၀၀၄ ။ မြန်မာစကားမြန်မာစာရုပ်ပုံလွှာ။ ဓူဝံပုံနှိပ်တိုက်၊ ရန်ကုန်။

၂။ မောင်ခင်မင်(ဓနုဖြူ)။ ၂၀၀၄။ အတ္ထဗေဒနိဒါန်း။ ပညာတန်ဆောင်ပုံနှိပ်တိုက်၊ ရန်ကုန်။

## ၂။ နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများ |
| သင်ယူမှုရလဒ် | (၁) နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများ သုံးစွဲရခြင်း၏ နောက်ကွယ်တွင် ပြောဆိုသုံးစွဲသောလူမျိုး၏လူမှု ဓလေ့ သဘောများကို သိရှိနိုင်စေရန်။<br>(၂) မြန်မာဓလေ့သုံးစကားကို လေ့လာခြင်းအားဖြင့် သုံးစွဲရခြင်း၏ နောက်ကွယ်တွင် ပြောဆိုသုံးစွဲသော လူမျိုး၏လူမှုလူ့ကိစ္စ လုပ်ငန်းဆောင်တာ တည်းဟူသော ဓလေ့ သဘောများကို ပါသိရှိပြီး လူမှုဆက်ဆံရေး အဆင်ပြေချောမွေ့ လာနိုင်ရန်။ |
| သင်ကြားနည်းစနစ် | (၁) ပူးပေါင်းပါဝင်သင်ကြားနည်း (Co–orpative learning Method)<br>(၂) ဉာဏ်ဖွင့်ဆွေးနွေးနည်း(Brainstorming Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

## စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ယခု စာသင်ချိန်တွင် မြန်မာဓလေ့သုံးစကားများကို သင်သိပါသလား။ ဟု သင်ခန်းစာနှင့်ပတ်သက်ပြီး မည်မျှသိမည်ကို မေးခွန်းမေး၍ အစပြုသင်ကြားပါ။
- စာရေးသူအကြောင်းကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဦးစွာ ဆွေးနွေးမေးမြန်းပါ။
- နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများတွင် မြေပေါ်ရှိနေရာဒေသများ၊ အရှေ့ အနောက် တောင် မြောက်ဟူသော အရပ်မျက်နှာများ၊ ယင်းတို့နှင့်စပ်ဆိုင်သော လူ့အပြုအမူအခြေ အနေများနှင့် ပတ်သက်သော စကားများ အကျုံးဝင်ပုံကို ကျောင်းသားများနှင့် ဆွေးနွေးပြောဆိုပါ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ဆရာက နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများကို ဖွင့်ဆိုရှင်းပြပါ။
- ခရီးလမ်းအပိုင်းအခြားကုန်သည်သဘောကိုယူ၍ 'ကမ်းကုန်လမ်းကုန်' ဟူသောစကားကို 'အစွမ်းကုန်' ဟူသော အဓိပ္ပာယ်ဖြင့်သုံးကြောင်း၊ ခရီးအကွာအဝေးရှည်သည့်သဘောကိုယူ၍ 'ခရီးကြာသည်' ဟူသောစကားကို 'အချိန်ကုန်သည်၊ ဖင့်နွှဲသည်' ဟူသောအဓိပ္ပာယ်ဖြင့်သုံးကြောင်း၊ ချောင်ထဲတွင် ခိုနေသည့်သဘော ကိုယူ၍ 'ချောင်ခိုသည်' ဟူသောစကားကို မထင်မရှားနေသည်ဟူသော အဓိပ္ပာယ်ဖြင့် သုံးကြောင်း ရှင်းပြပါ။
- ထို့နောက် ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုများ ဖွဲ့ပါ။
- အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများကို ပူးပေါင်းဖော်ထုတ်ပါစေ။
- အုပ်စု တစ်စု၏အဖြေကို ကျန်အခြားအုပ်စုများက အကဲဖြတ်ပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် ဓလေ့သုံးစကားလုံးများကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင် ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများကို သုံး၍ အပြန်အလှန်ပြောပါ။

လေ့ကျင့်ရန် မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁ ကို အုပ်စုဖွဲ့၍ဖြစ်စေ နှစ်ယောက်တွဲ၍ဖြစ်စေ လက်တွေ့ပြောဆို ဆွေးနွေးပါ။
- ဆရာက နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများကို အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးပါ။
- 'စောက်နက်သည့်နေရာမှန်း ကမ်းပါးမှန်းမသိသည့်သဘောကိုစွဲ၍ 'စောက်မှန်း ကမ်းမှန်းမသိ' ဟူသော စကားကို အကောင်းမှန်း အဆိုးမှန်းမသိဟူသည့် အဓိပ္ပာယ်ဖြင့်သုံးသည်။ အလွန်နက် ရှိုင်းသော တွင်း၏သဘောကိုယူ၍ 'မိုက်တွင်းနက်သည်၊ ဆင်းရဲတွင်းနက်သည်' ဟူသော စကားများကို အလွန် မိုက်သည်၊ အလွန်ဆင်းရဲသည်ဟူသော အဓိပ္ပာယ်များဖြင့်သုံးကြောင်းဆွေးနွေးရှင်းပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဆွေးနွေးစေပြီးမှ ဆွေးနွေးမှုရလဒ်များကို အုပ်စု ခေါင်းဆောင်များက ကိုယ်စားပြု ရှင်းလင်းတင်ပြရပါမည်။
- အပြောအဆိုပိုင်းတွင် စကားသံနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုကို မည်သို့ အသုံးပြုနိုင်ပုံကို သေချာစွာ လေ့လာ ရမည်ဖြစ်ကြောင်း သင်ပါ။ ဓလေ့သုံးစကားသုံးစွဲရခြင်း၏နောက်ကွယ်တွင် ပြောဆိုသုံးစွဲသော လူမျိုး၏လူမှု လူ့ကိစ္စ လုပ်ငန်းဆောင်တာတည်းဟူသော ဓလေ့သဘောများကို ရှင်းလင်းပြောဆိုရပါမည်။

နောက်ဆုံးအထိ။ အစွမ်းကုန် ကို 'ခရီးကုန်'

'၊အကျိုးပြီးသည်။ လိုရာကိစ္စကို ဆောင်ရွက်အောင်မြင်သည်။ ကို 'ခရီးရောက်'

'လွန်လွန်ကျွံကျွံဖြစ်သည်။ ကို 'ခရီးလွန်'

'အလွန်အကဲဖြစ်သည်။ ကို 'ခေါင်ခိုက်'

- စသော ဓလေ့သုံးစကားလုံးများကို အပြောဝါကျတွင် မည ်သို့ အသုံးပြုပုံကို သာဓကအပြောဝါကျများဖြင့် ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ ခရီးနှင့်ဆိုင်သော ဓလေ့သုံးများကို ဖော်ပြပြီး ထိုဓလေ့သုံးစကားများအား မည်သို့အသုံးပြုထားကြောင်း သာဓကပြ၍ အုပ်စုဖွဲ့ လုပ်ဆောင်ပါ။

၂။ 'ကမ်းကုန်လမ်းကုန်၊ ခရီးကြသည်၊ စခန်းတွင်သည်၊ စောက်မှန်း ကမ်းမှန်းမသိ' စသော စကားလုံးများကို အပြောစကားတွင်သုံး၍ အုပ်စုဖွဲ့ ဆွေးနွေးတင်ပြပါ။

၃။ ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော ခရီးနှင့်ဆိုင်သော ဓလေ့သုံးများကို ဖော်ပြပြီး ထိုဓလေ့သုံး စကားများအား မည်သို့အသုံးပြုထားကြောင်း အုပ်စုဖွဲ့ လုပ်ဆောင်ပါ။

၃။ အောက်ပါ ဓလေ့သုံးစကားများကို အပြောဝါကျတွင် မည်သို့ပြောဆိုနိုင်ကြောင်း အပြန်အလှန်ဆွေးနွေးပါ။
ခရီးရောက်၊ ထွက်ပေါက်ရှာ၊ လမ်းခင်း၊ မြေဝယ်မကျ၊ ချောက်ချ။

- နမူနာပြ၍ အခြားစကားလုံးများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးပါ။
- စောက်နက်သည့်နေရာမှန်း ကမ်းပါးမှန်းမသိသည့်သဘောကိုစွဲ၍ 'စောက်မှန်း ကမ်းမှန်းမသိ' ဟူသော စကားကို အကောင်းမှန်း အဆိုးမှန်းမသိဟူသည့် အဓိပ္ပာယ်ဖြင့်သုံးသည်။ အလွန်နက် ရှိုင်းသော တွင်း၏သဘောကိုယူ၍ 'မိုက်တွင်းနက်သည်၊ ဆင်းရဲတွင်းနက်သည်' ဟူသော စကားများကို အလွန် မိုက်သည်၊ အလွန်ဆင်းရဲသည်ဟူသော အဓိပ္ပာယ်များဖြင့်သုံးကြောင်း သင်ပါ။
- ကျောင်းသားများကို အုပ်စုဖွဲ့ ပြောဆိုစေရပါမည်။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- အောက်ပါစကားလုံးများကို အပြောဝါကျတွင် သုံး၍ အပြောလေ့ကျင့်ပါ။။ (နှစ်ယောက်တွဲ လေ့ကျင့်ပြောကြားရန်)
- ဒုက္ခရောက်သည် ကို ချောက်ကျ(ဂျောက်ကျ)
- လူတစ်ဖက်သား ဒုက္ခရောက်အောင်လုပ်သည် ကို ချောက်ချ(ဂျောက်ချ)
- သူတစ်ပါးဒုက္ခရောက်အောင် ကြံဆောင်ပြုလုပ်သည် ကို ချောက်တွန်း(ဂျောက်တွန်း)

စသည်တို့ကို ရှင်းပြပြီး ကျောင်းသားများကို နှစ်ယောက်တွဲ အပြန်အလှန်ပြောကြား လုပ်ဆောင် စေရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ လမ်းစပြတ် နှင့် လမ်းစဖြတ်
လမ်းပိတ် နှင့် လမ်းပွင့်
မြေလှန်နှင့် မြေဝယ်မကျ စသည် ဓလေ့သုံးစကားနှစ်ခုတို့ မည်သို့ကွာခြားသနည်း။ ကျိုးကြောင်းပြ ဖြေဆိုပါ။

၂။ ကျောင်းသားများ၏ အပြောစကားများ မှန်၊ မမှန်ကို ဆရာကစစ်ဆေးပါ။

စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော လမ်းစပြတ် နှင့် လမ်းစဖြတ် ဓလေ့သုံးစကားနှစ်ခုတို့ ကွာခြားပုံကို မေးမြန်းဆွေးနွေးပါ။
- ထို့နောက် ဆရာက 'လမ်းလွဲလိုက်' ဟူသောဓလေ့သုံးစကားကို 'ခေါင်းဆောင်လုပ်သူက လမ်းလွဲလိုက်သွားရင် တစ်ပြည်လုံးလမ်းလွဲလိုက်ပါကြတယ်' ဟုလည်းကောင်း၊ 'သူက တော်မလိုလိုနဲ့ လမ်းလွဲလိုက်သွားတယ်' 'လူငယ်တွေ လမ်းလွဲလိုက်ရင် ဒုက္ခရောက်တတ်တယ်' ဟုလည်းကောင်း အပြောစကားနမူနာပြ၍ ရှင်းလင်းဆွေးနွေးပါ။
- ထို့နောက် ဆရာက ကျောင်းသားများကို အုပ်စုဖွဲ့၍ ဆွေးနွေးချိန် မိနစ် ၂၀ ပေး၍ စကားရည်လုရန် လမ်းညွှန်ပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ကျပန်းစကားပြောရန် ခေါင်းစဉ်များကို ဆရာက ချရေးပြပြီး၊ တစ်ဦးချင်းမဲနှိုက်၍ ကျပန်းစကားပြောဆိုစေရပါမည်။
- ကျပန်းစကားပြောရာတွင် တစ်ဦးလျှင် ၅ မိနစ် ခန့်

စစ်ဆေးအကဲဖြတ်ခြင်း

ဖတ်စာအုပ်ထဲမှ လေ့ကျင့်ခန်းကို လက်တွေ့ပြုလုပ်ပါ။

၁။ ကျပန်းစကားပြောပါ။ (ဓလေ့သုံးစကားများကို အသုံးပြုပြောရန်)

(က) ကျွန်တော်/ကျွန်မ နွေဦးထိပေါက်ခဲ့သော်

(ခ) ကျွန်တော်/ကျွန်မ နာမည်ကျော် မင်းသား/မင်းသမီး ဖြစ်ခဲ့သော်

(ဂ) စာညံ့သူအဖြစ်မှ စာတော်သူဖြစ်ရန် ကြိုးစားခဲ့ပုံ

(ဃ) ကျွန်တော်/ ကျွန်မ၏ ရည်မှန်းချက်

(င) ကျွန်တော်/ ကျွန်မ နာမည်ကြီးအဆိုတော်ဖြစ်ခဲ့သော်

လက်တွေ့လုပ်ဆောင်စေခြင်း

- ဆရာက ကျပန်းစကားပြောသောကျောင်းသားများ၏ စကားပြောစွမ်းရည်များကို သုံးသပ်ဆွေးနွေးပါ။

စာအညွှန်း

၁။ မောင်ခင်မင်(ဓနုဖြူ)။ ၂၀၁၆၊ (ပထမအကြိမ်) ။ မြန်မာ့ဓလေ့သုံးစကားများ။ ရာပြည့်စာပေ၊ ရန်ကုန်။
၂။ မောင်ခင်မင်(ဓနုဖြူ)။ ၂၀၀၄။ အတ္ထုပ္ပတ္တိဗေဒနိဒါန်း။ ပညာတန်ဆောင်ပုံနှိပ်တိုက်၊ ရန်ကုန်။

## ၃။ ဗန်းစကားပေါ်ပေါက်ပုံများ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ဗန်းစကားပေါ်ပေါက်ပုံများ |
| သင်ယူမှုရလဒ် | (၁) ဗန်းစကားသည် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ကြံစည်တီထွင်ခြင်း လည်း မဟုတ်ဘဲ လူပေါင်းများစွာတို့က နည်းမျိုးစုံ တင်စား သုံးနှုန်းခြင်းကို သိရှိပြီး အသုံးချပြောဆိုနိုင်စေရန်။<br>(၂) ဗန်းစကား၏သဘောသဘာဝနှင့်တင်စား သုံးနှုန်းခြင်းကို သိရှိပြီး လူမှုရေး နယ်ပယ်တွင် လက်တွေ့ အသုံးချပြောဆိုနိုင်ရန်။ |
| သင်ကြားနည်းစနစ် | (၁) နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောဆိုနည်း၊(Dyadic Ex-change Method)<br>(၂) ဉာဏ်ဖွင့်ဆွေးနွေးနည်း(Brainstorming Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ပထမစာသင်ချိန်တွင် ဗန်းစကားများကို သင်သိပါသလား။ ဟု သင်ခန်းစာနှင့်ပတ်သက်ပြီး မည်မျှသိမည်ကို မေးခွန်းမေး၍ အစပြုသင်ကြားပါ။
- စာရေးသူအကြောင်းကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဦးစွာ ဉာဏ်ဖွင့်ဆွေးနွေးမေးမြန်းပါ။
- ဗန်းစကားသည် လူမှုနယ်ပယ်တွင် စကားသစ်အဖြစ် တီထွင်သုံးစွဲသော ခေတ်ပေါ်စကားများဖြစ်ပြီး ရှိရင်းစွဲစကားလုံးကို မသုံးလိုကြသော လူငယ်များသည် ယင်းစကားလုံးနေရာတွင် မိမိတို့ အချင်းချင်းသိသည့် စကားလုံးများကို အစားသွင်း၍ အသစ်တီထွင်သုံးနှုန်းကြပုံကို ဉာဏ်ဖွင့်ဆွေးနွေးပြောဆိုပါ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ဗန်းစကားသည် လူမှုနယ်ပယ်တွင် စကားသစ်အဖြစ် တီထွင်သုံးစွဲသော ခေတ်ပေါ်စကားများ ဖြစ်သည်။ မည်သူမည်ဝါက ဖန်တီးပုံ၊ မည်သည့်အကြောင်းကို စွဲပြီး မည်သည့်စည်းကမ်းထားရမည်ဟု မသတ်မှတ်နိုင်သကဲ့သို့ သင့်နိုးရာကို တစ်စုံတစ်ဦးက သုံးလိုက်လျှင် အခြားသူများက နှစ်သက်လက်ခံပြီး စကားသုံးတွင်ကျယ် လာပါက ဗန်းစကားတစ်ရပ် ဖြစ်လာနိုင်ပုံကို ဆရာက ဉာဏ်ဖွင့်ဆွေးနွေးမေးမြန်းပါ။

- ရှိရင်းစွဲစကားလုံးကို မသုံးလိုကြသော လူငယ်များသည် ရှိရင်းစွဲစကားလုံးနေရာတွင် မိမိတို့ အချင်းချင်း သိသည့် စကားလုံးများကို အစားသွင်း၍ အသစ်တီထွင်သုံးနှုန်းကြသည်လည်းရှိကြောင်း ရှင်းပြပါ။
- စည်းစနစ် အခြေခံဟူ၍ မရှိသော်လည်း တစ်ယောက်ကအစ တစ်ယောက်သို့ ကူးစက်ပြန့်ပွား၍ အဓိပ္ပာယ်အသစ် စကားလုံးအသစ်အဖြစ် လက်ခံသုံးစွဲ တတ်ကြပုံ

ပုံစံအားဖြင့် –

| | |
|---|---|
| ယောကျ်ားကလေးကို | ဘဲ |
| မိန်းကလေးကို | စော် |
| အရေးမစိုက်ကို | ခေါက်ထား |
| စကားဖွာပြောကို | အာလူးပေး |
| ထုံအသည်ကို | တုံးသည် |

- စသည်ဖြင့် သုံးစွဲပုံတို့ကို ဆရာက ရှင်းပြပြီး၊ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုများ ဖွဲ့ပါ။
- အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ ဗန်းစကားများကို ပူးပေါင်းဖော်ထုတ်ပါစေ။
- အုပ်စု တစ်စု၏အဖြေကို ကျန်အခြားအုပ်စုများက အကဲဖြတ်ဆွေးနွေးပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် ဗန်းစကားများကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင် ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ မျက်မှောက်ခေတ်တွင် သုံးစွဲနေသော ဗန်းစကားများကို အသုံးပြု၍ အပြန်အလှန်ဆွေးနွေးပါ။

လေ့ကျင့်ရန် မေးခွန်းများ

၁။ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁ ကို အုပ်စုဖွဲ့၍ဖြစ်စေ နှစ်ယောက်တွဲ၍ဖြစ်စေ လက်တွေ့ပြောဆို ဆွေးနွေးပါ။

၂။ ဆရာက မျက်မှောက်ခေတ်တွင် သုံးစွဲနေသော ဗန်းစကားများကို အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

## စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော မျက်မှောက်ခေတ်တွင် သုံးစွဲနေသော ဗန်းစကားများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးပါ။
- နေ့စဉ်ပြောဆိုသုံးနှုန်းနေသော စကားများထဲတွင် တင်စားသုံးသော ဗန်းစကားများကို

ပုံစံအားဖြင့် –

| | | |
|---|---|---|
| 'သတ္တိကောင်းသည်' | ကို | 'သွေးနီသည်' |
| 'လျစ်လျူရှုသည်' | ကို | 'ကျောခိုင်းသည်' |
| 'တာဝန်လွှဲသည်' | ကို | 'ပခုံးပြောင်းသည်' |

စသည်ဖြင့် အဓိပ္ပာယ်များဖြင့်သုံးကြောင်းဆွေးနွေးရှင်းပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဆွေးနွေးစေပြီးမှ ဆွေးနွေးမှုရလဒ်များကို အုပ်စုခေါင်းဆောင်များက ကိုယ်စားပြု ရှင်းလင်းတင်ပြရပါမည်။
- မျက်မှောက်ခေတ်တွင် အသုံးပြုနေသော ဗန်းစကားများ

  နာနတ်သီး

  မုန့်ဟင်းခါး

  နှုတ်ခမ်းနီ စသည့်ဖြင့် သုံးပုံမျိုးကို ဆရာက ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ ဘာသာစကားများတွင် ဗန်းစကားများ အသုံးပြုပြောဆိုခြင်းသည် ကောင်းသည်(သို့မဟုတ်) မကောင်းပါဟူသော သင့်အမြင်ကို အထောက်အထားများပြ၍ အုပ်စုဖွဲ့ပြောဆိုပါ။

၂။ မြန်မာစကားပုံများကို အနက်သစ်ဖြင့်စပ်ကာ တင်စားသုံးသော ဗန်းစကားများရှိလျှင် မည်သို့ အဓိပ္ပာယ်ပြောင်းလဲပုံကို ကျိုးကြောင်းပြ၍ အပြန်အလှန်ဆွေးနွေးပါ။

၃။ ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ယခင်စာသင်ချိန်က ပြုလုပ်ခဲ့သော ဗန်းစကားများ အသုံးပြုပြောဆိုခြင်းသည် ကောင်းသည် (သို့မဟုတ်) မကောင်းပါကို ဆွေးနွေးမေးမြန်းပါ။
- လည်ပတ်ပါးနပ်သူတစ်ဦးအပေါ်တွင် ပို၍လည်ပတ်သူက အနိုင်ယူလိုက်သောအခါ 'ခေါင်းတုံးပေါ် ထိပ်ကွက်သည်'၊ မမျှော်လင့်ဘဲ ကံအားလျော်စွာ အောင်မြင်ခြင်းဖြစ်ကြောင်း ပြောလိုသောအခါ 'ကြက်ကန်းဆန်အိုး တိုးသည်'၊ အကျိုးကျေးဇူးတစ်စုံတစ်ရာမရဘဲ မိမိကပင် နစ်နာဆုံးရှုံးရသောအခါ 'ဖွတ်မရ ဓားမဆုံး' ဟုတင်စားသောစကားများသည် ကာလအားလျော်စွာ ဆန်းသစ်ပေါ်လွင်ခါစ၌ ဗန်းစကားအဖြစ် ထင်ရှားလာပုံတို့ကို ဆရာက ကျောင်းသားများကို ဆွေးနွေးရှင်းပြရပါမည်။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- အောက်ပါစကားလုံးများကို အပြောဝါကျတွင် သုံး၍ အပြောလေ့ကျင့်ပါ။။ (နှစ်ယောက်တွဲ လေ့ကျင့်ပြောကြားရန်)

  'မင်းသမီး' ကို 'ဗလပ်ပျံ'

  'ဘုန်းကြီး' ကို 'ယောပန'

  'စောင်း' ကို 'ဂေါက်'

  'ထမင်း' ကို 'ပုန်း'

  'လက်ဖက်ရည်' ကို 'ဒေါင်' စသည်တို့ကို ရှင်းပြပြီး ကျောင်းသားများကို နှစ်ယောက်တွဲ အပြန်အလှန်အပြောစကားတွင် လက်တွေ့ လုပ်ဆောင်စေရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ ဇာတ်သဘင်မှ ဗန်းစကားများအဘယ့်ကြောင့်ပေါ်ထွက်လာပုံကို အကိုးအထောက်များပြ၍ ကျောင်းသားများ အမြင်ဖြင့် လေ့လာသုံးသပ် တင်ပြပါ။

၂။ ကျောင်းသားများ၏ အပြောစကားများ မှန်၊ မမှန်ကို ဆရာကစစ်ဆေးပါ။

စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်တွင် ယခင်စာသင်ချိန်က ပြုလုပ်ခဲ့သော ဇာတ်သဘင်မှ ဗန်းစကားများအကြောင်းကို မေးမြန်းဆွေးနွေးပါ။
- ထို့နောက် ဆရာက ဗန်းစကားများသည် ထင်ရာစွဲ သုံးနှုန်းသော စကားများမဟုတ်ပုံ၊ နှုတ်တွင်လာခဲ့သော ဗန်းစကားများသည် နှုတ်မှတစ်ဆင့် စာပေပေါ်တွင်လည်း စွဲဝင်တွင်ကျယ်လာတတ်ပုံ၊ ဗန်းစကားသည် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ကြံစည်တီထွင်ခြင်းလည်း မဟုတ်ဘဲ လူပေါင်းများစွာတို့၏ အနည်းနည်းအဖုံဖုံ တင်စား သုံးနှုန်းခြင်းဖြစ်ပုံတို့ကို အပြောစကားနမူနာပြ၍ ရှင်းလင်းသင်ကြားပါ။
- ထို့နောက် ဆရာက ကျောင်းသားများကို အုပ်စုဖွဲ့၍ ခေတ်အလိုက် ဗန်းစကားများတီထွင်သုံးစွဲမှုအပေါ် သင့်အမြင်ဖြင့် ဝေဖန်သုံးသပ်တင်ပြရန်။ (အုပ်စုဖွဲ့လုပ်ဆောင်ရန်– ဆွေးနွေးချိန်– ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ကျပန်းစကားပြောရန် ခေါင်းစဉ်များကို ဆရာက ချရေးပြပြီး၊ တစ်ဦးချင်းမဲနှိုက်၍ ကျပန်းစကားပြောဆိုစေရပါမည်။
- ကျပန်းစကားပြေရာတွင် တစ်ဦးလျှင် ၅ မိနစ် ခန့်

စစ်ဆေးအကဲဖြတ်ခြင်း

- ဖတ်စာအုပ်ထဲမှ လေ့ကျင့်ခန်းကို လက်တွေ့ပြုလုပ်ပါ။ ဆရာက အခြားခေါင်းစဉ်များကို ရေး၍ ပြုလုပ်နိုင်ပါသည်။

၁။ ကျပန်းစကားပြောပါ။ (ဗန်းစကားများကို အသုံးပြုပြောရန်)

(က) ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်တယ်။

(ခ) ကျွန်တော်/ကျွန်မ နာမည်ကြီးမင်းသား/မင်းသမီးဖြစ်ခဲ့သော်

(ဂ) အဆိုပြိုင်ပွဲတစ်ခုမှာ ပထမဆုရခဲ့သော်

(ဃ) မျက်မှောက်ခေတ်မှာ အသစ်ပေါ်လာတဲ့ ဗန်းစကားများ

(င) ကျွန်တော်/ ကျွန်မ လမ်းလွဲလိုက်မိစဉ်အချိန်က

လက်တွေ့လုပ်ဆောင်စေခြင်း

- ဆရာက ကျပန်းစကားပြောသောကျောင်းသားများ၏ စကားပြောစွမ်းရည်များကို သုံးသပ်ဆွေးနွေးပါ။

စာအညွှန်း

၁။ လှသမိန်။ ၂၀၁၉၊ ဒုတိယအကြိမ် ။ မြန်မာစာပေအဆီအနှစ်။ သံလွင်စာပေ၊ ရန်ကုန်။
၂။ မောင်ခင်မင်(ဓနုဖြူ)။ ၂၀၀၄။ အတ္ထဗေဒနိဒါန်း။ ပညာတန်ဆောင်ပုံနှိပ်တိုက်၊ ရန်ကုန်။

၄။ အသွင်ကွဲမြန်မာစကားများ

| သင်ခန်းစာခေါင်းစဉ် | ၄။ အသွင်ကွဲမြန်မာစကားများ |
|---|---|
| သင်ယူမှုရလဒ် | (၁) နေရာဒေသ၊အရပ်မျက်နှာကိုအစွဲပြုသည့် ဓလေ့သုံးစကားများ သုံးစွဲရခြင်း၏ နောက်ကွယ်တွင်ပြောဆိုသုံးစွဲသောလူမျိုး၏ လူမှု ဓလေ့ သဘောများကို သိရှိပြီး လူမှုဆက်ဆံရေး ကောင်းမွန်သူများ ဖြစ်လာ နိုင်ရန်<br>(၂) နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့်ဓလေ့သုံးစကားများ သုံးစွဲရ ခြင်း၏ နောက်ကွယ်တွင်ပြောဆိုသုံးစွဲသော လူမျိုး၏လူမှု ဓလေ့သဘော များကို သိရှိနိုင်စေရန် |
| သင်ကြားနည်းစနစ် | (၁) ပူးပေါင်းပါဝင်သင်ကြားနည်း (Co-orpative learning Meth-od)<br>(၂) နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောဆိုနည်း၊(Dyadic Ex-change Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ပထမစာသင်ချိန်တွင် အသွင်ကွဲမြန်မာစကားများကို သင်သိပါသလား။ ဟု သင်ခန်းစာနှင့်ပတ်သက်ပြီး မည်မျှသိမည်ကို မေးခွန်းမေး၍ အစပြုသင်ကြားပါ။
- စာရေးသူအကြောင်းကို မိတ်ဆက်ပါ။ စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဦးစွာ ဆွေးနွေး မေးမြန်းပါ။
- ပစ္စည်းတစ်ခုတည်းကို အချို့က 'လက်နှိပ်ဓာတ်မီး' ဟုခေါ်၍ အချို့က 'ဒုတ်မီး' ဟု ခေါ်ခြင်းသည် အသုံးအနှုန်းချင်း ကွဲပြားခြင်းသာဖြစ်၍ 'အသွင်ကွဲမြန်မာစကား' ဟုခေါ်နိုင်ပုံ 'ဒေသန္တရစကား' 'ဒေသိယ စကား' ဟု လည်း ခေါ်ကြပုံတို့ကို ဆွေးနွေးမေးမြန်းပြောဆိုပါ။

လုပ်ငန်းစဉ် ၂
ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- "ဒေသိယစကားဆိုသည်မှာ နေရာဒေသ ပထဝီအနေအထား ကွဲပြားမှု၊ လူနေမှုအဆင့်အတန်း ကွဲပြားခြားနားမှုတို့ကြောင့် စကားသံ၊ ဝေါဟာရအသုံးအနှုန်း၊ သဒ္ဒါစသည်တို့ ကွဲပြားနေသော ဘာသာစကားတစ်ခု၏ အသွင်ကွဲဖြစ်လာနိုင်ပုံကို ဆရာက ဆွေးနွေးရှင်းပြပါ။
- နေရာဒေသကိုလိုက်၍ ကွဲပြားသော အသွင်ကွဲမြန်မာစကားများတွင် ရခိုင်စကား၊ ထားဝယ်စကား၊ မြိတ်စကား၊ တောင်ရိုးစကား၊ အင်းသားစကား၊ ဓနုစကား၊ ယောစကားတို့မှာ ထင်ရှားပုံ၊ ထိုစကားများ လောက်မထင်ရှားသော အခြားအသွင်ကွဲစကားများလည်းရှိပုံတို့ကို ရှင်းပြပါ။
- ဗျည်းသံချင်းကွဲပြားပုံ၊ သရသံချင်းကွဲပြားပုံတို့ကို စိတ်ဝင်စားဖွယ် တွေ့ရမည်ဖြစ်သည်။ ဆိုပါစို့၊ ရန်ကုန်လို၊ မော်လမြိုင်လိုနေရာမျိုးမှာ မကြားရသော 'ရကောက်လျှာလိပ်သံ' ကို ရခိုင်၊ တောင်ရိုး၊ အင်းသား၊ ဓနုစကားများတွင် သုံးစွဲပုံတို့ကို ဆရာက ရှင်းပြပြီး၊ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုများဖွဲ့ပါ။
- အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ ဒေသအလိုက်ရှိသော ဒေသိယစကားများကို ပူးပေါင်းဖော်ထုတ်ပါစေ။
- အုပ်စုတစ်စု၏အဖြေကို ကျန်အခြားအုပ်စုများက အကဲဖြတ်ပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် ဒေသိယစကားများကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင် ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ အသွင်ကွဲစကားနှင့် ဗန်းစကားတို့၏ ကွဲပြားမှုကို အကိုးအထောက်ပြ၍ အပြန်အလှန်ပြောဆိုပါ။

လေ့ကျင့်ရန် မေးခွန်းများ

၁။ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁ ကို အုပ်စုဖွဲ့၍ဖြစ်စေ နှစ်ယောက်တွဲ၍ဖြစ်စေ လက်တွေ့ပြောဆို ဆွေးနွေးပါ။

၂။ ဆရာက မျက်မှောက်ခေတ်တွင် သုံးစွဲနေသော ဒေသိယစကားများကို အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

## စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁
သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော ဒေသအလိုက်သုံးစွဲနေသော ဒေသိယစကားများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးပါ။
- ဒေသအလိုက်ပြောဆိုသုံးနှုန်းနေသော စကားများထဲတွင် ဒေသိယစကားများကို

ပုံစံအားဖြင့် –

ယသံနှင့်ပြောသည့်စကားများကို ထားဝယ်၊ တောင်ရိုး၊ အင်းသားတို့ 'လဆွဲသံ' နှင့် ပြောကြပုံ

ကျားကို /ကွား/

ပြန်ကို /ပ္လန်/

မြေကို /မ္လေ/

ချိုကို /ချို/ ဟူ၍ပြောပုံ

ယသံဖျောက်ပြောသည်လည်းရှိပုံ

ကျွဲကို /ကွဲ/

ခြေကို /ခေ/ဟု ပြောပုံ စသည်ဖြင့် အဓိပ္ပာယ်များဖြင့်သုံးကြောင်းရှင်းပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဆွေးနွေးစေပြီးမှ ဆွေးနွေးမှုရလဒ်များကို အုပ်စုခေါင်းဆောင်များက ကိုယ်စားပြု ရှင်းလင်းတင်ပြရပါမည်။
- ဆွေးနွေးမှုရလဒ်များကို သုံးသပ်ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ ဗျည်းသံကွဲပြားမှုသည် ဒေသမတူသည့်သူများနှင့် လူမှုဆက်ဆံရေးနယ်တွင် အခက်အခဲဖြစ်စေနိုင်သည်ဟု ထင်ပါသလား။ ယင်းအခက်အခဲကို မည်သို့ ဖြေရှင်းနိုင်သနည်း။ ကျိုးကြောင်းပြ၍ အုပ်စုဖွဲ့အပြန်အလှန်ဆွေးနွေးပါ။

၂။ ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ယခင်စာသင်ချိန်က ပြုလုပ်ခဲ့သော ဗျည်းသံကွဲပြားမှုသည် ဒေသမတူသည့်သူများနှင့် လူမှုဆက်ဆံရေးနယ်တွင် အခက်အခဲဖြစ်နိုင်သလား။ မည်သို့ဖြေရှင်းနိုင်သလဲကို ဆွေးနွေးမေးမြန်းပါ။
- တောင်ရိုးနှင့် အင်းသားစကားတို့တွင် ဂ၊ ဇ၊ ဒ၊ ဗ စသော(သံပြင်း)များ မရှိသည့်အတွက် သက်ဆိုင်ရာ သံညင်းကိုသုံးပြီးပြောပုံ

တောင်ရိုးစကားတွင်

ဂဏန်းကို /ကဏန်း/

ဈေးကို /ဆေး/

ကျေးဇူးကို /ကေးစူး/ စသည်ဖြင့်သုံးပုံတို့ကို ဆရာက ကျောင်းသားများကို ရှင်းပြရပါမည်။

လုပ်ငန်းစဉ် ၂
သင်ကြားခြင်း လေ့ကျင့်ခြင်း

- အောက်ပါစကားလုံးများကို အပြောဝါကျတွင် သုံး၍ အပြောလေ့ကျင့်ပါ။။ (နှစ်ယောက်တွဲ လေ့ကျင့်ပြောကြားရန်) သရသံချင်းလည်း ကွဲပြားမှုရှိသည်။ တောင်ရိုးစကားတွင်

အောက်ကို /အော့/ ၊
အနောက်ကို /အနော့/
ထားဝယ်စကားတွင် မျောက်ကို /မျော့/
ယောစကားတွင် တောက်တဲ့ကို /တော့တဲ့/

ရခိုင်စကားတွင်

တစ်၊ နှစ် ကို /တိုက်၊ နိုက်/ ဟု အသံထွက်သည်တို့ကို ရှင်းပြပြီး ကျောင်းသားများကို နှစ်ယောက်တွဲ အပြန်အလှန်အပြောစကားတွင် လက်တွေ့ လုပ်ဆောင်စေရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း
၁။ သရသံကွဲပြားမှုနှင့် စကားအသုံးအနှုန်းကွဲပြားမှုကို သုံးသပ်၍ အုပ်စုဖွဲ့ပြောဆိုဆွေးနွေးပါ။
၂။ အသွင်ကွဲမြန်မာစကားလုံးအားလုံး တန်းတူရည်တူဖြစ်သည်ဟူသော အချက်ကို သင် သဘောတူ လက်ခံပါသလား။ ကျိုးကြောင်းပြဖြေဆိုပါ။(အုပ်စုဖွဲ့လုပ်ဆောင်ရန်- ဆွေးနွေးချိန်- ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)
၃။ ကျောင်းသားများ၏ အပြောစကားများ မှန်၊ မမှန်ကို ဆရာကစစ်ဆေးပါ။

စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁
သင်ကြားခြင်း လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်တွင် ယခင်စာသင်ချိန်က ပြုလုပ်ခဲ့သော သရသံကွဲပြားမှုနှင့် စကားအသုံးအနှုန်းကွဲပြားမှုကို အကြောင်းကို မေးမြန်းဆွေးနွေးပါ။
- ထို့နောက် ဆရာက တောင်ရိုး၊ ဓနုစကားတွင် စား၍မြိန်သည်ကို /စားချို/၊ အင်းသားစကားတွင် သူငယ်ချင်းကို /လူခဲ/၊ ဓနု စကားတွင် ကြည့်ချင်မြင်ချင်သည်ကို /မျက်စိဆာ/၊ ထားဝယ်စကားတွင် သားသည်အမေကို /သားရှင်မိ/၊ မြိတ် စကားတွင် အအေးမိ၍နှာစေးသည်ကို /ဆောင်းပြေးသင့်/ဟု သုံးနှုန်းကြပုံတို့ကို အပြောစကားနမူနာပြ၍ ရှင်းလင်းသင်ကြားပါ။
- ထို့နောက် ဆရာက ကျောင်းသားများကို အုပ်စုဖွဲ့၍ နေရာဒေသအလိုက် ပြောသော ဒေသိယစကား များ အပေါ် သင့်အမြင်ဖြင့် ဝေဖန်သုံးသပ်တင်ပြရန်။ (အုပ်စုဖွဲ့လုပ်ဆောင်ရန်- ဆွေးနွေးချိန်- ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)

လုပ်ငန်းစဉ် ၂
သင်ကြားခြင်း လေ့ကျင့်ခြင်း

- အသွင်ကွဲမြန်မာစကားများကို အသုံးပြု၍ စကားဖြစ်ရပ် ဇာတ်လမ်းများကိုအုပ်စုအလိုက် ဖန်တီး၍ တင်ပြပါ။ (အုပ်စုဖွဲ့ လုပ်ဆောင်ရန်- ဆွေးနွေးချိန်- ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)

စစ်ဆေးအကဲဖြတ်ခြင်း

- အသွင်ကွဲမြန်မာစကားများကို အသုံးပြု၍ စကားဖြစ်ရပ် ဇာတ်လမ်းများကိုအုပ်စုအလိုက် ဖန်တီး၍ အုပ်စုလိုက် သရုပ်ဆောင်ပြောဆိုစေရပါမည်။

လက်တွေ့လုပ်ဆောင်စေခြင်း

- ဆရာက ကျောင်းသားများ၏ စကားပြောစွမ်းရည်များကို သုံးသပ်ဆွေးနွေးပါ။

စာအညွှန်း

၁။ မောင်ခင်မင်(ဓနုဖြူ)။၂၀၀၄ ။ မြန်မာစကားမြန်မာစာရုပ်ပုံလွှာ။ စူဝံပုံနှိပ်တိုက်၊ ရန်ကုန်။

၂။ မောင်ခင်မင်(ဓနုဖြူ)။ ၂၀၀၄။ အတ္ထဗေဒနိဒါန်း။ ပညာတန်ဆောင်ပုံနှိပ်တိုက်၊ ရန်ကုန်။

## ၅ ။ စကားသင်္ကေတရောသုံးမှု

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ၅။ စကားသင်္ကေတရောသုံးမှု |
| သင်ယူမှုရလဒ် | (၁) စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားထိတွေ့မှုနှင့် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှု ဆက်ဆံရေး စသည့်အကြောင်း အမျိုးမျိုး ကြောင့်ဖြစ်ပုံကိုသိရှိပြီး လူမှုဆက်ဆံရေးနယ်ပယ်တွင်လက်တွေ့အသုံးချပြောဆိုနိုင်ရန်<br>(၂) မိမိတို့ ဘာသာစကား၏သဘော သဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင် ဖန်တီးထားသော မွေးစားစကားလုံးများကို အပြောစကားတွင် ထည့်သွင်းအသုံးပြုနိုင်ရန် |
| သင်ကြားနည်းစနစ် | (၁) ပူးပေါင်းဆောင်ရွက်မှုနည်း (Collaborative learning Method)<br>(၂) ဉာဏ်ဖွင့်ဆွေးနွေးနည်း(Brainstorming Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ပထမစာသင်ချိန်တွင် သင်္ကေတကို သင်သိပါသလား။
- စကားသင်္ကေတရောသုံးတာကို ဘယ်လိုနားလည်ပါသလဲ။ ဟု သင်ခန်းစာနှင့်ပတ်သက်ပြီး မည်မျှသိမည်ကို မေးခွန်းမေး၍ ပူးပေါင်းအဖြေရှာခြင်းဖြင့် အစပြုသင်ကြားပါ။
- စာရေးသူအကြောင်းကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဦးစွာ ဉာဏ်ဖွင့်ဆွေးနွေးပြောဆိုရပါမည်။

- ဘာသာစကားတစ်မျိုးကို အခြေခံအားဖြင့် သုံးစွဲနေစဉ်အတွင်း အခြားဘာသာစကားတစ်မျိုး၏ အစိတ်အပိုင်းများကို ရောနှောအသုံးပြုခြင်းမျိုးဖြစ်ပြီး အများအားဖြင့် စကားလုံးများ ဖြစ်တတ်ပုံ ပုဒ်စုများနှင့် ထို့ထက်ပိုကြီးသော ယူနစ်များလည်း ဖြစ်နိုင်ပုံတို့ကို ဆွေးနွေးပြောဆိုပါ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားဆိုင်ရာ အကြောင်းရင်းခံတစ်ရပ်နှင့် လူမှုဆိုင်ရာ အကြောင်းရင်းခံလေးရပ်တို့ပေါ်တွင် မူတည်ပုံကို ဆရာက ပူးပေါင်းဆောင်ရွက်မှုနည်းဖြင့် ဆွေးနွေးသင်ပြပါ။
- ဘာသာစကားဆိုင်ရာ အကြောင်းရင်းခံတစ်ရပ်မှာ ဘာသာစကားထိတွေ့မှုဖြစ်သည်။ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုဆက်ဆံရေး စသည့် အကြောင်းအမျိုးမျိုးကြောင့် လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု ထိတွေ့ကာ ဘာသာစကားချင်းလည်း ထိတွေ့မှုဖြစ်လာပုံကို ရှင်းပြပါ။
- မြန်မာဘာသာစကားကို ပြောဆိုနေစဉ်အတွင်း ပါဠိဘာသာစကားကို ရောသုံးသော စကားသင်္ကေတ ရောသုံးခြင်း ဖြစ်ပေါ်လာသည်။

ပုံစံအားဖြင့် –

“ဒီကိစ္စကို အနုလုံပဋိလုံ စဉ်းစားဖို့လိုတယ်”

“ပုထုဇနော ဧမ္မတ္တကော လူဆိုတာ အရူးချည်းပါပဲ”

“အာရောဂျံ ပရမံလာဘံ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးလို့ ဆိုနိုင်ပါတယ်” စသည်ဖြင့် သုံးစွဲပုံတို့ကို ဆရာက ရှင်းပြပြီး၊ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုများ ဖွဲ့ပါ။

- အုပ်စုတွင်း အချင်းချင်းဉာဏ်ဖွင့်ဆွေးနွေးစေ၍ စကားသင်္ကေတရောသုံးမှုများကို ပူးပေါင်းဖော်ထုတ်ပါစေ။
- အုပ်စု တစ်စု၏အဖြေကို ကျန်အခြားအုပ်စုများက အကဲဖြတ်ပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် စကားသင်္ကေတရောသုံးမှုများကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင် ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ စကားသင်္ကေတရောသုံးရခြင်း၏ အကြောင်းရင်းများကို သုံးသပ်၍ အပြန်အလှန်ဆွေးနွေးပါ။

လေ့ကျင့်ရန် မေးခွန်းများ

၁။ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁ ကို အုပ်စုဖွဲ့၍ဖြစ်စေ နှစ်ယောက်တွဲ၍ဖြစ်စေ လက်တွေ့ပြောဆို ဆွေးနွေးပါ။

၂။ ဆရာက မျက်မှောက်ခေတ်တွင် သုံးစွဲနေသော စကားသင်္ကေတရောသုံးမှုများကို အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော မျက်မှောက်ခေတ်တွင် သုံးစွဲနေသော စကားသင်္ကေတ ရောသုံးမှုများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးပါ။
- မြန်မာဘာသာစကားပြောဆိုစဉ်အတွင်း အင်္ဂလိပ်ဘာသာစကား ရောသုံးသော စကားသင်္ကေတရော သုံးခြင်း ဖြစ်ထွန်းလာပုံနှင့် အပြောစကားတွင် အသုံးပြုပုံကို ရှင်းပြပါ။

ပုံစံအားဖြင့် –

"ဒီဟိုတယ်က facilities မကောင်းဘူး"

"သူ့ကြည့်ရတာ တော်တော် feel ဖြစ်နေပုံရတယ်"

"ဒီအဆိုတော်က own tune သမား၊ copy မဆိုဘူး" စသည်ဖြင့် အသုံးပြုကြောင်းရှင်းပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စုများဖွဲ့၍ အုပ်စုလိုက် အင်္ဂလိပ်ဘာသာစကားရောသုံးသော စကားသင်္ကေတ ရောသုံးခြင်းကို ဉာဏ်ဖွင့်ဆွေးနွေးစေပြီးမှ ဆွေးနွေးမှုရလဒ်များကို အုပ်စုခေါင်းဆောင်များက ကိုယ်စားပြု ရှင်းလင်း တင်ပြရပါမည်။
- စကားသင်္ကေတရောသုံးခြင်းသည် မြို့ပြ သဘောလက္ခဏာတစ်ရပ်ဖြစ်လာပုံ

"Condominium တွေ တအားဈေးကြီးတာပဲ"

"Summit Park View မှာ breakfast သွားစားမလို့"

"စင်္ကာပူကို shopping သွားမလို့ passport လုပ်နေတယ်" စသည့်ဖြင့် သုံးပုံမျိုးကို ဆရာက ရှင်းပြပါ။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ လူမှုဝန်းကျင်တွင် သုံးနေသော မြန်မာစကား၌ အင်္ဂလိပ်စကားသင်္ကေတရောသုံးသည့် သာဓကများကို အုပ်စုဖွဲ့၍ရှာဖွေ ပြောဆိုတင်ပြပါ။

၂။ စကားသင်္ကေတ ရောသုံးသည့် နည်းလမ်းမည်မျှရှိသနည်း။ လူမှုနယ်ပယ်တွင် အသုံးပြုလျက်ရှိသော စကားသင်္ကေတရောသုံးမှုကို အကိုးအထောက်ပြ၍ဖြေဆိုပါ။

၃။ ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ယခင်စာသင်ချိန်က ပြုလုပ်ခဲ့သော မြန်မာစကား၌ အင်္ဂလိပ်စကားသင်္ကေတရောသုံးသည့် သာဓကများကို အသုံးပြုပြောဆိုခြင်းကို ဆွေးနွေးမေးမြန်းပါ။

စကားသင်္ကေတ ရောသုံးခြင်းသည် မြို့ပြ သဘောလက္ခဏာတစ်ရပ်ဖြစ်ပုံ

“Condominium တွေ တအားဈေးကြီးတာပဲ”

“Summit Park View မှာ breakfast သွားစားမလို့”

“စက်ာပူကို shopping သွားမလို့ passport လုပ်နေတယ်” စသည်ဖြင့် အပြောစကားတွင် အသုံးပြုပုံတို့ကို ဆရာက ကျောင်းသားများကို ရှင်းပြရပါမည်။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးရာ၌ နည်းလမ်းနှစ်ရပ်ကို အသုံးပြုလေ့ရှိပါသည်ပုံ ပထမနည်းလမ်းမှာ အစားထိုးရောသုံးခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ တွဲဖက်ရောသုံးခြင်းဖြစ်ပုံ စသည် တို့ကို ရှင်းပြပြီး ကျောင်းသားများကို နှစ်ယောက်တွဲ အပြန်အလှန်အပြောစကားတွင်

‘‘အခု ကျွန်တော်တင်ပြနေတာကတော့ code-mixing အကြောင်းပဲ ဖြစ်ပါတယ်”

“ဒီကိစ္စကိုတော့ နိဗ္ဗာန ပစ္စယော ဟောတု လို့ပဲ သဘောထားလိုက်ပါတော့” စသည်ဖြင့် ပြောဆိုပုံမျိုး ကို လက်တွေ့ လုပ်ဆောင်စေရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ မွေးစားစကားလုံးနှင့် စကားသင်္ကေတ မည်သို့ ကွဲပြားခြားနားသနည်း။ သာဓက ဝါကျများအသုံးပြု၍ သုံးသပ် တင်ပြပါ။ (အုပ်စုဖွဲ့လုပ်ဆောင်ရန်- ဆွေးနွေးချိန်- ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည် တင်ပြရန်)

၂။ ကျောင်းသားများ၏ အပြောစကားများ မှန်၊ မမှန်ကို ဆရာကစစ်ဆေးပါ။

စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်တွင် ယခင်စာသင်ချိန်က ပြုလုပ်ခဲ့သော မွေးစားစကားလုံးနှင့် စကားသင်္ကေတ မည်သို့ ကွဲပြားကြောင်းကို မေးမြန်းဆွေးနွေးပါ။
- ထို့နောက် ဆရာက ဘာသာစကားတွင် အပြောသဏ္ဌာန်နှင့် အရေးသဏ္ဌာန် နှစ်ရပ်ရှိသည့်အနက် စကား သင်္ကေတရော သုံးခြင်းသည် ပထမတွင် အပြောသဏ္ဌာန်ဖြင့် စတင်ရန်အလားအလာများပုံ အပြော သဏ္ဌာန်တွင် ပထမအဆင့်၌ ဘာသာခြားစကား၏ အစိတ်အပိုင်းတစ်ခုကို မူရင်းအသံထွက်အတိုင်း ချေးငှား၍ အသုံးပြုပုံ

“သူဟာ ကျွန်တော်ရဲ့ best friend ပါ”

“ဆရာဇော်ဂျီနဲ့ မင်းသုဝဏ်ဟာ comtemporary တွေပေါ့”

“ဒီအခန်းမှာ စာတမ်းဖတ်ရတာ convenient ဖြစ်ပါတယ် စသည်တို့ကို အပြောစကားနမူနာ ပြ၍ ရှင်းလင်းသင်ကြားပါ။

- ထို့နောက် ဆရာက ကျောင်းသားများကို အုပ်စုဖွဲ့၍ ခေတ်အလိုက် ဗန်းစကားများတီထွင်သုံးစွဲမှုအပေါ် သင့်အမြင်ဖြင့် ဝေဖန်သုံးသပ်တင်ပြရန်။ (အုပ်စုဖွဲ့လုပ်ဆောင်ရန်- ဆွေးနွေးချိန်- ၁၅ မိနစ် ပြီးလျှင် အုပ်စု ခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)

လုပ်ငန်းစဉ် ၂
သင်ကြားခြင်း လေ့ကျင့်ခြင်း

- စကားရည်လုခြင်း
- စကားရည်လုရန်အတွက် ဆရာက ကျောင်းသားများကို အုပ်စုများခွဲပေးကာ မိနစ်(၂၀) ခန့် ဆွေးနွေးချိန်ပေးထားရပါမည်။
- စကားရည်လုခြင်း

(ခေါင်းဆောင်) ပထမအုပ်စု– ပထမလူ – အဆိုခေါင်းစဉ်ကို ဖွင့်ဆို–

(ခေါင်းဆောင်) ဒုတိယအုပ်စု –ပထမလူ – အချေခေါင်းစဉ်ကိုဖွင့်ဆို ပြီး ပထမလူကိုချေပရန်။

ပထမအုပ်စု– ဒုတိယလူ – အဆို(ပထမလူရဲ့အချေက အားနည်းချက်ထောက်ပြပြီး မိမိတို့ခေါင်းစဉ်ကို သာဓကများဖြင့် အခိုင်အမာပြောဆို)

ဒုတိယအုပ်စု –ဒုတိယလူ – အချေ (ဒုတိယလူပြောဆိုချက်ကို သာဓကများဖြင့်ချေပ)

ပထမအုပ်စု– တတိယလူ – အဆို–(အချေသမားတွေပြောသမျှ ခြုံငုံချေပပြောဆို)

ဒုတိယအုပ်စု –တတိယလူ – အချေ(အဆိုသမားတွေကို ခြုံငုံချေပ)

(ခေါင်းဆောင်)ပထမအုပ်စု – အပိတ်စကားနဲ့ မိမိခေါင်းစဉ်ကို အခိုင်အမာသက်သေပြ ပြောဆိုရန်။

(ခေါင်းဆောင်) ဒုတိယအုပ်စု – အပိတ်စကားနဲ့ မိမိခေါင်းစဉ်ကို အခိုင်အမာသက်သေပြ ပြောဆိုရန်။

စစ်ဆေးအကဲဖြတ်ခြင်း
ဖတ်စာအုပ်ထဲမှ လေ့ကျင့်ခန်းကို လက်တွေ့ပြုလုပ်ပါ။
ဆရာက အခြားခေါင်းစဉ်များဖြင့် စကားရည်လုပြိုင်ပွဲ လုပ်ပေးနိုင်ပါသည်။
၁။ စကားရည်လုပါ။
အဆို – စကားပြောတဲ့အခါ မွေးစားစကားလုံးထည့်သုံးတာထက် စကားသင်္ကေတရောသုံးတာက မြန်မာစကားဖွံ့ဖြိုးမှုကို အထောက်အကူပြုတယ်။
အချေ – စကားပြောတဲ့အခါ စကားသင်္ကေတရောသုံးတာထက် မွေးစားစကားလုံးထည့်သုံးတာတာက မြန်မာစကားဖွံ့ဖြိုးမှုကို အထောက်အကူပြုတယ်။

လက်တွေ့လုပ်ဆောင်စေခြင်း

- ဆရာက စကားရည်လုပြောဆိုသောကျောင်းသားများ၏ စကားပြောစွမ်းရည်များကို သုံးသပ်ဆွေးနွေးပါ။

စာအညွှန်း
၁။ အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၀၃ ။ လူမှုဘာသာဗေဒမိတ်ဆက်။ ပညာတန်ဆောင်ပုံနှိပ်တိုက်၊ ရန်ကုန်။
၂။ အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၀၅။ စကားသင်္ကေတ ရောသုံးမှု' သုတေသနစာတမ်း။ ၂၀၀၄–၂၀၀၅ ခုနှစ် ပညာရေးစုံညီ သုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းဖတ်ကြားသည့်စာတမ်း။

၆။ ဥပစာ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ဥပစာ |
| သင်ယူမှုရလဒ် | (၁) ဘာသာစကားနယ်ပယ်တွင် တူညီမှု ဆက်စပ်မှုကို အခြေပြု၍ တင်စားသုံးသော ဥပစာ တင်စားမှုကို လက်တွေ့ပြောဆို အသုံးချနိုင်ရန်<br>(၂) မိမိတို့ ဘာသာစကား၏သဘော သဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင် ဖန်တီးထားသော မွေးစားစကားလုံးများကို အပြောစကားတွင် ထည့်သွင်းအသုံးပြု နိုင်ရန် |
| သင်ကြားနည်းစနစ် | (၁) ပူးပေါင်းပါဝင်သင်ကြားနည်း (Co–orpative learning Meth–od)<br>(၂) ဉာဏ်ဖွင့်ဆွေးနွေးနည်း(Brainstorming Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ပထမစာသင်ချိန်တွင် တင်စားပြီးပြောဆိုတာကို သင်သိပါသလား။ တင်စားသုံးတာကို ဘယ်လိုနားလည်ပါသလဲ။ဟု သင်ခန်းစာနှင့်ပတ်သက်ပြီး မည်မျှသိမည်ကို မေးခွန်းမေး၍ အစပြုသင်ကြားပါ။
- စာရေးသူအကြောင်းကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဦးစွာ ပူးပေါင်းဆောင်ရွက်နည်းဖြင့် အဖြေရှာ ပြောဆိုရပါမည်။
- ‘ဥပစာ’ သည် ‘ဥပစာရ’ မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်ပြီး ‘တင်စားသောစကား’ ဟု အဓိပ္ပာယ်ရပုံ၊ မြန်မာအဘိဓာန်တွင် ‘တစ်စုံတစ်ခု၏အမည်ကို အခြားတစ်စုံတစ်ခု၌ တင်စားပြောဆိုသည်’ ဟု ဖော်ပြထားပုံတို့ကို ကျောင်းသားများကို ဉာဏ်ဖွင့်ဆွေးနွေးပြောဆိုရပါမည်။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ‘ဥပစာ’ သည် ‘ဥပစာရ’ မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်ပြီး ‘တင်စားသောစကား’ ဟု
- အဓိပ္ပာယ်ရပုံကို ဆရာက ရှင်းပြပါ။
- မြန်မာအဘိဓာန်တွင် ‘တစ်စုံတစ်ခု၏အမည်ကို အခြားတစ်စုံတစ်ခု၌ တင်စားပြောဆိုသည်’ ဟု ဖော်ပြထားပုံ ပထမအကြောင်းအရာတစ်ခုအတွက် အသုံးပြုသောစကားလုံးကို ထိုအကြောင်းအရာနှင့် တူညီမှုဆက်စပ်မှုရှိသော ဒုတိယအကြောင်းအရာအတွက် ပြောင်းလဲအသုံးပြုတင်စားခြင်းဖြစ်ပုံတို့ကို ရှင်းပြပါ။

- နေ့စဉ်ပြောဆိုသုံးနှုန်းနေသော စကားများ၌ လူ့ကိုယ်ခန္ဓာနှင့် ဥပစာတင်စား ပြောဆိုခြင်းများကို တွေ့မြင်နိုင်ပုံ၊ လူ့ကိုယ်ခန္ဓာတွင်ရှိသော 'မျက်နှာ' ကို အခြေပြု၍ ပုံစံအားဖြင့် –

''မြေမျက်နှာ'' ''စည်မျက်နှာ'' ''စာမျက်နှာ'' စသည်ဖြင့် သုံးစွဲပုံတို့ကို ဆရာက ရှင်းပြပြီး၊ ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုများ ဖွဲ့ပါ။

- အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ ဥပစာများကို ပူးပေါင်းဖော်ထုတ်ပါစေ။
- အုပ်စု တစ်စု၏အဖြေကို ကျန်အခြားအုပ်စုများက အကဲဖြတ်ပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် ဥပစာများကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင် ဉာဏ်ဖွင့်ဆွေးနွေး ပြောဆို ရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ လူ့ကိုယ်ခန္ဓာဖြင့်တင်စားသော ဥပစာအသုံးများနှင့် အခြားအရာဝတ္ထု အစိတ်အပိုင်း၏အမည်များအဖြစ် တင်စားသောဥပစာအသုံးများကို လေ့လာတင်ပြပါ။

လေ့ကျင့်ရန် မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁ ကို အုပ်စုဖွဲ့၍ဖြစ်စေ နှစ်ယောက်တွဲ၍ဖြစ်စေ လက်တွေ့ ပြောဆို ဆွေးနွေးပါ။
- ဆရာက မျက်မှောက်ခေတ်တွင် သုံးစွဲနေသော ဥပစာအသုံးများကို အဖြေ မှန်၊ မမှန် စစ်ဆေးပါ။
- 

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ပထမစာသင်ချိန်က ပြုလုပ်ခဲ့သော လူ့ကိုယ်ခန္ဓာဖြင့်တင်စားသော ဥပစာအသုံးများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးပါ။
- ''သာကူစေ့ကို မျက်စိပျောက်အောင်ကျိုရတယ်'' ဟူသော စကားအရ လူတွင် 'မျက်စိ' ရှိသကဲ့သို့ သာကူစေ့မှာလည်း မျက်စိရှိကြောင်း သိနိုင်ပုံ၊ လူ၏ 'လျှာ' ကဲ့သို့ ပင် ချိန်ခွင်တွင်လည်း 'ချိန်ခွင်လျှာ' ဟု ပြောပုံနှင့် အပြောစကားတွင် အသုံးပြုပုံကို ဉာဏ်ဖွင့်ဆွေးနွေးပြောဆိုရပါမည်။ ပုံစံအားဖြင့် –

'အိုးနှုတ်ခမ်း'
'ပုလင်းနှုတ်ခမ်း'
'စားပွဲခြေထောက်'
'ကုလားထိုင်ခြေထောက်'''စသည်တို့ကို အပြောစကားတွင် မည်သို့ အသုံးပြုပုံကို ရှင်းပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဥပစာစကားနှင့် ဗန်းစကားမည်သို့ ကွာခြားသည်ကို အကိုးအထောက်များပြ၍ အုပ်စုဖွဲ့ဆွေးနွေးစေပြီးမှ ဆွေးနွေးမှုရလဒ်များကို အုပ်စုခေါင်းဆောင်များက ကိုယ်စားပြု ရှင်းလင်း တင်ပြရပါမည်။

- လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းအမည်များကို အခြားအရာများအတွက် တင်စားသုံးသကဲ့သို့ပင် အခြား အရာဝတ္ထုအမည်များကို လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းအမည်များအဖြစ် တင်စားသုံးသည်များလည်း ရှိပုံကို ဆရာက ရှင်းပြပါ။

- စစ်ဆေးအကဲဖြတ်ခြင်း

၁။ ဥပစာစကားနှင့် ဗန်းစကားမည်သို့ ကွာခြားသည်ကို အကိုးအထောက်များပြ၍ အုပ်စုဖွဲ့ပြောဆိုဆွေးနွေးပါ။
၂။ ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁
သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် ယခင်စာသင်ချိန်က ပြုလုပ်ခဲ့သော ဥပစာစကားနှင့် ဗန်းစကားမည်သို့ ကွာခြားသည်ကို ဆွေးနွေးမေးမြန်းပါ။
- လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းများဖြင့် တင်စားသုံးနှုန်းသော

'ခေါင်းကောင်းတယ်' (အတွေးအခေါ်ကောင်းသည်)
'ခေါင်းနောက်တယ်' (စိတ်ရှုပ်ထွေးသည်)
'ခြေသွက်တယ်' (အလုပ်အကိုင်သွက်လက်သည်)
'မျက်နှာကြီးတယ်' (ဂုဏ်ကြီးသည်)
'မျက်နှာပျက်တယ်' (ပေါင်းသင်းဆက်ဆံရေးထိခိုက်သည်)
'လက်လျှော့တယ်' (အလျှော့ပေးသည်)
'လက်လွတ်' (ပိုင်ဆိုင်မှုဆုံးရှုံးသည်) စသည့် ဥ ပစာတို့ကို အပြောစကားတွင် အသုံးပြုပုံတို့ကို ဆရာက ကျောင်းသားများကို ဉာဏ်ဖွင့် ဆွေးနွေးပြောဆိုရပါမည်။

လုပ်ငန်းစဉ် ၂
သင်ကြားခြင်း လေ့ကျင့်ခြင်း

- အပြုအမူ၊ အခြေအနေကို အခြေပြုသည့် ဥပစာများကိုနေ့စဉ်သုံးစကားများတွင် တွေ့မြင်နိုင်ပုံ

ပုံစံအားဖြင့် –

'ချီတုံချတုံ' (မတင်မကျ)
'ချော်လဲရောထိုင်' (အလိုက်သင့်ရောနှောလျက်)
'ချည်ပြီးတုပ်ပြီး' (ပိုင်ပိုင်နိုင်နိုင်၊ မရှောင်သာမတိမ်းသာ)
'ရှိခိုးဦးတင်' (တောင်းတောင်းပန်ပန်)
'ပက်လက်လန်' (မျှော်လင့်ချက် လုံးလုံးကင်းမဲ့သွားသည်)
'အသက်ရှူချောင်' (သက်သာရာရသည်) စသည်ဥ ပစာများကို အပြောစကားတွင် ထည့်သွင်း ပြောဆိုပုံမျိုးကို လက်တွေ့ လုပ်ဆောင်စေရပါမည်။

- လုပ်ငန်းဆောင်တာကို အခြေပြုသော ဥပစာစကားများသည်လည်း နေ့စဉ်သုံးစကားများထဲတွင်အသားကျ အနယ်ထိုင်နေကြပြီကို တွေ့မြင်နိုင်ပုံ

ပုံစံအားဖြင့် –

| | |
|---|---|
| 'ဆိုင်းမဆင့်ဘုံမဆင့်' | (ဇာတ်သဘင်နှင့်သက်ဆိုင်သောအသုံး) |
| 'အရုပ်ကြိုးပြတ်' | (ရုပ်သေးနှင့်သက်ဆိုင်သောအသုံး) |
| 'စည်းလွတ်ဝါးလွတ်' | (ဂီတနှင့်သက်ဆိုင်သောအသုံး) |
| 'ပြိုဟ်မွှေ' | (ဗေဒင်နှင့်သက်ဆိုင်သောအသုံး) |
| 'စကားပလ္လင်ခံ' | (ပေစာနှင့်သက်ဆိုင်သောအသုံး) |

စသည့်ဥပစာများကို အပြောစကားတွင်ထည့်သွင်း ပြောဆိုပုံမျိုးကို လက်တွေ့ လုပ်ဆောင်စေရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ လူ့ကိုယ်ခန္ဓာ အစိတ်အပိုင်းများ မပါသော်လည်း အပြုအမူ၊ အခြေအနေကို အခြေပြုသည့် ဥပစာများကို အကိုးအထောက်များပြ၍ အပြန်အလှန်ဆွေးနွေးပြောဆိုပါ။

၂။ လုပ်ငန်းဆောင်တာကို အခြေပြုသော ဥပစာစကားများကို လူမှုနယ်တွင်အသုံးပြုသော အပြောဝါကျတွင် သုံး၍ အုပ်စုဖွဲ့ပြောဆိုပါ။ (အုပ်စုဖွဲ့လုပ်ဆောင်ရန်– ဆွေးနွေးချိန်–၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည် တင်ပြရန်)

၃။ ကျောင်းသားများ၏ အပြောစကားများ မှန်၊ မမှန်ကို ဆရာကစစ်ဆေးပါ။

## စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်တွင် ယခင်စာသင်ချိန်က ပြုလုပ်ခဲ့သော လုပ်ငန်းဆောင်တာကို အခြေပြုသော ဥပစာ စကားများအကြောင်းကို မေးမြန်းဆွေးနွေးပါ။
- ထို့နောက် ဆရာက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဟူသော အာရုံခံစားမှုများနှင့်ပတ်သက်၍ 'ဒီအရောင်ကပူတယ်' 'သူ့အသံက ချိုတယ်' 'ခါးသည်းတဲ့အတွေ့အကြုံ' 'သတင်းမွှေးတယ်' 'ဒေါသကြီး တယ်' 'စိတ်ပင်ပန်းတယ်' 'စိတ်ပူတယ်' 'စိတ်ကောက်တယ်' အသုံးပြုပုံတို့ကို အပြောစကား နမူနာပြ၍ ဉာဏ်ဖွင့်ဆွေးနွေးပြောဆိုရပါမည်။
- ထို့နောက် ဆရာက ကျောင်းသားများကို အုပ်စုဖွဲ့လုပ်ဆောင်ရန်– ဆွေးနွေးချိန်– ၁၅ မိနစ် ပြီးလျှင် အုပ်စု ခေါင်းဆောင်မှ ပြန်လည်တင်ပြရန်

လုပ်ငန်းစဉ် ၂

စစ်ဆေးအကဲဖြတ်ခြင်း

ဖတ်စာအုပ်ထဲမှ လေ့ကျင့်ခန်းကို လက်တွေ့ပြုလုပ်ပါ။

၁။ ကျောင်းသားများကို အုပ်စုဖွဲ့၍ ဆွေးနွေးပြီး အုပ်စုခေါင်းဆောင်က ပြန်လည်တင်ပြပါ။

အုပ်စု(၁) လူ့ကိုယ်ခန္ဓာနှင့် တင်စား ပြောဆိုသော ဥပစာစကားများ

အုပ်စု (၂) ကိုယ်ခန္ဓာ စွမ်းရည်၏ ဂုဏ်ထူးဝိသေသများကို အခြေပြု၍ တင်စားသော ဥပစာစကားများ

အုပ်စု (၃) လုပ်ငန်းဆောင်တာကို အခြေပြုသော ဥပစာစကားများ

အုပ်စု (၄) အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဟူသော အာရုံခံစားမှုများနှင့်ဆိုင်သော ဥပစာများ

လက်တွေ့လုပ်ဆောင်စေခြင်း
၁။ ဆရာက စကားပြောဆိုသောကျောင်းသားများ၏ စကားပြောစွမ်းရည်များကို သုံးသပ်ဆွေးနွေးပါ။

စာအညွှန်း
၁။ မောင်ခင်မင်(ဓနုဖြူ)။ ၂၀၀၄ ။ အတ္ထဗေဒနိဒါန်း။ ပညာတန်ဆောင်ပုံနှိပ်တိုက်၊ ရန်ကုန်။
၂။ မောင်ခင်မင်(ဓနုဖြူ)။ ၂၀၂၂ ။ ဘာသာဗေဒနိဒါန်း ။ The Key collection Press ၊ ရန်ကုန်။

| G12 မြန်မာစာ သင်ခန်းစာ | Competency |
|---|---|
| အပိုင်း (၂) အရွတ်အဖတ်သင်ခန်းစာ | (၁) ရသစာပေ၏အလှ၊ ရသစာပေ၏တန်ဖိုးကို ကြည့် တတ်၊ မြင်တတ်၊ ခံစား တတ်ခြင်း<br>(၂) ခေတ်အသီးသီး၌ ပေါ်ထွန်းခဲ့သော ကဗျာပုံစံ အမျိုးအမျိုး၏ အသံနှင့် အနက်ကို ခံစား တတ်ခြင်း<br>(၃) ရသစာပေလောကနှင့် ပြင်ပလောက ဆက်စပ်ရှုမြင် ဝေဖန်သုံးသပ်တတ်ခြင်း |

အပိုင်း (၂) အရွတ်အဖတ်သင်ခန်းစာ (စကားပြေ)

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် | စစ်ဆေးအကဲဖြတ်မှု |
|---|---|---|---|---|
| ၁။ | ကျစွာမင်းနှင့်မိထွေးတော် | | | |
| ၂။ | အရှင်သာရိပုတ္တ<br>တရာ၏ဂုဏ်ရည် | | | |
| ၃။ | သစ္စာ ပညာ ဝီရိယ | | | |
| ၄။ | ဘုရားဖူးသွားခြင်း | | | |
| ၅။ | လူ့အသည်း | | | |
| ၆။ | အမှောင် | | | |
| ၇။ | မှတ်မိသမျှ ကိုအောင်ဆန်း၏<br>ကျောင်းသားဘဝ | | | |

**ကျမ်းကိုးစာရင်း**

အဖတ်အရွတ်သင်ခန်းစာ (စကားပြေရွေးချယ်ချက်)
၁။ ကျစွာမင်းနှင့် မိထွေးတော်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ကျစွာမင်းနှင့် မိထွေးတော် |
| ရည်ရွယ်ချက် | • ကျစွာမင်း၏ မိထွေးတော် ပြုလုပ်သော အလှူအကြောင်းကို သိရှိစေရန် နှင့်ပုဂံခေတ် ကျောက်စာစကားပြေအရေးအသားကို သိရှိစေရန် |
| သင်ယူမှုရလဒ် | • ပုဂံခေတ်က အလှူရှင်တစ်ဦး၏ စိတ်ဓာတ်ကို လေးစားဖွယ် သိရှိလာမည်။<br>• ပုဂံကျောက်စာအရေးအသားကို သိရှိရပြီး ပုဂံခေတ်စာပေအဆင့်အတန်းကို သိရှိလာမည်။ |
| သင်ကြားနည်း | ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ |
| သင်ထောက်ကူပစ္စည်း | စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် (၁) ချိန်အတွင်း လုပ်ငန်းစဉ် (၂)ခု ပြုလုပ်ရန်။ |
| စာသင်ချိန် | ၄ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်။ |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁
နိဒါန်းပျိုးခြင်း၊ သင်ခန်းစာမိတ်ဆက်ခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို ဦးစွာသုံးပါ။
- “မြန်မာစာဟာ ပုဂံခေတ်မှာ ကျောက်စာစကားပြေနဲ့ အစပျိုးခဲ့တာ သိသလား”
- “ပုဂံကျောက်စာတွေထဲမှာ ဘယ်ကျောက်စာကို ကြားဖူးသလဲ” ဟူသည့် မေးခွန်းမျိုးမေးပါ။
- ယခု စာသင်ချိန်တွင် ကျစွာမင်းနှင့် မိထွေးတော်စကားပြေကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပုဂံခေတ်တွင် ရေးထိုးခဲ့သော ကျောက်စာများအကြောင်းကို ရှင်းပြမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ပုဂံကျောက်စာများအကြောင်း အနည်းငယ် မိတ်ဆက်ပြောပြပေးပါ။
- ကျစွာမင်းအကြောင်းကို မိတ်ဆက်ပါ။
- ကျစွာမင်း၏မိထွေးတော်အကြောင်း မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဦးစွာ ရှင်းပြပါ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ သင်ကြားခြင်း

- ယခုစာသင်ချိန်အတွက် ဖွင့်ဆိုရှင်းပြနည်း၊ ဟောပြောဆွေးနွေးနည်း တို့ကို အသုံးပြုပါ။
- ဆရာက ကျစွာမင်းနှင့်မိထွေးတော် ကျောက်စာ စကားပြေအကြောင်းအရာများကို ဖွင့်ဆိုရှင်းပြပါ။
- ကျစွာမင်း မိထွေးတော်၏ အလှူပြုလိုသည့် စိတ်ကူးဆန္ဒနှင့် ထိုစိတ်ကူးဆန္ဒအတိုင်း အလှူပြုပုံကို အစီအစဉ်တကျ ရှင်းပြပါ။
- ထိုသို့ ရှင်းပြရင်း ကျစွာမင်း၏ စိတ်ဓာတ်ကိုလည်းကောင်း၊ မိထွေးတော်၏ စိတ်ဓာတ်ကိုလည်းကောင်း ထင်ရှားပေါ်လွင်အောင် ရှင်းပြပါ။
- စကားပြေအကြောင်းအရာကို ကျောင်းသားကျောင်းသူများ အသံထွက်၍ ဖတ်ပါစေ။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်တွင် အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်းတို့ကို အသုံးပြုပါ။
- ကျစွာမင်း မိထွေးတော်၏ အလှူပြုလိုသည့် စိတ်ကူးဆန္ဒ နှင့် အလှူပြုပုံတို့မှ ကျစွာမင်း၏စိတ်ထားနှင့် မိထွေးတော်တို့၏ စိတ်ထားတို့ကို ဆက်စပ်ရှင်းပြပါ။
- ကျစွာမင်းက မိထွေးတော်အပေါ် မိခင်ရင်းကဲ့သို့ သဘောထားသော မေတ္တာစိတ်ထားနှင့် မိထွေးတော် က လည်း သားအရင်းကဲ့သို့ ကျွေးမွေးစောင့်ရှောက်ပေးသော မေတ္တာစိတ်ထား တို့ကို ကြည်နူးဖွယ် တွေ့သိရ ကြောင်း ရှင်းပြပါ။
- ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။
- အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ ကျစွာမင်း နှင့် မိထွေးတော်တို့၏ စိတ်ဓာတ်များကို ထုတ်နုတ် ပါစေ။
- အုပ်စု တစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် ကျစွာမင်းနှင့် မိထွေးတော်တို့၏ စိတ်ဓာတ်များကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင် ရှင်းပြပါ။

လုပ်ငန်းစဉ် ၂

စစ်ဆေးအကဲဖြတ်ခြင်း

(၁) ကျစ္စာမင်းက မိထွေးတော်အပေါ်ထားသော သဘောထားကို သင်ဘယ်လိုထင်မြင်ယူဆသလဲ။ ရှင်းပြပါ။

(၂) ကျစ္စာမင်းက ပေးအပ်ထားသော အသုံးအဆောင်ပစ္စည်းများကို မိထွေးတော်က ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ လှူလိုက်သလဲ။ ရှင်းပြပါ။

(၃) မိထွေးတော်၏အလှူကို သင်ဘယ်လိုထင်မြင်သလဲ။ သာခုခေါ်ထိုက်သလား။ မခေါ်ထိုက်ဘူးလား။ ဆွေးနွေးပြပါ။

လေ့ကျင့်ခြင်း

၁။ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁၊ ၂ ကို ဖြေပါစေ။

၂။ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

## စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်အတွက် ဖွင့်ဆိုရှင်းပြနည်း၊ ဟောပြောဆွေးနွေးနည်း တို့ကို အသုံးပြုပါ။
- ယခုစာသင်ချိန်တွင် ကျစ္စာမင်းနှင့် မိထွေးတော် ကျောက်စာအရေးအသားကို လေ့လာတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ဆရာက ကျောင်းသားများအား ကျောက်စာစကားပြေအရေးအသားကို သိရှိစေရန် လေ့လာရမည့် အချက်များကို နမူနာပြပြီးသင်ပါ။
- အရေးအသားပိုင်းတွင် စကားအသုံးအနှုန်း၊ ဝါကျ၊ စာအရေးအသားများကို မည်သို့ အသုံးပြုထားကြောင်း၊ သေချာစွာလေ့လာရမည်ဖြစ်ကြောင်း သင်ပါ။
- စကားလုံးအသုံးအနှုန်းပိုင်းတွင် လုံးချင်းအသုံး၊ လုံးတွဲအသုံး၊ အသုံးထူး၊ အလင်္ကာ စသည်တို့ကို လေ့လာကြည့်ရမည်ဖြစ်ကြောင်း ပြောပါ။
- ဝါကျအသုံးအနှုန်းပိုင်းတွင် ဝါကျတို၊ ဝါကျရှည်၊ ပုံစံတူဝါကျ စသည်တို့ကို လေ့လာကြည့်ရမည်ဖြစ် ကြောင်း သင်ပါ။
- စာအရေးအသားပိုင်းတွင် သရုပ်ဖော်အရေးအသား၊ ကျိုးကြောင်းပြအရေးအသား၊ ဖွင့်ဆိုရှင်းပြ အရေးအသား၊ ဖြစ်စဉ်ပြအရေးအသားတို့ကို လေ့လာကြည့်ရမည်ဖြစ်ကြောင်း စာကတ်ပြားများ၏ အကူအညီဖြင့်သင်ပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။ (အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဖတ်ပါစေ။)

အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်း ငါစား၏။ အိမ် ငါနေသောထက်ကား။ သတင်း ပညာရှိသော သဃ်ာနေသော မြတ်၏ ဟူ၍ ငါကြံမိရကား။ ဂူလည်းပြု၏။ ဂူပြုပြီးရကား။ ဘုရားလောင်းကို ငါ ကြား၏။ မြတ်စွာသော ငါ့သခင် အတို့ကျွန်ကို ပြုပေးသော အိမ်တည်း သာလည်း သာနိုးစွာ၏။ အတို့ကျွန်တို့ နေသောထက်ကား။ သဃ်ာနေသော မြတ်၏ဟူ၍ ဂူလည်းပြု၏။ အိမ်လည်း ကျောင်းရည်၏။ ပေးတော်မူသော အိမ်ထောင်ကျွန်လယ်လည်း အတို့ကျွန်လှူ၏။ ငါကြားရကား မိထွေး တင့်နိုးအပ်သော သဃ်ာထားလင့်ဟု မိန့် တော်မူ၏။

- ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့် လည်းကောင်း၊ စကားအသုံးအနှုန်း၊ ဝါကျအသုံးအနှုန်း၊ စာအရေးအသားများကို ဖော်ထုတ်ပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- ကျစွာမင်းနှင့်မိထွေးတော် စကားပြေအရေးအသားကို လေ့လာပါ။
- လေ့ကျင့်ခန်း မေးခွန်း ၃၊ ၄ ကို ဖြေပါစေ။ ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်အတွက် ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ ခြုံယူဆင်ခြင်နည်း တို့ကို အသုံး ပြုပါ။
- ယခုစာသင်ချိန်တွင် စကားပြေကို လေ့လာခြင်းမှရရှိသော အသိအမြင်၊ ရသခံစားမှု တို့ကို ဖော်ထုတ် ကြည့် ကြမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ထို့နောက် ဆရာက စကားပြေမှ ရရှိသော အသိအမြင်များ၊ ရသခံစားမှုများကို ရှင်းပြသင်ကြားပါ။
- စကားပြေကို ဖတ်ပြီး မည်သို့သော ခံစားချက်များ ရရှိကြောင်းကို အုပ်စုတွင်း အချင်းချင်း ပြောဆို ဆွေးနွေး ပါစေ။
- အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- လိုအပ်လျှင် ဆရာက ဖြည့်စွက် လမ်းညွှန်ပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

- စကားပြေတစ်ပုဒ်လုံးကို အစ အဆုံး ပြန်ဖတ်ပါစေ။
- စကားပြေ တစ်ပုဒ်လုံးအပေါ်တွင် ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြော ဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း သဒ္ဒါအသုံးအနှုန်းများ၊ စကားအသုံးအနှုန်းများ၊ အသိအမြင်များ၊ ရသ များကို ဖော်ထုတ်ဆွေးနွေးပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- မိထွေးတစ်ဦးက တူဖြစ်သူအပေါ်တွင် သားတစ်ဦးကဲ့သို့ ချစ်သည်ကို သင်မည်သို့ ခံစားမိသလဲ။
- တူဖြစ်သူ မင်းကြီးက မိထွေးအပေါ်တွင် မိခင်အရင်းကဲ့သို့ ချစ်သည်ဟု သင်ထင်ပါသလား။
- မိခင်နှင့်သားတို့၏ ချစ်ခြင်းမေတ္တာအပေါ် သင်မည်သို့ ခံစားရသလဲ။

လေ့ကျင့်ခြင်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၅ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

စာအညွှန်း

၁။ ငြိမ်းမောင်၊ ဦး။ (၁၉၈၃)။ ရှေးဟောင်းမြန်မာကျောက်စာများ။ (တ-တွဲ)။ ရန်ကုန် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး လုပ်ငန်းကော်ပိုရေးရှင်း။
၂။ စောလူ။ (၁၉၉၆)။ ပုဂံခေတ်မြန်မာစာ၊ ၃ တွဲ။ ရန်ကုန်၊ စာပေဗိမာန်။
၃။ ဖေမောင်တင်၊ ဦး။ (၂၀၁၃)။ မြန်မာစာပေသမိုင်း။ ရန်ကုန်၊ ရာပြည့်စာပေ။
၄။ မောင်မောင်ကြီး၊ ဦး (ပါမောက္ခ-)။ (၁၉၈၃)။ မြန်မာစကားပြေသမိုင်း။ ရန်ကုန်၊ သဇင်စာပေ။

## ၂။ သစ္စာ ပညာ ဝီရိယ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | သစ္စာ ပညာ ဝီရိယ |
| ရည်ရွယ်ချက် | • သစ္စာ၏အကျိုးတရား၊ ပညာ၏စွမ်းအင်နှင့် လုံ့လဝီရိယ၏ အကျိုးကျေးဇူး တို့ကိုသိရှိစေရန်နှင့် ဆောင်းပါးစကားပြေအရေးအသားကို သိရှိစေရန် |
| သင်ယူမှုရလဒ် | • လောက၌ အမှန်အကန်ပြောဆိုခြင်းသည် ချက်ချင်းမျက်မှောက် ဒိဋ္ဌဓမ္မအကျိုးကို ပေးတတ်ကြောင်း "သစ္စာ၏အကျိုးတရား"ကို သိမြင်လာမည်။ ဉာဏ်ပညာ၏အစွမ်းသည် လောကီ၊ လောကုတ္တရာ များစွာ အကျိုးရှိကြောင်းကို "ပညာ၏ စွမ်းအင်" အဖြစ် သိမြင်လာပြီး အသိပညာ၊ အတတ်ပညာတို့ကို ကြိုးစား သင်ယူလိုစိတ်များ ဖြစ်ပေါ်လာမည်။ မည်သည့်အလုပ်ကိုမဆို လုံ့လဝီရိယ စိုက်ထုတ်၍ လုပ်ဆောင်ပါက အောင်မြင်နိုင်သည် ဟူသော "ဝီရိယ၏အကျိုးကျေးဇူး" တို့ကို သိမြင်လာမည်။ |
| သင်ကြားနည်း | • ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| သင်ထောက်ကူပစ္စည်း | စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ယခု စာသင်ချိန်တွင် သစ္စာ ပညာ ဝီရိယ စကားပြေကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ယောမင်းကြီးဦးဖိုးလှိုင်အကြောင်းကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဦးစွာ ရှင်းပြပါ။
- စကားပြေအကြောင်းအရာကို ကျောင်းသားကျောင်းသူများ အသံထွက်၍ ဖတ်ပါစေ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ဆရာက သစ္စာ ပညာ ဝီရိယ စကားပြေမှ ပထမပိုင်းဖြစ်သည့် သစ္စာအကြောင်းကို ဖွင့်ဆိုရှင်းပြပါ။

- လောက၌ အမှန်အကန်ပြောဆိုခြင်းသည် ချက်ချင်း မျက်မှောက် ဒိဋ္ဌဓမ္မ အကျိုးကို ပေးတတ်ကြောင်း ဇာတ်နိပါတ်များဖြင့် အခိုင်အမာ ပြဆိုထားပုံကို တစ်ချက်ချင်း ရှင်းပြပါ။
- (၁) ဘုရားလောင်း ငုံးမင်းဖြစ်စဉ် မှန်သော သစ္စာကို ဆိုသောကြောင့် ငုံးမင်းနေသော တောအုပ်ကို တောမီး ကွင်းပုံ (ဝဋ္ဋကဇာတ်)
- (၂) သုဝဏ္ဏသျှံသတို့သား မြားမှန်၍ မြားဆိပ်တက်ကာ သေဝနီးပါးရှိသည်ကို မိဘနှစ်ပါး နှင့် ဗဟုသုန္ဒရီ နတ်သမီးတို့ သစ္စာပြု၍ အသက်မှ ချမ်းသာပုံ (သုဝဏ္ဏသာမဇာတ်)
- (၃) ဓမ္မာသောကမင်းကြီးလက်ထက်တွင် ပြည့်တန်ဆာမက မှန်သောစကားကို သစ္စာဆို၍ ဂင်္ဂါရေ အညာသို့ ဆန်၍ စီးပုံ
- (၄) ရှေးအခါက တရုတ်နိုင်ငံ၌ တရုတ်မင်းတို့သည် မှန်သော သစ္စာစကားကို ဆို၍ အရှေ့သမုဒ္ဒရာ ရေမျက်နှာပေါ်ကို ရထားနှင့် သွားနိုင်ပုံ
- (၅) သောတ္ထိသေနအိမ်ရှေ့မင်း၌ နူနာစွဲသည်ကို သမ္ဗုလမင်းသမီးက မှန်သော သစ္စာစကားကိုဆို၍ ရေသွန်းလောင်းလျှင် နူနာပျောက်ပုံ (သမ္ဗုလဇာတ်)
- (၆) ငါးရံ့မင်းက မှန်သော သစ္စာတရားကို ဆို၍ မိုးကို ရွာစေနိုင်ပုံ (မစ္ဆဇာတ်)
- "သစ္စာ" ၏ အကျိုးတရားကို "လောက၌ ကံအရာကို ချန်ထား၍ သစ္စာဖြင့် မပြီးနိုင်သော အမှုမည်သည် မရှိ" ဟု အခိုင်အမာပြဆိုထားပုံ တို့ကို အသေးစိတ် ရှင်းပြရန်။
- ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။
- အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ သစ္စာ၏ အကျိုးတရားတို့ကို ထုတ်နုတ်ပါစေ။
- အုပ်စု တစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် သစ္စာ၏အကျိုးတရားများကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည် သဘောပေါက်အောင် ရှင်းပြပါ။

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။ (အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဖတ်ပါစေ။)
- လောက၌ အမှန်အကန်ပြောဆိုခြင်းသည် ချက်ချင်း မျက်မှောက် ဒိဋ္ဌဓမ္မ အကျိုးကို ပေးတတ်သည်။ ဘုရားလောင်း ငုံးမင်းဖြစ်စဉ် မှန်သော သစ္စာကို ဆိုသောကြောင့် ငုံးမင်းနေသော တောအုပ်ကို တောမီး ကွင်းသည်။ သုဝဏ္ဏသျှံသတို့သား မြားမှန်၍ မြားဆိပ်တက်၍ သေဝနီးပါးရှိသည်ကို မိဘနှစ်ပါး နှင့် ဗဟုသုန္ဒရီနတ်သမီးတို့ သစ္စာပြု၍ အသက်မှ ချမ်းသာသည်။ ဓမ္မာသောကမင်းကြီးလက်ထက် ပြည့်တန်ဆာမ မှန်သောစကားကို သစ္စာဆို၍ ဂင်္ဂါရေ အညာသို့ဆန်၍ စီးသည်။ ရှေးအခါက တရုတ်နိုင်ငံ ၌ တရုတ်မင်းတို့သည် မှန်သော သစ္စာစကားကိုဆို၍ အရှေ့သမုဒ္ဒရာ ရေမျက်နှာပေါ်ကို ရထားနှင့် သွားနိုင်သည်။ သောတ္ထိသေနအိမ်ရှေ့မင်း နူနာစွဲသည်ကို သမ္ဗုလမင်းသမီး မှန်သော သစ္စာစကားကို ဆို၍ ရေသွန်းလောင်းလျှင် နူနာပျောက်သည်။ ငါးရံ့မင်း မှန်သော သစ္စာတရားကိုဆို၍ မိုးကိုရွာစေနိုင်သည်။ လောက၌ ကံအရာကို ချန်ထား၍ သစ္စာဖြင့် မပြီးနိုင်သော အမှုမည်သည် မရှိ။

စစ်ဆေးအကဲဖြတ်ခြင်း

- သစ္စာ၏အကျိုးတရားများကို သင်မည်သို့ နားလည်ပါသလဲ။ ရှင်းပြပါ။

လေ့ကျင့်ရန် မေးခွန်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် စကားပြေ၏ ဒုတိယပိုင်းဖြစ်သည့် ပညာအကြောင်းကို သင်ကြားပေးမည်ဖြစ် ကြောင်း မိတ်ဆက်ပါ။
- ဉာဏ်ပညာ၏အကျိုးကျေးဇူးတို့ကို ဖွင့်ဆိုရှင်းပြပါ။
- ယခုအခါ အနောက်တိုင်းပြည်နိုင်ငံ၊ အရှေ့ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံများက နောက်အသစ်ဖြစ်ပွားသည့် မီးသင်္ဘော၊ မီးရထား၊ ရက်ကန်းစက်မှစ၍ စက်အမျိုးမျိုး၊ ဖန်မှန်ပန်းကန်၊ ပိုးထည် ချည်ထည် အမျိုးမျိုး တို့သည် ဉာဏ်ပညာမှ ထွက်သည်ချည်း ဖြစ်ပုံ
- လောကုတ္တရာ၌လည်း မဂ်ဖိုလ်ဟူသည် ဉာဏ်ပညာပင် ဖြစ်ပုံ
- အလုံးစုံကိုသိသော မြတ်စွာဘုရား၏ သဗ္ဗညုတဟူသည်ကား ဉာဏ်ပညာပင် ဖြစ်ပုံ
- သေနတ်၊ အမြောက်ဖုံး၊ လက်နက်ကိရိယာ အမျိုးမျိုးတို့သည်လည်း ဉာဏ်ပညာမှ ထွက်သည်ချည်း ဖြစ်ပုံ
- စကားပြောကြေးနန်း၊ အရိပ်ကျပုံကို ယူနိုင်သောအတတ် အစရှိသည် တို့သည်လည်း ဉာဏ်ပညာ မှ ဖြစ်သည်ချည်းဟူ၍ မှတ်ရမည်ဖြစ်ပုံ တို့ကို အသေးစိတ်ရှင်းပြရန်။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း လေ့ကျင့်ခြင်း

အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။ (အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဖတ်ပါစေ။)

- ဉာဏ်ပညာ၏ လောကုတ္တရာ များစွာ အကျိုးရှိကြောင်းကိုလည်း များစွာ ဆိုလတ္တံ့။ ယခုအခါ အနောက်တိုင်းပြည်နိုင်ငံ၊ အရှေ့ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံများက နောက်အသစ်ဖြစ်ပွားသည့် မီးသင်္ဘော၊ မီးရထား၊ ရက်ကန်းစက်မှစ၍ စက်အမျိုးမျိုး၊ ဖန်မှန်ပန်းကန်၊ ပိုးထည်ချည်ထည် အမျိုးမျိုးတို့သည် ဉာဏ်ပညာမှ ထွက်သည်ချည်း ဖြစ်သည်။ လောကုတ္တရာ၌လည်း မဂ်ဖိုလ်ဟူသည် ဉာဏ်ပညာပင် ဖြစ်သည်။ အလုံးစုံကိုသိသော မြတ်စွာဘုရား၏ သဗ္ဗညုတ ဟူသည်ကား ဉာဏ်ပညာပင် ဖြစ်သည်။ သေနတ်၊ အမြောက်ဖုံး၊ လက်နက်ကိရိယာ အမျိုးမျိုးတို့သည်လည်း ဉာဏ်ပညာမှ ထွက်သည်ချည်း ဖြစ်သည်။ စကားပြောကြေးနန်း၊ အရိပ်ကျပုံကို ယူနိုင်သောအတတ် အစရှိသည်တို့သည်လည်း ဉာဏ်ပညာမှ ဖြစ်သည်ချည်းဟူ၍ မှတ်ရမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ပညာ၏အကျိုးတရားများကို သင်မည်သို့ နားလည်ပါသလဲ။ ရှင်းပြပါ။

လေ့ကျင့်ရန် မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၂ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်တွင် စကားပြေ၏ တတိယပိုင်းဖြစ်သည့် ဝီရိယအကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- လုံ့လဝီရိယသည် လောကီ လောကုတ္တရာ များစွာသော အကျိုးကိုပေးပုံ
- နတ်ပြည်၊ ဗြဟ္မာပြည်များမှသာ ကံအကျိုးသက်သက်ကို ခံစားရပုံ
- လူ့ပြည်မှာ ကံအကျိုးသက်သက် မဖြစ်နိုင်။ ဤဘဝ ဧကန်ဘုရားဖြစ်မည့် ဘုရားလောင်း သိဒ္ဓတ်မင်းသားသော်လည်း လုံ့လထုတ်၍ ဒုက္ကရစရိယာ ကျင့်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းများကို ပြုမှ ဘုရားဖြစ်နိုင်ပုံ
- လောက၌ လူတို့သည် အမိမွေးသည့်အတိုင်းဖြစ်၍ ဝီရိယဖြင့် မသုတ်မသင် မရှင်းမလင်းထားလျှင် ခြေသည်းလက်သည်း၊ ဆံအမွေးတို့သည် ရှည်၍ လူနှင့်မတူ၊ မျောက်ကဲ့သို့ ဖြစ်နေနိုင်ပုံ
- လောက၌ လူတို့ စားသောက်ရန်ကိုလည်း လုံ့လ ဝီရိယ ထုတ်၍ မလုပ်မဆောင်လျှင် လယ်ယာ မဖြစ် မထွန်း။ စားသောက်ရန် ဆန်စပါး မရှိနိုင်ပုံ
- ဝတ်ဆင်ရန်ကိုလည်း လုံ့လထုတ်၍ မရက်လုပ်လျှင် အဝတ်ပုဆိုး ဝတ်ဆင်ရန်မရှိ အချည်းနှီး ဖြစ်နိုင်ပုံ
- နေနိုင်ရန် မြို့ရွာ အိမ်ကျောင်းကိုမှသော်လည်း မဆောက်လုပ်လျှင် လွင်ထီးထီးမှာ နေရနိုင်ပုံ
- ငါတို့ တောင်ကျွန်းအရပ်မှာ များသောအားဖြင့် နေထိုင်ဝတ်ဆင်ရန် ရှေးကုသိုလ်ကံကြောင့် အလိုလို ဘုံဗိမာန် ပဒေသာပင် မပေါက်နိုင်ပုံ
- နောက်က ဆိုခဲ့ပြီးသော စက်အမျိုးမျိုး၊ လက်နက် အမျိုးမျိုး၊ အထည်အမျိုးမျိုး တို့ကို လှပကောင်းမွန်အောင် ဆင်ခြင်စဉ်းစား၍ ဉာဏ်ဖြင့် သိမြင်သော်လည်း ဝီရိယထုတ်၍ မလုပ်မဆောင်လျှင် တစ်စုံတစ်ခုသော ဝတ္ထုမျှ မဖြစ်နိုင်ပုံ
- လောက၌ လူတို့ သုံးဆောင်သမျှသော ဝတ္ထုကို စဉ်းစားကြည့်ရှု၍ ဆင်ခြင်လျှင် အလိုလိုဖြစ်လာသည်ဟု မရှိနိုင်ပုံ
- လုံ့လ ဝီရိယထုတ်၍ လုပ်ဆောင်သောကြောင့်သာ ဖြစ်သည်ချည်း မှတ်ရမည်ဖြစ်ပုံ
- ရွှေ ငွေ စိန် ကျောက် တို့သည်လည်း မြေကြီးထဲမှ အလိုလိုပေါ်၍ လူ့ပြည်ကို ရောက်လာသည်မဟုတ်။ မြေကြီးကို တူးဆွ၍ လူတို့ လုံ့လဝီရိယ အကျိုးကိုသာ ခံစား၍နေကြရသည်ကို စေ့စေ့ဆင်ခြင်လေ သိမြင်လေ ဖြစ်နိုင်ပုံ

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။ (အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဖတ်ပါစေ။)

- လုံ့လဝီရိယသည် လောကီ လောကုတ္တရာ များစွာသော အကျိုးကိုပေးသည်။ နတ်ပြည်၊ ဗြဟ္မာပြည် များမှသာ ကံအကျိုးသက်သက်ကို ခံစားရသည်။ လူ့ပြည်မှာ ကံအကျိုးသက်သက် မဖြစ်နိုင်။ ဤဘဝ ဧကန်ဘုရားဖြစ်မည့် ဘုရားလောင်း သိဒ္ဓတ်မင်းသားသော်လည်း လုံ့လထုတ်၍ ဒုက္ကရစရိယာ ကျင့်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းများကိုပြုမှ ဘုရားဖြစ်နိုင်သည်။ လောက၌ လူတို့သည် အမိမွေးသည့် အတိုင်းဖြစ်၍ ဝီရိယဖြင့် မသုတ်မသင် မရှင်းမလင်းထားလျှင် ခြေသည်းလက်သည်း၊ ဆံအမွေးတို့သည် ရှည်၍ လူနှင့် မတူ၊ မျောက်ကဲ့သို့ ဖြစ်လိမ့်မည်။ လောက၌ လူတို့ စားသောက်ရန်ကိုလည်း လုံ့လ ဝီရိယ ထုတ်၍ မလုပ်မဆောင်လျှင် လယ်ယာ မဖြစ်မထွန်း။ စားသောက်ရန် ဆန်စပါး မရှိဖြစ်လိမ့်မည်။ ဝတ်ဆင် ရန်ကိုလည်း

လုံ့လထုတ်၍ မရက်လုပ်လျှင် အဝတ်ပုဆိုး ဝတ်ဆင်ရန်မရှိ အချည်းနှီး ဖြစ်လိမ့်မည်။ နေနိုင်ရန် မြို့ရွာ အိမ်ကျောင်းကိုမှသော်လည်း မဆောက်လုပ်လျှင် လွင်ထီးထီးမှာ နေရလိမ့်မည်။ ငါတို့ တောင်ကျွန်းအရပ်မှာ များသောအားဖြင့် နေထိုင်ဝတ်ဆင်ရန် ရှေးကုသိုလ်ကံကြောင့် အလိုလို ဘုံဗိမာန် ပဒေသာပင် ပေါက်သော မည်သည်မရှိ။ နောက်က ဆိုခဲ့ပြီးသော စက်အမျိုးမျိုး၊ လက်နက် အမျိုးမျိုး၊ အထည်အမျိုးမျိုးတို့ကို လှပကောင်းမွန်အောင် ဆင်ခြင်စဉ်းစား၍ ဉာဏ်ဖြင့် သိမြင်သော်လည်း ဝီရိယ ထုတ်၍ မလုပ်မဆောင်လျှင် တစ်စုံတစ်ခုသော ဝတ္ထုမျှ မဖြစ်နိုင်။ လောက၌ လူတို့ သုံးဆောင်သမျှသော ဝတ္ထုကို စဉ်းစားကြည့်ရှု၍ ဆင်ခြင်လျှင် အလိုလိုဖြစ်သော မည်သည်မရှိ။ လုံ့လ ဝီရိယ ထုတ်၍ လုပ်ဆောင်သောကြောင့်သာ ဖြစ်သည်ချည်း မှတ်ရမည်။ ရွှေငွေ စိန်ကျောက် တို့သည်လည်း မြေကြီးထဲမှ အလိုလိုပေါ်၍ လူ့ပြည်ကို ရောက်လာသည်မဟုတ်။ မြေကြီးကို တူးဆွ၍ လူတို့ လုံ့လဝီရိယ အကျိုး ကိုသာ ခံစား၍နေကြရသည်ကို စေ့စေ့ဆင်ခြင်လေ သိမြင်လေ ဖြစ်လိမ့်မည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ဝီရိယ၏အကျိုးတရားများကို သင်မည်သို့ နားလည်ပါသလဲ။ ရှင်းပြပါ။

လေ့ကျင့်ရန် မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၃ နှင့် ၄ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

## စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ဆရာက ကျောင်းသားများအား သုတဆောင်းပါးစကားပြေအရေးအသားကို သိရှိစေရန် လေ့လာရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- အရေးအသား ပိုင်းတွင် စာအရေးအသား၊ စကားအသုံးအနှုန်း၊ ဝါကျ တို့ကို မည်သို့ အသုံးပြုထားကြောင်း၊ သေချာစွာ လေ့လာရမည်ဖြစ်ကြောင်း သင်ပါ။
- သစ္စာ၏စွမ်းအင်နှင့် အကျိုးသက်ရောက်ပုံ၊ ပညာ၏စွမ်းအား၊ လုံ့လဝီရိယ၏အကျိုးကျေးဇူး တို့ကို ဇာတ်နိပါတ်လာ သာဓကများ၊ မျက်မှောက်ခေတ် သာဓကများဖြင့် အချက်တစ်ချက်ချင်းစီကို အကျိုးအကြောင်း ခိုင်လုံစွာ ကျိုးကြောင်းပြအရေးအသားဖြင့် ရေးသားထားကြောင်း ရှင်းပြပါ။
- ဖော်ပြလိုသောအကြောင်းအရာ မှန်ကန်၍ ယုတ္တိတန်စေရန် ဘုရားဟော ဇတ်နိပါတ် သာဓကများ၊ မျက်မှောက်ခေတ် သာဓကများဖြင့် ရှင်းရှင်းလင်းလင်း တိတိကျကျ ရေးသားထားကြောင်း ရှင်းပြပါ။
- စကားလုံးအသုံးအနှုန်းပိုင်းတွင် တိကျပြတ်သားသည့် ရှင်းလင်းလွယ်ကူသည့် အသုံး၊ အများ နားလည်လွယ်သည့် စကားသုံးများ ရှေးသုံးစကားများ၊ သိပ္ပံခေတ် အသုံးအနှုန်းများ စသည်တို့ကို လေ့လာကြည့် ရမည် ဖြစ်ကြောင်း ပြောပါ။
- ဝါကျအသုံးအနှုန်းပိုင်းတွင် ဝါကျတို၊ ဝါကျလတ်၊ ဝါကျရှည် စသည်တို့ကို လေ့လာကြည့်ရမည်ဖြစ် ကြောင်း သင်ပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- သစ္စာ ပညာ ဝီရိယ စကားပြေအရေးအသားကို လေ့လာပါ။
- လေ့ကျင့်ခန်း မေးခွန်း ၅ ကို ဖြေပါစေ။
- ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

စာအညွှန်း
၁။ ထင်၊ မောင်။ (၁၉၈၃)။ ယောမင်းကြီးဦးဖိုးလှိုင် အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်းအမှာစာ။ ရန်ကုန်၊ ရေသောက်မြစ်စာပေ။
၂။ သုတ၊ မောင်။ (၂၀၀၂)။ စာဆိုတော်များအတ္ထုပ္ပတ္တိ (ပဉ္စမအကြိမ်)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။
၃။ ဘိုးလှိုင်၊ ဦး (ယောအတွင်းဝန် – )။ (၁၉၆၀ )။ ရာဇဓမ္မသင်္ဂဟကျမ်း၊ ရန်ကုန်၊ ထိန်းဝင်း။

## ၃။ ဘုရားဖူးသွားခြင်း

| သင်ခန်းစာခေါင်းစဉ် | ဘုရားဖူးသွားခြင်း |
|---|---|
| ရည်ရွယ်ချက် | • စံပြစရိုက်ရှိသောမောင်ထွန်းမောင်၏ပရဟိတစိတ်ကောင်းစိတ်မြတ်ကိုသိရှိပြီး အတုယူစေလိုခြင်း။<br>• ဘုရားကိုဗန်းပြကာ ခါတော်မီလုပ်ကိုင်စားသောက်နေကြသော အရေခြုံလူအချို့ ၏စရိုက်သဘာဝများကို သိရှိစေလိုခြင်း။<br>• ဘုရားဖူးသွားခြင်းထက် ဘုရားစကား နားထောင်ခြင်းက ကုသိုလ်လည်းရ အကျိုး လည်းရှိကြောင်း အသိပေးလိုခြင်း။ |
| သင်ယူမှုရလဒ် | • ဝတ္ထုတိုသဘောသဘာဝ၊ ဝတ္ထုတိုအင်္ဂါရပ်များ၊ ဇာတ်လမ်းနည်းစနစ်များကို သိရှိ နားလည်လာစေမည်။<br>• လောကသဘော လူ့သဘောကို ဆန်းစစ်ဆင်ခြင်တတ်လာမည်။<br>• စကားပြေကောင်းတစ်ပုဒ်၏အရည်အသွေးနှင့် စာရေးဆရာကောင်းတစ်ဦး၏ စိတ်စေတနာကို အကဲဖြတ်နိုင်သောအသိဉာဏ်ရင့်သန်လာစေမည်။ |
| သင်ကြားနည်း | ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ သရုပ်ဆောင် သင်ကြားနည်း၊ ဥပမာပေးဆွေးနွေးနည်း၊ ခြုံငုံဆင်ခြင်နည်း။ |
| သင်ထောက်ကူပစ္စည်း | စကားပြေစာသားအချို့ကို ထုတ်နုတ်ထားသည့် စာကတ်ပြားများ၊ သင်ခန်းစာ အထောက်အကူပြုပုံကားချပ်များ။ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် (၁) ချိန်အတွင်း လုပ်ငန်းစဉ် (၂)ခု ပြုလုပ်ရန်။ |
| စာသင်ချိန် | ၄ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်။ |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ဘုရားဖူးသွားခြင်းစကားပြေကို သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် စကားပြေခေါင်းစဉ်အရ ဘုရားဖူးသွားဖို့ တိုက်တွန်းခြင်းမဟုတ်ဘဲ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏အဆုံးအမ (တစ်နည်း) ဘုရားစကား နားထောင်ခြင်းက အဓိကကျကြောင်း သိနားလည်ဖို့ ဤသင်ခန်းစာကို သင်ကြားခြင်းဖြစ်ကြောင်း ဦးစွာ နိဒါန်းပျိုးရှင်းလင်းပြောပြပါ။
- စာရေးသူ၏ဘဝနှင့် စာပေကို မိတ်ဆက်ပေးပါ။
- စာရေးသူ၏ ခေတ်ပြင်အကျိုးပြုစာပေများအကြောင်း စိတ်ဝင်စားဖွယ် ဖြစ်အောင်ပြောပြပါ။
- ဆရာက စကားပြေအမျိုးအစား များစွာရှိကြောင်းပြောပြပြီး တပည့်တစ်ဦးချင်းစီအား မိမိတို့နှစ်သက်သော စကားပြေအမျိုးအစားများကို ပြောပြစေဖို့ မေးမြန်းတိုက်တွန်းပါ။
- (ဥပမာ – ဝတ္ထု၊ ဆောင်းပါး၊ ကျောက်စာ၊ ရာဇဝင်၊ မှတ်တမ်း၊ အတ္ထုပ္ပတ္တိ စသည်)
- ဆရာက တပည့်များကို ပရိသတ်နှစ်သက်မှုတူသည့်စာပုံစံအမျိုးအစားကို စဉ်းစားခိုင်းပြီး ကျောင်းသားအချင်းချင်းဆွေးနွေးစေရမည်။
- ဤစကားပြေတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံနှင့် ရည်ရွယ်ချက်စသည့်ဝတ္ထုအင်္ဂါရပ်များ ပါဝင်နေသောကြောင့် စကားပြေအမျိုးအစားအားဖြင့် ဝတ္ထုတိုဖြစ်ကြောင်း ဆရာကရှင်းပြပါ။

လုပ်ငန်းစဉ် ၂

- သင်ခန်းစာကို နားလည်အောင်ဖတ်ကြားစေခြင်း၊ သရုပ်ဆောင်စေခြင်း
- ဘုရားဖူးသွားခြင်းစကားပြေကို ကျောင်းသားများအား ဖတ်ကြားစေရမည်။
- စာထဲတွင် တွေ့မြင်ရသည့် ဇာတ်ဆောင်ဘယ်နှစ်ဦးရှိသလဲ။ ဆရာက ကျောင်းသားများအား ဇာတ်ဆောင်စာရင်း ပြုစုခိုင်းပါ။
- ထို့နောက် ကျောင်းသားများကို ဇာတ်ဆောင်ဦးရေအတိုင်း အုပ်စုများခွဲခိုင်းပါ။ ဇာတ်ဆောင်ပြောစကားများ ကို အချင်းချင်း အပြန်အလှန်ပြောကြားပြီး သရုပ်ဆောင်စေရမည်။
- ကျောင်းသားများ အုပ်စုလိုက် ဇာတ်ဆောင်စကားပြောများအား အပြန်အလှန် ပြောကြားသရုပ်ဆောင်နေသည်ကို ဆရာက လိုက်လံကြည့်ရှုပါ။ စာ အတွဲအခွဲ၊ အဖြတ်အတောက်၊ အသံအနိမ့်အမြင့်၊ စကားအနက်ပေါ်အောင် အသံပီသရှင်းလင်းအောင် ဖတ်ကြားတတ်စေရန် ဖြည့်စွက်သင်ကြားပြုပြင်ပေးရမည်။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) ဇာတ်အစမှ အဆုံးတိုင် စရိုက်သဘာဝမပြောင်းလဲသောဇာတ်ဆောင်နှင့် ပြောင်းလဲသောဇာတ်ဆောင်ကို ခွဲခြားပြပါ။

(၂) အရံဇာတ်ဆောင်များက မည်သူတို့နည်း။ ၎င်းတို့၏အရေးပါပုံကို ရှင်းပြပါ။

(၃) ဇာတ်လမ်းတွင် အရေးမပါသောဇာတ်ဆောင်များ ပါဝင်ပါသလား။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

အပြန်အလှန်ဆွေးနွေးခြင်း၊ လေ့ကျင့်ခြင်း

- ဘုရားဖူးသွားခြင်းစကားပြေပါ အကြောင်းအရာများကို ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးစေ ရမည်။
- ထို့နောက် အုပ်စု (၂)ခုခွဲ၍ မိမိတို့အုပ်စုအလိုက် ဇာတ်လမ်းအကျဉ်းရေးသားခိုင်းပါ။ ဦးဆောင်သူကို ကျန် ကျောင်းသားများက လိုအပ်ချက်များဖြည့်စွက်ပေးရမည်။
- အုပ်စု (၁)၏ ဇာတ်လမ်းအကျဉ်းကို ဖတ်ကြားစေပြီး အုပ်စု (၂)အဖွဲ့ဝင်များက လိုအပ်ချက်များ ဖြည့်စွက်ပေးရမည်။ ထို့အတူ အုပ်စု (၂)၏ ဇာတ်လမ်းအကျဉ်းကို ဖတ်ကြားစေပြီး အုပ်စု (၁)အဖွဲ့ဝင်များက လိုအပ်ချက်များ ဖြည့်စွက်ပေးရမည်။
- ဆရာက စကားပြေလာ ဇာတ်လမ်း၊ ဇာတ်ကောင်၊ ကာလဒေသနောက်ခံနှင့် ရည်ရွယ်ချက်တို့ကို သုံးသပ်ရှင်းလင်းပြပြီး ကျောင်းသားများအား မေးခွန်းထုတ်စေရမည်။ (သုံးသပ်ပြရာတွင် ကျောင်းသားများက ဇာတ်လမ်းနှင့် ဇာတ်ဆောင်များကို ထိုက်သင့်သလောက်သိရှိပြီးဖြစ်သဖြင့် ကာလဒေသနောက်ခံနှင့် ပတ်သက်ပြီး ဇာတ်လမ်းစတင်ချိန်ကာလနှင့်ဒေသ၊ ဇာတ်လမ်းအခြေတည်ရာကာလ၊ ဇာတ်လမ်းအစအဆုံး ကြာချိန်၊ ဇာတ်သိမ်းချိန်ကာလနှင့်ဒေသ စသည်တို့ကို အသေးစိတ်ခွဲခြားရမည်။)

လုပ်ငန်းစဉ် ၂

အမေးအဖြေနည်း၊ ဥပမာပေးဆွေးနွေးနည်း

- ဆရာဖြစ်သူက ကျောင်းသားများထုတ်သောမေးခွန်းများကိုစုစည်းပြီး အုပ်စု (၁)နှင့် အုပ်စု (၂)ကို ယှဉ်ပြိုင်စေရမည်။

ဥပမာ – အုပ်စု (၁) ကမေး "အဓိကဇာတ်ဆောင်ဘယ်နှစ်ဦးပါသလဲ။ ဘယ်သူတွေလဲ။"
အုပ်စု (၂) ကဖြေ "..............................."
အုပ်စု (၂) ကမေး "ဇာတ်ကြောင်းပြောသူကမည်သူနည်း။"
အုပ်စု (၁) ကဖြေ "...................................."

- ဆရာဖြစ်သူက လိုအပ်ပါက ဖြည့်စွက်ရှင်းလင်းခြင်း၊ ဆွေးနွေးခြင်းလုပ်ဆောင်ပေးရမည်။
- ထိုသို့ အပြန်အလှန်မေးခွန်းမေးခြင်း၊ ဖြေကြားစေခြင်းဖြင့် သင်ခန်းစာကို အလိုလို စွဲမြဲနားလည်သွားစေရန် ဆရာဖြစ်သူက ဥပမာပေး၍ ဆွေးနွေးသင်ကြားပေးရမည်။
- ပြည့်စုံသောမေးခွန်းများကို ရရှိစေရန် ဆရာက အုပ်စု (၂)ခုစလုံးကို ပံ့ပိုးကူညီပေးရမည်။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) ဇာတ်ကြောင်းပြောသူနှင့်စာရေးသူ တစ်ဦးတည်းဖြစ်နေရခြင်းအပေါ် သင်၏သုံးသပ်ချက်ကိုတင်ပြပါ။

(၂) မောင်ထွန်းမောင်၏ စရိုက်သဘာဝမျိုးကို ပြင်ပလောကတွင် မြင်တွေ့နိုင်ပါသလား။ ဆွေးနွေးပါ။

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

ရှင်းပြခြင်း၊ ဆွေးနွေးခြင်း

- ဆရာက တပည့်များအားဇာတ်လမ်းနည်းစနစ်များဖြစ်သည့် ဇာတ်ပျိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း သဘောတရားများကို ရှင်းလင်းသင်ပြပေးရမည်။
- အထူးအားဖြင့် ဇာတ်တက်ပိုင်းတွင်ပါဝင်နေတတ်သည့်အားပြိုင်မှု ဇာတ်နိမိတ်၊ ဇာတ်လက်တက်၊ ဇာတ်ကြောင်းပြန်၊ မြှုပ်ကွက်၊ လှည့်ကွက် စသည့်ဇာတ်လမ်းအထုံးအဖွဲ့ အခြင်းအရာများကို အသေးစိတ် ရှင်းပြ ပေးရမည်။
- ထို့နောက် ကျောင်းသားများအား ဘုရားဖူးသွားခြင်းစကားပြေကို ဇာတ်လမ်းနည်းစနစ်များဖြင့် ဆစ်ပိုင်း ဝေဖန် သုံးသပ်ခိုင်းရမည်။ (ဆိုလိုသည်မှာ စကားပြေပါဇာတ်လမ်းအကြောင်းအရာများကို ဇာတ်ပျိုးပိုင်း၊ ဇာတ်တက်ပိုင်း၊ ဇာတ်ထွတ်ပိုင်း၊ ဇာတ်ဆင်းပိုင်း၊ ဇာတ်သိမ်းပိုင်းတို့ဖြင့် ဆစ်ပိုင်းဆွေးနွေးစေခြင်း ဖြစ်သည်။)

လုပ်ငန်းစဉ် ၂

မေးမြန်းခြင်း၊ လေ့ကျင့်ခြင်း

- ဆရာက တပည့်များအား မိမိတို့နှစ်သက်သည့်စကားအသုံးအနှုန်းများ၊ အချီအချစကားများ၊ ဝါကျများနှင့် ဥပမာပေးများကို တစ်ဦးချင်းတစ်မျိုးစီ မပြောမနေရမေးမြန်းရမည်။
- ကျောင်းသားတစ်ဦးချင်းစီပြောသောအရေးအသားကောင်းများကို ကျန်ကျောင်းသားများအား လိုက်လံမှတ် သားထားခိုင်းရမည်။
- ဆရာဖြစ်သူက စာရေးသူ၏ စိတ်စေတနာနှင့် ရည်ရွယ်ချက်ကို ပေါ်လွင်စေသည့်အရေးအသားများမှာ ဘာတွေဖြစ်မလဲဟု ကျောင်းသားများအား ခွဲခြားမေးမြန်းပြီး အပြန်အလှန်ဆွေးနွေးရမည်။
- ကျောင်းသားများအနေဖြင့် အကြောင်းအရာပိုင်းရော အရေးအသားပိုင်းကိုပါ ခြုံငုံနားလည်သဘောပေါက်မိချိန်ရောက်လျှင် သင်ခန်းစာရည်ရွယ်ချက်များကို ထုတ်နုတ်ပြောကြားပေးရန် ကျောင်းသားများအား တိုက်တွန်းရမည်။
- သင်ခန်းစာကို နားလည်သဘောပေါက်ပြီးမှ သင်ခန်းစာ၏ရည်ရွယ်ချက်ကို ကျောင်းသားဘက်က အလိုလို နားလည်ထုတ်နုတ်နိုင်အောင် ဆရာဖြစ်သူက ပံ့ပိုးကြိုးစားကူညီပေးရမည်။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) စာကောင်းပေမွန်၏အနှစ်သာရကို ဖော်ထုတ်ပြပါ။

(၂) စာရေးသူ၏အရေးအသားနှင့်တင်ပြပုံသည် စာဖတ်သူကို အသိအလိမ္မာတိုးစေသလား။ သာဓကပြဖြေဆိုပါ။

(၃) ဘာသာတရားကိုဗန်းပြပြီး လိမ်လည်စားသောက်နေကြသူများရှိနေခြင်းနှင့်ပတ်သက်၍ လိမ်လည်သူနှင့် အလိမ်ခံပုဂ္ဂိုလ် မည်သူက ပိုအရေးပါသနည်း။ အကြောင်းပြဆွေးနွေးပါ။

စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

ခြုံယူဆင်ခြင်နည်း

- ဆရာက တပည့်များအား စကားပြေမှရရှိသည့်ဗဟုသုတများဆင်ခြင်ဖွယ်အသိတရားများကို ထုတ်နုတ်ဆွေးနွေးပြရမည်။
- ထို့နောက် ကျောင်းသားများထပ်မံသိရှိလိုသည့် မေးခွန်းများကို မေးမြန်းစေရမည်။
- စကားပြေပါအကြောင်းအရာများနှင့် စာရေးသူ၏တင်ပြပုံကို ပေါ်လွင်အောင် ဆရာကဆက်စပ်ရှင်းပြပြီး ကျောင်းသားများအနေဖြင့် မည်သို့သောခံစားမှုရသများ ခံစားရသလဲဟု တစ်ဦးချင်းမေးမြန်းရမည်။
- ကျောင်းသားများအား ၎င်းတို့သုံးသပ်သည့်ရသခံစားမှုသည် မည်သည့်ဇာတ်ကွက်၊ ဇာတ်လမ်းကို အခြေပြုကြောင်း သုံးသပ်ပြောဆို ဆွေးနွေးခိုင်းရမည်။
- လိုအပ်ချက်ကို ဆရာဖြစ်သူက ဖြည့်စွက်ဆွေးနွေးပေးရမည်။
- ဆရာက စကားပြေတစ်ပုဒ်လုံးကို ပြန်လည်ခြုံငုံဆွေးနွေးပေးရမည်။
- ဇာတ်သိမ်းပိုင်းကို ဘဝင်ကျပြီး နှစ်သက်မှု ရှိ/မရှိ မေးမြန်းရမည်။
- ဆရာက ကျောင်းသား၏ဆွေးနွေးချက်ကို ဖြည့်စွက်ခြင်း၊ ညှိနှိုင်းခြင်းတို့ဖြင့် သုံးသပ်ရမည်။

လုပ်ငန်းစဉ် ၂

မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ လေ့ကျင့်ခြင်း

- ဆရာကကျောင်းသားများအား စကားပြေကိုဖတ်ရှုလေ့လာရခြင်းကြောင့် အသိအမြင်ပြောင်းလဲမှု ရှိ//မရှိ မေးမြန်းပါ။
- အသိအမြင်ပြောင်းလဲမှု ရှိလျှင်ရှိကြောင်း၊ မရှိလျှင်မရှိကြောင်း အထောက်အထားခိုင်လုံစွာ သာဓကပြ၍ ရှင်းပြခိုင်းပါ။
- ဆရာက ကျောင်းသားများအား အောက်ပါမေးခွန်းများကို ဆွေးနွေးစေရမည်။

(က) ဝတ္ထုဇာတ်လမ်းကို အသင့်ယုတ္တိရှိ/မရှိ ဝေဖန်ဆန်းစစ်ပါ။ မည်သည့်အချက်များက အထောက်အပံ့ ပြုသနည်း။

(ခ) ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်ကြောင်း မည်သည့်အချက်များက ထင်ရှားစေသနည်း။

(ဂ) မူလဇာတ်လမ်းနှင့် ဇာတ်လက်တက်ဇာတ်လမ်း မည်သို့ ကွဲပြားသနည်း။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) စာရေးသူဦးဖိုးကျား၏ ဘုရားဖူးသွားခြင်းစကားပြေမှ အသိတရားကောင်းများရရှိသည်ဟုဆိုလျှင် သင်လက်ခံပါသလား။ ရှင်းပြပါ။

(၂) စံပြဇာတ်ဆောင်မောင်ထွန်းမောင်၏အယူအဆနှင့် အတွေးအခေါ်၊ ပရဟိတစိတ်ဖြင့် ကူညီခဲ့သော လုပ်ရပ် များကို သင်နှစ်သက်ထောက်ခံပါသလား။ ရှင်းပြပါ။

လေ့ကျင့်ရန်မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါလေ့ကျင့်ခန်းမေးခွန်းများကို ဆက်လက်လေ့ကျင့်ပေးပါ။
- လက်တွေ့ဘဝတွင် တွေ့ကြုံနိုင်သော အကြောင်းအရာများဖြင့် သာဓကပြကာ ဆရာနှင့်တပည့် အပြန် အလှန်ဆွေးနွေးပါ။

စာအညွှန်း

(၁) တက်တိုး။ (၂၀၀၂)။ ကမ္ဘာကျော်ဝတ္ထုတိုများနှင့် တက်တိုး၏ရှင်းပြချက်။ ဒုကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

(၂) ဖိုးကျား၊ ဦး (အမျိုးသားပညာဝန်)။ (၁၉၉၉)။ ကိုယ်တွေ့ဝတ္ထုများ။ ဒုကြိမ်။ ရန်ကုန်၊ ပါရမီစာပေ။

(၃) မင်းယုဝေ။ (၁၉၇၉)။ ဝတ္ထုတို၏အင်္ဂါရပ်များ၊ ဝတ္ထုတိုစာတမ်းများ (ပတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

## ၄။ လူ့အသည်း

| သင်ခန်းစာခေါင်းစဉ် | လူ့အသည်း |
|---|---|
| ရည်ရွယ်ချက် | • လောကဌ် မည်သည့်ဘာသာမဆို လူ့စိတ်ကို မညွှတ်နူးနိုင်သော ဘာသာဟူ၍ မရှိ ကြောင်း သိရှိစေလိုခြင်း။<br>• ဘာသာတရားဆိုသည်မှာ လူ့အသည်းနှလုံးသားအတွင်း၌ ကိန်းအောင်းသော ယုံကြည်မှုဖြစ်ကြောင်း သိရှိစေလိုခြင်း။ |
| သင်ယူမှုရလဒ် | • ကမ္ဘာပေါ်တွင် လူ့ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးမှုနှင့်အတူ ဘာသာအယူဝါဒအသီးသီး ပေါ်ပေါက်ထွန်းကားပျံ့နှံ့လာပုံကို သိရှိလာမည်။<br>• ဘာသာတရားတိုင်းသည် လောကကောင်းကျိုးနှင့် လူသားတို့၏ချမ်းသာရေးကို ရှေးရှုမြဲဖြစ်ကြောင်း နားလည်လာစေမည်။<br>• ဘာသာရေးအသိတရားဆိုင်ရာ အတွေးအခေါ် ရင့်သန်ခြင်းနှင့် လူသားချင်းစာနာ ထောက်ထားညာတာတတ်ခြင်းရှိလာမည်။<br>• စာရေးသူ၏စိတ်စေတနာနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိအမြင်ကျယ်ပြန့်ပုံကို အတုယူလာနိုင်မည်။ |
| သင်ကြားနည်း | ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယုံဆင်ခြင် နည်း။ |
| သင်ထောက်ကူပစ္စည်း | စကားပြေစာသားအချို့ကို ထုတ်နှုတ်ထားသည့် စာကတ်ပြားများ၊ သင်ခန်းစာ အထောက်အကူပြုပုံကားချပ်များ။ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် (၁) ချိန်အတွင်း လုပ်ငန်းစဉ် (၂)ခု ပြုလုပ်ရန်။ |
| စာသင်ချိန် | ၄ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်။ |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- လူ့အသည်းဆောင်းပါးစကားပြေကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ယဉ်ကျေးမှုသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာသဖွယ် ပဓာနကျကြောင်း၊ ယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ ဘာသာအယူဝါဒများ ပေါ်ပေါက်လာကြောင်း၊ လူ့အသည်းစကားပြေသည် လူ့ယဉ်ကျေးမှု သမိုင်းကြောင်းတွင် အရေးပါသောဘာသာအယူဝါဒများနှင့် ဘာသာဝင်အသီးသီး၏အတွေး အခေါ်၊ အသိဉာဏ်ပညာအရေးပါပုံကို လမ်းညွှန်ထောက်ပြထားသည့်ဆောင်းပါးစကားပြေဖြစ်ကြောင်း ဖွင့် ဆိုရှင်းပြပါ။
- စာရေးသူ တက္ကသိုလ်မောင်မောင်ကြီး၏ဘဝနှင့်စာပေကို မိတ်ဆက်ပေးရမည်။
- စကားပြေအမျိုးအစားများစွာကို ပြောပြပြီးနောက် ဆောင်းပါးစကားပြေသည် အသိဉာဏ်ပညာတိုးပွားစေသည့်သုတစာပေအမျိုးအစားဖြစ်ကြောင်း ရှင်းလင်းပြောပြပါ။
- သုတစာပေနှင့် ရသစာပေ ကွဲပြားကြောင်း၊ လောကကောင်းကျိုးကို သုတ-ရသ စာပေများက ပြုပြင်ပြောင်း လဲပေးနိုင်ကြောင်း ကျောင်းသားများနားလည်သဘောပေါက်မြင်သာစေရန် သာဓကများဖြင့် ဖွင့်ဆိုရှင်းပြ ပေးရမည်။
- ဤစကားပြေတွင် စာရေးသူ၏အတွေးအမြင်နှင့် တင်ပြပုံသည် အလွန်အရေးပါကြောင်း၊ ဘာသာရေး ဆိုင်ရာအသိတရားကောင်းများ၊ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးအရ ကိုးကွယ် ယုံကြည်မှုအသီးသီး ကွဲပြားစွာကိုးကွယ်ကြပုံတို့ကို စကားပြေပါအကြောင်းအရာများနှင့် ချိတ်ဆက်ပြီး ရှင်း လင်းပြောကြားပေးရမည်။
- ဘာသာရေးအရ အစွန်းရောက်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုကို ထိခိုက်စေနိုင်ကြောင်း တပည့်များနားလည်လက်ခံလာအောင် ရှင်းပြပါ။

လုပ်ငန်းစဉ် ၂

အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း

- သင်ခန်းစာကို တစ်ပိုဒ်ချင်းဖတ်ကြားစေပြီး စာတစ်ပိုဒ်ဖတ်ပြီးတိုင်း "မည်သို့နားလည်သနည်း" ဟု ကျောင်းသားများကိုမေးမြန်းပါ။
- ဆရာက စာတစ်ပိုဒ်ချင်း၏အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြခြင်းနှင့်အတူ ကျောင်းသားများအား နားမလည် သည့်အချက်များကို မေးမြန်းဖို့ဖိတ်ခေါ်ပါ။
- လူသားတစ်ဦးချင်းစီတွင် ယုံကြည်ကိုးကွယ်ရာဘာသာအယူဝါဒများရှိကြောင်းပြောပြပြီး၊ ကျောင်းသား တစ်ဦးချင်းစီကို "မည်သည့်ဘာသာဝင်ဖြစ်သလဲ။ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏အနှစ်သာရက ဘာလဲ" ဟု ဆရာက စိတ်ရှည်ရှည်နှင့်မေးမြန်းပါ။
- ဆရာက ကမ္ဘာပေါ်တွင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာစသည်ဖြင့် ဘာသာအယူဝါဒကွဲများစွာရှိပုံကို ခွဲခြားရှင်းပြပါ။
- ဆရာက ကျောင်းသားများအား မိမိတို့ကိုးကွယ်ရာဘာသာတရားကို "မိဘကိုးကွယ်လို့ မိရိုးဖလာ ကိုးကွယ် တာလား။ ကိုယ်ပိုင်ယုံကြည်မှုနဲ့ကိုးကွယ်တာလား" ဟူ၍ မေးမြန်းပါ။
- ဆရာနှင့်ကျောင်းသားများ အပြန်အလှန်ဆွေးနွေးကြရမည်။

- ထိုသို့ အပြန်အလှန်ဆွေးနွေးကြရာတွင် အစွန်းရောက်သောအတွေးအခေါ်နှင့် ဘက်လိုက်မှုကင်းစေရန် ဆရာ့ဘက်က ဦးဆောင်တည့်မတ်ပေးပြီးဆွေးနွေးပါ။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) လူသားများသည် မည်သည့်အတွက်ကြောင့် အားကိုးရာခဲ့ကြသနည်း။

(၂) မိရိုးဖလာကိုးကွယ်မှုကို သင်မည်သို့ နားလည်သနည်း။

(၃) သင်သိသောဘာသာအယူဝါဒများကို ပြောပြပါ။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း

- ဆရာက တပည့်များအား စကားပြေတွင်ဖော်ပြထားသော (ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဗုဒ္ဓဘာသာ) ဘာသာတစ်ခုချင်းစီ၏ အနှစ်သာရများကို ဖွင့်ဆိုရှင်းပြပေးရမည်။
- "မိမိတို့၏ပတ်ဝန်းကျင်တွင် မည်သည့်ဘာသာဝင်များကို တွေ့နိုင်သလဲ" ဟု တပည့်များအား မေးမြန်းပါ။
- ကျောင်းသားများကို အုပ်စု (၂)ခုဖွဲ့ပေး၍ မိမိတို့အုပ်စုအလိုက် ဘာသာအယူဝါဒကွဲအမျိုးမျိုးနှင့် ဘာသာဝင် အသီးသီး၏အလေ့အထများကို အပြန်အလှန်မေးမြန်းခြင်း၊ ဖြေဆိုခြင်း၊ ဆွေးနွေးခြင်း လုပ်ခိုင်းပါ။ (သာဓက– ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ယုံကြည်စွဲလန်းမှု၊ အစားအသောက်စသည်)
- ၎င်းတို့အုပ်စုဝင်အချင်းချင်း မေးမြန်းဖြေဆိုဆွေးနွေးသည်ကို ဆရာက လိုက်လံကြည့်ရှုဖြည့်စွက်ပေးပါ။
- ထို့နောက် လုံလောက်သောဆွေးနွေးမှုအနေအထားရှိပြီဟု ဆရာကယူဆနိုင်သည့်အချိန်တွင် အုပ်စု (၂)ခုကို အပြန်အလှန် အမေးအဖြေလုပ်ခိုင်းပါ။
- သာဓက –

အုပ်စု (၁) မေး – "ကမ္ဘာပေါ်ရှိ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာအယူဝါဒ ဘယ်နှစ်မျိုးလောက် ကြားဖူးသလဲ"

အုပ်စု (၂) ဖြေ – "____________________"

အုပ်စု (၂) မေး – "အစ္စလာမ်ဘာသာဝင်များ၏ဝတ်စားဆင်ယင်မှုကို သင်သိသလောက် ပြောပြပါ"

အုပ်စု (၁) ဖြေ – "____________________"

အုပ်စု (၁) မေး – "ဗုဒ္ဓဘာသာဝင်များ စောင့်ထိန်းကြသည့်သီလငါးပါးကို ပြောပြပါ"

အုပ်စု (၂) ဖြေ – "____________________"

အုပ်စု (၂) မေး – "ခရစ်ယာန်ဘာသာဝင်များသည် အပတ်စဉ် ဘယ်နေ့မှာ ဘုရားကျောင်းတက်သလဲ"

- ဆရာက ကျောင်းသားများကို သင်ခန်းစာသင်ယူရင်း စိတ်ဝင်စားအောင်၊ ပျော်ရွှင်အောင် အမှတ်ပေးပြီး စည်းရုံး ဝန်းရံပေးရမည်။

လုပ်ငန်းစဉ် ၂

အပြန်အလှန်ဆွေးနွေးခြင်း၊ လေ့ကျင့်ခြင်း

- လူ့အသည်းစကားပြေပါအကြောင်းအရာများကို ကျောင်းသားအချင်းချင်း အပြန်အလှန် ဆွေးနွေးခိုင်းပါ။
- အုပ်စု (၂)စုခွဲ၍ စကားပြေပါအကြောင်းအရာများကို အကျဉ်းချုပ်ရေးခိုင်းပါ။

- ကျောင်းသားများသည် မိမိတို့၏အုပ်စုခေါင်းဆောင်က အုပ်စုကိုယ်စားပြု စကားပြေအကျဉ်းချုပ် ရေးနိုင်ရန် အတွက် ဝိုင်းဝန်းကူညီဖြည့်စွက်အကြံဉာဏ်ပေးကြရမည်။
- အုပ်စု (၁)က ရေးသားထားသောစကားပြေအကျဉ်းကို အုပ်စု (၂)က ဝိုင်းဝန်းဖြည့်စွက်ပေးရမည်။ ထို့အတူ အုပ်စု (၂)က ရေးသားထားသောစကားပြေအကျဉ်းကို အုပ်စု (၁)က ဝိုင်းဝန်းဖြည့်စွက်ပေးရမည်။
- ဆရာက အုပ်စု (၁)နှင့် အုပ်စု (၂)တို့၏ စကားပြေအကျဉ်းကိုပေါင်း၍ လိုအပ်ချက်ကို ထပ်မံဖြည့်စွက်ပေး ရ မည်။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) စာရေးသူ၏စေတနာရည်ရွယ်ချက်နှင့် အတွေးအမြင်ကိုဖော်ပြပါ။

(၂) လူသားတိုင်းသည် မိမိတို့ကိုးကွယ်ယုံကြည်ရာဘာသာတရားကို သိနားလည်အောင်ကြိုးစားသင့်ပါသလား။ ဘာကြောင့်လဲ။

(၃) ကိုးကွယ်ယုံကြည်ရာဘာသာတရားတိုင်း၏အနှစ်သာရသည် လောကကောင်းကျိုးကို ဖြစ်စေသလား။ ရှင်းလင်းပြောပြပါ။

## စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

ဖွင့်ဆိုရှင်းပြခြင်း၊ မေးမြန်းဆွေးနွေးခြင်း

- ဆရာက စာရေးသူတက္ကသိုလ်မောင်မောင်ကြီး၏ပဓာနအတွေးအမြင်ကို ဖော်ထုတ်ပြပြီး ဖွင့်ဆိုရှင်းပြပါ။
- "လောကရှိလူသားတို့သည် မိမိတို့ကိုးကွယ်ယုံကြည်သောဘာသာအယူဝါဒ၌ ယုံကြည်မှုပိုလွန်ပြီး အခြားဘာသာကိုရှုံ့ချတတ်သောအပြုအမူသည်တစ်ဖက်စွန်းရောက်သောအယူသီးမှုဖြစ်သလား" ဆိုသော မေးခွန်း ကို ကျောင်းသားများအား မေးမြန်းပြီး ဖြေဆိုခိုင်းပါ။
- "အစွန်းရောက်သောအယူသည်းမှုသည် လူသားချင်းစာနာထောက်ထားမှုကို ထိခိုက်စေသလား" ဆိုသော မေးခွန်းကို ကျောင်းသားများအားဆက်လက်မေးမြန်းပြီး ဖြေဆိုခိုင်းပါ။
- ဆရာဖြစ်သူက ကျောင်းသားများအား "ဘာသာရေးပဋိပက္ခများနှင့် အစွန်းရောက်ဘာသာရေးအယူသီးမှုများကို လက်ခံသလား။ လက်မခံဘူးလား" မေးမြန်းပြီး အကြောင်းပြချက်ဖြင့် ဆွေးနွေးခိုင်းပါ။

လုပ်ငန်းစဉ် ၂

မေးမြန်းခြင်း၊ လေ့ကျင့်ခြင်း

- ဆရာက ကျောင်းသားများအား "စကားပြေပါအကြောင်းအရာများကို မည်သည့်ရေးသားနည်းများဖြင့် ရေးသားတင်ပြထားသလဲ" ဟု မေးမြန်းပါ။ ကျောင်းသားများကို စကားပြေအစအဆုံး ဘယ်နေရာ ဘယ်အကြောင်းအရာကို (ဖွင့်ဆိုရှင်းပြ၊ ကြောင်းကျိုးပြ၊ ဖြစ်စဉ်ပြ၊ သရုပ်ဖော်) ဘယ်လိုရေးနည်းဖြင့် ရေးသားထားကြောင်း ပိုင်းဆစ်ဖြေဆိုခိုင်းပါ။
- ထို့နောက် ကျောင်းသားများအား ဘာသာရေးဆိုင်ရာ စကားသုံးများ၊ အကြောင်းအရာကိုလေးနက်စေသော စကားသုံးများ၊ တင်စားထားသောစကားသုံးများ၊ ထူးခြားသောစကားသုံးများ၊ အခိုင်းအနှိုင်းကောင်းများ၊ လုံးတွဲစကားလုံးများ၊ ဝါကျတည်ဆောက်ပုံနှင့် အမေးဝါကျများကို ရှာဖွေခိုင်းပါ။ မိမိတို့ဘာသာ ထုတ်နှုတ်ရေးသားထားခိုင်းပါ။

- ဆရာက ကျောင်းသားများအား လူတို့၏အားငယ်စိတ်၊ ဝမ်းနည်းစိတ်၊ ကြောက်လန့်စိတ်၊ စိုးရိမ်စိတ်၊ အားကိုးရှာလိုစိတ်တို့ကို ပေါ်လွင်စေသည့် စကားအသုံးအနှုန်းများနှင့် အရေးအသားများကို ရှာဖွေခိုင်းပါ။
- စာရေးသူ၏ အတွေးနှင့်အရေးတစ်ထပ်တည်းကျပုံ၊ လူ့စိတ်ဆန်းကြယ်ပုံနှင့် အားကိုးရှာကြပုံကို ပေါ်လွင်အောင် တင်ပြထားနိုင်သော သရုပ်ဖော်ရေးနည်းနှင့် စည်းရုံးသိမ်းသွင်းနိုင်သောအရေးအသားကောင်းများကို ဆရာက နမူနာထုတ်နှုတ်ပြပါ။
- အလားတူအရေးအသားကောင်းများကို ကျောင်းသားများအား ကိုယ်တိုင်ရှာဖွေစေပြီး ဆရာနှင့် ကျောင်းသား များ အပြန်အလှန်ဆွေးနွေးပါ။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) စာရေးသူ၏အတွေးအမြင်နှင့် တင်ပြပုံအရေးအသား ထပ်တူကျသည်ဟု သင်ထင်ပါသလား။

(၂) လူသားတို့၏စိုးရိမ်ပူပန်အားငယ်စိတ်များကြောင့် အားကိုးရှာခဲ့ကြပုံကို ပေါ်လွင်စေသည့် အရေးအသားများ ကို သင်နှစ်သက်လက်ခံပါသလား။

(၃) လူ့ယဉ်ကျေးမှု တိုးတက်ထွန်းကားမှုနှင့်အတူ ဘုရားအဆူဆူ ပွင့်တော်မူလာပုံကို စာဖတ်သူနားလည်အောင် မည်သည့်ရေးသားနည်းဖြင့် ရှင်းလင်းပြထားသနည်း။

## စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

ခြုံငုံယူဆင်ခြင်နည်း

- ဆရာက တပည့်များအား စကားပြေမှရရှိသည့်ဗဟုသုတများ၊ ဆင်ခြင်ဖွယ်အသိတရားများ၊ ကိုးကွယ်ယုံကြည်မှုအရ ဘာသာအယူဝါဒအသီးသီး၏ အနှစ်သာရများကိုနားလည်သဘောပေါက်အောင် ဆွေးနွေးပြပါ။
- ကျောင်းသားများထပ်မံသိရှိလိုသည့် မေးခွန်းများအား မေးမြန်းပါ။
- လောက၌ မတူကွဲပြားမှု များစွာရှိသည့်အနက် တူညီမှုတစ်ခုမှာကား လောကကောင်းကျိုးနှင့် လောကကို စောင့်ရှောက်ခြင်းပင်ဖြစ်ကြောင်း၊ ဘာသာအယူဝါဒတိုင်း၏အနှစ်သာရများကို ပေါ်လွင်အောင် ခြုံငုံမိစေရန် ရှင်းပြပါ။
- ဆရာက တပည့်များအား စကားပြေမဖတ်ခင်က မူလအသိနှင့် ဖတ်ပြီးချိန်၌ မူလအသိထက် ထပ်မံတိုးပွားသိမြင်လာသောအကြောင်းအချက်များရှိ၊ မရှိ မေးမြန်းပါ။
- ၎င်းတို့တင်ပြလာသောအသိအမြင်များကို ဆရာနှင့် အပြန်အလှန် ဆွေးနွေးစေရမည်။

လုပ်ငန်းစဉ် ၂

အပြန်အလှန်ဆွေးနွေးခြင်း၊ လေ့ကျင့်ခြင်း

- ဆရာကကျောင်းသားများအား ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု၊ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုဟူ၍ ယဉ်ကျေးမှု နှစ်ရပ် ရှိရာတွင် "ဘာသာတရားကိုးကွယ်ယုံကြည်မှုသည် မည်သည့်ယဉ်ကျေးမှုဖြစ်သနည်း" ဟု မေးမြန်းပြီး အပြန်အလှန်ဆွေးနွေးပါ။
- "မိမိတို့ယုံကြည်ရာ ဘာသာတရား၏အဆုံးအမများကို လိုက်နာရာတွင် လက်တွေ့အားဖြင့် မည်မျှလိုက်နာ ကျင့်သုံးနေသနည်း" ဟု မေးမြန်းပြီး ကျောင်းသားများအား ကိုယ်တိုင်ဆန်းစစ်ခိုင်းပါ။

- ကျောင်းသားအသီးသီး၏ ဘာသာရေးအသိနှင့် လက်တွေ့ဘဝ၌ မည်သို့ကျင့်သုံးပြီး လောကကောင်းကျိုး စောင့်ရှောက်နေပုံအဖြေများကို ဆရာကလက်ခံနားထောင်ကာ အပြန်အလှန် ဆွေးနွေးပေးရမည်။
- စကားပြေဖတ်ရှုရခြင်းကြောင့် စာရေးသူ၏အရေးအသားတင်ပြပုံသည် မည်သို့သောရသခံစားမှုကို ပေးသနည်းဟု ဆက်လက်မေးမြန်းပါ။
- ထို့နောက် အကြောင်းအရာနှင့်လိုက်ဖက်သောရသခံစားမှုများကို ကောက်နှုတ်ပြပြီး နားလည်သဘောပေါက်အောင် ဆရာကဆွေးနွေးပေးရမည်။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) လူ့အသည်းစကားပြေမှ ဘာသာရေးအသိအမြင်နှင့် စောင့်ထိန်းအပ်သောအသိတရားကောင်းများ ရရှိသည် ဟုဆိုလျှင် သင်လက်ခံပါသလား။ အကြောင်းပြရှင်းလင်းပါ။

(၂) လူသားတို့၏ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုသည် ဘာသာတရားနှင့် ဆက်စပ်နေသည်ဟုဆိုလျှင် သင်ထောက်ခံပါသလား။ ရှင်းလင်းပြပါ။

လေ့ကျင့်ရန်မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါလေ့ကျင့်ခန်းမေးခွန်းများကို ဆက်လက်လေ့ကျင့်ပေးပါ။
- လက်တွေ့ဘဝတွင် တွေ့ကြုံနေရသောအဖြစ်အပျက်၊ အကြောင်းအရာများဖြင့် သာဓကပြကာ ဆရာနှင့်တပည့်အပြန်အလှန်ဆွေးနွေးပါ။

စာအညွှန်း

(၁) ညိုသောင်း။ (၂၀၁၉)။ ဘာသာကြီးလေးခုနှစ်သာရများ။ ဒွါဒသမအကြိမ်။ ရန်ကုန်၊ စာပေဟောင်းလေးအိုးကြီး။

(၂) သောင်းလွင်၊ ဆရာ (ဘီအေ)။ (၁၉၉၂)။ မိရိုးဖလာလွန်ဗုဒ္ဓဘာသာ။ ပဉ္စမကြိမ်။ ရန်ကုန်၊ နည်းသစ်စာအုပ်တိုက်။

(၃) အေးနိုင်၊ ဦး (ဓမ္မာစရိယ၊ ဘီအေ)။ (၂၀၀၈)။ ဘာသာရေးအမေးအဖြေများ။ ရန်ကုန်၊ မြအောင့်ဖ်ဆက်။

၅။ အမှောင် (ရသစာတမ်း)

| သင်ခန်းစာခေါင်းစဉ် | အမှောင် (ရသစာတမ်း) |
|---|---|
| ရည်ရွယ်ချက် | • ဉာဏ်အလင်းရောင်ပါလာရေးသည် အမှောင်ခေတ်ပေါ်တွင်အမှီ ပြုကြောင်းသိစေရန်နှင့် တိုက်စိုး၏ရသစာတမ်းအရေးအသားကို သိရှိစေရန် |
| သင်ယူမှုရလဒ် | • ဉာဏ်အလင်းရောင်ပါလာရေးသည် အမှောင်ခေတ်ပေါ်တွင် အမှီပြုကြောင်း သိလာပြီးနှင့် တိုက်စိုး၏ရသစာတမ်းအရေးအသားကို သိရှိလာစေမည်။ |
| သင်ကြားနည်း | • ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| သင်ထောက်ကူပစ္စည်း | စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ သင်ခန်းစာမိတ်ဆက်ခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို ဦးစွာသုံးပါ။
- "မြန်မာစာမှာ ရသစာတမ်းကို သင်ခဲ့ဖူးသလား"
- "ရသစာတမ်းတွေထဲမှာ ဘယ်ရသစာတမ်းကို သင်ခဲ့ဖူးသလဲ" ဟူသည့် မေးခွန်းမျိုးကို မေးပါ။
- ယခု စာသင်ချိန်တွင် တိုက်စိုး၏ ရသစာတမ်းကို သင်ကြားသွားမည် ဖြစ်ကြောင်း၊ ရသစာတမ်းများအကြောင်းကို ရှင်းပြမည် ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ရသစာများအကြောင်းကို အနည်းငယ် မိတ်ဆက်ပြောပြပေးပါ။
- တိုက်စိုးအကြောင်းကို မိတ်ဆက်ပါ။
- တိုက်စိုး၏ ရေးဟန်အကြောင်းကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင်ပါသော အကြောင်းအရာများကို ဦးစွာရှင်းပြပါ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ သင်ကြားခြင်း

- ယခုစာသင်ချိန်အတွက် ဖွင့်ဆိုရှင်းပြနည်း၊ ဟောပြောဆွေးနွေးနည်းတို့ကို အသုံးပြုပါ။
- ဆရာက အမှောင်ရသစာတမ်းပါ အကြောင်းအရာများကို ဖွင့်ဆိုရှင်းပြပါ။

- တိုက်စိုး၏ အမှောင်ရသစာတမ်းပါ အကြောင်းအရာများကို အစီအစဉ်တကျ ရှင်းပြပါ။
- ထိုသို့ ရှင်းပြရင်း ငယ်စဉ်က အမှောင်ကို ကြောက်ခဲ့ကြောင်း၊ ကြီးလာသောအခါ အမှောင်ကိုပင် နှစ်သက်လာကြောင်းကို ထင်ရှားပေါ်လွင်အောင် ရှင်းပြပါ။
- ရသစာတမ်းပါ အကြောင်းအရာကို ကျောင်းသားကျောင်းသူများ အသံထွက်၍ ဖတ်ပါစေ။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ယခုစာသင်ချိန်တွင် အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်းတို့ကို အသုံးပြုပါ။
- တိုက်စိုး၏ အမှောင်နှင့်ပတ်သက်သော ခံယူချက်နှင့် အတွေးတို့ကို ဆက်စပ်ရှင်းပြပါ။
- တိုက်စိုး၏ အကြောင်းအရာနှင့် အတွေးအမြင် ချိတ်ဆက်ပုံတို့ကို ရှင်းပြပါ။
- ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။
- အုပ်စုတွင်း အချင်းချင်း ဆွေးနွေးစေ၍ ရသစာတမ်းပါ အကြောင်းအချက်များကို ထုတ်နုတ်ပါစေ။
- အုပ်စု တစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- ထို့နောက် ကျောင်းသားများ အုပ်စုလိုက် ထုတ်နုတ်ထားသည့် ရသစာတမ်းပါ အကြောင်းအချက်များကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘော ပေါက်အောင် ရှင်းပြပါ။

လုပ်ငန်းစဉ် ၂

စစ်ဆေးအကဲဖြတ်ခြင်း

- (၁)တိုက်စိုး၏ အမှောင်နှင့် ပတ်သက်သော အယူအဆကို သင်ဘယ်လို ထင်မြင်ပါသလဲ။ ရှင်းပြပါ။
- (၂)စာရေးသူ၏ ရည်ရွယ်ချက် ပေါ်လွင်အောင် ဘယ်လိုအကြောင်းအချက်များကို သုံးထားကြောင်း ရှင်းပြပါ။
- (၃) အမှောင်နှင့် ပတ်သက်သော အယူအဆကို သင်ဘယ်လို ထင်မြင်သလဲ။ သဘောတူထိုက်သလား။ မတူထိုက်ဘူးလား။ ဆွေးနွေးပြပါ။

လေ့ကျင့်ခြင်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၁၊ ၂ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။
-

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- ယခုစာသင်ချိန်အတွက် ဖွင့်ဆိုရှင်းပြနည်း၊ ဟောပြောဆွေးနွေးနည်းတို့ကို အသုံးပြုပါ။
- ယခုစာသင်ချိန်တွင် အမှောင်ရသစာတမ်း အရေးအသားကို လေ့လာတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

- ဆရာက ကျောင်းသားများအား ရသစာတမ်း အရေးအသားကို သိရှိစေရန် လေ့လာရမည့် အချက်များကို နမူနာ ဖြေပြပြီးသင်ပါ။
- အရေးအသားပိုင်းတွင် စကားအသုံးအနှုန်း၊ ဝါကျအထားအသို၊ ရေးသားတင်ပြပုံတို့ကို မည်သို့အသုံးပြုထား ကြောင်း၊ သေချာစွာ လေ့လာရမည်ဖြစ်ကြောင်း သင်ပါ။
- စကားလုံး အသုံးအနှုန်းပိုင်းတွင် လုံးချင်းအသုံး၊ လုံးတွဲအသုံး၊ အသုံးထူး၊ အလင်္ကာ စသည်တို့ကိုလေ့လာကြည့် ရမည်ဖြစ်ကြောင်း ပြောပါ။
- ဝါကျအထားအသိုပိုင်းတွင် ဝါကျတို၊ ဝါကျရှည်၊ ပုံစံတူဝါကျ စသည်တို့ကို လေ့လာကြည့်ရမည်ဖြစ်ကြောင်း သင်ပါ။
- ရေးသားတင်ပြပုံပိုင်းတွင် သရုပ်ဖော်အရေးအသား၊ ကျိုးကြောင်းပြအရေးအသား၊ ဖွင့်ဆိုရှင်းပြအရေး အသား၊ ဖြစ်စဉ်ပြအရေးအသားတို့ကို လေ့လာကြည့်ရမည်ရမည်ဖြစ်ကြောင်း စာကတ်ပြာများ၏ အကူအညီဖြင့် သင်ပါ။
- ရသစာတမ်းတွင် အောက်ပါအင်္ဂါရပ် ၄မျိုး ပါဝင်လေ့ရှိကြောင်း ရှင်းပြရန်။

၁။ စကားပြေအရေးအသား ရှင်းလင်းပြေပြစ်ခြင်း

၂။ ရည်ရွယ်ချက်ရောက်အောင် စည်းရုံးရေးဖွဲ့နိုင်ခြင်း

၃။ အစီအကုံး အသုံးအနှုန်း လှပသေသပ်ခြင်း

၄။ စာဖတ်သူနှင့် စကားပြောနေသကဲ့သို့ ရင်နှီးကျွမ်းဝင်မှုရှိခြင်း

- ရသစာတမ်းများကို အောက်ပါအချက် ၄ ချက်နှင့်လည်း တိုင်းတာနိုင်ကြောင်း ရှင်းပြရန်။

၁။ ကိုယ်ရည်ကိုယ်သွေး ပေါ်လွင်ခြင်း

၂။ အကြောင်းအရာထက် အတွေးအမြင်ကို အားပြုခြင်း

၃။ ကိုယ်တိုင်တွေးမြင်ခံစားမှုကို အားပြုခြင်း

၄။ ဘဝအသိအမြင်နှင့်ယှဉ်သော နှစ်သက်မှုကိုပေးခြင်း

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- အောက်ပါစာပိုဒ်များကို ဖတ်ပါစေ။ (အုပ်စုများဖွဲ့၍ အုပ်စုလိုက် ဖတ်ပါစေ။)
- "ကျွန်တော် ကလေးအရွယ်ကဆိုလျှင် အမှောင်ကို ကြောက်သည်။ အမှောင်ထဲတွင် မသွားရဲ။မှောင်ထဲတွင် မအိပ် ရဲ။ အမှောင်သည် ကလေးနှင့် ရန်ဘက်ဖြစ်၍ အလင်းသည် ကလေးနှင့်မိတ်ဖက်ဖြစ်သည်။ အလင်းတွင် မိဘ ဆွေမျိုးတွေကို မြင်နေရသည်။ သူတို့၏ အသိုင်းအဝိုင်းကြောင့် အားပြည့်သည်။ ရဲရင့်သည်။ အမှောင်ထဲတွင် ရှိနေသည့် အခါမူကား မိမိတစ်ကိုယ်တည်းပါကလားဟူ၍ ထင်လာမိသည်။ ကြောက်အားပိုလာလေသည်။ ကြောင်အိုပေမှေးက လာ၍ ကိုက်မည်လား။ ညဦးက ဘကြီးပြောပြသည့် အမွေးဖွားဖွား၊ မျက်လုံးကြီးကြီး၊ အစွယ်ပြူးပြူးနှင့် တစ္ဆေဘီလူးက လာ၍ဆွဲလိမ့်မည်လား။ မိုးတွေက ဖြုန်းဖြုန်းရွာချနေခိုက် ဒေဝါကောင် လာလိမ့်မည်လား။ အပေါ်မျက်နှာကြက်ကလည်း မလုံ။ အောက်ကြမ်းကလည်း မလုံ။ ညာဘက်ကလည်းမလုံ။ ဘယ်ဘက်ကလည်း မလုံ။ ရင်ဖိုမိလေတော့သည်။"
- "ဤသို့ဖြင့် စိတ်ရှုပ်စရာ ကြုံရသည်။ ငြီးစီစီ ဖြစ်ရသည်။ ကြောင့်ကြမှု ပိုရသည်။ ထိုအခါ၌ တစ်ကိုယ်တည်း နေလိုစိတ်ပေါ်ပေါက်လာရလေသည်။ ထိုအဖြစ်သည် လူ့စရိုက်၊ လူ့ထုံးစံနှင့် ဆန့်ကျင်သည် မဟုတ်ပါ။ လူ့အရေးနှင့် ပွန်းတီးလွန်းလျှင် ရံဖန်ရံခါ ခပ်ခွာခွာ နေချင်သည်မှာ ဓမ္မတာဖြစ်လေသည်။"

- "သာကေတစ်ခု ကျွန်တော်ပြဦးမည်။ ကျွန်တော်တို့သည် လူငယ်ဘာဝ စကား ထာဖြစ်စေ၊ ပုစ္ဆာဖြစ်စေ ဝှက်တတ် ကြသည်မဟုတ်လား။ ထိုအခါ ဖြေမည့်သူက ခဏတစ်ဖြုတ် မျက်စိမှိတ်၍ စဉ်းစားတတ်သည်။ နောက် ခဏတွင် ခေါင်းထဲသို့ အဖြေရောက်လာတော့သည်။
- ညဏ်အလင်းရောင် ဝင်လာရေးသည် အမှောင်ခါတ်အပေါ်တွင် အမှီသဟဲ ပြုရမြဲ ဖြစ်လေသည်။"
- ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံကိုလည်းကောင်း၊ ဟောပြောဆွေးနွေးနည်းပုံစံကိုလည်းကောင်း အသုံးပြု၍ စကားအသုံးအနှုန်း၊ ဝါကျအထားအသို၊ ရေးသားတင်ပြပုံများ၊ ရသစာတမ်းအင်္ဂါရပ်များကို ဖော်ထုတ်ပါ။

စစ်ဆေးအကဲဖြတ်ခြင်း
- အမှောင်ရသစာတမ်း အရေးအသားကို ရသစာတမ်း၏ အင်္ဂါရပ်များနှင့် ချိန်ထိုး လေ့လာခိုင်းပါ။
- လေ့ကျင့်ခန်း မေးခွန်း ၃၊ ၄ ကို ဖြေပါစေ။
- ဆရာက မှန်၊ မမှန်ကို စစ်ဆေးပါ။

စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း
- ယခုစာသင်ချိန်အတွက် ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ ခြုံယူဆင်ခြင်နည်းနည်းတို့ကို အသုံးပြုပါ။
- ယခုစာသင်ချိန်တွင် အမှောင်ရသစာတမ်းကို လေ့လာခြင်းမှရရှိသော ဘဝအသိအမြင်၊ ရသခံစားမှုတို့ကို ဖော်ထုတ်ကြည့်ကြမည် ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ထို့နောက် ဆရာက အမှောင်ရသစာတမ်းမှ ရရှိသော ဘဝအသိအမြင်များ၊ ရသခံစားမှုများကို ရှင်းပြ သင်ကြားပါ။
- အမှောင်ရသစာတမ်းကို ဖတ်ပြီး မည်သို့သောခံစားချက်များ ရရှိကြောင်းကို အုပ်စုတွင်း အချင်းချင်း ပြောဆို ဆွေးနွေး ပါစေ။
- အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- လိုအပ်လျှင် ဆရာက ဖြည့်စွက် လမ်းညွှန်ပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း
- ရသစာတမ်း တစ်ပုဒ်လုံးကို အစအဆုံး ပြန်ဖတ်ပါစေ။
- ရသစာတမ်း တစ်ပုဒ်လုံးအပေါ်တွင် ကျောင်းသားများနှင့် မေးခွန်းမေးနည်းနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြော ဆွေးနွေးနည်း ပုံစံဖြင့်လည်းကောင်း စကားအသုံးအနှုန်းများ၊ ဝါကျအထားအသိုများ၊ ရေးသား တင်ပြပုံများ၊ ဘဝအသိ အမြင်များ၊ ရသနှစ်သက်မှုများကို ဖော်ထုတ်ဆွေးနွေးပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- ကလေးငယ်တစ်ဦးက အမှောင်ကြောက်ပုံကို သင်မည်သို့ ခံစားမိသလဲ။
- လူကြီးတိုင်း အမှောင်ကို ချစ်သည်ဟု သင်ထင်ပါသလား။
- ဥဒဏ်အလင်းရောင်ပေါ်လာရေးသည် အမှောင်ပေါ်တွင် အမှီပြုသည်ဆိုသော အမြင်ကို သင်မည်သို့ ခံစားရသလဲ။

လေ့ကျင့်ခြင်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၅ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

စာအညွှန်း

- ၁။ စိုးညွှန့်၊ ဦး (ရာပြည့်)။ (၂၀၂၀)။ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀။ ရန်ကုန်၊ ရာပြည့်စာပေ။
- ၂။ တိုက်စိုး ။ (၂၀၁၆)။ တိုက်စိုးစာ လက်ရွေးစင်။ ရန်ကုန်၊ နှစ်ကာလများ။
- ၃။ စာတမ်းငယ်စာပေ စာတမ်းများ(ပထမတွဲ) ။(၁၉၈၇)။ ရန်ကုန်၊ စာပေဗိမာန်။
- ၄။ စာတမ်းငယ်စာပေစာတမ်းများ(ဒုတိယတွဲ)။(၁၉၈၇)။ ရန်ကုန်၊ စာပေဗိမာန်။

စည်းလုံးညီညွတ်ခြင်းပြတိုင်းရင်းသားစကားပုံများ
အသုံးချဘာသာစကား စကားပုံ

| သင်ခန်းစာခေါင်းစဉ် | သွေးစည်းညီညွတ်ခြင်းကို ပြဆိုသော စကားပုံ |
|---|---|
| ရည်ရွယ်ချက် | • စကားပုံ၏ သဘောသဘာဝနှင့်တန်ဖိုးကို သိရှိစေရန်၊ အသုံးချဘာသာစကား၏ သဘောသဘာဝကို နားလည်ကာ လက်တွေ့အသုံးချတတ်စေရန်<br>• စည်းလုံးညီညွတ်မှုရှိမှသာ မိသားစု လူ့အဖွဲ့အစည်း နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်သောကြောင့် စည်းလုံးညီညွတ်မှုသည် အရေးကြီးလှပေရာ စည်းလုံးညီညွတ်ခြင်းကို ပြဆိုသောစကားပုံများ တိုင်းရင်းသား စကားပုံတိုင်း လိုလိုတွင် ထည့်သွင်း ပြောဆိုလေ့ရှိသည်ကို လေ့လာစေရန် နှင့် ထိုသင်ခန်းစာကို လေ့လာခြင်းဖြင့် စကားပုံများ ဖန်တီးပြောဆိုတတ်ပုံအမျိုးမျိုးနှင့် စည်းလုံးညီညွတ် သည့် စိတ်ဓာတ်များပို၍ ကိန်းအောင်းလာစေရန်။ |
| သင်ယူမှုရလဒ် | • စကားပုံ၏ သဘောသဘာဝနှင့်တန်ဖိုးကို သိရှိလာခြင်း၊ အသုံးချဘာသာစကား၏ သဘောသဘာဝကို နားလည်ကာ လက်တွေ့အသုံးချတတ်လာခြင်း၊ မြန်မာ တိုင်းရင်းသားများဖြစ်သည့် ကချင်၊ကရင်၊ကရင်နီ ၊ချင်း၊ မွန်၊မြန်မာ၊ ရခိုင်၊ ရှမ်း တအောင်း၊ ပလောင်၊ အဇီး ညီညွတ်ခြင်းပြ စကားပုံများကိုလေ့လာခြင်းဖြင့် တိုင်းရင်းသား စကားပုံတို့သည် အဖိုးတန်သော လေ့လာစရာ အမြောက်အများ ပါရှိ၍ တိုင်းရင်းသား လူမျိုးတို့၏ အတွေးအခေါ် အယူအဆ ၊ကိုယ်ကျင့်တရား၊ ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု လူမျိုး၏ စရိုက်လက္ခဏာ သွင်ပြင် လောကသဘာဝ ရှုမြင်ပုံ ကို သိရှိလာနိုင်ခြင်း။<br>• လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားပုံကို သုံးလိုက်လျှင် အချိန်တိုတိုနှင့် သိလွယ် မြင်လွယ်နိုင်အောင် ဖန်တီး ပြောဆိုကြမည်ကို ဤစကားပုံများကို လေ့လာခြင်းဖြင့် သိမြင်လာနိုင်ခြင်း<br>• စကားပုံများသည် နေ့စဉ်ထိတွေ့ လုပ်ကိုင် နေကြသော အဖြစ်ပျက်များမှ သာကေကိုဆောင်ကာ တိုက်ရိုက်အနက်အပြင် ကွယ်ဝှက်သော အနက်ရှိသော စကားပုံများ တိုက်ရိုက် အပြင် ကွယ်ဝှက်သော စကားပုံတို့ကိုသိရှိလာနိုင်ခြင်း။ |

| | |
|---|---|
| သင်ယူမှုရလဒ် | • ရေမြေချင်း ဝေးကွာလှသော်လည်း ဓလေ့ထုံးစံ မတူသော်လည်း ယဉ်ကျေးမှု နိုင်ငံရေး စီးပွားရေး အရ ကူးလူးဆက်ဆံရာ မှလည်းကောင်း၊ အခြေခံ အတွေးအခေါ် ဘဝအရှုအမြင် ရည်ရွယ်ချက် အယူအဆ တူသော်ကြောင့် လည်းကောင်း တူညီသော စကားပုံများကို စည်းလုံးညီညွတ်ခြင်းပြ စကားပုံတွင် အများအပြား တွေ့ရာတွင် အခြား တူညီသော စကားပုံများကိုလည်း မိမိကိုယ်တိုင် ရှာဖွေလေ့လာ တွေးတော ချင်စိတ် ပွားများလာစေရန်။<br>• ကာရန်ချိတ် ပြဆိုသော စကားပုံ တို့ကြောင့် ဆိုရရွတ်ရ သည်မှာ ကောင်းမွန်၍ ပို၍ မှတ်မိလွယ်သည်ကို တွေ့ရာတွင် မိမိကိုယ်တိုင် အခြား ကာရန်ငဲ့၍ ချိတ်၍ ဖန်တီးထားသော စကားပုံတို့ကို ဆက်လက် လေ့လာလိုစိတ်ပွားများလာစေရန်။<br>• တိုင်းရင်းသား လူကြီးသူမများ ပညာရှိကြီးများသည် သွေးစည်းညီညွတ်ခြင်းသည် အရေးကြီးလှသောကြောင့် စကားပုံများကို သွန်သင်သမှုပြုခြင်းဖြင့် ထိန်းသိမ်းကြပေသည်ကို အထင်အရှား တွေ့မြင်နိုင်သကဲ့သို့ စကားပုံ အသစ်များကို တီထွင်ခြင်းဖြင့် သားစဉ်မြေးဆက်တိုင် ဆက်လက်ပို့ဆောင်လျက်ရှိသည်ကို သိရှိသောကြောင့် မိမိကိုယ်တိုင် မိမိ အတွေ့အကြုံမှတစ်ဆင့် စကားပုံ အသစ်များကို ဖန်တီးတတ်လာစေရန်။ |
| သင်ကြားနည်း | • ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ သရုပ်ဆောင် သင်ကြားနည်း၊ ဥပမာပေးဆွေးနွေးနည်း၊ ခြုံယူဆင်ခြင်နည်း။စဉ်းစားတွေးခေါ် တီထွင်ကြံဆနည်း။ စုပေါင်း အဖြေရှာ စဉ်းစားနည်း။ |
| သင်ထောက်ကူပစ္စည်း | • စကားပုံစာသားကို ထုတ်နုတ်ထားသည့် စာကတ်ပြားများ၊ သင်ခန်းစာ အထောက်အကူပြုပုံကားချပ်များ။ သင်ကြားသင်ယူရန် အထောက်အကူပြု စာအုပ်များ။ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် (၁) ချိန်အတွင်း လုပ်ငန်းစဉ် (၂)ခု ပြုလုပ်ရန်။ |
| စာသင်ချိန် | ၄ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်။ |

## စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း။ အမေးအဖြေပြုခြင်း။ခြုံယူဆင်ခြင်နည်း။ ထုတ်ယူဆင်ခြင်နည်း

- စကားပုံကို ယခင်က သင်ကြားခဲ့ဖူးသလား။ သင်ခဲ့ဖူးရာမှာ တိုင်းရင်းသားစကားပုံများကောပါသလား။ ကျောင်းသား ကျောင်းသူတို့၏ မှတ်ဉာဏ်ကို ဦးစွာ ဆန်းစစ်ပါ။
- စကားပုံ ဟူသည်မှာ အဘယ်နည်း။
- စကားပုံ ဆိုတာ စကားပြောတဲ့အခါမှာ ထည့်သွင်း ပြောတတ်ကြသလား။ အသုံးချသည့် ဘာသာစကားဟု မှတ်ယူနိုင်ပါသလား။
- စကားပုံဟူသည်မှာ ဟူ၍ ဦးစွာ နိဒါန်းပျိုးရှင်းလင်းပြောပြပါ။ ( အရှေ့က မေးခဲ့သည့် အဖြေတို့ကိုလည်း ဆရာက ပြန်လည်၍ ဖြေပြပေးပါ။)
- မြန်မာနိုင်ငံတွင် တိုင်းရင်းသား ဘယ်နှစ်မျိုးရှိသနည်း။ တိုင်းရင်းသားအမျိုးအမည်များကို ကျောင်းသားတို့အား မေးမြန်းပါ။ ထို့နောက် လိုအပ်သော တိုင်းရင်းသားတို့ကို ဆရာက ပြောပြပေးရန်။
- တိုင်းရင်းသားမျိုးနွယ်တွင် ကချင်(ဂျိန်းဖော၊ မရူ၊ ရဝမ်၊ လရှီ၊ လီဆူး၊ အဇီး)၊ ကယား ကရင်(စကောကရင်၊ ပိုးကရင်)၊ ချင်း(လူရှေ) မွန် ဗမာ ရခိုင်ရှမ်း(ခနု၊ တောင်ရိုး၊ ပအို့ဝ်၊ တအာန်း၊ အင်းသား) စသည့်တိုင်းရင်းသား စသည်တို့ ဖြစ်ကြောင်း။
- တိုင်းရင်းသား စကားပုံ ဟု ခေါ်ဆိုရခြင်း အကြောင်းကို မိတ်ဆက်ပေးပါ။

လုပ်ငန်းစဉ် ၂

အမေးအဖြေနည်း၊ ဥပမာပေးဆွေးနွေးနည်း

- တိုင်းရင်းသား လူမျိုးများအကြောင်း ဆွေးနွေးခြင်း။ နိုင်ငံတစ်နိုင်ငံတွင် တိုင်းရင်းသား လူမျိုးများ အေးအတူပူအမျှ ရှေးကတည်းက နေထိုင်လျက်ရှိပုံ။
- မြန်မာနိုင်ငံတွင် တိုင်းရင်းသား ဘယ်နှစ်မျိုးရှိသနည်း။ တိုင်းရင်းသားအမျိုးအမည်များကို ကျောင်းသားတို့အား မေးမြန်းပါ။ ထို့နောက် လိုအပ်သော ကျန်ရှိနေပါက တိုင်းရင်းသားမျိုးနွယ်တို့ကို ဆရာက ပြောပြပေး ရန်။
- ဥပမာ – တိုင်းရင်းသားမျိုးနွယ်တွင် (ဂျိန်းဖော၊ ဇိုင်းဝါး၊ မရူ၊ လေရှီး၊ ရဝမ်၊ လီဆူ၊ အဇီး ) စသည်တို့ ဖြစ်ကြောင်း
- တိုင်းရင်းသား စကားပုံ ဟု ခေါ်ဆိုရခြင်း အကြောင်းကို မိတ်ဆက်ပေးပါ။
- တိုင်းရင်းသား စည်းလုံးညီညွတ်ခြင်းသည် အရေးကြီးပုံ ရှင်းလင်းခြင်း။ အမေးအဖြေပြုခြင်း။
- စည်းလုံးခြင်း၏ ရလဒ်။ စည်းလုံးညီညွတ်မှု မရှိခြင်း၏ ဆိုးကျိုးများကိုရှင်းလင်းခြင်း။ အမေးအဖြေပြုခြင်း။

စစ်ဆေးအကဲဖြတ်ခြင်း

(၁) စကားပုံကို ထည့်သွင်း ပြောဆိုပါက စကားပြောဆိုရာတွင် ပိုမိုထိရောက်စေသည် ဟူသော အဆိုကို သင်ထောက်ခံပါသလား။ အုပ်စု ၃စုဖွဲ့၍ တိုင်ပင်ကာ စကားပြောရာတွင် စကားပုံ တစ်ခုစီ ထည့်သွင်း ပြောပုံ နှင့် မပြောပုံ ထွက်ရှိလာသော အနက်အဓိပ္ပါယ် အကျိုး သက်ရောက်မှု ကွာပုံကို ဆွေးနွေးပြပါ။

သာဓက – စောစောစီးစီးအချိန်ကတည်းက လုပ်သင့်တာ အရင်လုပ်ပါ။

စောစောစီးစီးအချိန်ကတည်းက “ ရေမတိုးမီ တံတားဆောက် သလို လုပ်သင့်တာ အရင်လုပ်ပါ။

“မိုးလွန်မှ ထွန်ချ”လို့မရပါ။

(၂) တိုင်းရင်းသား စကားပုံတို့တွင် ယခင်သင် သိရှိခဲ့သည့် စကားပုံတို့ကို ဖော်ပြပါ။
(၃) မြန်မာနိုင်ငံတွင် တိုင်းရင်းသားများအနက် ကချင်၊ ကရင်၊ ချင်း၊ ရှမ်း တို့၏ မျိုးနွယ်စု တို့ကို ဖော်ပြပါ။
(၄) တိုင်းရင်းသား စည်းလုံးညီညွတ်ခြင်းသည် အရေးကြီး မကြီး သင့်အမြင်နှင့်တကွတင်ပြပါ။
(၅) စည်းလုံးခြင်း၏ ရလဒ်။ စည်းလုံးညီညွတ်မှု မရှိခြင်း၏ ဆိုးကျိုးများကို ဆွေးနွေးပါ။ (မိမိ၏ဘဝ အတွေ့အကြုံတို့ကိုလည်း ထည့်သွင်း ဖြေကြားနိုင်သည်။)

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း။ အမေးအဖြေပြုခြင်း။ခြုံယူဆင်ခြင်နည်း။ ထုတ်ယူဆင်ခြင်နည်း

- ညီညွတ်ခြင်းပြ စကားပုံကို လေ့လာရာတွင် တွေ့ရှိရမည့် အကြောင်းအချက်များ
- တိုင်းရင်းသား စကားပုံတို့သည် အဖိုးတန်သော လေ့လာစရာ အမြောက်အများ ပါရှိပုံ။
- တိုင်းရင်းသား လူမျိုးတို့၏ အတွေးအခေါ် အယူအဆ ၊ကိုယ်ကျင့်တရား၊ ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု လူမျိုး၏ စရိုက်လက္ခဏာ သွင်ပြင် လောကသဘာဝ ရှုမြင်ပုံ ကိုပါတွေ့နိုင်ကြောင်း ရှင်းပြရန်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားပုံကို သုံးလိုက်လျှင် အချိန်တိုတိုနှင့် သိလွယ် မြင်လွယ်နိုင်အောင် ဖန်တီး ပြောဆိုကြမည်ကို ဤစကားပုံများကို လေ့လာခြင်းဖြင့် သိမြင်နိုင်ပုံ။
- စကားပုံများသည် နေ့စဉ်ထိတွေ့ လုပ်ကိုင် နေကြသော အဖြစ်ပျက်များမှ သာဓကကိုဆောင်ကာ တိုက်ရိုက် အနက်အပြင် ကွယ်ဝှက်သော အနက်ရှိသော စကားပုံများ တိုက်ရိုက် အပြင် ကွယ်ဝှက်သော စကားပုံတို့ကို လည်း တွေ့နိုင်ပုံ။ ရေမြေချင်း ဝေးကွာလှသော်လည်း ဓလေ့ထုံးစံ မတူသော်လည်း ယဉ်ကျေးမှု နိုင်ငံရေး စီးပွားရေး အရ ကူးလူးဆက်ဆံရာမှလည်းကောင်း၊ အခြေခံ အတွေးအခေါ် ဘဝအရှုအမြင် ရည်ရွယ်ချက် အယူအဆ တူသော်ကြောင့် လည်းကောင်း တူညီသော စကားပုံများကို စည်းလုံးညီညွတ်ခြင်းပြ စကားပုံ တွင် အများ အပြား တွေ့နိုင်ပုံ။
- ကာရန်ချိတ် ပြဆိုသော စကားပုံ တို့ကြောင့် ဆိုရရွတ်ရ သည်မှာ ကောင်းမွန်၍ ပို၍ မှတ်မိလွယ်သည်ကို တွေ့နိုင်ပုံတို့ကိုရှင်းပြရန်။
- လူမျိုးတို့၏ ယုံကြည်မှုသဘောသည် စကားပုံတို့တွင် တွေ့မြင်နိုင်ကြောင်း အဖြစ် ကရင်နီတိုင်းရင်းသား စကားပုံတွင် “လူကွဲလျှင် စုန်းဖြစ်မည်” ဟူသော စကားပုံကို ရှင်းပြရန်။

လုပ်ငန်းစဉ် ၂

အမေးအဖြေနည်း၊ ဥပမာပေးဆွေးနွေးနည်း။ ရှင်းပြနည်း။

- ရေမြေချင်း ဝေးကွာလှသော်လည်း ဓလေ့ထုံးစံ မတူသော်လည်း ယဉ်ကျေးမှု နိုင်ငံရေး စီးပွားရေး အရ ကူးလူးဆက်ဆံရာမှလည်းကောင်း၊ အခြေခံ အတွေးအခေါ် ဘဝအရှုအမြင် ရည်ရွယ်ချက် အယူအဆ တူသော်ကြောင့် လည်းကောင်း တူညီသော စကားပုံများကို စည်းလုံးညီညွတ်ခြင်းပြ စကားပုံတွင် အများ အပြား တွေ့နိုင်ပုံ။ ကာရန်ချိတ် ပြဆိုသော စကားပုံ တို့ကြောင့် ဆိုရရွတ်ရ သည်မှာ ကောင်းမွန်၍ ပို၍ မှတ်မိလွယ်သည်ကို တွေ့နိုင်ပုံတို့ကိုရှင်းပြရန်။ စကားပုံတို့မှာ ကွယ်ဝှက်ထားသော အနက် တင်စား အနက် လည်း တူ၍ သက်ရောက်အနက်လည်းတူသော စကားပုံများဖြစ်ပုံကို ရှင်းပြရန်။

ဥပမာအနေဖြင့်

- "နွားနောက်ကွဲ ကျားပါးစပ်ရောက်"( ချင်း) "နွားကွဲ ကျားကိုက်၊ နွားကွဲ ကျားဆွဲ"( မြန်မာ) "နွားကွဲ ကျား ကိုက် လူကွဲ အထိနာ"(မွန်) "နွားကွဲကေ ကျားဆွဲမေ"(ရခိုင်) "နွားကွဲလျှင် အမဲသားဖြစ်မည်" (ရှမ်း) စကားပုံတို့ကို ရှင်းပြရန်။
- ထို့နောက် စကားပုံ၏ ဆိုလိုရင်း နှင့် အကျိုးသက်ရောက်ပုံကို တပည့်တို့အား ဆရာကဦးစွာ မပြောဘဲ ဆရာက ရှင်းလင်းချက်ကိုသာ ပြောရန်။ တပည့်တို့က ဆိုလိုရင်းနှင့် အကျိုးသက်ရောက်ပုံကို စဉ်းစားပြော ခိုင်းပြီးမှ ဆရာက ပြောပေးပါရန်။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ ရေမြေချင်း ဝေးကွာလှသော်လည်း ဓလေ့ထုံးစံ မတူသော်လည်း ယဉ်ကျေးမှု နိုင်ငံရေး စီးပွားရေး အရ ကူးလူးဆက်ဆံရာမှလည်းကောင်း၊ အခြေခံ အတွေးအခေါ် ဘဝအရှုအမြင် ရည်ရွယ်ချက် အယူအဆ တူသော်ကြောင့် လည်းကောင်း  တူညီသော စကားပုံများထဲမှ ညီညွတ်ခြင်းပြ စကားပုံအပြင် အခြား စကားပုံများ ၃ ခုခန့် ကို ဖော်ပြပါ။

၂။ ကာရန်ချိတ် ပြဆိုသော စကားပုံ တို့ကြောင့် ဆိုရရွတ်ရ သည်မှာ ကောင်းမွန်၍ ပို၍ မှတ်မိလွယ်ပါသလား။ ညီညွတ်ခြင်း ပြစကားပုံတို့မှ သာဓကပြ ချိတ်ဆက်ပြပါ။ ယခင်မိမိသိရှိခဲ့သော စကားပုံတို့ကို အဖွဲ့အုပ်စုခွဲကာ မေးမြန်းပါ။ အမှတ်အများဆုံး ရရှိသေ အဖွဲ့ကို ချီးမွမ်းခြင်း၊ ဆုပေးခြင်း လုပ်ပေးပါရန်။

၃။ စကားပုံတို့တွင် ရေမြေနှင့် ဓလေ့ထုံးစံတို့ ဝေးကွာသော်လည်း ကွယ်ဝှက်ထားသော အနက် တင်စား အနက် လည်း တူ၍ သက်ရောက်အနက်လည်းတူသော စကားပုံများရှိလာရသည်မှာ အဘယ့်ကြောင့် နည်း။ သင်၏ ထင်မြင်ချက်ကို ဖော်ပြပါ။

## စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

အမေးအဖြေနည်း၊ ဥပမာပေးဆွေးနွေးနည်း

- မိမိပတ်ဝန်းကျင် ဒေသတွင် ရှိသော အရာဝတ္ထုနှင့် အသုံးအဆောင်ပစ္စည်းများကို စကားပုံများကညွှန်းဆို လေ့ရှိပုံ
- ကချင်ဒေသ ကရင်ဒေသ ပေါက်ရောက်လေ့ရှိသော သစ်ပင်ကို ပုံဆောင်ခြင်း
- (ကချင် – မရူ)  "ဝါးမကွဲဘဲနှင့် ရေမဝင်၊ ဝါးကွဲမှသာ ရေဝင်သည်"။
- (ကရင်)  ဝါးများလျှင်မြစ်ကူးနိုင်၏။လူများလျှင် အလုပ်ပြီးနိုင်၏။
- (ကချင်) သံမီးညှပ်နှင့်ကိုင်လျှင် မပူ မပြုတ်နိုင်၊ အများလက်နှင့် ကိုင်လျှင် မညွတ်နိုင်၊ စုပေါင်းဝိုင်းလုပ်လျှင် အမြန်အောင်မြင်ပြီးစီးနိုင်။
- (ရှမ်း) အချောင်းတစ်ရာရှိသောမြား လူအများ မချိုးနိုင်
- စကားပုံတို့သည်လည်း မိမိပတ်ဝန်းကျင် ဒေသတွင် ပေါက်ရောက်လေ့ရှိသော သစ်ပင်ကို ပုံဆောင်ခြင်း လူအများ ထင်လွယ် မြင်လွယ် အသိလွယ်သော  သံမီးညှပ်၊မြား အသုံးအဆောင်နှင့်တင်ပြထားခြင်း လောက၏ သဘောနှင့် ထင်ဟပ်ကာ ပြဆိုထားခြင်းတို့ကြောင့် လူအများ စုပေါင်းလုပ်လျှင် အလုပ်ပြီးနိုင် သော ပုံဆောင်မှုမှာ ပို၍ ပေါ်လွင်ပုံရှင်းပြရန်။

- ကာလ၊ ဒေသ၊ အခြေအနေ အချိန်အခါအပေါ် ဖြစ်တည်လာသည့် စကားပုံအဖြစ်အရေးကြီး သွေးနီးရာ (မြန်မာ) စကားပုံသည် လူတို့၏ အရေးကိစ္စ တစ်စုံတစ်ရာ ကြုံလာပါက အချင်းချင်း ပေါင်းစည်း ရိုင်းပင်း သွားတတ်သည့်သဘော သဘာဝကို စံပြုကာ ဆက်လက်စောင့်ထိန်းသွားကြရန် တိုက်တွန်းထားသည့် စကားပုံဖြစ်ကြောင်း ရှင်းလင်းရန်။

လုပ်ငန်းစဉ် ၂

အမေးအဖြေနည်း၊ ဥပမာပေးဆွေးနွေးနည်း

- စည်းလုံးညီညွတ်ရေးအတွက် မည်သို့ စိတ်သဘောမည်သို့ထားသင့်မသင့် မည်သို့ ပြုမူသင့်မသင့် ရှေးဦးစွာ မေးမြန်းရန်။
- (ကရင်) တိုင်းရင်းသား စကားပုံတွင် ညီအစ်ကိုမောင်နှမအချင်းချင်း မိခင် ဖခင်လို သဘောထား အမေ အဖေကို နတ်သိကြားလိုရိုသေဟူသောစကားပုံ
- (ဂျိန်းဖော)တိုင်းရင်းသား စကားပုံတွင်ညီအစ်ကိုများကို စွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ၊ ဖက်နွှမ်းခြောက် များကို စွန့်ပစ်ရန်သာ ချောက်ကမ်းပါးရှိသည်။
- (ဓနုတောင်ရိုး) တိုင်းရင်းသား စကားပုံတွင် ယာနားနီးချင်း ဆွေမျိုးရင်း
- စသည့် စကားပုံတို့တွင် မိသားစုမှသည် မိမိပတ်ဝန်းကျင်ကို မေတ္တာတရား အခြေခံထားခြင်းဖြင့် စည်းလုံး ညီညွတ်စေပုံ လူမျိုးတို့၏ တန်ဖိုးထားမှု ယုံကြည်မှု တို့သည် စကားပုံတွင် ထင်ဟပ်နေပုံကို ရှင်းလင်းရန်။
- (ကချင် ဂျိန်းဖောတို့၏ ဖသားစနစ်ကိုရှင်းလင်းရန်)

စစ်ဆေးအကဲဖြတ်ခြင်း

- မိမိပတ်ဝန်းကျင် ဒေသတွင် ရှိသော အရာဝတ္ထုနှင့် အသုံးအဆောင်ပစ္စည်းများကို တိုင်းရင်းသား စကားပုံ များကညွှန်းဆိုလေ့ရှိပုံကို သာဓကများနှင့် တင်ပြပါ။
- စည်းလုံးညီညွတ်ရေးအတွက် မည်သို့ စိတ်သဘောမည်သို့ထားသင့်မသင့် မည်သို့ ပြုမူသင့်ပုံကို တိုင်းရင်းသား စကားပုံများကို ဥပမာပေးကာ ရှင်းလင်းဖြေဆိုပါ။
- (ဂျိန်းဖော)တိုင်းရင်းသား စကားပုံတွင်ညီအစ်ကိုများကို စွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ၊ ဖက်နွှမ်းခြောက် များကို စွန့်ပစ်ရန်သာ ချောက်ကမ်းပါးရှိသည်ဟူသော စကားပုံသည် မည်သည့် စနစ်မှ ပေါက်ဖွားလာ သော စကားပုံဖြစ်သနည်း ဆန်းစစ်တင်ပြပါ။

စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

အမေးအဖြေနည်း၊ ဥပမာပေးဆွေးနွေးနည်း

- စည်းလုံးညီညွတ်ရေး၏ အခြေခံမှာ မေတ္တာပင်ဖြစ်ကြောင်းအဆိုကိုထောက်ခံပါသလား။
- မေတ္တာ၏သဘောကို ရှင်းပြရန်။
- (ချင်း )မေတ္တာဖြင့် အရင်းတည်လျှင် မေတ္တာ တုံ့ပြန်တတ်၍ ရန်ဖြင့် အရင်းတည်လျှင် ရန်တုံ့ပြန် တတ်သည် ဟူသော စကားပုံသည် အထင်အရှား ဖြစ်ကြောင်း အခြား ဆိုရိုးများနှင့် နှိုင်းယှဉ် ရှင်းပြရန်။
- စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေထိုင်လိုပါက မိမိလိုချင်ရာကို မေတ္တာဖြင့်အရင်းတည်လျှင် အလားတူ မေတ္တာတုံ့ပြန်ခံရပေမည်။ ရန်ဖြင့် အရင်းတည်လျှင်လည်း ပြန်လည်၍ ရန်တုံ့ပြန်ခံရတတ်ပေသည်ကို ရှင်း ပြရန်။

- တအာင်း(ပလောင်) တိုင်းရင်းသား စကားပုံတွင် "ကျီးလိုဝိုင်းကူညီပြီး ကြက်သွန်ဖြူဥလို စုစည်းပါ။"
- မိမိပတ်ဝန်းကျင်နှင့်နီးနွယ်သော နေ့စဉ်သုံး ရသော မြင်တွေ့ရသော ကျီးနှင့် ကြက်သွန်ဖြူနှင့်တင်စား ထားစကားပုံဖြစ်)
- မိမိတို့ အချင်းချင်းဝိုင်းဝန်းကူညီပြီး စုစုစည်းစည်း နေထိုင်ကြရန် ဆိုလိုခြင်း ကို မိမိတို့ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုနှင့် ဥပမာပေးကာ ဆိုလိုရင်း ပေါ်လွင်သော စကားပုံဖြစ်ကြောင်း ရှင်းလင်းရန်။
- စုစည်းမှုရှိသော ကျီးနှင့် ကြက်သွန်ဖြူဥကဲ့သို့ အခြား အရာဝတ္ထု သက်ရှိ သက်မဲ့တို့ဖြင့် တင်စားကာ စကားပုံကို ဖန်တီးပြပါ။

လုပ်ငန်းစဉ် ၂

အမေးအဖြေနည်း၊ ဥပမာပေးဆွေးနွေးနည်း။ ကတ်စနစ် အသုံးပြုခြင်း။

- သင်ကြားခဲ့သည့် စကားပုံများမှမည်သည့် ခံဘယူချက် အတွေးအမြင်ရရှိပုံကို အုပ်စု သုံးစု ခွဲကာ ၁၀ မိနစ် အချိန်ပေးကာ တစ်ဖွဲ့လျှင် ၅မိနစ်ခန့် ဆွေးနွေးစေရန်။
- ကတ်ပြားများတွင် စကားပုံများ၏ အမည်များကို ရေးသားစေကာ တိုင်းရင်းသား လူမျိုးတို့၏ အတွေးအခေါ် ၊အယူအဆပါသော စကားပုံကို ဆရာမက ပြောပါဆိုလျှင် ကတ်ပြားထောင်ပြရန်။
- တိုင်းရင်းသားလူမျိုးတို့၏ ကိုးကွယ် ယုံကြည်မှု ဓလေ့ပါသော ဆရာမက ပြောပါဆိုလျှင် ကတ်ပြားထောင် ပြရန်။
- တိုင်းရင်းသား လူမျိုးတို့၏ ဓလေ့ထုံးစံစနစ်ကို ပေါ်လွင်သော စကားပုံကို ဆရာမက ပြောပါဆိုလျှင် ကတ်ပြားထောင်ပြရန်။
- ကာရန်ကို ငဲ့ကာ ကာရန်ချိတ်ထားသော စကားပုံတို့ကို ဆရာမက ပြောပါဆိုလျှင် ကတ်ပြားထောင်ပြရန်။
- ရေမြေချင်း ဝေးကွာလှသော်လည်း ဓလေ့ထုံးစံ မတူသော်လည်း ယဉ်ကျေးမှု နိုင်ငံရေး စီးပွားရေး အရ ကူးလူးဆက်ဆံရာမှလည်းကောင်း၊ အခြေခံ အတွေးအခေါ် ဘဝအရှုအမြင် ရည်ရွယ်ချက် အယူအဆ တူ သော်ကြောင့် လည်းကောင်း တူညီသော စကားပုံများကို ဆရာမက ပြောပါဆိုလျှင် ကတ်ပြားထောင်ပြ ရန်။
- တိုင်းရင်းသား လူကြီးသူမများ ပညာရှိကြီးများသည် သွေးစည်းညီညွတ်ခြင်းသည် အရေးကြီးလှ သောကြောင့် စကားပုံများကို သွန်သင်သမှုပြုခြင်းဖြင့် ထိန်းသိမ်းကြပေသည် ဟူသော အဆိုကို သင် လက်ခံပါသလား။
- နေ့စဉ်ထိတွေ့ လုပ်ကိုင် နေကြသော အဖြစ်ပျက်များမှ သာဓကကိုဆောင်ကာ တိုက်ရိုက်အနက်အပြင် ကွယ်ဝှက်သော အနက်ရှိသော စကားပုံများ ပါသော စကားပုံကို ဆရာမက ပြောပါဆိုလျှင် ကတ်ပြား ထောင်ပြရန်။

စစ်ဆေးအကဲဖြတ်ခြင်း

- ၁။စည်းလုံးညီညွတ်ရေး၏ အခြေခံမှာ မေတ္တာပင်ဖြစ်ကြောင်းစကားပုံသည် မည်သည့် စကားပုံဖြစ် သနည်း။
- ၂။ မိမိပတ်ဝန်းကျင်နှင့်နီးနွယ်သော မြင်တွေ့ရသော ဥပမာဖြင့် တင်စားထားသည့် တအောင်း (ပလောင်) စကားပုံကို ဖော်ပြပါ။ မိမိသိရှိခဲ့သော စကားပုံ များထဲမှ တစ်ခုကို သာဓကပြပါ။ (အိုးကမပူ စလောင်းကပူ – ကာယကံရှင်က မပူမဆိုင်သူကပူခြင်း)

၃။ စည်းလုံးညီညွတ်ခြင်းကို ပြဆိုသော အရာဝတ္ထု သက်ရှိ သက်မဲ့ တို့ဖြင့် တင်စားကာ စကားပုံ ၂ခုကို ဖန်တီးပြပါ။

NUG MOE

G12 မြန်မာစာ
ဆရာကိုင်ပြုစုခြင်း၊ အပိုင်း(၂)အရွတ်အဖတ်သင်ခန်းစာ

| G12 မြန်မာစာ သင်ခန်းစာ | Competency |
|---|---|
| အပိုင်း (၂) အရွတ်အဖတ်သင်ခန်းစာ | (၁) ရသစာပေ၏အလှ၊ ရသစာပေ၏တန်ဖိုးကို ကြည့် တတ်၊ မြင်တတ်၊ ခံစား တတ်ခြင်း<br>(၂) ခေတ်အသီးသီး၌ ပေါ်ထွန်းခဲ့သော ကဗျာပုံစံ အမျိုးအမျိုး၏ အသံနှင့် အနက်ကို ခံစား တတ်ခြင်း<br>(၃) ရသစာပေလောကနှင့် ပြင်ပလောက ဆက်စပ်ရှုမြင် ဝေဖန် သုံးသပ်တတ်ခြင်း |

အပိုင်း(၂)အရွတ်အဖတ်သင်ခန်းစာ

| စဉ် | အကြောင်းအရာ | သင်ယူမှုရလာဒ် | သင်ကြားနည်းစနစ် |
|---|---|---|---|
| ၁။ | ပညာရဲရင့်ပွဲလယ်တင့် | • ပျို့ ကဗျာ ကို အဖြတ် အရပ် မှန်ကန်စွာရွတ်ဆိုတတ်လာခြင်း<br>• ပျို့ကဗျာ၏သဘောကိုသိမြင်လာခြင်း<br>• ပညာ၏ရှိများ၏ဂုဏ်နှင့်တန်ဖိုးကို သိရှိနား<br>• လည် လာ ပြီး ပညာ ကို ကြိုး စား သင်ယူချင်စိတ်ရှိလာခြင်း | • ဟောပြောဆွေးနွေးခြင်း နည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ခြုံယူဆင်ခြင်နည်း၊ဆွေးနွေး မေးမြန်းနည်း |
| ၂။ | ပန်းပန်လျက်ပဲ | • ကဗျာကိုမှန်ကန်ကျနစွာဖတ်တတ်လာခြင်းအချိုးတွဲကဗျာ၏သဘော၊ ဇာတ်လမ်းကဗျာ၏သဘောကို နားလည်လာခြင်း၊ အချိုးကဗျာများမှကာရန်ယူပုံကိုသိရှိလာခြင်း၊<br>• ကဗျာကပေးသောဘဝ အသိအမြင်များကိုရှာဖွေတတ်လာခြင်း၊လက်တွေ့ဘဝတွင် ပြန်လည်အသုံးချတတ်လာခြင်း | • ဟောပြောဆွေးနွေးခြင်း နည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ခြုံယူဆင်ခြင်နည်း၊ဆွေးနွေး မေးမြန်းနည်း |

NUG MOE

၁။ပညာရဲရင့်ပွဲလယ်တင့်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ပညာရဲရင့်ပွဲလယ်တင့် ပျို့ကဗျာ ရှင်မဟာရဋ္ဌသာရ |
| ရည်ရွယ်ချက် | ၁။ ပျို့ကဗျာ၏သဘောကိုသိရှိလာခြင်း<br>၂။ ပညာ၏ဂုဏ်အရည်အသွေးကိုသိရှိလာခြင်းသိရှိလာခြင်း<br>၃။ပညာတတ်ခြင်းဖြင့်အရွယ်သုံးပါးလုံးအကျိုးများနိုင်ပုံကိုဆင်ခြင်မိစေခြင်း<br>၄။ငယ်စဉ်အခါမှစ၍ပညာကိုကြိုးစားသင်ယူသင့်ကြောင်းသိရှိလာစေခြင်း<br>၅။အင်းဝခေတ်စကားအသုံးအနှုန်းများကိုလေ့လာသိရှိလာစေခြင်း<br>၆။ စာဆို၏စေတနာနှင့်စာကပေးသောဘဝအသိအမြင်များကိုထုတ်နုတ်ဆင်ခြင်တတ်လာခြင်း |
| သင်ကြားနည်းစနစ် | ၁။ဟောပြောဆွေးနွေးနည်း<br>၂။ဖွင့်ဆိုရှင်းပြနည်း<br>၃။ခြုံယူဆင်ခြင်နည်း<br>၄။ဆွေးနွေးမေးမြန်းနည်း |
| သင်ယူမှုရလဒ် | စာသင်ခန်းထဲတွင်အောက်ပါအစီအစဉ်အတိုင်းလက်တွေ့သင်ကြားရန်<br>(က)နိဒါန်းပျိုးခြင်း<br>• မြန်မာစာပေခေတ်များအကြောင်းအကျဉ်းမျှပြောကာ အင်းဝခေတ်စာပေ၊ အင်းဝခေတ်စာဆို၊ များမှတစ်ဆင့်ပျို့ကဗျာအကြောင်း<br>(ခ) ပျို့စာဆိုရှင်မဟာရဋ္ဌသာရ၏ဘဝနှင့်စာပေအကျဉ်းမျှရှင်းပြခြင်း<br>(ဂ) ရှေးကဗျာဖြစ်၍ကဗျာအကြောင်းအရာကိုဖွင့်ဆိုရှင်းပြခြင်းနည်းသုံး၍ရှင်းပြခြင်း<br>(ဃ)ကဗျာအရေးအသားပိုင်းသင်ကြားခြင်း<br>(င) ကဗျာပါ စကားအသုံးအနှုန်း၊ ဂုဏ်၊ အလင်္ကာများနှင့်ဘဝအသိအမြင်များကိုဆရာနှင့်တပည့်အပြန်အလှန်မေးမြန်းဆွေးနွေးဖော်ထုတ်ခြင်း<br>(စ) ဖတ်စာအုပ်ပါမေးခွန်းများကိုကျောင်းသားကျောင်းသူများကိုယ်တိုင် မိမိအတွေးအခေါ်အသိအမြင်ဖြင့်သုံးသပ်ဖြေဆိုစေခြင်း |
| စာသင်ချိန် | (၄)ချိန် တစ်ချိန် (၄၅)မိနစ် |

စာသင်ချိန်(၁)

- စာစမသင်မီကျောင်းသားကျောင်းသူများကိုစာပေခေတ်များအကြောင်းအကျဉ်းဖြင့်နိဒါန်းပျိုးရန်
- သာဓက မြန်မာစာပေဘယ်ခေတ်ကစတင်လာသလဲလို့မေးပြီး အစပြုသင့်
- (ပု၊ ပင်း၊ အင်း ၊တောင်၊ ညောင်ရမ်း နောင် ကုန်းဘောင် နှစ်ခေတ်ခွဲ ဟုအတိုမှတ်နည်းကိုပြောပြသင့်)
- အင်းဝခေတ်စာပေထွန်းကားပုံပျို့စာပေအထွန်းကားဆုံးဖြစ်၍ပျို့ခေတ်ဟုပင်ခေါ်နိုင်ကြောင်း
- ပျို့ စာပေရေးဖွဲ့သူအများစုမှာရဟန်းစာဆိုများဖြစ်ကြောင်း ၊
- ပေလေးပင်ရှင်လေးပါးပေါ်ထွန်းလာကြောင်းဆက်စပ်ရှင်းပြပြီး ကျောင်းသုံးစာအုပ်ပါစာဆို
- ရှင်မဟာရဋ္ဌသာရအကြောင်းပြောရန်
- စာဆိုရေးဖွဲ့ခဲ့သောစာပေများကိုပြောပြီးပျို့ကဗျာအကြောင်းပြောရန်
- ပျို့သဘောသဘာဝကိုရှင်းပြရန်
- ပျို့အဓိပ္ပာယ်
- ဖွဲ့စပ်ပုံ
- စာဆိုရှင်မဟာရဋ္ဌသာရ၏ထင်ရှားသောပျို့များတွင် ကိုးခန်းပျို့လည်းပါဝင်ကြောင်း
- ဘုရားဟောငါးရာငါးဆယ်နိပါတ်တော်လာဟတ္ထိပါလဇာတ်တော်ကိုပျို့ပုံစံဖြင့်ရေးဖွဲ့ထားကြောင်း
- အမည်သုံးမျိုးဖြင့်ထင်ရှား(ဟတ္ထိပါလပျို့၊ ကိုးခန်းပျို့၊ စတုဓမ္မသာရပျို့)ကြောင်းပြောရန်
- ပညာရဲရင့်ပွဲလယ်တင့်ကဗျာမှာကိုးခန်းပျို့မှထုတ်နုတ်ထားကြောင်းရှင်းပြရန်
- အချိန်ရှိသေးလျင် ကျောင်းသူကျောင်းသားများအားလုံးကဗျာကိုညီညီညာညာရွတ်ဖတ်စေရန်

စာသင်ချိန်(၂)

- ကဗျာအကြောင်းအရာပိုင်းစသင်ရန်
- ဗျာကိုဆရာ ဆရာမကိုယ်တိုင်ဖြစ်စေ ကျောင်းသူကျောင်းသား တစ်ဦးချင်းဖြစ်စေ အားလုံးကိုဖြစ်စေ တစ်ပိုဒ်ချင်းဖတ်စေ၍ အနက်ဖွင့်ရှင်းပြရန်
- ရေးကဗျာဖြစ်၍ ကျောင်းသုံးစာအုပ်ပါခက်ဆစ်အဖွင့်ကိုကြိုတင်လေ့လာပြီးဆီလျော်အောင်ရှင်းပြရန်
- ငယ်စဉ်အခါပညာကိုကြိုးစားသင်ယူခြင်းဖြင့်အရွယ်သုံးပါးအကျိုးများပုံ
- ပထမအရွယ်တွင်ရရှိမည့်အကျိုးများ
- “ပထမအရွယ် အငယ်သော်က..................ပညာရဲရင့်ပွဲလယ်တင့်လိမ့်”
- (ပရိသတ်အလယ်တွင်ရဲရဲရင့်ရင့်တင့်တင့်တယ်တယ်နေနိုင်)
- “ဆိုသင့်ဆိုထိုက်............................သိန္ဓောနှင်သို့”
- (စကားပြောဆိုရာတွင်ကျစ်လျစ်ထိမိအစီအစဉ်တကျပြောတတ်၍လူအများနှစ်သက်)
- “ရကျင်ပုံထုံး.............................နာဘွယ်များ၏”
- (ရှေ့နောက်ဆီလျော်ညီညွတ်မှုရှိပြေပြေပြစ်ပြစ်ပြောရှိ ၍သာယာနာပျော်ဖွယ်ကောင်း)
- “ရည်သွားယုတ်စိမ့်........................ဂုဏ်ရောင်မြူးအံ့”
- (မိမိဂုဏ်အရည်အသွေးကိုနိမ့်ကျသွားအောင်မည်သူမျှမပြုလုပ်နိုင်)
- “အထူးပြင်လျာ............................ချီးမွမ်းမြှောက်စားသူသနား၏”
- (ရုပ်အဆင်းမလှစေကာမူပညာရည်အချင်းကြောင့်လူအများကတန်ဖိုးထားကာနှစ်လိုစွာဆက်ဆံခြင်းခံရ)

- "ရုပ်အားလျော့က်ပတ်.......................ချီးမြှင့်လက်ဝါးဦးထိပ်ထား၏"
- (အဆင်းရောအချင်းပါပြည့်စုံပါကအဆင်းလှပြီးအနံ့မွှေးသောပန်းကဲ့သို့ဦးထိပ်ထက်ပန်ဆင်လိုကြမည် နှစ်သက်ကြမည် ပေါင်းဖေါ်လိုကြမည်ကျွမ်းဝင်လိုကြမည်)
- ဒုတိယအရွယ်တွင်ရရှိမည့်အကျိုးများ
- "ခစားမင်းထံ................လုပ်ထလယ်ယာ ဥစ္စာပြုစု"
- (မည်သည့်အလုပ်မျိုးမဆိုလုပ်ကိုင်နိုင်ကြောင်း)
- "သားပုမြေးကင်း................................နှစ်သိမ်းကြွယ်သို့"
- (အိမ်ထောင်ရေး၊ စီးပွားရေး အဆင်ပြေတိုးပွားအောင်စွမ်းဆောင်နိုင်)
- တတိယအရွယ်ရရှိမည့်အကျိုး
- "နည်းသွယ်ပိုက်ထား.......................အိုခါမစိုးမရိမ်တည်း"
- (ပညာရှာချိန်တွင်ပညာသင်၊ ဥစ္စာရှာချိန်တွင်ဥစ္စာစု၊ အရွယ်ရောက်လျင်အိမ်ထောင်ပြု၊
- လူမှုအစဉ်အလာအတိုင်းဆောင်ရွက်ခဲ့လျင် အသက်ကြီးရင့်အိုမင်းသောအခါစိုးရိမ်စရာမလိုတော့)
- ကဗျာအကြောင်းအရာမှ
- စာဆို၏သူ့ခေတ်လူငယ်များအပေါ်ထားရှိသောစေတနာ ၊
- သူ့ခေတ်လူငယ်များကိုပေးလိုသောပညာရေးသိအမြင်
- အင်းဝခေတ်မိဘများ၏ပညာရေးအမြင်နှင့်သဘောထား
- အင်းဝခေတ်မြန်မာတို့၏ပညာသင်ကြားရေးဆိုင်ရာခံယူချက်တို့ကို ထုတ်နုတ်သင်ပြရန်
- ဆရာကဦးဆောင်ဆွေးနွေးပြီးတပည့်များ၏အမြင်ကိုတစ်ဦးချင်းဖြစ်စေအစုအဖွဲ့လိုက်ဖြစ်စေဆွေးနွေး
- ခိုင်းသင့် ၊ ကျောင်းသုံးစာအုပ်ပါအကြောင်းအရာမေးခွန်းများကိုအစုအဖွဲ့အလိုက်ရေးသားဖြေဆိုခိုင်းသင့်

စာသင်ချိန်(၃)

- ကဗျာအရေးအသားပိုင်းသင်ရန်
- စကားအသုံးအနှုန်း
- အင်းဝခေတ်သုံးစကားလုံးများထုတ်နုတ်ပြရန်
- (တိတိမြေပြင်၊ လိပ်လည်း၊ တံသုတ်၊ တကျမ့်၊ ကြွေးဆယ်၊ သားပုမြေးကင်း ၊ နှလုံး)
- ပါဠိအသုံးများ
- (မဏိ၊ ပနသ)

ဆိုရိုးစကားများ

- (ပညာရဲရင့်ပွဲလယ်တင့် –ယနေ့ခေတ်ထိတိုင်သုံး)
- ဂုဏ်၊ အလင်္ကာ
- သြဇဂုဏ်(ကြွက်သေနှင့်သာရင်းစကာလျက်.......လေးလတွင်းဝယ်နှစ်သိမ်းကြွယ် စူဠသေဋ္ဌိဇာတ်တော် အကျယ်ကိုအကျယ်ကိုအကျဉ်းဖွဲ့ပြ)
- မဓုရတာဂုဏ်( ဆိုသင့် ဆိုထိုက် ဆိုလိုက် ဆိုလျော ဆိုပြောဟော)
- ဥပမာအလင်္ကာများ(တောသားရန်အောင်ခြင်္သေ့ယောင်သို့၊ တိမြေပြင်၊သိန္ဓောနှင့်သို့၊
- ညွှန်တွင်စွန့်ပစ်မဏိစစ်သို့၊ရသာချိုမြပနသသို့၊ဆင်းမြတ်နံ့ကျော်ပန်းနှယ်လျော်၊
- ကြွက်သေနှင့်သာရင်းစကာလျက်၊မကြာတင်းလင်းလေးလတွင်းဝယ်နှစ်သိမ်းကြွယ်သို့)

ဝက်ဝုတ္တိအလင်္ကာများ

- နှလုံး (စိတ်)၊ ဂုဏ်ရောင်မြူး(ဂုဏ်အရှိန်အဝါပို၍တက်လာသည်)၊
- ချီးမြှင့်လက်ဝါး ဦးထိပ်ထား(ချီးမြှင့်မြှောက်စားသည်)၊သားပုမြေးကင်း(သားစဉ်မြေးဆက်)
- အလင်္ကာများထုတ်နုတ်ရာတွင် အလင်္ကာသဘောကိုဦးစွာရှင်းပြပြီးကျောင်းသားများကိုယ်တိုင်ရှာဖွေဖော်ထုတ်ခိုင်းရန်

စာသင်ချိန်(၄)

- ကဗျာ အကြောင်းအရာ ၊ အရေး အသားများ သင်ကြားပြီး ဖြစ်၍ ကဗျာ တစ်ပုဒ်လုံး ခြုံယူ ဆင်ခြင်၍ကျောင်းသုံးစာအုပ် ပါမေးခွန်းများဖြေဆိုနိုင်ရန်ကျောင်းသားဗဟိုပြု၍အမေးအဖြေများပြုလုပ်ရန်နှင့်ပြန်လည်သုံးသပ်ခိုင်းရန်
- စာဆိုရှင်မဟာရဋ္ဌသာရ၏ရေးအဖွဲ့စွမ်းရည်
- ပညာရဲရင့်ပွဲလယ်တင့်ကဗျာကပေးသောသင်ခန်းစာ
- ပညာအပေါ်ထားရှိသောကျောင်းသားများ၏ခံယူချက် စသည်တို့ကိုတစ်ဦးချင်းဖြစ်စေ အစုအဖွဲ့အလိုက်ဖြစ်စေ စာသင်ခန်းထဲတွင်ဆွေးနွေးစေခြင်း(သို့မဟုတ်)အချိန်ပေး၍ရေးသားကြစေခြင်းဖြင့်ကျောင်းသားများတွေးခေါ်နိုင်မှု ပြန်လည်သုံးသပ်တင်ပြနိုင်မှုစွမ်းရည်တိုးတက်လာနိုင်ပါသည်။

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် | စစ်ဆေးအကဲဖြတ်မှု |
|---|---|---|---|---|
| ၁။ | တံခွန်တိုင် သိကြားထင့် | ကုန်းဘောင်ခေတ်၊ မင်းတုန်းမင်း လက်ထက်၊ ဆင်းရဲကျပ်တည်းသော တိုင်းသူပြည်သားတို့၏ ဘဝ အခြေအနေကို သိရှိစေခြင်း၊ လူ့ပြည်ကို လျစ်လျူရှုထားသော သိကြားမင်းကို စာဆိုက ဝေဖန် ပြောဆိုမှုကို ခံစား သိမြင်လာ စေခြင်း၊ စာဆို၏ စေတနာ၊ တေးထပ် အရေး အဖွဲ့ စွမ်းရည်တို့ ကို သိရှိစေ နိုင်ခြင်း၊ ခေတ်ကြေးမုံ လူမှု ဘဝ အထွေထွေကို တွေ့မြင် လာစေခြင်း | ဟောပြော ဆွေးနွေး နည်း၊ အမေးအဖြေနည်း ၊ ပူးပေါင်း ပါဝင် သင် ကြားနည်း၊ | အမေးအဖြေနည်းကို သုံး၍ ကျောင်းသား များ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ် ခြင်း၊ ကျောင်းသား များ၏ ဖြေဆိုမှုကို ဆရာက စစ်ဆေး၍ သင်ကြားမှုအောင်မြင် ခြင်း ရှိ၊ မရှိ သုံးသပ် ခြင်း |

အဖတ်အရွတ်သင်ခန်းစာ (ကဗျာ ရွေးချယ်ချက်)

၂။ "တံခွန်တိုင် သိကြားထင့်"

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | တံခွန်တိုင် သိကြားထင့် |
| ရည်ရွယ်ချက် | ကုန်းဘောင်ခေတ်၊ မင်းတုန်းမင်းလက်ထက်၊ ဆင်းရဲကျပ်တည်းသော တိုင်းသူ ပြည်သားတို့၏ ဘဝအခြေအနေကို တင်ပြပြီး၊ လူ့ပြည်ကို လျစ်လျူရှုထားသော သိကြားမင်းကို ဝေဖန် ပြစ်တင်လိုသော သဘော။ |
| သင်ကြားနည်းစနစ် | အမေးအဖြေနည်း၊ ပူးပေါင်း ပါဝင် သင်ကြားနည်း၊ ဟောပြော ဆွေးနွေး နည်း။ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | ကုန်းဘောင်ခေတ်၊ မင်းတုန်းမင်း လက်ထက်၊ ဆင်းရဲ ကျပ်တည်းသေ တိုင်းသူပြည်သား<br>တို့၏ ဘဝအခြေအနေကို သိရှိစေခြင်း၊ လူ့ပြည်ကို လျစ်လျူရှုထား သော သိကြားမင်းကို စာဆိုက ဝေဖန် ပြောဆိုမှုကို ခံစား သိမြင်လာ စေခြင်း၊ စာဆို၏ စေတနာ၊ တေးထပ် အရေးအဖွဲ့ စွမ်းရည်တို့ကို သိရှိ စေနိုင်ခြင်း၊ ခေတ်ကြေးမုံ လူမှုဘဝ အထွေထွေကို တွေ့မြင်လာစေ ခြင်း။ |
| သင်ထောက်ကူပစ္စည်း | စကားလုံး ကတ်ပြားများ၊ ဇယားချပ်များ။ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် (၁) ချိန်တွင် လုပ်ငန်းစဉ် (၂) ခု ပြုလုပ်ရန်။ |
| စာသင်ချိန် | (၄)ချိန် တစ်ချိန် (၄၅)မိနစ် |

စာသင်ချိန် (၁)

လုပ်ငန်းစဉ် (၁)

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ယခု စာသင်ချိန်တွင် "တံခွန်တိုင် သိကြားထင့်" ကဗျာကို ရှင်းပြ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သင်ခန်းစာကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဥဒ္ဓီးစွာ ရှင်းပြပါ။
- ကဗျာကို ကျောင်းသား၊ ကျောင်းသူများ အသံထွက်၍ ဖတ်ပါစေ။

လုပ်ငန်းစဉ်(၂)

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ဆရာက "တံခွန်တိုင် သိကြားထင့်" ကဗျာ၏ ကဗျာ အမျိုးအစားနှင့် ကဗျာ အကြောင်းအရာများ ကို ဖွင့်ဆို ရှင်းပြပါ။
- သင်ခန်းစာ မိတ်ဆက်ခြင်းအတွက် နိဒါန်းပျိုးရာတွင် ဟောပြော ဆွေးနွေးနည်း၊ အမေးအဖြေ နည်းကို အသုံးပြုပါ။
- ကျောင်းသားများကို "တေးထပ်" ကဗျာအမျိုးအစားအကြောင်း သိပါသလား။
- ကုန်းဘောင်ခေတ် အကြောင်း သိပါသလား။ ကုန်းဘောင်ခေတ်တွင် သင်ကြားခဲ့ဖူးသည့် ကဗျာ များ အကြောင်း မေးခွန်းများ မေးပါ။
- ယခု စာသင်ချိန်တွင် ကုန်းဘောင်ခေတ် ကဗျာတစ်ပုဒ်ကို သင်ကြားပေးသွားမှာ ဖြစ်ကြောင်း၊ "တံခွန်တိုင် သိကြားထင့်" ကဗျာကို ရှင်းပြ သင်ကြားပေးမှာ ဖြစ်ကြောင်း၊ ဦးစွာ ကဗျာ နောက်ခံ၊ "တေးထပ်" ကဗျာ အမျိုးအစားအကြောင်း၊ သင်ခန်းစာကို မိတ်ဆက်ပါ။
- ကဗျာ ပေါ်ပေါက်ရာ ခေတ်မှာ ကုန်းဘောင်ခေတ်၊
- ကဗျာ၏ နှစ်သက်ဖွယ်ကောင်းသော ဂုဏ်ရည်မှာ ဆင်းရဲကျပ်တည်းသော တိုင်းသူပြည်သားတို့၏ ဘဝကို လျစ်လျူရှုထားသော သိကြားမင်းကို ဝေဖန် ပြစ်တင်ထားသည့်အကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်ကြောင်း၊

တေးထပ်

- ရှေးတေးရိုးကြီး တေးရိုးငယ်တို့ကို တေးအချိုးများ ထပ်မံ ဖြည့်စွက်၍ ရေးစပ်ထားသော ကဗျာ ဖြစ်သော ကြောင့် "တေးထပ်" ဟုခေါ်သည်။ ရှေးတေးရိုးကြီး တေးရိုးငယ် ဆိုသည်မှာ လေးချိုး အမျိုးအစားမျိုးပင် ဖြစ်သည်။
- ထိုတေးရိုးတို့ကို (၁၈) ပိုဒ်ပြည့်အောင် ဖွဲ့စပ်လာရာမှ "တေးထပ်" ဟူ၍ ဖြစ်ထွန်း ပေါ်ပေါက်လာ သည်။ အဆုံးတွင် "လေး" ဖြင့် ချလေ့ ရှိသည်။

"ကာရန်"

- အက္ခရာ၏ အသံ၊ အသံတူသော စကားလုံးများ
- စကားလုံးတစ်လုံးတွင် ဗျည်းနှင့် သရ နှစ်မျိုး ပါဝင်သည့်အနက် သရသံတူခြင်းကို ဆိုလိုပေသည်။ အသတ် သံလည်း တူနိုင်ပေသည်။

သည်လူ သည်ဘဝ၊ ရှင်မာဃနေနိုင်
ကောဝိဋ္ဌ ကြင်နှန်းမြိုင်မှာ၊
ဝါဂွမ်းဆိုင် မတင်း
သိကြားမင်း ကူမမျှော်တယ်
အယူတော် လွဲရလေခြင်း
ကိုယ်ရေးနှင့် ကိုယ်တာ၊
သွေဖည်ကာ ရှောင်ကွင်း
သည်လောက်တောင် အပျင်းနိုင်လျှင်၊
တံခွန်တိုင် သိကြားထင့်လေး ။ ။

လေ့ကျင့်ခြင်း

- ယခု စာသင်ချိန်အတွက် ပူးပေါင်း ပါဝင် သင်ကြားနည်းကို အသုံးပြုပါ။
- ကျောင်းသားများကို အုပ်စု (၃) စု ဖွဲ့ပါ။
- မိတ်ဆက်ပါအတိုင်း "တေးထပ်" ကဗျာအကြောင်း၊ "ကုန်းဘောင်ခေတ်" စာပေအကြောင်း၊ ကဗျာ ရည်ရွယ်ချက်၊ မည်သည့်ဟန်ဖြင့် ရေးဖွဲ့ထားကြောင်း၊ အုပ်စုလိုက် အပြန်အလှန် အမေးအဖြေ ပြုလုပ်ပါစေ။
- ဇယားချပ်များ ပြုလုပ်၍ ကဗျာ ကာရန်စနစ်များကို ရှာပါစေ။
- အုပ်စု တစ်စု၏ အဖြေကို ကျန်အုပ်စုများက အကဲဖြတ်ပါစေ။
- လိုအပ်လျှင် ဆရာက လမ်းညွှန် ဆွေးနွေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေး အကဲဖြတ်ပါ။
- မိတ်ဆက်တွင်ပါသော စာဆို ဦးပုည၏ အတ္ထုပ္ပတ္တိ အချက်အလက်များကို အုပ်စုလိုက် ပြောပါစေ။
- "တံခွန်တိုင် သိကြားထင့်" ကဗျာ၊ "တေးထပ်" ကို ဘယ်ခေတ်မှာ ရေးသားခဲ့တာလဲ။
- ကျောင်းသားများကို "တေးထပ်" နှင့်ပတ်သက်၍ သိပါသလား။
- "တေးထပ်" ဆိုတာ ဘာလဲ။ "တေးထပ်" ကဗျာအကြောင်းကို ရှင်းပြပါ။
- "ကုန်းဘောင်ခေတ်" က ဘာစာတွေ သင်ခဲ့ဖူးသလဲ ဟူသည့် မေးခွန်းများကို မေးပါ။
- ကျောင်းသားများ၏ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေး၍ သင်ကြားမှု ပေါက်မြောက်ခြင်း ရှိ၊ မရှိ သုံးသပ်ပါ။
- နောက်စာသင်ချိန်တွင် "တံခွန်တိုင် သိကြားထင့်" ကဗျာပါ အကြောင်းအရာကို ရှင်းပြ သင်ကြား မှာ ဖြစ်သည့်အတွက် ခက်ဆစ် အဓိပ္ပါယ်များ ကြိုတင် ဖတ်ထားရန် မှာကြားပါ။

## စာသင်ချိန် (၂)

လုပ်ငန်းစဉ် (၁)

သင်ကြားခြင်း

- ယခု စာသင်ချိန်တွင် "တံခွန်တိုင် သိကြားထင့်" ကဗျာ၏ အကြောင်းအရာကို ရှင်းပြ သင်ကြား မည် ဖြစ်ကြောင်း၊ သင်ခန်းစာကို မိတ်ဆက်ပါ။
- ဆရာက ကဗျာကို အသံနေ အသံထားဖြင့် ရွတ်ဖတ်ပြပါ။
- ပြီးမှ ကျောင်းသားများကို အသံနေ အသံထားဖြင့် ရွတ်ဖတ်ပါစေ။
- ရွတ်ဖတ်ပြီးပါက အပိုဒ်လိုက် ဆွေးနွေးပြပါ။
- သိကြားမင်းနှင့် မြကျောက်ဖျာသည် လူ့ပြည်ကို လျစ်လျူရှုထားပုံ၊
- သိကြားမင်းသည် ကိုယ်ရေး ကိုယ်တာကိစ္စများ ရှုပ်ထွေးနေသောကြောင့် လူ့ပြည်က အရေးကိစ္စ တို့ကို သွေဖည်ကာ လျစ်လျူရှုနေပုံ၊
- သိကြားမင်းကို လူ့ပြည်သို့ တစ်ခါလောက် ဆင်းပြီး လူမှုကိစ္စ အရှုပ်အထွေး အကြပ်အတည်းများကို ဖြေရှင်းပေးရန် ပြောပုံ၊
- သိကြားမင်း ကူညီစောင်မလိမ့်မည်ဟု မမျှော်ရဲတော့ဘဲ ညည်းတွားပုံတို့ကို ချဲ့ထွင် ပြောပြပါ။

လုပ်ငန်းစဉ် (၂)

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- "တံခွန်တိုင် သိကြားထင့်" ကဗျာကို ကျောင်းသားများ အသံနေ အသံထား မှန်မှန်ဖြင့် ရွတ်ဖတ် တတ်ရန် လေ့ကျင့်ပေးပါ။ ထိုသို့ ရွတ်ဖတ်ရာတွင် မှန်မှန် ရွတ်ဆိုရန် လမ်းညွှန်ပါ။
- ကျောင်းသားများကို အုပ်စု (၃) စု ဖွဲ့၍ ပူးပေါင်း ပါဝင် သင်ကြားနည်းဖြင့် လေ့ကျင့်ပါစေ။
- ကဗျာတစ်ပိုဒ်ချင်း၏ ဆိုလိုရင်းကို ရေးသားကြပါစေ။
- အုပ်စုတစ်စုချင်း ကိုယ်စား တစ်ဦးစီကသာ အဖြေကို တင်ပြပါစေ။
- ဆရာက "တံခွန်တိုင် သိကြားထင့်" ကဗျာ၏ အကြောင်းအရာများကို ဖွင့်ဆို ရှင်းပြပါ။
- "တံခွန်တိုင် သိကြားထင့်" ကဗျာ၏ ရည်ရွယ်ချက်ကို သိပါသလား။
- လူ့ပြည်ကို လျစ်လျူရှု၍ နေနိုင်ရက်လွန်းသော သိကြားမင်းကို စာဆိုက အဘယ်ကြောင့် အပြစ် တင်ပါသနည်း။
- သိကြားမင်းက စာဆို ညွှန်းဆိုလောက်အောင် အဘယ်သို့သော အပြစ်များ ကျူးလွန်ထားပါသ နည်း။
- သိကြားမင်း၏ ကိုယ်ရေးကိုယ်တာ ကိစ္စများသည် နတ်မိဖုရားတို့နှင့် ဆိုင်သော ကိစ္စများပေလော။ သုဓမ္မာ နတ်အစည်းအဝေးနှင့် ဆိုင်သော ကိစ္စများပေလော။
- စာဆိုသည် သိကြားမင်းအစစ်ကို အတိအကျ ရေးဖွဲ့ပြောပြလိုခြင်း ဖြစ်ပါသလော။
- သိကြားမင်း၏ တစ်ထောင်သော မျက်စိသည် မှုန်သီနေလို့လား။
- သိကြားမင်းသည် နတ်စည်းစိမ် ခံစားပြီး အပျင်းထူနေလို့လား။
- သိကြားမင်းသည် နတ်ပြည်က သိကြားအစစ် မဟုတ်ဘဲ တံခွန်တိုင်က သိကြားအတု ဖြစ်နေလို့ လား။
- တံခွန်တိုင်က သိကြားမင်းသည် အရုပ်သိကြား ဖြစ်နေကြောင်း၊ အရုပ်သိကြား နောက်ကွယ်တွင် ရှိသော ကဗျာဇာတ်ဆောင်သည် မည်သူ ဖြစ်လေမည်နည်း။

လေ့ကျင့်ရန် မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်း မေးခွန်း (၄)၊ (၅) ကို ဖြေပါစေ။

၄။ "တံခွန်တိုင် သိကြားထင့်" ကဗျာမှ သင် နှစ်သက်သော အဖွဲ့အနွဲ့ တစ်ခုကို ထုတ်နုတ်၍ အဘယ်ကြောင့် နှစ်သက်ရကြောင်း ရှင်းပြပါ။

၅။ "တံခွန်တိုင် သိကြားထင့်" ကဗျာကို ဖတ်ပြီး စာဆို ဥ‌ီးပုညသည် မည်သို့သော ပုဂ္ဂိုလ် ဖြစ်ပါ သနည်း။ သင့် ထင်မြင်ယူဆချက်ကို တင်ပြပါ။

- ဆရာက အဖြေမှန်၊ မမှန်ကို စစ်ဆေးပါ။ လိုအပ်လျှင် ဆွေးနွေး လမ်းညွှန်ပေးပါ။

## စာသင်ချိန် (၃)

လုပ်ငန်းစဉ် (၁)

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ယခု စာသင်ချိန်တွင် ကဗျာကို လေ့လာခြင်းမှ ရရှိသော အသိအမြင်၊ ဂုဏ်၊ အလင်္ကာ၊ ရသတို့ကို ဖော်ထုတ် ကြည့်ကြမည် ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ထို့နောက် ဆရာက ကဗျာမှ ရရှိသော အသိအမြင်များ၊ ဂုဏ်များ၊ အလင်္ကာများ၊ ရသများကို ရှင်းပြ သင်ကြားပါ။
- ရသမှတစ်ဆင့် ရလာသော လောကအသိ၊ ဘဝအသိကို ဆက်စပ် ရေးသား ပြောပြတတ်ရန်၊ ရရှိသော ရသကို ဖော်ထုတ် ရေးသားနိုင်ရန် သင်ကြားပါ။
- ကဗျာကို ဖတ်ပြီး မည်သို့သော ခံစားချက်များ ရကြောင်းကို အုပ်စုတွင်း အချင်းချင်း ပြောဆို ဆွေးနွေးပါစေ။
- အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- လိုအပ်လျှင် ဆရာက ဖြည့်စွက် လမ်းညွှန်ပါ။
- ကဗျာတစ်ပုဒ်လုံးကို အစ အဆုံး ပြန်ဖတ်ပါစေ။
- ကဗျာ တစ်ပုဒ်လုံးအပေါ်တွင် ကျောင်းသားများနှင့် မေးခွန်းမေးနည်း ပုံစံဖြင့် လည်းကောင်း၊ ဆွေးနွေးသည့် ပုံစံဖြင့် လည်းကောင်း၊ စကားအသုံးအနှုန်းများ၊ အသိအမြင်များ၊ ဂုဏ်များ၊ အလင်္ကာ များ၊ ရသများကို ဖော်ထုတ် ဆွေးနွေးပါ။
- ကဗျာအရေးအဖွဲ့မှာ ကာရန်တူ၊ အသတ်တူ စကားလုံးတို့ဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် စပ်ဆိုထားသော (မဓုရတာဂုဏ်)၊ အနက်အဓိပ္ပါယ် ထင်ရှား သိသာအောင် စပ်ဆိုထားသော (အတ္ထဗျတ္တိ ဂုဏ်) မြောက်ကြောင်း ဖော်ထုတ် ဆွေးနွေးပါ။
- စာဆိုက မိမိတိုင်းသူပြည်သားများ၏ ကူကယ်ရာမဲ့ ဆင်းရဲဒုက္ခကို သရုပ်ဖော်ရေးဖွဲ့ထားသောကြောင့် ကရုဏာရသ ခံစားမိစေကြောင်း၊ စာဆိုက ကဗျာတွင် သရော်ထားသော အချက်များမှာ ဟာသရသမြောက် ကြောင်း ဖော်ထုတ် ဆွေးနွေးပါ။
- ကဗျာတွင် ပါဝင်သည့် ကိုယ်စားပြု ကဗျာဇာတ်ဆောင်ကို ရုပ်လုံးဖော် ဖွဲ့ပြထားသော စကားလုံး များသည် ဝက်ဝုတ္တိအလင်္ကာမြောက်အောင် မည်သို့ ဆက်စပ်သုံးထားကြောင်း ရှင်းပြပါ။

လေ့ကျင့်ခြင်း

- ပူးပေါင်း ပါဝင် သင်ကြားနည်းဖြင့် လေ့ကျင့်ရန်၊ ကျောင်းသားများကို အုပ်စု သုံးစု ဖွဲ့ပါ။

- အုပ်စုတစ်စုကို စကားအသုံးအနှုန်းကောင်းများ၊ စကားလုံး ပြောင်းပြန် သုံးနှုန်းပုံများ၊ စိတ်ခံစားမှု ပြသရုပ်ဖော် အဖွဲ့ကောင်းများကို အုပ်စုတွင် အချင်းချင်း ဆွေးနွေးတိုင်ပင်၍ ရှာပါစေ။
- အုပ်စု တစ်စုချင်း ကိုယ်စား တစ်ဦးကသာ အဖြေကို တင်ပြပါစေ။
- အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုများက အကဲဖြတ်စေ၍ လိုအပ်ချက်ရှိလျှင် အုပ်စုအချင်းချင်း ထောက်ပြ ဆွေးနွေးကြပါစေ။
- အဖြေ မှန်၊ မမှန် ဆရာက ဆုံးဖြတ်ပေးပါ။ လိုအပ်လျှင် ဆရာက လမ်းညွှန် ဆွေးနွေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ပါ။
- ကဗျာ အရေးအဖွဲ့မှာ အနက်အဓိပ္ပါယ် ခက်ခဲ ရှုပ်ထွေးခြင်း မရှိ၊ ရိုးရှင်းသည့်အတွက် နားလည်လွယ်ကြောင်း။
- စာဆို ဦးပုညက တိုင်းသူပြည်သားတို့၏ ဘ၀ ခံစားချက် မျှော်လင့်တောင့်တချက်တို့ကို ပြည်သူတို့ ကိုယ်စား သိကြားမင်းကို တိုင်တည် ပြောကြားသည့် အကြောင်း။
- ရသနှင့် အသိအမြင်တို့တွင် အသိအမြင်က ပိုမို ပေးစွမ်းနိုင်ကြောင်း။
- စာဆိုရဲ့ သရုပ်ဖော် အဖွဲ့တွေထဲမှာ ဘယ်အဖွဲ့ကို အကြိုက်ဆုံးလဲ။ ဘာကြောင့်လဲ။
- သည်ကဗျာမှာ ဘယ်ဂုဏ်ကို အများဆုံး တွေ့ရသလဲ။
- သည်ကဗျာမှာ ဘယ်အလင်္ကာကို အများဆုံး တွေ့ရသလဲ။
- သည်ကဗျာမှာ ဘယ်ရသကို အများဆုံး တွေ့ရသလဲ။

လေ့ကျင့်ရန်မေးခွန်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃) ကို ဖြေပါစေ။

၁။ "တံခွန်တိုင် သိကြားထင့်" ကဗျာကို ဖတ်ရှုပြီး မည်သည့် အသိအမြင် ရရှိသည်ကို သင့်စကားဖြင့် ရေးပါ။
၂။ "တံခွန်တိုင် သိကြားထင့်" ကဗျာမှ စာဆို၏ အရေးအဖွဲ့ စွမ်းရည်ကို လေ့လာ တင်ပြပါ။
၃။ "တံခွန်တိုင် သိကြားထင့်" ကဗျာသည် ရသနှင့် အသိအမြင်တို့တွင် မည်သည်ကို ပိုမိုပေးနိုင်ကြောင်း အကဲဖြတ်ပါ။

စာအညွှန်း

- မောင်ခင်မင် (ဓနုဖြူ)၊ ဂုဏ်၊ အလင်္ကာ၊ ရသ သင်ကြားရေး၊ ၂၀၁၇ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ ရာပြည့်စာပေ၊ ရန်ကုန်မြို့။
- မောင်ခင်မင် (ဓနုဖြူ)၊ မြန်မာစာပေခရီး (ပုဂံခေတ်မှ ကိုလိုနီခေတ်အထိ)၊ ၂၀၁၄ ဇူလိုင်လ၊ ရာ ပြည့်စာပေ၊ ရန်ကုန်မြို့။
- ဦးတင့်ဆွေ၊ ကဗျာဖွဲ့နည်း နိသျည်း၊ ၁၉၇၀ နိုဝင်ဘာလ၊ ပဥ္စမအကြိမ်၊ စာပေလောက ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
- ဦးဖေမောင်တင်၊ မြန်မာစာပေသမိုင်း၊ ၂၀၀၃ ဩဂုတ်လ၊ ပဥ္စမအကြိမ်၊ ချိုတေးသံစာပေ၊ ရန်ကုန်မြို့။
- စာရေးဆရာကြီးများနှင့် သုတေသီများ၊ ဦးပုညစာပေနှင့် ရှုထောင့်အထွေထွေ၊ ၁၉၆၃ မတ်လ (၁၄) ရက်၊ မျိုးညွှန့် ပုံနှိပ်တိုက်။
- နန်းမတော် ဆရာတင်ကြီး၊ စာဆိုတော်ကြီး စလေ ဦးပုည၏ နန်းတွင်းမှုကျယ် အတ္ထုပ္ပတ္တိ၊ ၁၉၅၅ ခုနှစ်၊ ရွှေပြည်တော် စာပေတိုက်၊ ရန်ကုန်မြို့။
- လှသမိန်၊ ကဗျာအတတ်သင်၊ ၁၉၆၈ ဩဂုတ်လ၊ ပထမအကြိမ်။ ချိုတေးသံစာပေ၊ ရန်ကုန်မြို့။

၃။ အရသာကြီး ခြံစပ်သီး (ကဗျာ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | အရသာကြီး ခြံစပ်သီး (ကဗျာ) |
| ရည်ရွယ်ချက် | • မိန်ရာဟင်းကောင်းဆိုသည့်အတိုင်း ရတာလေးနှင့်ဝအောင်ချက်ပြုတ်ပြင်ဆင် စားသောက်တတ်ကြသော အရိုးခံတောဓလေ့နှင့် ဖိုးဝဇီရ၏ ကဗျာအဖွဲ့စွမ်းရည်ကို သိရှိစေရန်။ |
| သင်ယူမှုရလဒ် | • မိန်ရာဟင်းကောင်းဆိုသည့်အတိုင်း ရတာလေးနှင့်ဝအောင်ချက်ပြုတ်ပြင်ဆင်စားသောက်တတ်ကြသော အရိုးခံတောဓလေ့နှင့် ဖိုးဝဇီရ၏ ကဗျာအဖွဲ့စွမ်းရည်ကို သိရှိလာမည်။ |
| သင်ကြားနည်း | • အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း၊ ပူးပေါင်းပါဝင်နည်း၊ ထုတ်ယူဆင်ခြင်နည်း၊ ခြုံယူဆင်ခြင်နည်း၊ ဉာဏ်ဖွင့်ဆွေးနွေးနည်း |
| သင်ထောက်ကူပစ္စည်း | စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ သင်ခန်းစာမိတ်ဆက်ခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို အသုံးပြုပါ။
- "ဖိုးဝဇီရကို သိပါသလား"ဖိုးဝဇီရ ရေးတဲ့ စာတွေကို ဖတ်ဖူးပါသလား" "ဖိုးဝဇီရရဲ့ ခေတ်ပြိုင်စာဆိုတွေကို သိပါသလား" စသည့်မေးခွန်းများကို မေးပါ။
- ကျောင်းသားများရဲ့ အဖြေကို နားထောင်ပြီးမှ ဖိုးဝဇီရ ဦးစီးထုတ်ဝေခဲ့သော ရတနာပုံသတင်းစာအကြောင်းကို အသိပေးနိုင်ပါသည်။
- ပထမ စာသင်ချိန်တွင် ဖိုးဝဇီရ၏ အတ္ထုပ္ပတ္တိ၊ ဖိုးဝဇီရ၏ ကဗျာလင်္ကာအကြောင်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ သင်ကြားခြင်း

- ယခု စာသင်ချိန်အတွက် ပူးပေါင်းပါဝင်သင်ကြားနည်း၊ အမေးအဖြေနည်းတို့ကို အသုံးပြု၍ ရှင်းပြပါ။
- ကျောင်းသုံးစာအုပ်ပါ ဖိုးဝဇီရ၏ အတ္ထုပ္ပတ္တိကို ရှင်းပြပါ။
- လွမ်းချင်းကဗျာများ ပေါ်ပေါက်လာပုံကို ရှင်းပြပါ။
- ဖိုးဝဇီရသည် ကဗျာများကို လက်တန်းရေးဖွဲ့နိုင်ကြောင်းတို့ကို ရှင်းပြပါ။

- လွမ်းချင်းကဗျာအကြောင်း ရှင်းပြပါ။
- လွမ်းချင်းကဗျာဆိုသည်မှာ ကြည်နူးလွမ်းဆွတ်ဖွယ်ရာများကို ဖွဲ့ဆိုထားသည့် "လေး"နှင့် အဆုံးသတ်စပ်ဆိုရသော လင်္ကာကဗျာအမျိုးအစားဖြစ်ကြောင်း
- အချိုးနှစ်ခု ပါလေ့ရှိပြီး၊ တစ်လုံးချိတ်ကာရန်ကိုများကို အသုံးပြုလေ့ရှိကြောင်းတို့ကို ရှင်းပြပါ။
- အချက်အလက်များကို ရှင်းပြပြီး မှတ်နိုင်စွမ်း ရှိမရှိကို စစ်ဆေးမေးမြန်းကာ ဖြေကြားခိုင်းပါ။

## စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စု ၃ စုဖွဲ့ပါ။
- ဖိုးဝဇီရ၏ ထင်ရှားသော စာပေလက်ရာများနှင့် စာမိတ်ဆက်တွင်ပါသော အချက်အလက်များကို အုပ်စုလိုက် အပြန်အလှန်ပြောပါစေ။
- ပူးပေါင်းပါဝင် သင်ကြားနည်းကိုသုံး၍ စာမိတ်ဆက်ပါ အချက်အလက်များကို ဖြေကြားတတ်ရန် လေ့ကျင့်ပေးပါ။
- အရသာကြီး ခြံစပ်သီးကဗျာကို ဘယ်ခေတ်မှာ ရေးခဲ့သလဲ။
- ဖိုးဝဇီရရဲ့ အမည်အရင်းက ဘာလဲ။
- ဖိုးဝဇီရ၏ ဇာတိကို ပြောပါ။
- 'အရသာကြီး ခြံစပ်သီး'ကဗျာကို ဘယ်သူရေးခဲ့သလဲ။
- ကျောင်းသားများကို အုပ်စု ၃ စု ခွဲဖွဲ့ပါ။
- အုပ်စုတိုင်းကို ကဗျာပါ ကာရန်စနစ်များကို ရှာဖွေပြောပြခိုင်းပါ။
- အုပ်စုတစ်စုစီရဲ့ ကိုယ်စားလှယ် တစ်ဦးချင်းစီကို တင်ပြခိုင်းပါ။
- အုပ်စုအချင်းချင်း အကဲဖြတ်ပါစေ။
- အဖြေ မှန်မမှန်ကို ဆရာက ဆုံးဖြတ်ပေးပါ။ လိုအပ်သည်များကို ဆွေးနွေးလမ်းညွှန်ပေးပါ။

လုပ်ငန်းစဉ် ၂

စစ်ဆေးအကဲဖြတ်ခြင်း

- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးပါ။
- ဖိုးဝဇီရရဲ့ အတ္ထုပ္ပတ္တိမှာ ဘယ်အချက်တွေကို စိတ်ဝင်စားလဲ။
- ဖိုးဝဇီရ ငယ်စဉ်က ဘယ်ကျောင်းတွေမှာ ပညာသင်ကြားခဲ့သလဲ။
- ဖိုးဝဇီရက ကုန်းဘောင်ခေတ်တွင် ဘာတာဝန်တွေ ထမ်းဆောင်ခဲ့သလဲ။
- ဖိုးဝဇီရရဲ့ လွမ်းချင်းကဗျာနဲ့ အခြားလွမ်းချင်းကဗျာတွေ ဘာကွာခြားသလဲ။
- ကျောင်းသားများရဲ့ အဖြေ မှန်မမှန်ကို ဆရာက စစ်ဆေး၍ သင်ကြားမှု ပေါက်မြောက်ခြင်း ရှိမရှိ သုံးသပ်ပါ။
- နောက်စာသင်ချိန်မှာ ကဗျာအကြောင်းအရာကို ကြိုတင်လေ့လာထားရန် မှာကြားပါ။

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို အသုံးပြုပါ။
- ကျောင်းသားများ မှတ်မိနိုင်စွမ်းကို သိနိုင်ရန် ဖိုးဝဇီရ၏ အတ္ထုပ္ပတ္တိပါ အချက်အချို့ကို မေးကြည့်ပါ။
- "လူ့လောကတွင် ရှိတာလေးနှင့် ဝအောင်စားလျှင် စိတ်အေးချမ်းမှုရှိနိုင်သလား"ဟူသည့် မေးခွန်းကို မေးကြည့်ပါ။
- ကျောင်းသားများ၏ အဖြေကို နားထောင်ပြီးလျှင် " လူလောက ရောက်လာလျှင် ဘဝအေးချမ်းအောင် ကြိုးစာဖို့လိုကြောင်း" နိဒါန်းပျိုးပါ။
- ယခုစာသင်ချိန်၌ အရသာကြီး ခြံစပ်သီးကဗျာတွင် ရေးဖွဲ့ထားသည့် အကြောင်းအရာများကို ရှင်းပြသင်ကြားမည် ဖြစ်ကြောင်း ပြောပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- အရသာကြီး ခြံစပ်သီးကဗျာတွင် ရှိတာလေးနှင့် ရောင့်ရဲမှုတစ္စာ ချက်ပြုတ်စားသောက်တတ်ကြသော တောဓလေ့ကို ပေါ်လွင်အောင် ဖော်ကျူးထားကြောင်း ရှင်းပြပါ။
- ဆရာက အရသာကြီး ခြံစပ်သီးကဗျာကို အစအဆုံး အသံနေအသံထားမှန်မှန်ဖြင့် တစ်ခေါက်ဖတ်ပြပါ။
- ကျောင်းသားများကို အစအဆုံး တစ်ခေါက် ဖတ်ပါစေ။
- ကျောင်းသားများ ဖတ်ပြီးလျှင်
- "လူသူအရောက်အပေါက်နည်းလှသော မြောက်ဘက်ရွာ လယ်ထဲတွင် စပါးများ ဝင်းဝါကာ ရင့်မှည့်နေကြောင်း၊ ထိုအချိန် အလွန်ကျယ်ဝန်းသည့် ဆည်လျှိုကို ကန့်ကာ ငါးပက်ရာမှ အသားပေါလှသောငါးများ ရကြောင်း၊ ထိုငါးများကို အနားတွန့်နေသော ချဉ်ပေါင်နီနှင့် အခြားတိုလီမိုလီတို့ကို ရောကျိုကာ ဟင်းချက်ထားကြောင်းထို့နောက် ကျယ်ပြန့်သော တလင်းပြင်ဝယ် မင်းစိုးရာဇာတို့ကဲ့သို့ နွားသရေကို မခင်း ဘဲ၊ မြေတလင်းပေါ်တွင် ခုံလောက်ကိုချကာ ခွေထားသော ထင်းခြောက်နှင့် ဆန်နီမကို အတော့်လှအောင် ချက်ကာ ကျွန်းဖက်ထဲ လျှင်မြန်စွာ ခူးထည့်ကြောင်း၊ ထို့နောက်တွင် အရသာအလွန်ရှိသော ခြံထွက်ရေတ်သီးကို မီးမှာလည်း မဖုတ်၊ အညှာ လည်း မဖြုတ်ဘဲ၊ ကပျာကယာ ကသုတ် ကယက်နှင့် အရည်အသွေးညံ့လှသော ဆုံထဲတွင် ကျိုးကျေအောင်ထောင်းကာ စလောင်းထဲ ထည့်လိုက်ကြောင်း၊ ထို့ပြင် ယခင်ချက်ထားသော ဟင်းများကို အကုန်မှောက်ထည့်လိုက်ကြောင်းထိုထမင်းနှင့် ဟင်းတို့ကို စာဆိုနှင့်သူ၏ ငယ်ကျွမ်း တို့ နှစ်ယောက်ပြိုင်ကာ စားနေကျဖြစ် ကြောင်း၊ သို့သော် လည်း ယခုအခါ ငယ်ကျွမ်းနှင့် ဝေးနေရသောကြောင့် မန္တလေး နယ်ရှိ စာဆို စံမြန်းရာအရပ်ဆီမှ လွမ်းနေရကြောင်း" အချုပ်ရှင်းပြပါ။
- ကျောင်းသားများကို ကဗျာပထမပိုဒ် ရွတ်ပါစေ။
- ပြီးလျှင် ဆရာက ထိုအပိုဒ်ကို ရှင်းပြပါ။
- ဆရာက အချို့စာသားများကို ရှင်းပြ၍ ကျောင်းသားများအား အချို့စာသားများကို ရှင်းပါစေ။
- ကျန်အပိုဒ်များကိုလည်း ထိုနည်းအတိုင်း ရှင်းပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးပါ။
- အရသာကြီး ခြံစပ်သီးကဗျာသည် ဘာအကြောင်းအရာကို အသားပေးဖော်ပြထားတယ်လို့ ထင်ပါသလဲ။
- ဖိုးဝဇီရသည် တောခလေ့တွင် ပျော်မွေ့လိုစိတ်ရှိတယ်လို့ ထင်ပါသလား။ ဘာကြောင့်လဲ။
- အရသာကြီး ခြံစပ်သီးကဗျာကို ဖတ်ရှုလေ့လာရတဲ့အခါ ဘယ်လိုစိတ်ခံစားချက်တွေ ဖြစ်ပေါ်လာသလဲ။
- အရသာကြီး ခြံစပ်သီးကဗျာကို နှစ်သက်သဘောကျပါသလား။ ဘာကြောင့်လဲ။
- ကျောင်းသားများ၏ အဖြေမှန်မမှန်ကို ဆရာက စစ်ဆေး၍ သင်ကြားမှု ပေါက်ရောက်ခြင်း ရှိမရှိကို သုံးသပ်ပါ။
- နောက်စာသင်ချိန်တွင် အရသာကြီး ခြံစပ်သီးကဗျာ၏ အရေးအဖွဲ့ပိုင်းကို သင်ကြားမည်ဖြစ်၍ ကဗျာကို ထပ်မံ ဖတ်ရှုလေ့လာထားရန် မှာကြားပါ။
- လေ့ကျင့်ခြင်း
- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်မေးခွန်း ၁၊ ၃၊ ၄၊ ၅တို့ကို အိမ်စာပေးပါ။

၁။ အရသာကြီး ခြံစပ်သီးကဗျာကိုဖတ်ပြီး သင့်စိတ်ထဲ မည်သို့ခံစားရပါသနည်း။ သင့်ခံစားချက်ကို သင့်စကားဖြင့် ရေးသားတင်ပြပါ။

၃။ ကဗျာစာဆိုသည် ငယ်ကျွမ်းဆွေကို အဘယ်ကြောင့် လွမ်းသွားသနည်း။ သင့်ထင်မြင် ချက်ကို တင်ပြပါ။

၄။ သင်တွေ့ဖူးသော တောခလေ့ထမင်းဝိုင်း အပြင်အဆင်နှင့် ထိုထမင်းဝိုင်းတွင် တွေ့ရသော အမူအရာများကို တင်ပြဆွေးနွေးပါ။

၅။ ရွာခလေ့ထမင်းဝိုင်းသည် မြန်မာမှုမြန်မာ့ခလေ့အတွက် မည်မျှအရေးပါသနည်း။ သင့်ထင်မြင်ယူဆချက်ကို ဆွေးနွေးပါ။

## စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

ရှင်းပြခြင်း၊ သင်ကြားခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို သုံးပါ။
- ကျောင်းသားများ မှတ်မိနိုင်စွမ်းကို သုံးသပ်စစ်ဆေးနိုင်ရန်အတွက် အရသာကြီး ခြံစပ်သီးကဗျာပါ အကြောင်းအရာ အချက်အလက်များကို အသေးစိတ်ပြန်မေးကြည့်ပါ။
- ကဗျာကို အသံနေအသံထား မှန်မှန်ရွတ်စေပြီး အရေးအဖွဲ့ပိုင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ကဗျာတစ်ပုဒ်တွင် စကားအသုံးကောင်းများ၊ ကာရန်အသံများ ပါဝင်ရန်လိုကြောင်း၊ စကားလုံးနှင့် ကာရန်အသုံး ကောင်းပါက ကဗျာမှာ ပိုမိုလှပလာမည်ဖြစ်ကြောင်း၊ ကဗျာတွင် သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့တို့ အရေးပါကြောင်း ရှင်းပြပါ။
- ရှင်းပြရာတွင် စကားလုံးအသုံးကောင်းများကို လေ့လာလျှင် အလင်္ကာမြောက်သောအသုံးများ၊ ဂုဏ်မြောက် သော အသုံးများကို လေ့လာရမည်ဖြစ်ကြောင်း ပြောပါ။
- အလင်္ကာမြောက်သော အသုံးများကို လေ့လာရာတွင် 'ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ အတိသယဝုတ္တိ အလင်္ကာ၊ ဝက်ဝုတ္တိအလင်္ကာ၊ မြည်သံစွဲအလင်္ကာ'များ ပါမပါ ကြည့်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- ဂုဏ်မြောက်သော အသုံးများကိုလေ့လာရာတွင် 'သမာဓိဂုဏ်၊ ဩဇဂုဏ်၊ ပသာဒဂုဏ်၊ မဓုရတာဂုဏ်၊ နဘောထပ်ဂုဏ်'များ ပါမပါ ကြည့်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

- အရသာကြီး ခြံစပ်သီးကဗျာတွင် သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့များပါပြီး၊ တောဓလေ့ကို စိတ်မျက်စိတွင် မြင်ယောင်လာအောင် ဖွဲ့နိုင်ကြောင်း ရှင်းပြပါ။

လုပ်ငန်းစဉ် ၂
သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။
- အုပ်စုများကို ကဗျာမှ စကားအသုံးအနှုန်းကောင်းများ၊ ကာရန်အသံများ၊ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့များ၊ အလင်္ကာအသုံးကောင်းများ၊ ဂုဏ်မြောက်သောအသုံးများကို ရှာပါစေ။
- အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- အဖြေမှန် မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်လျှင် ဆရာက ရှင်းပြလမ်းညွှန်ပေးပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- ကဗျာပါ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့တွေက စာဖတ်သူကို ဘယ်လိုခံစားချက်တွေ ပေးလဲ။
- ဘာကာရန်၊ ဘာအလင်္ကာ၊ ဘာဂုဏ်တွေကို သုံးထားပြီး ဘာရသကို ပေးပါသလဲ။
- ကျောင်းသားများ၏ အဖြေမှန်မမှန်ကို ဆရာက စစ်ဆေးပါ။ သင်ကြားမှု ပေါက်မြောက်ခြင်း ရှိမရှိကို သုံးသပ်ပါ။

လေ့ကျင့်ခြင်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၂ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်မမှန်ကို စစ်ဆေးပါ။

စာအညွှန်း

- စိုးညွှန့်၊ ဦး (ရာပြည့်)။ (၂၀၂၀)။ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀။ ရန်ကုန်၊ ရာပြည့်စာပေ။
- ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂)။ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။
- မဟာဆွေ။(၂၀၁၆)။ ဘိုးဝဇီရ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။
- မြန်မာကဗျာ စာတမ်းများ(ပထမတွဲ) ။(၁၉၈၃)။ ရန်ကုန်၊ စာပေဗိမာန်။
- မြန်မာကဗျာ စာတမ်းများ(ဒုတိယတွဲ)။(၁၉၈၃)။ ရန်ကုန်၊ စာပေဗိမာန်။
- အောင်သောင်း၊ ဦး ။(၂၀၂၂)။ 'လွှင့်သံ' ခေါ် လွမ်းချင်းပေါင်းချုပ်။ ရန်ကုန်၊ ပန်းရွှေပြည်စာပေ။

၄။ ပန်းပန်လျက်ပဲ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ပန်းပန်လျက်ပဲ အချိုးတွဲကဗျာ ဇော်ဂျီ |
| သင်ယူမှုရလာဒ် | ၁။ အချိုးတွဲကဗျာ၏သဘောကိုသိရှိလာခြင်း<br>၂။ ဇာတ်လမ်းကဗျာဖြစ်၍ဇာတ်လမ်းကဗျာသဘောကိုသိရှိလာခြင်း<br>၃။ရသခံစားမှုမှတစ်ဆင့်ဘဝအားမာန်ဖြစ်ပေါ်လာခြင်း<br>၄။လက်တွေ့ဘဝတွင်အခက်အခဲများ၊ပြဿနာများကြုံတွေ့ရပါကကဗျာပါ မဗေဒါကိုအတုယူ၍ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းတတ်လာစေခြင်း |
| သင်ကြားနည်းစနစ် | ၁။ဟောပြောဆွေးနွေးနည်း<br>၂။ဖွင့်ဆိုရှင်းပြနည်း<br>၃။ဆွေးနွေးမေးမြန်းနည်း |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ခန်းထဲတွင်အောက်ပါအစီအစဉ်အတိုင်းလက်တွေ့သင်ကြားရန်<br>(က)နိဒါန်းပျိုးခြင်း<br>သင်အထောက်အကူသုံးသင့် (ဗေဒါပန်း၊ ပန်းချီ၊ဗေဒါလမ်းသီချင်း)<br>(ခ)ဗေဒါပန်းအကြောင်းမှဗေဒါပန်းများရှိရာနေရာ၊ဗေဒါ၏သဘာဝ၊ထိုမှတစ်ဆင့်ကဗျာဖြစ်တည်မှုနှင့်ကဗျာပါအချက်အလက်များကိုဖွင့်ဆိုရှင်းပြခြင်း<br>(ဂ)ကဗျာအကြောင်းအရာပါဇာတ်လမ်းကိုဟောပြောဆွေးနွေးတင်ပြခြင်း<br>(ဃ)ကဗျာအရေးအသားပိုင်းသင်ကြားခြင်း<br>(င)ကဗျာကပေးသောရသနှင့်ဘဝအသိအမြင်များကိုဆရာနှင့်တပည့်အပြန်အလှန်မေးမြန်းဆွေးနွေးဖော်ထုတ်ခြင်း<br>(စ)ဖတ်စာအုပ်ပါမေးခွန်းများကိုကျောင်းသားကျောင်းသူများကိုယ်တိုင်မိမိအတွေးအခေါ်အသိအမြင်ဖြင့်သုံးသပ်ဖြေဆိုစေခြင်း |
| စာသင်ချိန် | (၃)ချိန် တစ်ချိန် (၄၅)မိနစ် |

စာသင်ချိန်(၁)

- စာစမသင်မီ မိမိယူလာသောသင်အထောက်အကူ(ပန်း၊ပန်းချီကား၊သီချင်း) စသည်ကိုပြ၍နိဒါန်းပျိုးရန်
  ဥပမာ ဗေဒါပန်းကိုပြပြီးပန်းအမည်မေးခြင်း မသိကပြောပြရန် သိပါကဘယ်နေရာတွင်တွေ့ဘူးသလဲ။ မေးပြီးဗေဒါပန်းအကြောင်းမှကဗျာအကြောင်းဆက်စပ်သင်ကြားရန်
- ကဗျာစာဆိုအကြောင်း၊ ကဗျာအမျိုးအစား၊ ကဗျာနောက်ခံတို့ကိုရှင်းပြရန်

- အရွတ်အဖတ်ဆိုင်ရာသင်ခန်းစာဖြစ်၍ ကျောင်းသူကျောင်းသားများကျောင်းသုံးစာအုပ်ပါကဗျာကို ညီညီညာညာရွတ်ဖတ်ခိုင်းရန်
- အဖြတ်အတောက်နရီစည်းဝါးမှန်ကန်စွာဖတ်နိုင်ရန်လိုအပ်သလိုပြင်ပေးရန်
- ကဗျာအကြောင်းအရာကိုရှင်းပြရန်
- ကဗျာပါဖေဒါပန်းကလေးတွေ့ကြုံရသောအခက်အခဲတစ်ခုခြင်းစီကိုဇာတ်လမ်းတစ်ပုဒ်လို သဘာဝတရားနှင့်ဆက်စပ်ကာပေါ်လွင်အောင်ရှင်းပြရန်
- ကဗျာပါဖေဒါပန်းသည်ပြင်ပလောကလူသားတို့ကိုကိုယ်စားပြုထားရေးဖွဲ့ထားကြောင်းလည်း ရှင်းပြရန်
- ဖေဒါကဲ့သို့ဘဝတွင်ဆူကြုံနိမ့်မြင့်လောကဓံတရားလူတိုင်းကြုံတွေ့ကြရကြောင်းမိမိတို့ကိုယ်တိုင်ကြုံတွေ့ရပါကဖေဒါပန်းကဲ့သို့ရဲရင့်ရန်လိုကြောင်း ကြံ့ကြံ့ခံရင်ဆိုင်ကျော်ဖြတ်နိုင်ပါမှ အခက်အခဲဟူသမျှအနိုင်ရမည်ဖြစ်ကြောင်း ဖွဲ လုံ့လ ဝီရိယအပြင် သတ္တိနှင့်ခံနိုင်ရည်ရှိရန်လိုကြောင်းဖေဒါ၏ဘဝအားမာန်ကိုကလေးများရင်ထဲရောက်အောင်သွင်းပေးရန်

စာသင်ချိန်(၂)

- ကဗျာအရေးအသားပိုင်းကိုသင်ကြားရန်
- အချိုးတွဲကဗျာသဘောကိုရှင်းပြရန်
- ပန်းပန်လျက်ပဲကဗျာတွင်
- "ညှိုပြာပြာလတာပြင်ခြေရင်း။
- လှိုင်းတက်ရာဖေဒါတက်၊လှိုင်းသက်ရာဆင်း။"(ဒွေးချိုးခံ၍ပန္နရိုက်ပုံ)
- "ဆင်းရလည်းမသက်သာ......................ဆောင့်ခဲ့ရသေး။" (ပထမလေးချိုး)
- "ဆောင့်ခဲ့လည်းမသက်သာ...................ပေါ်လိုက်ပြန်ရ။" (ဒုတိယလေးချိုး)
- "ပေါ်ပြန်လည်းမသက်သာ......................ပန်းပန်လျက်ပဲ။" (တတိယလေးချိုး)
- ဒွေးချိုးတစ်ပုဒ် လေးချိုးသုံးပုဒ်ဖြင့်ဖွဲ့စပ်ထား၍အချိုးတွဲကဗျာဖြစ်ကြောင်းရှင်းပြရန်
- အချိုးတစ်ခု၏အချက်ကိုနောက်အချိုးအချီတွင်ပြန်လည်အသုံးပြုထား၍နရီစည်းဝါးကျန ရွတ်ဆိုရသည်မှာအဆင်ပြေချောမွေ့ကြောင်း(မခုရတာဂုဏ်မြောက်ကြောင်း) စကားအသုံးအနှုန်း ရှင်းလင်းလွယ်ကူ လူတိုင်းသိမြင်နိုင်သောနေ့စဉ်သုံးစကားလုံးများသာသုံးထားပုံအလင်္ကာမပါသော်လည်းသရုပ်ဖော်အဖွဲ့ကောင်းများဖြင့်ရသမြောက်အောင်ရေးဖွဲ့ထားပုံ
- သရုပ်ဖော်အဖွဲ့ဆိုသည်မှာကဗျာပါဇာတ်ဆောင်တို့၏လှုပ်ရှားမှုခံစားမှုတို့ကိုပေါ်လွင်အောင်ရေးဖွဲ့ထားသောအဖွဲ့များဖြစ်ကြောင်းရှင်းပြရန်( ဆရာနှင့်တပည့်များအပြန်အလှန်ဆွေးနွေးမေးမြန်းခြင်းနည်းဖြင့်သင်ကြားရန်)
- သရုပ်ဖော်အဖွဲ့များကိုကလေးတစ်ဦးချင်းဖြစ်စေအစုအဖွဲ့အလိုက်ဖြစ်စေထုတ်နုတ်ခိုင်းရန်
- အချိန်မီပါကကဗျာပါရသအကြောင်းအစပျိုးထားရန်

စာသင်ချိန်(၃)

- ပန်းပန်လျက်ပဲကဗျာမှခံစားရသောရသများကိုသင်ရန်
- ကဗျာဖတ်ပြီးခံစားရသောရသများကိုကလေးများကိုမေးပါ
- တစ်ဦးနှင့်တစ်ဦးခံစားပုံချင်းတူချင်မှတူပါမည်။ဆရာဆရာမများကအမှားအမှန်ဆုံးဖြတ်ပေးရန်မလိုပါကလေးများလွတ်လပ်စွာခံစားဆွေးနွေးပါစေ
- ကဗျာပါမဖေဒါအပေါ်ထားရှိသောသူတို့၏သဘောထားကိုလွတ်လပ်စွာဖော်ထုတ်ခွင့်ပေးပါ

- ကဗျာပါအရံဇာတ်ဆောင်များဖြစ်သော ဒီလှိုင်း၊ အုန်းလက်ကြွေ၊ ဘဲအုပ်တို့ကိုပြင်ပတွင်ရှိသော လူတို့နှင့် ယှဉ်တွဲသိမြင်လာစေရန်သူတို့၏အမြင်ကိုမေးမြန်းဆွေးနွေးပါ
- တစ်ဦးချင်းဖြစ်စေအုပ်စုလိုက်ဖြစ်စေအရေးအသားကိုဝေဖန်သုံးသပ်တင်ပြခိုင်းရန်
- ကလေးများကဗျာ့ရသကိုခံစားရင်းဘဝအသိအမြင်ကိုဆက်စပ်ဖော်ထုတ်ရန်(ဆရာကဦးဆောင်၍ဆွေးနွေး ဖော်ထုတ်ပြရန်)
- –လောကတွင် အစဉ်အမြဲအဆင်ပြေချောမွေ့မှုများဖြင့်သာပြီးပြည့်စုံနေမည်မဟုတ်ကြောင်း
- –ဗေဒါကဲ့သို့လှိုင်းတက်လျှင်မြင့်ရပြီးလှိုင်းသက်လျှင်နိမ့်ဆင်းရသည့်သဘောရှိကြောင်းလူဘဝတွင်လည်း
- မြင့်လိုက်နိမ့်လိုက်တစ်လှည့်စီကြုံဆုံတတ်ကြောင်းမြင့်သည့်အချိန်တွင်သာယာပြီးနိမ့်ချိန်တွင်ခံနိုင်ရည်ရှိရ ကြောင်းမဗေဒါကိုအတုယူသင့်ကြောင်း၊
- မဗေဒါသည်လှိုင်းသက်၍နိမ့်ပါးချိန်တွင်မထင်မှတ်ပဲအုန်းလက်ကြွေဆောင့်ခြင်းဒါဏ်ကိုခံလိုက်ရပုံ
- ထိုဒါဏ်မှမသက်သာမီ နောက်တစ်ချီဒီတစ်လုံး၏ဖုံးလွှမ်းခြင်းခံရပုံ တော်တော်နှင့်ပြန်မပေါ်နိုင်အောင်မြုပ် ခဲ့ရပုံ ၊ အားခဲ၍ပြန်ပေါ်လာချိန်အုပ်စုဖွဲ့နေတတ်လေ့ရှိသောဘဲအုပ်၏အယက်အကန်ခံရပုံ၊မဗေဒါအံခဲ၍ သတ္တိရှိရှိရင်ဆိုင်ကာပန်းပန်နိုင်ခဲ့ပုံကို လူ့လောကရှိလူတို့၏သဘောနှင့်ယှဉ်ပြရန်
- အုန်းလက်ကြွေ (မိမိဘဝခရီးတွင်မထင်မှတ်ထားသောဒါဏ်ရာအနာပေးသူများ)
- ဒီတစ်လုံး(သဘာဝဘေးအန္တရာယ်ကဲ့သို့သောအခက်အခဲများ)
- ဘဲအုပ်ကတစ်ရာနှစ်ရာ (အုပ်စုဖွဲ့အနိုင်ကျင့်တတ်သူများ)စသည်ဖြင့်ရှုမြင်သုံးသပ်တတ်လာပြီး ပြန်လည် တင်ပြတတ်လာစေရန်
- ကျောင်းသုံးစာအုပ်ပါလေ့ကျင့်ခန်းမေးခွန်းများကိုတစ်ဦးချင်းဖြစ်စေအစုအဖွဲ့အလိုက်ဖြစ်စေဆွေးနွေး ပြောဆိုစေခြင်း(သို့မဟုတ်)ရေးသားတင်ပြစေခြင်းဖြင့်ကျောင်းသားများ၏ တွေးစွမ်းခေါ်နိုင်မှုရည် အရေး စွမ်းရည်တိုးတက်လာစေပြီး ကဗျာကပေးသောရသခံစားမှုမှလက်တွေ့ဘဝရှိပြဿနာများ အခက်အခဲများ ကို သတ္တိရှိရှိဖြေရှင်းတတ်လာစေမည်ဖြစ်သည်။

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် | စစ်ဆေးအကဲဖြတ်မှု |
|---|---|---|---|---|
| ၁။ | ဖိုးမောင်လာပြီ | (၁၉၆၃) ခုနှစ် ဝန်းကျင်ကာလ မြန်မာ့နိုင်ငံရေး အခြေအနေ၊ (၁၉၆၃) ခုနှစ် ကာလတွင် ပြည်တွင်းစစ်ကြောင့် တစ်နိုင်ငံလုံး တည်ငြိမ်မှု မရှိပုံကို လေ့လာ သိရှိ စေခြင်း၊ ဆရာ မင်းသုဝဏ်၏ ပြည်သူ့ သားကောင်း တစ်ယောက် ခံယူ အပ်သော သဘောထားကို သိရှိစေခြင်း၊ စာဆို၏ စေတနာ၊ သရုပ်ဖော် အဖွဲ့ ပိုင်နိုင်မှု စသည့် အရေးအဖွဲ့ စွမ်းရည်တို့ကို သိရှိစေနိုင်ခြင်း | ဟောပြော ဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ ပူးပေါင်း ပါဝင် သင် ကြားနည်း၊ | အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသားများ၏ ဖြေဆိုမှုကို ဆရာက စစ်ဆေး၍ သင်ကြားမှုအောင်မြင်ခြင်း ရှိ၊ မရှိ သုံးသပ်ခြင်း |

အဖတ်အရွတ်သင်ခန်းစာ (ကဗျာရွေးချယ်ချက်)
၅။ "ဖိုးမောင်လာပြီ"

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ဖိုးမောင်လာပြီ |
| ရည်ရွယ်ချက် | မိမိရပ်ရွာ ဘေးအန္တရာယ်ကင်းရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး အသက် စွန့်ကာကွယ်သွားသည့် ပြည်သူ့သားကောင်း တစ်ဦး၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်စိတ် ကြီးမားပုံ |
| သင်ယူမှုရလဒ် | (၁၉၆၃) ခုနှစ် ဝန်းကျင်ကာလ မြန်မာ့နိုင်ငံရေး အခြေအနေ၊ (၁၉၆၃) ခုနှစ် ကာလတွင် ပြည်တွင်းစစ်ကြောင့် တစ်နိုင်ငံလုံး တည်ငြိမ်မှု မရှိပုံကို လေ့လာ သိရှိနိုင်သည်။ ဆရာ မင်းသု ဝဏ်၏ ပြည်သူ့သားကောင်း တစ်ယောက် ခံယူအပ်သော သဘောထား၊ စာဆို၏ စေတနာ၊ သရုပ်ဖော် အဖွဲ့ ပိုင်နိုင်မှု စသည့် အရေးအဖွဲ့ စွမ်းရည်တို့ကို တွေ့မြင်နိုင်ပါသည်။ |
| သင်ကြားနည်း | အမေးအဖြေနည်း၊ ပူးပေါင်းပါဝင် သင်ကြားနည်း၊ ဟောပြော ဆွေးနွေး နည်း |
| သင်ထောက်ကူပစ္စည်း | စကားလုံး ကတ်ပြားများ၊ ဇယားချပ်များ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် (၁) ချိန်တွင် လုပ်ငန်းစဉ် (၂) ခု ပြုလုပ်ရန် |
| စာသင်ချိန် | (၃) ချိန်၊ (၁) ချိန် – (၄၅) မိနစ် |

စာသင်ချိန် (၁)

လုပ်ငန်းစဉ် (၁)

နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ယခု စာသင်ချိန်တွင် "ဖိုးမောင်လာပြီ" ကဗျာကို ရှင်းပြ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သင်ခန်းစာကို မိတ်ဆက်ပါ။
- စာမိတ်ဆက်တွင် ပါသော အကြောင်းအရာများကို ဦးစွာ ရှင်းပြပါ။
- ကဗျာကို ကျောင်းသား၊ ကျောင်းသူများ အသံထွက်၍ ဖတ်ပါစေ။

လုပ်ငန်းစဉ် (၂)

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ဆရာက "ဖိုးမောင်လာပြီ" ကဗျာ၏ ကဗျာ အမျိုးအစားနှင့် ကဗျာ အကြောင်းအရာများကို ဖွင့်ဆို ရှင်းပြပါ။
- သင်ခန်းစာ မိတ်ဆက်ခြင်းအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်း၊ ဟောပြော ဆွေးနွေး နည်းကို အသုံးပြုပါ။

- ကျောင်းသားများကို "လင်္ကာ" ကဗျာအမျိုးအစား အကြောင်း သိပါသလား။
- လွတ်လပ်ရေးခေတ်အကြောင်း သိပါသလား။ လွတ်လပ်ရေးခေတ်တွင် သင်ကြားခဲ့ဖူးသည့် ကဗျာ များ အကြောင်း မေးခွန်းများ မေးပါ။
- ယခု စာသင်ချိန်တွင် လွတ်လပ်ရေးခေတ် ကဗျာတစ်ပုဒ်ကို သင်ကြားပေးသွားမှာ ဖြစ်ကြောင်း၊"ဖိုးမောင် လာပြီ" ကဗျာကို ရှင်းပြ သင်ကြားပေးမှာ ဖြစ်ကြောင်း၊ ဦးစွာ ကဗျာနောက်ခံ၊ "လင်္ကာ" ကဗျာအမျိုးအစား အကြောင်း၊ သင်ခန်းစာကို မိတ်ဆက်ပါ။
- ကဗျာပေါ်ပေါက်ရာခေတ်မှာ လွတ်လပ်ရေးခေတ်၊
- ကဗျာ၏ နှစ်သက်ဖွယ်ကောင်းသော ဂုဏ်ရည်မှာ ကိုယ်ကျိုးစွန့်၊ အသက်စွန့်၍ မိမိရပ်ရွာကို ကာကွယ်သွား သည့် ဖိုးမောင်အကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်ကြောင်း။

လင်္ကာ ဆိုသည်မှာ -

- "အလင်္ကာရ" ဟူသော စကားမှ ဆင်းသက်လာကြောင်း၊
- "တန်ဆာဆင်ခြင်း" ဟု အဓိပ္ပါယ်ရကြောင်း၊
- မြန်မာကဗျာတွင် အသုံးအများဆုံးသော ကဗျာအဖွဲ့ ဖြစ်ကြောင်း၊
- ပုဂံခေတ်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး မျက်မှောက်ခေတ်တိုင် တွင်ကျယ်နေသည့် ကဗျာပုံစံ ဖြစ်ကြောင်း ရှင်း ပြပါ။
- လင်္ကာ - လင်္ကာကဗျာ
- လင်္ကာ - /လင်ဂါ/ န - လေးလုံးတစ်ပါဒ ကာရန်ယူစပ်ထားသော ကဗျာတစ်မျိုး [ပါ၊ အလင်္ကာရ]
- တစ်ပါဒ - "စကားလုံးတစ်စု"
- **လေးလုံးစပ်** - "စကားလုံး တစ်စုလျှင် စာလုံး လေးလုံးကျ ပိုင်းခြား ဖွဲ့စပ်ရလေသည်။ ထိုလေးလုံးပိုဒ် သုံး ပိုဒ်ကို တစ်စုံ ဟူ၍ ခေါ်မှတ်ရလေသည်။"
- **လေးလုံးစပ်အချ** - ကဗျာများတွင် အစချီ ပါဒသည် အရေးကြီးသကဲ့သို့ အဖျားချ အပိုဒ်သည်လည်း အရေးကြီးပေသည်။ လေးလုံးစပ် အဝင်ဖြစ်သော ရတု ကဗျာများတွင်ကား အဖျားချနည်းပေါင်းများစွာ ကွန့်၍ ချလေ့ရှိကြပေသည်။ လေးလုံးစပ်၏ အဖျားချသည် လေးလုံးပါဒ တစ်ခု မဖြစ်သင့်ပေ။ အဖျားချ သည် အနည်းဆုံး (၇) လုံး ပါရှိသင့်ပေသည်။
- "ဖိုးမောင်လာပြီ" ဆိုကြသည်။"
- "ရွာတောင်ချောင်းက ပြန်ခဲ့ပြီ။"
- "လူပင် လေလား၊ တစ္ဆေလား။"
- "ငါးစို ငါးစိမ်း ငတ်ပေလိမ့်။"
- "ဖိုးမောင် လာချိန်ပါတကား။"
- "ချောင်းယံ ပဲ့တင် ထပ်သတည်း။"
- ""ဖိုးမောင် လာပြီ" ဆိုဆဲပင်။ ။"
- **နိမိတ်ပုံ**
- "စာဖြင့် ဖွဲ့ထားသော ရုပ်ပုံကလေး တစ်ခု"
- **"ကာရန်"**
- အက္ခရာ၏ အသံ၊ အသံတူသော စကားလုံးများ
- စကားလုံးတစ်လုံးတွင် ဗျည်းနှင့် သရ နှစ်မျိုး ပါဝင်သည့်အနက် သရသံတူခြင်းကို ဆိုလိုပေသည်။ အသတ် သံလည်း တူနိုင်ပေသည်။

“မှိုင်းညိုညည့်**ရိပ်**၊ လူခြေ**တိတ်**၍
ရေ**ဆိပ်**အနား၊ ရွာတံ**ခါး**မှ
ကုပ်**ကျား**ကျယ်**လောင်**၊ ဆီးကြို**ဟောင်**သော်
“ဖိုး**မောင်**လာပြီ” ဆိုကြသည်။”

ရိပ်၊ တိတ်၊ ဆိပ်။ (၄– ၃–၂)

ခါး၊ ကျား (၃– ၂)

လောင်၊ ဟောင်၊ မောင် (၄– ၃– ၂)

“ခေတ်စမ်း”
“ခေတ်ကို စမ်းသပ်ခြင်း သို့မဟုတ် ခေတ်ကို စူးစမ်း ဆင်ခြင်ခြင်း ဟူသော အဓိပ္ပါယ်ဖြင့် အမည်ပေးခြင်း”
ခေတ်စမ်းကဗျာ ရေးဖွဲ့သော လူငယ်များသည် မျက်မြင်နာကြား နေ့စဉ် တွေ့ကြုံရသော အကြောင်းအရာများကို ဆန်းသစ်သော စိတ်ကူးဖြင့် ရေးဖွဲ့ခြင်း ဖြစ်ကြောင်း

လေ့ကျင့်ခြင်း
- ယခု စာသင်ချိန်အတွက် ပူးပေါင်း ပါဝင် သင်ကြားနည်းကို အသုံးပြုပါ။
- ကျောင်းသားများကို အုပ်စု သုံးစု ခွဲပါ။
- မိတ်ဆက်ပါအတိုင်း လင်္ကာကဗျာ အကြောင်း၊ လွတ်လပ်ရေးခေတ် စာပေအကြောင်း၊ ကဗျာ ရည်ရွယ်ချက်၊ မည်သည့်ဟန်ဖြင့် ရေးဖွဲ့ထားကြောင်း အုပ်စုလိုက် အပြန်အလှန် အမေးအဖြေ ပြုလုပ်ပါစေ။
- ဇယားချပ်များ ပြုလုပ်၍ ကဗျာကာရန် စနစ်များကို ရှာပါစေ။ အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုများက အကဲဖြတ်ပါစေ။ လိုအပ်လျှင် ဆရာက လမ်းညွှန် ဆွေးနွေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း
- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ပါ။
- မိတ်ဆက်တွင် ပါသော စာဆို မင်းသုဝဏ်၏ အတ္ထုပ္ပတ္တိ အချက်အလက်များကို အုပ်စုလိုက် ပြောပါစေ။
- “ဖိုးမောင်လာပြီ” ကဗျာ လင်္ကာကို ဘယ်ခေတ်မှာ ရေးသားခဲ့တာလဲ။
- လင်္ကာ၊ ကာရန်၊ နိမိတ်ပုံ ဆိုတာ ဘာလဲ။
- ခေတ်စမ်းဆိုတာ ဘာလဲ။ ခေတ်စမ်းကဗျာ အကြောင်းကို ရှင်းပြပါ။
- ကျောင်းသားများ၏ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေး၍ သင်ကြားမှု ပေါက်မြောက်ခြင်း ရှိ၊ မရှိ သုံးသပ်ပါ။
- နောက်စာသင်ချိန်တွင် “ဖိုးမောင်လာပြီ” ကဗျာပါ အကြောင်းအရာကို ရှင်းပြ သင်ကြားမှာ ဖြစ် သည့်အတွက် ခက်ဆစ် အဓိပ္ပါယ်များ ကြိုတင် ဖတ်ထားရန် မှာကြားပါ။

## စာသင်ချိန် (၂)

လုပ်ငန်းစဉ် (၁)

သင်ကြားခြင်း

- ယခု စာသင်ချိန်တွင် "ဖိုးမောင်လာပြီ" ကဗျာ၏ အကြောင်းအရာကို ရှင်းပြ သင်ကြားမည် ဖြစ်ကြောင်း၊ သင်ခန်းစာကို မိတ်ဆက်ပါ။
- ဆရာက ကဗျာကို အသံနေ အသံထားဖြင့် ရွတ်ဖတ်ပြပါ။ ပြီးမှ ကျောင်းသားများကို အသံနေ အသံထား ဖြင့် ရွတ်ဖတ်ပါစေ။
- စာပိုဒ်လိုက် ရွတ်ဖတ်ပြီးပါက ကဗျာ၏ အကြောင်းအရာများကို ဖွင့်ဆို ရှင်းပြပါ။
- လွတ်လပ်ရေးခေတ် (၁၉၆၃) ခုနှစ် ပတ်ဝန်းကျင်က ဖိုးမောင်သည် တိတ်ဆိတ်နေသော ညဉ့်အချိန် ၌ ရွာသို့ ပြန်လာပုံ၊ ဖိုးမောင်သည် ရွာတောင်ဘက်ရှိ ချောင်းသို့ ငါးရှာသွားပုံ၊ တစ္ဆေမကြောက်၊ မြွေ အန္တရာယ်တို့ကို မကြောက်ဘဲ ရွာကို ငါးရှာကျွေးနေပုံ၊ ဖိုးမောင် ငါးရှာရာမှ ပြန်လာသည့် ဆောင်းတစ်ညဉ့် အဖြစ်ဆိုး ကြုံတွေ့ရပုံ၊ ဓါးပြလက်ချက်ဖြင့် ဖိုးမောင် သေဆုံးရပုံ၊ အသက်စွန့်၍ မိမိ၏ ရွာကို ဓါးပြရန်မှ ကာကွယ်ပေး ခဲ့ပုံကို ချဲ့ထွင်ပြောပြပါ။

လုပ်ငန်းစဉ် (၂)

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- "ဖိုးမောင်လာပြီ" ကဗျာကို ကျောင်းသားများ အသံနေ အသံထားမှန်မှန်ဖြင့် ရွတ်ဖတ်တတ်ရန် လေ့ကျင့် ပေးပါ။ ထိုသို့ ရွတ်ဖတ်ရာတွင် မှန်မှန်ကန်ကန် ရွတ်ဆိုရန် လမ်းညွှန်ပါ။
- ကျောင်းသားများကို အုပ်စု သုံးစုဖွဲ့၍ ပူးပေါင်း ပါဝင်သင်ကြားနည်းဖြင့် လေ့ကျင့်ပါစေ။
- ကဗျာတစ်ပိုဒ်၏ ဆိုလိုရင်းကို ရေးသားကြပါစေ။
- အုပ်စု တစ်စုချင်း ကိုယ်စား တစ်ဦးကသာ အဖြေကို တင်ပြပါစေ။
- ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း
- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ပါ။
- တိတ်ဆိတ်နေသော ညဉ့်အချိန်၌ ရွာသို့ပြန်လာသော ဖိုးမောင်ကို ရေဆိပ်အနီးရှိ ရွာတံခါးမှ ဂုတ်ကျားက ကျယ်လောင်စွာ ဟောင်၍ ကြိုဆိုသော် ဖိုးမောင် မည်သည့်နေရာက ပြန်လာကြောင်း ရွာသူ/ သားများက သိကြပါသလား။
- ရွာ၏ အန္တရာယ်ကို အသက်စွန့် ကာကွယ်ခဲ့သော ဖိုးမောင် ဟူသည့် တံငါသည် တစ်ဦး အကြောင်း ကို သိပါသလား။
- ဖိုးမောင်အပေါ် ထားရှိသည့် ရွာသူ ရွာသားတို့၏ သဘောထားကို သိမြင်ပါသလား။
- ရပ်ရွာအတွက် ကိုယ်ကျိုးစွန့်၍ လုပ်ဆောင်ပေးသည့် ဖိုးမောင်၏ စိတ်နှလုံးသားကို သိရှိပါသ လား။
- ဤကဗျာတွင် ကျေးလက်ပြည်သူတို့အပေါ် ထားရှိသည့် စာဆို၏ စေတနာကို တွေ့မြင်ပါသလား။
- မိမိ ရပ်ရွာကို ချစ်မြတ်နိုးစိတ်၊ တာဝန်သိစိတ် ရှိအောင် နှိုးဆော်ပေးထားသော ကဗျာ ဖြစ်သည်ဟု သင် ထင်မြင်ပါသလား။
- အများအကျိုး ဆောင်ရွက်လိုစိတ်ကို အထောက်အကူပြုသော ကဗျာဟု ဆိုနိုင်ပါသလား။

စာသင်ချိန် (၃)

လုပ်ငန်းစဉ် (၁)

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ယခု စာသင်ချိန်တွင် ကဗျာကို လေ့လာခြင်းမှ ရရှိသော အသိအမြင်၊ ဂုဏ်၊ အလင်္ကာ၊ ရသတို့ကို ဖော်ထုတ်ကြည့်ကြမည် ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ထို့နောက် ဆရာက ကဗျာမှ ရရှိသော အသိအမြင်များ၊ ဂုဏ်များ၊ အလင်္ကာများ၊ ရသများကို ရှင်းပြ သင်ကြားပါ။
- ရသမှတစ်ဆင့် ရလာသော လောကအသိ၊ ဘဝအသိကို ဆက်စပ် ရေးသား ပြောပြတတ်ရန်၊ ရရှိသော ရသကို ဖော်ထုတ် ရေးသားနိုင်ရန် သင်ကြားပေးပါ။
- ကဗျာကို ဖတ်ပြီး မည်သို့သော ခံစားချက်များ ရကြောင်းကို အုပ်စုတွင်း အချင်းချင်း ပြောဆို ဆွေးနွေးပါစေ။
- အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- လိုအပ်လျှင် ဆရာက ဖြည့်စွက် လမ်းညွှန်ပါ။

လုပ်ငန်းစဉ် (၂)

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ကဗျာတစ်ပုဒ်လုံးကို အစ အဆုံး ပြန်ဖတ်ပါစေ။
- ကဗျာ တစ်ပုဒ်လုံးအပေါ်တွင် ကျောင်းသားများနှင့် မေးခွန်းမေးနည်း ပုံစံဖြင့် လည်းကောင်း၊ ဆွေး နွေးသည့် ပုံစံဖြင့် လည်းကောင်း၊ စကားအသုံးအနှုန်းများ၊ အသိအမြင်များ၊ ဂုဏ်များ၊ အလင်္ကာ များ၊ ရသများကို ဖော်ထုတ် ဆွေးနွေးပါ။
- စာဆိုက စာဖတ်သူ ပရိသတ်ကို ဦးတည်၍ ပြည်သူ့သားကောင်း တစ်ဦးအနေဖြင့် အများအကျိုး ဆောင်ရွက်သင့်သည်များကို သိမြင်လာအောင် ဆွေးနွေးလမ်းညွှန်သည့် ပုံစံဖြင့် ရေးဖွဲ့ထား ကြောင်း၊
- ကဗျာအရေးအဖွဲ့မှာ ရိုးရှင်းသည့်အတွက် နားလည်လွယ်ကြောင်း (ပသာဒဂုဏ်)၊ ကျစ်လျစ်သည့် ဩဇဂုဏ် မြောက်ကြောင်း၊
- ဖိုးမောင်၏ မိမိ ရပ်ရွာအပေါ် ထားရှိသော စွန့်လွှတ် အနစ်နာခံစိတ်၊ မျိုးချစ်စိတ်ကို တွေ့ရ၍ တက်ကြွ ရဲရင့်စေသော ဝီရရသ၊ ဖိုးမောင်၏ ဖြစ်ရပ်အပေါ် သနားမိ၍ ကရုဏာရသ ခံစားမိစေ ကြောင်း၊
- ကဗျာတွင် ပါဝင်သည့် "လခြမ်းကွေး" ဟူသော စကားလုံးသည် ရူပက အလင်္ကာ၊ "ဒိုင်းဒုံးဒိန်းသံ" ဟူသော စကားလုံးသည် မြည်သံစွဲ အလင်္ကာ မြောက်အောင် မည်သို့ ဆက်စပ်သုံးထားကြောင်း ရှင်းပြပါ။

လေ့ကျင့်ခြင်း

- ပူးပေါင်းပါဝင် သင်ကြားနည်းဖြင့် လေ့ကျင့်ရန်၊ ကျောင်းသားများကို အုပ်စုသုံးစု ဖွဲ့ပါ။
- အုပ်စုတစ်စုကို စကားအသုံးအနှုန်းကောင်းများ၊ ပတ်ဝန်းကျင် အခြေအနေပြ သရုပ်ဖော် အဖွဲ့များ၊ စိတ်ခံစားမှုပြ သရုပ်ဖော် အဖွဲ့ကောင်းများကို အုပ်စုတွင် အချင်းချင်း ဆွေးနွေးတိုင်ပင်၍ ရှာပါစေ။
- အုပ်စု တစ်စုချင်း ကိုယ်စား တစ်ဦးကသာ အဖြေကို တင်ပြပါစေ။
- အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုများက အကဲဖြတ်စေ၍ လိုအပ်ချက်ရှိလျှင် အုပ်စုအချင်းချင်း ထောက်ပြ ဆွေးနွေးကြပါစေ။
- အဖြေမှန်၊ မမှန် ဆရာက ဆုံးဖြတ်ပေးပါ။ လိုအပ်လျှင် ဆရာက လမ်းညွှန် ဆွေးနွေးပါ။

ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ပါ။
- သင် နှစ်သက်သည့် သရုပ်ဖော်အဖွဲ့တစ်ခုကို ပြောပြပါ။
- စာဆိုရဲ့ သရုပ်ဖော် အဖွဲ့တွေထဲမှာ ဘယ်အဖွဲ့ကို အကြိုက်ဆုံးလဲ။ ဘာကြောင့်လဲ။
- သည်ကဗျာမှာ ဘယ်လို နိမိတ်ပုံတွေ ထည့်သွင်း ရေးဖွဲ့ထားသလဲ။
- သည်ကဗျာမှာ ဘယ်ဂုဏ်ကို အများဆုံး တွေ့ရသလဲ။
- သည်ကဗျာမှာ ဘယ်အလင်္ကာကို အများဆုံး တွေ့ရသလဲ။
- သည်ကဗျာမှာ ဘယ်ရသကို အများဆုံး တွေ့ရသလဲ။
- သည်ကဗျာမှာ ဘယ်လို အသံတွေကို ထည့်သွင်း ရေးဖွဲ့ထားသလဲ။

လေ့ကျင့်ရန်မေးခွန်းများ

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃) ကို ဖြေပါစေ။

၁။ “ဖိုးမောင်လာပြီ” ကဗျာကို ဖတ်ရှုပြီး မည်သည့် အသိအမြင် ရရှိသည်ကို သင့်စကားဖြင့် ရေးပါ။

၂။ “ဖိုးမောင်လာပြီ” ကဗျာမှ သင် နှစ်သက်သော အဖွဲ့တစ်ခုကို ထုတ်နုတ်၍ အဘယ်ကြောင့် နှစ်သက်ရကြောင်း ရှင်းပြပါ။

၃။ “ဖိုးမောင်လာပြီ” ကဗျာကို ဖတ်ရှုပြီးနောက် သင်၏ စိတ်တွင် ဖြစ်ပေါ်လာသော ခံစားချက်တို့ကို သင့်စကားဖြင့် တင်ပြပါ။

- ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

စာအညွှန်း


- မောင်ခင်မင် (ဓနုဖြူ)၊ ဂုဏ်၊ အလင်္ကာ၊ ရသ သင်ကြားရေး၂၀၁၇၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ ရာပြည့်စာပေ၊ ရန်ကုန်မြို့။
- မောင်ခင်မင်(ဓနုဖြူ)၊ မင်းသုဝဏ်ဋီကာ၊ ၂၀၁၈ ဩဂုတ်လ၊ ပထမအကြိမ်၊ လပြည့်လင်း ပုံနှိပ် တိုက်၊ ရန်ကုန်မြို့။
- ဦးတင့်ဆွေ၊ ကဗျာဖွဲ့နည်း နိသျည်း၊ ၁၉၇၀ နိုဝင်ဘာလ၊ ပဉ္စမအကြိမ်၊ စာပေလောက ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
- သိပ္ပံမောင်ဝ၊ ခေတ်စမ်းစာပေအထွေထွေ၊ ၁၉၆၆ အောက်တိုဘာလ၊ ပုဂံစာအုပ်တိုက်။
- ဦးဖေမောင်တင်၊ မြန်မာစာပေသမိုင်း၊ ၂၀၀၃ ဩဂုတ်လ၊ ပဉ္စမအကြိမ်၊ ချိုတေးသံစာပေ၊ ရန်ကုန် မြို့။
- မြဇင်၊ ကဗျာ့နရီနှင့် နိမိတ်ပုံ၊ ၁၉၉၈ မေလ၊ ပထမအကြိမ်၊ မုံရွေးစာအုပ်တိုက်။
- မြဝတီမဂ္ဂဇင်း၊ ၁၉၆၃ ဇန်နဝါရီလ။
- လှသမိန်၊ ကဗျာအတတ်သင်၊ ၁၉၆၈ ဩဂုတ်လ၊ ပထမအကြိမ်။ ချိုတေးသံစာပေ၊ ရန်ကုန်မြို့။

ဖ။ ဝိဉာဉ်ခြေရာ (ကဗျာ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ဝိဉာဉ်ခြေရာ (ကဗျာ) |
| ရည်ရွယ်ချက် | • တက္ကသိုလ်ကို ချစ်သော၊ မြန်မာစာဌာနကို စတင်တည်ထောင်ခဲ့သော၊ မြန်မာလူမျိုးထဲမှ ပထမဦးဆုံး ကျောင်းအုပ်ကြီးဖြစ်ခဲ့သူ သစ္စာသမာဓိနှင့်ပြည့်စုံသည့် ဆရာကြီး ဦးဖေမောင်တင်၏ ဂုဏ်ရည်နှင့် စာဆို၏ ကဗျာဖွဲ့စွမ်းရည်ကို သိရှိစေရန်။ |
| သင်ယူမှုရလဒ် | • မြန်မာတစ်မျိုးသားလုံးအရေးကို ရှေ့ရှုကာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ဆရာကြီးဦးဖေမောင်တင်၏ ဂုဏ်ရည်ကို သိရှိပြီး၊ အားကျအတုယူ လိုက်နာကျင့်သုံးခြင်းအားဖြင့် နိုင်ငံသားကောင်းများ ဖြစ်လာစေနိုင်ပါသည်။ စာဆို၏ စေတနာနှင့် ကဗျာအရေးအဖွဲ့ စွမ်းရည်ကိုလည်းသိမြင်နိုင်စေမည် ဖြစ်သည်။ |
| သင်ကြားနည်း | အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း၊ ပူးပေါင်းပါဝင်နည်း၊ ထုတ်ယူဆင်ခြင်နည်း၊ ခြုံယူဆင်ခြင်နည်း၊ ဉာဏ်ဖွင့်ဆွေးနွေးနည်း |
| သင်ထောက်ကူပစ္စည်း | စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁
နိဒါန်းပျိုးခြင်း၊ သင်ခန်းစာမိတ်ဆက်ခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို အသုံးပြုပါ။
- “ဆရာ တက္ကသိုလ်မင်းမော်ကို သိပါသလား”ဆရာ တက္ကသိုလ်မင်းမော် ရေးတဲ့ကဗျာတွေကို ဖတ်ဖူးပါသလား” “ဆရာတက္ကသိုလ် မင်းမော်နဲ့ ခေတ်ပြိုင်စာဆိုတွေကို သိပါသလား” စသည့် မေးခွန်းများကို မေးပါ။
- ကျောင်းသားများရဲ့ အဖြေကို နားထောင်ပြီးမှ တက္ကသိုလ်မင်းမော်၏ စေတနာ သို့မဟုတ် ဝေဒနာ ရသစာတမ်းကို ဒသမတန်း စိတ်ကြိုက်မြန်မာစာတွင် ပြဋ္ဌာန်းထားကြောင်း အသိပေးနိုင်ပါသည်။ ထိုရသစာတမ်းတွင် စေတနာကျုံ့ပါက ဝေဒနာပင် ဖြစ်းသွားတတ်ပုံကို အသိပေးရေးဖွဲ့ထားသည်ကို လေ့လာနိုင်ကြောင်း ရှင်းပြနိုင်ပါသည်။
- ပထမ စာသင်ချိန်တွင် ဆရာတက္ကသိုလ်မင်းမော်၏ အတ္ထုပ္ပတ္တိ၊ သူငယ်ချင်းကဗျာသမိုင်းကြောင်း၊ ကဗျာလင်္ကာအကြောင်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

လုပ်ငန်းစဉ် ၂
ရှင်းပြခြင်း၊ သင်ကြားခြင်း

- ယခု စာသင်ချိန်အတွက် ပူးပေါင်းပါဝင်သင်ကြားနည်း၊ အမေးအဖြေနည်းတို့ကို အသုံးပြု၍ ရှင်းပြပါ။
- ကျောင်းသုံးစာအုပ်ပါ ဆရာတက္ကသိုလ်မင်းမော်၏ အတ္ထုပ္ပတ္တိကို ရှင်းပြပါ။
- သူငယ်ချင်းကဗျာ ပေါ်ပေါက်လာပုံကို ရှင်းပြပါ။
- ဆရာတက္ကသိုလ်မင်းမော်သည် သူငယ်ချင်းဖြစ်သူကို တိုင်တည်ဟန်ဖြင့် ကဗျာများရေးဖွဲ့ရာမှ သူငယ်ချင်းကဗျာဆရာဟု စာပေလောက အသိုင်းအဝိုင်းက ကင်ပွန်းတပ်ခဲ့ကြကြောင်း
- သူငယ်ချင်းကဗျာများတွင် လောကသဘာဝ ကမောက်ကမဖြစ်ရပ်များကို ထောက်ပြကာ အကျည်းတန်အမှန်တရားကို ထုတ်ဖော်ရေးဖွဲ့လေ့ရှိကြောင်း
- ဆရာသည် သူငယ်ချင်းကဗျာများကို အစဉ်တစိုက်ရေးဖွဲ့ပြီး သူငယ်ချင်းကဗျာစု ၁ မှ ၄ အထိ ထုတ်ဝေနိုင်ခဲ့ကြောင်းတို့ကို ရှင်းပြပါ။
- လေးလုံးစပ်လင်္ကာအကြောင်း ရှင်းပြပါ။
- လေးလုံးစပ်လင်္ကာဆိုသည်မှာ လေးလုံးတစ်ပါဒ စပ်ဆိုရသော လင်္ကာကဗျာအမျိုးအစားဖြစ်ကြောင်း
- ပုဂံခေတ် မှ ယနေ့ခေတ်တိုင်အောင် အသုံးအများဆုံးသော ကဗျာဖွဲ့ပုံဖြစ်ကြောင်း
- ၄-၃-၂၊ ၄-၃-၁၊ ၄-၃၊ ၄-၂၊ ၄-၁၊ ၃-၂၊ ၃-၁ ကာရန်စနစ်များကို အသုံးပြုလေ့ရှိကြောင်းတို့ကို ရှင်းပြပါ။
- အချက်အလက်များကို ရှင်းပြပြီး မှတ်နိုင်စွမ်း ရှိမရှိကို စစ်ဆေးမေးမြန်းကာ ဖြေကြားခိုင်းပါ။

စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁
ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စု ၃ စုဖွဲ့ပါ။
- ဆရာတက္ကသိုလ်မင်းမော်၏ ထင်ရှားသော စာပေလက်ရာများနှင့် စာမိတ်ဆက်တွင်ပါသော အချက်အလက်များကို အုပ်စုလိုက် အပြန်အလှန်ပြောပါစေ။
- ပူးပေါင်းပါဝင်သင်ကြားနည်းကိုသုံး၍ စာမိတ်ဆက်ပါ အချက်အလက်များကို ဖြေကြားတတ်ရန် လေ့ကျင့်ပေးပါ။
- ဝိညာဉ်ခြေရာကဗျာကို ဘယ်ခေတ်မှာ ရေးခဲ့သလဲ။
- ဆရာတက္ကသိုလ်မင်းမော်ရဲ့ အမည်အရင်းက ဘာလဲ။
- ဆရာတက္ကသိုလ်မင်းမော်၏ ဇာတိကို ပြောပါ။
- စေတနာ သို့မဟုတ် ဝေဒနာ ရသစာတမ်းကို ဘယ်သူရေးသလဲ။
- ဆရာတက္ကသိုလ်မင်းမော် ဘယ်ဝတ္ထုကို ရေးခဲ့သလဲ။
- ကျောင်းသားများကို အုပ်စု ၃ စု ခွဲဖွဲ့ပါ။
- အုပ်စုတိုင်းကို ကဗျာပါ ကာရန်စနစ်များကို ရှာဖွေပြောပြခိုင်းပါ။
- အုပ်စုတစ်စုစီရဲ့ ကိုယ်စားလှယ် တစ်ဦးချင်းစီကို တင်ပြခိုင်းပါ။
- အုပ်စုအချင်းချင်း အကဲဖြတ်ပါစေ။
- အဖြေ မှန်မမှန်ကို ဆရာက ဆုံးဖြတ်ပေးပါ။ လိုအပ်သည်များကို ဆွေးနွေးလမ်းညွှန်ပေးပါ။

လုပ်ငန်းစဉ် ၂
စစ်ဆေးအကဲဖြတ်ခြင်း

- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးပါ။
- ဆရာတက္ကသိုလ်မင်းမော်ရဲ့ အတ္ထုပ္ပတ္တိမှာ ဘယ်အချက်တွေကို စိတ်ဝင်စားလဲ။
- ဆရာတက္ကသိုလ်မင်းမော် ငယ်စဉ်က ဘယ်ကျောင်းတွေမှာ ပညာသင်ကြားခဲ့သလဲ။
- ဆရာတက္ကသိုလ်မင်းမော်က ရန်ကုန်တက္ကသိုလ်မှာ ဘာတာဝန်တွေ ထမ်းဆောင်ခဲ့သလဲ။
- သူငယ်ချင်းကဗျာနဲ့ အခြားကဗျာတွေ ဘာကွာခြားသလဲ။
- ကျောင်းသားများရဲ့ အဖြေ မှန်မမှန်ကို ဆရာက စစ်ဆေး၍ သင်ကြားမှု ပေါက်မြောက်ခြင်း ရှိမရှိ သုံးသပ်ပါ။
- နောက်စာသင်ချိန်မှာ ကဗျာအကြောင်းအရာကို ကြိုတင်လေ့လာထားရန် မှာကြားပါ။

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁
သင်ကြားခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို အသုံးပြုပါ။
- ကျောင်းသားများ မှတ်မိနိုင်စွမ်းကို သိနိုင်ရန် ဆရာတက္ကသိုလ်မင်းမော်၏ အတ္ထုပ္ပတ္တိပါ အချက်အချို့ကို မေးကြည့်ပါ။
- "လူသေသွားသော်လည်း နာမည်သေမသွားသူတွေ ရှိပါသလား။ ဘယ်သူတွေလဲ။ သူတို့ကို ဘာကြောင့် သတိရနေတာလဲ။" စသည့် မေးခွန်းများကို မေးကြည့်ပါ။
- ကျောင်းသားများ၏ အဖြေကို နားထောင်ပြီးလျှင် " လူလောက ရောက်လာလျှင် လူ့အဖိုးတန် ဖြစ်အောင် ကြိုးစာဖို့လိုကြောင်း" နိဒါန်းပျိုးပါ။
- ယခုစာသင်ချိန်၌ ဝိညာဉ်ခြေရာကဗျာတွင် ရေးဖွဲ့ထားသည့် အကြောင်းအရာများကို ရှင်းပြသင်ကြားမည် ဖြစ်ကြောင်း ရှင်းပြပါ။

လုပ်ငန်းစဉ် ၂
သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ဝိညာဉ်ခြေရာကဗျာတွင် မြန်မာ့ပညာရေးအကျိုး၊ မြန်မာ့စာပေအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ဆရာကြီး ဦးဖေမောင်၏ ဂုဏ်ရည်ကို ဖော်ကျူးထားကြောင်း ရှင်းပြပါ။
- ဆရာက ဝိညာဉ်ခြေရာကဗျာကို အစအဆုံး အသံနေအသံထားမှန်မှန်ဖြင့် တစ်ခေါက်ဖတ်ပြပါ။
- ကျောင်းသားများကို အစအဆုံး တစ်ခေါက် ဖတ်ပါစေ။
- ကျောင်းသားများ ဖတ်ပြီးလျှင် ကဗျာပထမပိုဒ်တွင် ပုဂ္ဂိုလ်တစ်ဦး လမ်းလျှောက်နေသည်ကို ပုဂံလမ်းက စိန်ပန်း နီ စိန်ပန်းပြာပင်တို့အောက်တွင် တွေ့နိုင်ပုံ၊ ဒုတိယပိုဒ်တွင် သထုံလမ်းက ပိတောက်ပင်အောက်တွင် တွေ့နိုင်ပုံ၊ တတိယ ပိုဒ်တွင် စစ်ကိုင်းလမ်းက ကံ့ကော်ပင်အောက်တွင် တွေ့နိုင်ပုံ၊ စတုတ္ထပိုဒ်တွင် ရန်ကုန် တက္ကသိုလ်လမ်းထိုထိုတွင် နွေ၊ မိုး၊ ဆောင်းရာသီမရွေး ခြေရာများတွေ့နိုင်ပုံ၊ ပဉ္စမပိုဒ်တွင် သစ္စာ၊ သမာဓိတို့ နှင့်ပြည့်ဝပြီး ရန်ကုန်တက္ကသိုလ်အပေါ် သံယော ဇဉ်ရှိသည့် ဆရာတစ်ယောက်၏ဝိညာဉ် လမ်းလျှောက်လာသလိုရှိပုံတို့ကို စာရေးသူ၏ ခံစားချက်နှင့် ယှဉ်၍ ရေးဖွဲ့ထား ကြောင်း အချုပ်ရှင်းပြပါ။
- ကျောင်းသားများကို ကဗျာပထမပိုဒ် ရွတ်ပါစေ။
- ပြီးလျှင် ဆရာက ထိုအပိုဒ်ကို ရှင်းပြပါ။

- ဆရာက အချို့စာသားများကို ရှင်းပြ၍၊ ကျောင်းသားများအား အချို့စာသားများကို ရှင်းပါစေ။
- ကျန်အပိုဒ်များကိုလည်း ထိုနည်းအတိုင်း ရှင်းပါ။

စစ်ဆေးအကဲဖြတ်ခြင်း
- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးပါ။
- ဝိညာဉ်ခြေရာကဗျာသည် ဘာအကြောင်းအရာကို အသားပေးဖော်ပြထားတယ်လို့ ထင်ပါသလဲ။
- စာဆို တက္ကသိုလ်မင်းမော်သည် ဆရာကြီးဦးဖေမောင်တင်အပေါ် ကြည်ညိုလေးစားစိတ် ရှိတယ်လို့ ထင်ပါသလား။ ဘာကြောင့်လဲ။
- ဝိညာဉ်ခြေရာကဗျာကို ဖတ်ရှုလေ့လာရတဲ့အခါ ဘယ်လိုစိတ်ခံစားချက်တွေ ဖြစ်ပေါ်လာသလဲ။
- ဝိညာဉ်ခြေရာကဗျာကို နှစ်သက်သဘောကျပါသလား။ ဘာကြောင့်လဲ။
- ကျောင်းသားများ၏ အဖြေမှန်မမှန်ကို ဆရာက စစ်ဆေး၍ သင်ကြားမှု ပေါက်ရောက်ခြင်း ရှိမရှိကို သုံးသပ်ပါ။
- နောက်စာသင်ချိန်တွင် ဝိညာဉ်ခြေရာကဗျာ၏ အရေးအဖွဲ့ပိုင်းကို သင်ကြားမည်ဖြစ်၍ ကဗျာကို ထပ်မံဖတ်ရှု လေ့လာထားရန် မှာကြားပါ။
- လေ့ကျင့်ခြင်း
- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်မေးခွန်း ၁၊ ၃၊ ၄၊ ၅တို့ကို အိမ်စာပေးပါ။
- ၁။ ဝိညာဉ်ခြေရာကဗျာကို ဖတ်ရှုပြီး မည်သည့်အသိအမြင်ရရှိကြောင်း သင့်စကားဖြင့် ရေးပါ။
- ၃။ ဝိညာဉ်ခြေရာကဗျာသည် ရသနှင့် အသိအမြင်နှစ်ခုအနက် မည်သည်ကို ပို၍ ပေးစွမ်းနိုင်ကြောင်း အကဲဖြတ်ပါ။
- ၄။ "ကျားသေ သားရေ ကျန်ရမည်။လူသေ နာမည် ချန်ရမည်" ဟူသောအဆိုကို ထောက်ခံပါသလား။ သင့်အမြင် ကို ဆွေးနွေးတင်ပြပါ။
- ၅။ ဝိညာဉ်ခြေရာကဗျာကို ဖတ်ပြီး ဆရာကြီး ဦးဖေမောင်တင်သည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်ပါသနည်း။ သင့်
- ထင်မြင်ယူဆချက်ကို တင်ပြပါ။

## စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

ရှင်းပြခြင်း၊ သင်ကြားခြင်း
- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို သုံးပါ။
- ကျောင်းသားများ မှတ်မိနိုင်စွမ်းကို သုံးသပ်စစ်ဆေးနိုင်ရန်အတွက် ဝိညာဉ်ခြေရာကဗျာပါ အကြောင်းအရာ အချက်အလက်များကို အသေးစိတ်ပြန်မေးကြည့်ပါ။
- ကဗျာကို အသံနေအသံထား မှန်မှန်ရွတ်စေပြီး အရေးအဖွဲ့ပိုင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ကဗျာတစ်ပုဒ်တွင် စကားအသုံးကောင်းများ၊ ကာရန်အသံများ ပါဝင်ရန်လိုကြောင်း၊ စကားလုံးနှင့် ကာရန်အသုံး ကောင်းပါက ကဗျာမှာ ပိုမိုလှပလာမည်ဖြစ်ကြောင်း၊ ကဗျာတွင် သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့တို့ အရေးပါကြောင်း ရှင်းပြပါ။
- ရှင်းပြရာတွင် စကားလုံးအသုံးကောင်းများကို လေ့လာလျှင် အလင်္ကာမြောက်သောအသုံးများ၊ ဂုဏ်မြောက်သော အသုံးများကို လေ့လာရမည်ဖြစ်ကြောင်း ပြောပါ။

- အလင်္ကာမြောက်သော အသုံးများကို လေ့လာရာတွင် 'ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ အတိသယဝုတ္တိအလင်္ကာ၊ ဝက်ဝုတ္တိအလင်္ကာ၊ မြည်သံစွဲအလင်္ကာ'များ ပါမပါ ကြည့်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- ဂုဏ်မြောက်သော အသုံးများကိုလေ့လာရာတွင် 'သမာဓိဂုဏ်၊ ဩဇဂုဏ်၊ ပသာဒဂုဏ်၊ မဓုရတာဂုဏ်၊ နဘောထပ်ဂုဏ်'များ ပါမပါ ကြည့်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- ဝိညာဉ်ခြေရာကဗျာတွင် သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့များပါပြီး၊ အဖွဲ့ခံ ဆရာကြီးကို စိတ်မျက်စိတွင် မြင်ယောင်လာအောင် ဖွဲ့နိုင်ကြောင်း ရှင်းပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။
- အုပ်စုများကို ကဗျာမှ စကားအသုံးအနှုန်းကောင်းများ၊ ကာရန်အသံများ၊ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့များ၊ အလင်္ကာအသုံးကောင်းများ၊ ဂုဏ်မြောက်သောအသုံးများကို ရှာပါစေ။
- အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- အဖြေမှန် မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်လျှင် ဆရာက ရှင်းပြလမ်းညွှန်ပေးပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- ကဗျာပါ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့တွေက စာဖတ်သူကို ဘယ်လိုခံစားချက်တွေ ပေးလဲ။
- ဘာကာရန်၊ ဘာအလင်္ကာ၊ ဘာဂုဏ်တွေကို သုံးထားပြီး ဘာရသကို ပေးပါသလဲ။
- ကျောင်းသားများ၏ အဖြေမှန်မမှန်ကို ဆရာက စစ်ဆေးပါ။ သင်ကြားမှု ပေါက်မြောက်ခြင်း ရှိမရှိကို သုံးသပ်ပါ။

လေ့ကျင့်ခြင်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၂ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်မမှန်ကို စစ်ဆေးပါ။

စာအညွှန်း


- စိုးညွှန့်၊ ဦး (ရာပြည့်)။ (၂၀၂၀)။ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀။ ရန်ကုန်၊ ရာပြည့်စာပေ။
- ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂)။ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။
- မင်းမော်၊ တက္ကသိုလ် ။(၂၀၂၀)။ သူငယ်ချင်းကဗျာပေါင်းချုပ်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။
- မြန်မာကဗျာ စာတမ်းများ(ပထမတွဲ) ။(၁၉၈၃)။ ရန်ကုန်၊ စာပေဗိမာန်။
- မြန်မာကဗျာ စာတမ်းများ(ဒုတိယတွဲ)။(၁၉၈၃)။ ရန်ကုန်၊ စာပေဗိမာန်။
- လေးလုံ၊ မ။ (၂၀၁၉)။ ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၇။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ (ကဗျာ)

| သင်ခန်းစာခေါင်းစဉ် | အဘိုးသခင်ကိုယ်တော်မှိုင်းသို့ (ကဗျာ) |
|---|---|
| ရည်ရွယ်ချက် | • ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မြန်မာမှုမြန်မာ့ဓလေ့တို့ကို မြတ်နိုးသောစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် ဆရာကြီး၏ဂုဏ်ရည်၊ ဆရာတင်မိုး၏ ကဗျာအဖွဲ့စွမ်းရည်တို့ကို သိရှိစေရန် |
| သင်ယူမှုရလဒ် | • ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မြန်မာမှုမြန်မာ့ဓလေ့တို့ကို မြတ်နိုးသောစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ကို သိရှိလာမည်။ ဆရာတင်မိုး၏ ကဗျာအဖွဲ့စွမ်းရည်တို့ကိုသိရှိလာမည်။ |
| သင်ကြားနည်း | • အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း၊ ပူးပေါင်းပါဝင်နည်း၊ ထုတ်ယူဆင်ခြင်နည်း၊ ခြုံယူဆင်ခြင်နည်း၊ ဉာဏ်ဖွင့်ဆွေးနွေးနည်း |
| သင်ထောက်ကူပစ္စည်း | စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | ၄ ချိန်၊ ၁ ချိန် ၄၅ မိနစ် |

စာသင်ချိန် ၁

လုပ်ငန်းစဉ် ၁

နိဒါန်းပျိုးခြင်း၊ သင်ခန်းစာမိတ်ဆက်ခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို အသုံးပြုပါ။
- "ဆရာ တင်မိုးကို သိပါသလား"ဆရာ တင်မိုး ရေးတဲ့ကဗျာတွေကို ဖတ်ဖူးပါသလား" "ဆရာတင်မိုးနဲ့ ခေတ်ပြိုင်စာဆိုတွေကို သိပါသလား" စသည့်မေးခွန်းများကို မေးပါ။
- ကျောင်းသားများရဲ့ အဖြေကို နားထောင်ပြီးမှ တင်မိုးရေးဖွဲ့ခဲ့သော ပြဋ္ဌာန်းစာပါ 'က' ကလေးငယ်ချစ်စဖွယ်၊ 'မမဝဝ ထထက'စသော ကဗျာများကို အသိပေးနိုင်ပါသည်။
- ပထမ စာသင်ချိန်တွင် ဆရာတင်မိုး၏ အတ္ထုပ္ပတ္တိ၊ တင်မိုး၏ ကဗျာလင်္ကာအကြောင်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

လုပ်ငန်းစဉ် ၂

ရှင်းပြခြင်း၊ သင်ကြားခြင်း

- ယခု စာသင်ချိန်အတွက် ပူးပေါင်းပါဝင်သင်ကြားနည်း၊ အမေးအဖြေနည်းတို့ကို အသုံးပြု၍ ရှင်းပြပါ။
- ကျောင်းသုံးစာအုပ်ပါ ဆရာတင်မိုး၏ အတ္ထုပ္ပတ္တိကို ရှင်းပြပါ။
- သူငယ်ချင်းကဗျာ ပေါ်ပေါက်လာပုံကို ရှင်းပြပါ။

- ဆရာသည် ကဗျာများကို အစဉ်တစိုက်ရေးဖွဲ့ပြီး ကဗျာစာအုပ်များစွာ ထုတ်ဝေနိုင်ခဲ့ကြောင်းတို့ကို ရှင်းပြပါ။
- လေးလုံးစပ်လင်္ကာအကြောင်း ရှင်းပြပါ။
- လေးလုံးစပ်လင်္ကာဆိုသည်မှာ လေးလုံးတစ်ပါဒ စပ်ဆိုရသော လင်္ကာကဗျာအမျိုးအစားဖြစ်ကြောင်း
- ပုဂံခေတ် မှ ယနေ့ခေတ်တိုင်အောင် အသုံးအများဆုံးသော ကဗျာဖွဲ့ပုံဖြစ်ကြောင်း
- ၄-၃-၂၊ ၄-၃-၁၊ ၄-၃၊ ၄-၂၊၄-၁၊ ၃-၂၊ ၃-၁ ကာရန်စနစ်များကို အသုံးပြုလေ့ရှိကြောင်းတို့ကို ရှင်းပြပါ။
- အချက်အလက်များကို ရှင်းပြပြီး မှတ်နိုင်စွမ်း ရှိမရှိကို စစ်ဆေးမေးမြန်းကာ ဖြေကြားခိုင်းပါ။

## စာသင်ချိန် ၂

လုပ်ငန်းစဉ် ၁

ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စု ၃ စုဖွဲ့ပါ။
- ဆရာတင်မိုး၏ ထင်ရှားသော စာပေလက်ရာများနှင့် စာမိတ်ဆက်တွင်ပါသော အချက်အလက်များကို အုပ်စုလိုက် အပြန်အလှန်ပြောပါစေ။
- ပူးပေါင်းပါဝင် သင်ကြားနည်းကိုသုံး၍ စာမိတ်ဆက်ပါ အချက်အလက်များကို ဖြေကြားတတ်ရန် လေ့ကျင့်ပေးပါ။
- အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာကို ဘယ်ခေတ်မှာ ရေးခဲ့သလဲ။
- ဆရာတင်မိုးရဲ့ အမည်အရင်းက ဘာလဲ။
- ဆရာတင်မိုး၏ ဇာတိကို ပြောပါ။
- ‘မမဝဝ ထထက’ကဗျာကို ဘယ်သူရေးခဲ့သလဲ။
- ကျောင်းသားများကို အုပ်စု ၃ စု ခွဲဖွဲ့ပါ။
- အုပ်စုတိုင်းကို ကဗျာပါ ကာရန်စနစ်များကို ရှာဖွေပြောပြခိုင်းပါ။
- အုပ်စုတစ်စုစီရဲ့ ကိုယ်စားလှယ် တစ်ဦးချင်းစီကို တင်ပြခိုင်းပါ။
- အုပ်စုအချင်းချင်း အကဲဖြတ်ပါစေ။
- အဖြေ မှန်မမှန်ကို ဆရာက ဆုံးဖြတ်ပေးပါ။ လိုအပ်သည်များကို ဆွေးနွေးလမ်းညွှန်ပေးပါ။

လုပ်ငန်းစဉ် ၂

စစ်ဆေးအကဲဖြတ်ခြင်း

- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးပါ။
- ဆရာတင်မိုးရဲ့ အတ္ထုပ္ပတ္တိမှာ ဘယ်အချက်တွေကို စိတ်ဝင်စားလဲ။
- ဆရာတင်မိုး ငယ်စဉ်က ဘယ်ကျောင်းတွေမှာ ပညာသင်ကြားခဲ့သလဲ။
- ဆရာတင်မိုးက နိုင်ငံတော်၏ ဘာတာဝန်တွေ ထမ်းဆောင်ခဲ့သလဲ။
- ဆရာတင်မိုးကဗျာနဲ့ အခြားကဗျာတွေ ဘာကွာခြားသလဲ။
- ကျောင်းသားများရဲ့ အဖြေ မှန်မမှန်ကို ဆရာက စစ်ဆေး၍ သင်ကြားမှု ပေါက်မြောက်ခြင်း ရှိမရှိ သုံးသပ်ပါ။
- နောက်စာသင်ချိန်မှာ ကဗျာအကြောင်းအရာကို ကြိုတင်လေ့လာထားရန် မှာကြားပါ။



NUG MOE

စာသင်ချိန် ၃

လုပ်ငန်းစဉ် ၁

သင်ကြားခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို အသုံးပြုပါ။
- ကျောင်းသားများ မှတ်မိနိုင်စွမ်းကို သိနိုင်ရန် ဆရာတင်မိုး၏ အတ္ထုပ္ပတ္တိပါ အချက်အချို့ကို မေးကြည့်ပါ။
- “လူသေသွားသော်လည်း နာမည်သေမသွားသူတွေ ရှိပါသလား။ ဘယ်သူတွေလဲ။ သူတို့ကို ဘာကြောင့် သတိရနေတာလဲ။” စသည့် မေးခွန်းများကို မေးကြည့်ပါ။
- ကျောင်းသားများ၏ အဖြေကို နားထောင်ပြီးလျှင် “ လူလောက ရောက်လာလျှင် လူ့အဖိုးတန် ဖြစ်အောင် ကြိုးစာဖို့လိုကြောင်း” နိဒါန်းပျိုးပါ။
- ယခုစာသင်ချိန်၌ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာတွင် ရေးဖွဲ့ထားသည့် အကြောင်းအရာများကို ရှင်းပြ သင်ကြားမည် ဖြစ်ကြောင်း ရှင်းပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မြန်မာမှုမြန်မာ့ဓလေ့တို့ ကို မြတ်နိုး သောစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့်ဆရာကြီး၏ဂုဏ်ရည်ကို ဖော်ကျူးထားကြောင်း ရှင်းပြပါ။
- ဆရာက အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာကို အစအဆုံး အသံနေအသံထားမှန်မှန်ဖြင့် တစ်ခေါက်ဖတ် ပြပါ။
- ကျောင်းသားများကို အစအဆုံး တစ်ခေါက် ဖတ်ပါစေ။
- ကျောင်းသားများ ဖတ်ပြီးလျှင် ကဝိတစ်ဆူဖြစ်သော အဘိုးသခင်ကိုယ်တော်မှိုင်းသည် ကွမ်းအစ်ကိုအမြဲ သုံးလေ့ရှိ ကြောင်း၊ သျှောင်ထုံးကိုလည်း အမြဲထုံးထားလေ့ရှိကြောင်း၊ ရင်ဖုံးအင်္ကျီ၊ ဖျင်ပင်နီနှင့် ယောပုဆိုး တို့ကိုလည်း အမြဲဝတ်ဆင်လေ့ရှိကြောင်း၊ ထိုးကွင်းမင်ကြောင်လည်းထိုးထားကြောင်း၊အဘိုး၏ ရဲစွမ်းသတ္တိ နှင့် ပြည့်စုံပြီး ဓမ္မကိုမြတ်နိုးသော ဉာဏ်သည် နယ်ချဲ့ကို တော်လှန်ရာ၌ ထက်မြက်ခဲ့ကြောင်း၊ အဘိုး၏ ဓား နှင့်တူသော နှုတ်စကားတို့ သည်လည်း ထောင်ထားခြားနားရာ၌ ထက်မြက်ခဲ့ကြောင်း၊ အဘိုး၏ သွေးသည် ကျွန်နံ့ကိုဆေးကြောပြီး အားမွေးရာ၌ ထက်မြက်ခဲ့ကြောင်း”အဘိုးသည် သူ့ကျွန်ခံလိုစိတ်လည်း မရှိ၊ သူ့ လက်အောက်တွင်လည်း မခစား၊ ဘယ်တော့မှ လက်မြှောက် အရှုံးမပေး၊ နယ်ချဲ့ပေးသော ဆုကိုလည်း မ မက်မော၊ နယ်ချဲ့ပေးသောဘွဲ့ကိုလည်း မမူ၊ ကိုယ်ကျိုးလည်း မငဲ့၊ သူ့ဘဝကို ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး များနှင့် အေးအတူပူအမျှ တစ်သားတည်းဖြစ်အောင် ရောသမမွှေ ခဲ့ကြောင်း၊ အဘိုး၏သွေးသည် အမျိုး သွေး၊ အဘိုး၏စိတ်သည် အမျိုးစိတ်၊ အဘိုး၏ဂုဏ်သည် အမျိုးဂုဏ်ပင်ဖြစ်ကြောင်း၊ အဘိုးသည် ရှိစဉ်အခါ ကလည်း ကိုယ့်ပြည်ကိုယ့်ရွာကို အမြဲစောင့်ရှောက်သကဲ့သို့၊ သေသွားလျှင်လည်း ကိုယ်ပြည် ကိုယ့်ရွာကို လာရောက်စောင့်ရှောက်လိမ့်မည်ဖြစ်ကြောင်း၊ ဘိုးမသေသေးသရွေ့ မြန်မာပြည်သူပြည်သားများ မသေ နိုင်၊ မြန်မာပြည် ကြီး ရှိနေသရွေ့ အဘိုးနာမည်လည်း မသေနိုင်ဘဲအဘိုးနှင့် မြန်မာပြည်၊ အဘိုးနှင့် မြန်မာ ပြည်သူပြည်သားများမှာ ဂဟေစွဲ ထားသကဲ့သို့ ခိုင်မြဲလှကြောင်း” အချုပ်ရှင်းပြပါ။

- ကျောင်းသားများကို ကဗျာပထမပိုဒ် ရွတ်ပါစေ။
- ပြီးလျှင် ဆရာက ထိုအပိုဒ်ကို ရှင်းပြပါ။

NUG MOE

- ဆရာက အချို့စာသားများကို ရှင်းပြ၍၊ ကျောင်းသားများအား အချို့စာသားများကို ရှင်းပါစေ။
- ကျန်အပိုဒ်များကိုလည်း ထိုနည်းအတိုင်း ရှင်းပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- အမေးအဖြေနည်းကို သုံး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးပါ။
- အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာသည် ဘာအကြောင်းအရာကို အသားပေးဖော်ပြထားတယ်လို့ ထင်ပါသလဲ။
- စာဆိုတင်မိုးသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအပေါ် ကြည်ညိုလေးစားစိတ် ရှိတယ်လို့ ထင်ပါသလား။ ဘာကြောင့်လဲ။
- အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာကို ဖတ်ရှုလေ့လာရတဲ့အခါ ဘယ်လိုစိတ်ခံစားချက်တွေ ဖြစ်ပေါ်လာသလဲ။
- အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာကို နှစ်သက်သဘောကျပါသလား။ ဘာကြောင့်လဲ။
- ကျောင်းသားများ၏အဖြေမှန်မမှန်ကို ဆရာက စစ်ဆေး၍ သင်ကြားမှုပေါက်ရောက်ခြင်း ရှိမရှိကို သုံးသပ်ပါ။
- နောက်စာသင်ချိန်တွင် အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာ၏ အရေးအဖွဲ့ပိုင်းကို သင်ကြားမည်ဖြစ်၍ ကဗျာကို ထပ်မံဖတ်ရှုလေ့လာထားရန် မှာကြားပါ။

လေ့ကျင့်ခြင်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်မေးခွန်း ၁၊ ၃၊ ၄၊ ၅တို့ကို အိမ်စာပေးပါ။

၁။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာကို ဖတ်ရှုပြီး မည်သည့်အသိအမြင်ရရှိသည်ကို သင့်စကားဖြင့် ရေးပါ။
၃။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာသည် ရသနှင့်အသိအမြင် နှစ်ခုအနက် မည်သည်ကို ပို၍ ပေးစွမ်းနိုင်ကြောင်း အကဲဖြတ်ပါ။
၄။ သင် သက်ရှိထင်ရှားရှိစဉ် တိုင်းပြည်နှင့် လူမျိုးအကျိုးကို မည်သို့ဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားပါသနည်း။ သင့် ဆုံးဖြတ်ချက်ကို တင်ပြဆွေးနွေးပါ။
၅။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာကို ဖတ်ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် မည်သို့သောပုဂ္ဂိုလ် ဟုသင် ထင်မြင်ယူဆပါသနည်း။ သင့် ထင်မြင်ယူဆချက်ကို အကျိုးသင့်အကြောင်းသင့် တင်ပြပါ။

## စာသင်ချိန် ၄

လုပ်ငန်းစဉ် ၁

ရှင်းပြခြင်း၊ သင်ကြားခြင်း

- သင်ခန်းစာအတွက် နိဒါန်းပျိုးရာတွင် အမေးအဖြေနည်းကို သုံးပါ။
- ကျောင်းသားများ မှတ်မိနိုင်စွမ်းကို သုံးသပ်စစ်ဆေးနိုင်ရန်အတွက် ဝိညာဉ်ခြေရာကဗျာပါ အကြောင်းအရာ အချက်အလက်များကို အသေးစိတ်ပြန်မေးကြည့်ပါ။
- ကဗျာကို အသံနေအသံထား မှန်မှန်ရွတ်စေပြီး အရေးအဖွဲ့ပိုင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

- ကဗျာတစ်ပုဒ်တွင် စကားအသုံးကောင်းများ၊ ကာရန်အသံများ ပါဝင်ရန်လိုကြောင်း၊ စကားလုံးနှင့် ကာရန်အသုံး ကောင်းပါက ကဗျာမှာ ပိုမိုလှပလာမည်ဖြစ်ကြောင်း၊ ကဗျာတွင် သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့တို့ အရေးပါကြောင်း ရှင်းပြပါ။
- ရှင်းပြရာတွင် စကားလုံးအသုံးကောင်းများကို လေ့လာလျှင် အလင်္ကာမြောက်သောအသုံးများ၊ ဂုဏ်မြောက်သော အသုံးများကို လေ့လာရမည်ဖြစ်ကြောင်း ပြောပါ။
- အလင်္ကာမြောက်သော အသုံးများကို လေ့လာရာတွင် 'ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ အတိသယဝုတ္တိအလင်္ကာ၊ ဝင်္ကဝုတ္တိအလင်္ကာ၊ မြည်သံစွဲအလင်္ကာ'များ ပါမပါ ကြည့်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- ဂုဏ်မြောက်သော အသုံးများကိုလေ့လာရာတွင် 'သမာဓိဂုဏ်၊ ဩဇဂုဏ်၊ ပသာဒဂုဏ်၊ မဓုရတာဂုဏ်၊ နဘောထပ်ဂုဏ်'များ ပါမပါ ကြည့်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- အဘိုးသခင်ကိုယ်တော်မှိုင်းကဗျာတွင် သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့များပါပြီး၊ အဖွဲ့ခံ ဆရာကြီးကို စိတ်မျက်စိတွင် မြင်ယောင်လာအောင် ဖွဲ့နိုင်ကြောင်း ရှင်းပြပါ။

လုပ်ငန်းစဉ် ၂

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။
- အုပ်စုများကို ကဗျာမှ စကားအသုံးအနှုန်းကောင်းများ၊ ကာရန်အသံများ၊ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့များ၊ အလင်္ကာအသုံးကောင်းများ၊ ဂုဏ်မြောက်သောအသုံးများကို ရှာပါစေ။
- အုပ်စုတစ်စု၏ အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
- အဖြေမှန် မမှန်ကို ဆရာက စစ်ဆေးပါ။ လိုအပ်လျှင် ဆရာက ရှင်းပြလမ်းညွှန်ပေးပါ။

စစ်ဆေးအကဲဖြတ်ခြင်း

- ကဗျာပါ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့တွေက စာဖတ်သူကို ဘယ်လိုခံစားချက်တွေ ပေးလဲ။
- ဘာကာရန်၊ ဘာအလင်္ကာ၊ ဘာဂုဏ်တွေကို သုံးထားပြီး ဘာရသကို ပေးပါသလဲ။
- ကျောင်းသားများ၏ အဖြေမှန်မမှန်ကို ဆရာက စစ်ဆေးပါ။ သင်ကြားမှု ပေါက်မြောက်ခြင်း ရှိမရှိကို သုံးသပ်ပါ။

လေ့ကျင့်ခြင်း

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း ၂ ကို ဖြေပါစေ။
- ဆရာက အဖြေ မှန်မမှန်ကို စစ်ဆေးပါ။

စာအညွှန်း


- စိုးညွန့်၊ ဦး (ရာပြည့်)။ (၂၀၂၀)။ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀။ ရန်ကုန်၊ ရာပြည့်စာပေ။
- တင်မိုး ။(၂၀၁၃)။ တင်မိုး ကဗျာပေါင်းချုပ်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။
- ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂)။ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။
- မြန်မာကဗျာ စာတမ်းများ(ပထမတွဲ) ။(၁၉၈၃)။ ရန်ကုန်၊ စာပေဗိမာန်။
- မြန်မာကဗျာ စာတမ်းများ(ဒုတိယတွဲ)။(၁၉၈၃)။ ရန်ကုန်၊ စာပေဗိမာန်။
- မဟာမှိုင်းသို့ စာ ၁၀၀။ (၂၀၁၅)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

အပိုင်း (၃) အရေးသင်ခန်းစာ

| G12 မြန်မာစာ သင်ခန်းစာ | Competency |
|---|---|
| အပိုင်း (၃) အရေးသင်ခန်းစာ | (၁) မြန်မာဘာသာစကားကို ဆက်သွယ်မှုကြားခံအဖြစ် ထိထိရောက်ရောက် အသုံးချရေးသားနိုင်ခြင်း<br>(၂) စာပေ၏အလှကို ခံစားနားလည်ရာမှတစ်ဆင့် မိမိစိတ်ကူး စိတ်သန်းနှင့် အတွေ့အကြုံတို့ကို ကိုယ်ပိုင်ဟန်ဖြင့် ရေးသားနိုင်ခြင်း |

NUG MOE

အပိုင်း (၃) အရေးသင်ခန်းစာ

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် |
|---|---|---|---|
| ၁။ | ပြောတဲ့အခါနဲ့ ရေးတဲ့အခါ | • ကို ယ် ဖ တ် ရ တဲ့ စာ တွေ မှာ အဆို တွေ၊ အထောက် အပင့် တွေ၊ သာဓကတွေနဲ့ စနစ်တကျ စည်းစည်းရုံးရုံး ရေးထား မထား စိစစ်ပြ တတ်တဲ့ အရည်အသွေးနှင့်<br>• ကိုယ်တိုင်ရေးတဲ့အခါ အဆိုတွေ၊ အထောက် အပင့်တွေ၊ သာဓကတွေနဲ့ စနစ်တကျ စည်းစည်းရုံးရုံး ရေးတတ်တဲ့ အရည်အသွေး နှစ်ရပ်တိုးပွားရန် | မေးခွန်းနှင့် အဖြေသုံး၍ သင်ပြနည်း (Question and Answer Method)<br>• နားလည်မှုပမာဏကို သိရှိစေရန်<br>• ကျောင်းသားများ၏ အာရုံစူးစိုက်မှု ကို ပြောင်းလဲချိန် အရေးကြီးအချက်များကို သီးခြား ခွဲထုတ် ၍ အကျယ်ချဲ့ ပြောရန်<br>• Assignment မပေးမီ တပည့်များ ကို ညွှန်ကြားချက်ပေးရန် |
| ၂။ | နည်းလမ်းငါးသွယ် | • စာရေးရန် နည်းလမ်းများကို စနစ်တကျ သိရှိသွားနိုင်တဲ့ အရည်အသွေးနှင့်<br>• ထိုနည်းလမ်းများကို သုံး၍ စာကို ထိထိ ရောက်ရောက် ရေးနိုင်တဲ့ အရည်အသွေး နှစ်ရပ် တိုးပွားစေရန် | ( ၁) မေးခွန်းနှင့် အဖြေသုံး၍ သင်ပြနည်း (Question and Answer Method)<br>(၂) ခြုံယူဆင်ခြင်နည်း (Inductive Method)<br>• သင်ခန်းစာနှင့်ပတ်သက်၍ ယခင် သိရှိပြီးသမျှကိုပြန် လည် ဖော်ထုတ်ဆွေးနွေးခြင်း<br>• သင်ခန်းစာပါအချက်အလက်များကို အသေးစိတ်လေ့လာခြင်း<br>• လက်တွေ့လေ့ကျင့်ဆောင်ရွက် စေခြင်း |
| ၃။ | ခွန်အားရှိသောစာ | • စာရေးရာတွင် သတိထားသင့်သော အချက်များကို သိရှိ နားလည်စေရန် | (၁) ဟောပြောဆွေးနွေးခြင်းနည်း (Lecture Discussion Method)<br>• ဆရာနှင့်တပည့်အပြန်အလှန် မေးမြန်းဆွေးနွေးစေခြင်း |

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် |
|---|---|---|---|
| ၃။ | ခွန်အားရှိသောစာ | • ထိုအချက်များကို ဂရုစိုက် အလေး ထား ၍ ခွန်အားရှိ သောစာများ ရေးသား နိုင် စွမ်း ရှိ လာစေရန် | • ရသောအချိန်အတွင်း ပြီးစီးရန် လေ့ကျင့်သင်ကြားခြင်း<br>• စာသင်ခန်းထဲတွင် အောက်ပါအ စီစဉ်အရ လက်တွေ့ ဆောင်ရွက် ခြင်း (က) နိဒါန်းပျိုးခြင်း (ခ) အချက် လက်များတင်ပြခြင်း (ဂ) ဥပမာများဖြင့် မြင်သာ စေရန် မေးမြန်းရှင်းလင်းဖြေဆိုစေခြင်း (ဃ) အနှစ်ချုပ်၍ ဆွေးနွေးပို့ချပြီး နားလည်မှုကို ပြန်လှန် စစ်ဆေး ခြင်း |
| ၄။ | စာရေးနည်း နှစ်မျိုး | • စာတစ်ပုဒ်ကိုဖတ်ပြီးမည်သည့် ရေးနည်းမျိုးဖြင့်ရေးသား ထား ကြောင်း ဝေဖန် စိစစ်နိုင်သော အရည်အသွေး တိုးပွား စေရန်<br>• ထို စာ ရေး န ည်း အ သီး သီး ကို ထင်ဟင်နေသော နမူနာများ ကို အတုယူ၍ ကိုယ်တိုင် ဖန်တီး ရေးသားနိုင်သော အရည်အသွေး တိုးပွားစေရန် | (၁)မေးခွန်းနှင့် အဖြေသုံး၍ သင်ပြ နည်း<br>(Question and Answer Method)<br>(၂) ဟောပြောဆွေးနွေးခြင်းနည်း<br>(Lecture Discussion Method) |
| ၅။ | ရသဖန်တီးသူ ရသနှင့် ရသခံစားသူ | • စာရေးသူတို့သည် ရသစာပေ ဆိုင်ရာ စိတ်ကူးဉာဏ်ကို ပုံ ဖော်ရန် စေတနာ ပွဲကိုင်ပြီး သဒ္ဒါလင်္ကာရ၊ အတ္ထာ လင်္ကာရ နည်းနာများကို အသုံးပြု ရေး သားတတ်ကြောင်း သိရှိစေရန်<br>• ကိုယ်တိုင်ရေးဝတ္ထုဖြစ်စေ၊ မှီ ငြမ်း ဝတ္ထုဖြစ်စေ၊ ဘာသာ ပြန် ဝတ္ထုဖြစ်စေ ခံစားသိနှင့် အတူ ဘဝ အသိမြင်ကို ပေးနိုင် ကြောင်း အကဲဖြတ် နိုင်စွမ်းရှိ လာစေရန် | (၁) ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method)<br>• တပည့်များ၏ အတွေးအခေါ် အကြံဉာဏ်များ ပေါ်ထွက်လာစေ ရန် လှုံ့ဆော်သင်ကြားပေးခြင်း<br>• လုပ်ငန်းစဉ်– အုပ်စုငယ်များဖွဲ့၍ ခေါင်းစဉ်တစ်ခုပေး ခြင်း ၊ အဖြေ ကို နှုတ်ပြော/စာရေးခြင်းဖြင့် ရယူ ခြင်း၊ ဆီလျော်သောအဖြေများ အကြံဉာဏ်များအတွက် (လိုအပ် ပါက) ဆက်လက်ဆွေးနွေးခြင်း၊ စုပေါင်း ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးကို သင်ယူသူများ သိရှိအောင် လေ့ကျင့်ပေးခြင်း |

| စဉ် | အကြောင်းအရာ | သင်ယူမှုရလဒ် | သင်ကြားနည်းစနစ် |
| --- | --- | --- | --- |
| ၆။ | ရေးဟန် | • ပညာရှင်တို့ မိန့်ဆိုသည့် ရေးဟန် သဘောတရားများကို သိရှိနားလည်စေရန်<br>• စာတစ်ပုဒ်ကို ဖတ်ပြီးသည်နှင့် မည်သည့်ရေးဟန်ကို သုံး၍ ရေးသားထားကြောင်း အကဲဖြတ်တတ်စေရန်<br>• ရေးဟန်သဘောတရားတို့ကို ကောင်းစွာနားလည်ပြီး သုတ ရသ စာပေများကို ကိုယ်တိုင် ဖန်တီးရေးသားနိုင်စေရန် | (၁) ခြုံယူဆင်ခြင်နည်း (Induc-tive Method)<br>• သင်ခန်းစာနှင့်ပတ်သက်၍ ယခင် သိရှိပြီးသမျှကိုပြန်လည် ဖော်ထုတ် ဆွေးနွေးခြင်း<br>• သင်ခန်းစာပါ အချက်အလက်များကို အသေးစိတ် လေ့လာခြင်း<br>• လက်တွေ့ လေ့ကျင့်ဆောင်ရွက်စေခြင်း<br>(၂) တွေး တွဲ မျှဝေ သင်နည်း (Think – Pair – Share)<br>• သင်ယူနေသော အသိပညာနှင့် ဆက်စပ်နေသော မေးခွန်းများ မေးခြင်း<br>• ၂ မိနစ်အတွင်း စဉ်းစားပေါ်ထွက်လာသည့် အဖြေများ ကို ရေးသားစေခြင်း<br>• သူငယ်ချင်းနှင့် အဖြေကို မျှဝေ ဆွေးနွေးခြင်း |

၁။ ပြောတဲ့အခါ ရေးတဲ့အခါ

| သင်ခန်းစာခေါင်းစဉ် | ၁။ ပြောတဲ့အခါနဲ့ ရေးတဲ့အခါ "စကားပြေအရေးအသား ကကြီး ခခွေး" စောလူ |
| --- | --- |
| သင်ယူမှုရလဒ် | (၁) ကိုယ်ဖတ်ရတဲ့စာတွေမှာ အဆို တွေ၊ အထောက်အပင့် တွေ၊ သာဓကတွေနဲ့ စနစ်တကျ စည်းစည်းရုံးရုံး ရေးထား မထား စိစစ်ပြတတ်တဲ့ အရည်အသွေးနှင့်<br>(၂) ကိုယ်တိုင်ရေးတဲ့အခါ အဆိုတွေ၊ အထောက်အပင့်တွေ၊ သာဓကတွေနဲ့ စနစ်တကျ စည်းစည်းရုံးရုံး ရေးတတ်တဲ့ အရည် အသွေး နှစ်ရပ်တိုးပွားရန် |



NUG MOE

| | |
|---|---|
| သင်ကြားနည်းစနစ် | (၁) ဟောပြောဆွေးနွေးခြင်းနည်း (Lecture Discussion Method)<br>(၂) မေးခွန်းနှင့် အဖြေသုံး၍ သင်ပြနည်း (Question and Answer Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | • ဆရာနှင့်တပည့်အပြန်အလှန်မေးမြန်းဆွေးနွေးစေခြင်း<br>• ရသောအချိန်အတွင်း ပြီးစီးရန် လေ့ကျင့်သင်ကြားခြင်း<br>• စာသင်ခန်းထဲတွင် အောက်ပါအစီစဉ်အရ လက်တွေ့ ဆောင်ရွက်ခြင်း<br>(က) နိဒါန်းပျိုးခြင်း<br>(ခ) အချက် လက်များတင်ပြခြင်း<br>(ဂ) ဥပမာများဖြင့် မြင်သာ စေရန်မေးမြန်းရှင်းလင်းဖြေဆိုစေခြင်း<br>(ဃ)အနှစ်ချုပ်၍ ဆွေးနွေးပို့ချပြီး နားလည်မှုကို ပြန်လှန် စစ်ဆေးခြင်း<br>• နားလည်မှုပမာဏကို သိရှိစေရန်<br>• ကျောင်းသားများ၏ အာရုံစူးစိုက်မှု ကို ပြောင်းလဲချိန်အရေးကြီးအချက်များကို သီးခြား ခွဲထုတ်၍ အကျယ်ချဲ့ပြောရန်<br>• Assignment မပေးမီ တပည့်များကို ညွှန်ကြားချက် ပေးရန် |
| စာသင်ချိန် | ၁၀ ချိန်၊ တစ်ချိန် (၄၅ မိနစ်) |

စာသင်ချိန် (၁)

- သင်ခန်းစာကို တိုက်ရိုက်မသင်သေးဘဲ၊ သင်ခန်းစာနှင့် ဆက်စပ်သော အကြောင်းအရာကို အရင်ဆုံး မေးမြန်းဆွေးနွေးပါ။ (သာဓကအားဖြင့်.... ကျောင်းသား/သူများက ဆရာမကို နှုတ်ဆက်ပြီးတာနဲ့ “မင်္ဂလာပါ ဆရာမ” လို့ ရေးရင် ပြောဟန် လား၊ ရေးဟန်လား လို့ မေးကြည့်ပါ။)
- ဝါကျတစ်ကြောင်းကို သင်ပုန်းပေါ်ရေးပြပြီး မေးခွန်းထုတ်ကြည့်ပါ။ (သာဓကအားဖြင့်... “မေမေနဲ့ ဖေဖေက ဆေးမှန်မှန်သောက်ပါတယ်” ဝါကျသည် ပြောဟန် လား၊ ရေးဟန်လား။)
- ကျောင်းသား/သူတို့ ဖြေဆိုပြီးနောက် အပြော (ပြောဟန်) နဲ့အရေး (ရေးဟန်) မတူတဲ့သဘောကို ဦးစွာ ရှင်းပြပါ။
- ကျောင်းသားတစ်ယောက် ခွင့်တိုင်စကား ပြောခိုင်းကြည့်ပါ။/ ခွင့်စာတစ်စောင် ရေးခိုင်းကြည့်ပါ။
- အရေးသင်ခန်းစာများသည် ကျက်စာမဟုတ်ဘဲ ကျင့်စာဖြစ်ကြောင်း ကျောင်းသားကျောင်းသူများ နားလည်သဘောပေါက်စေရန် ရှင်းပြပါ။

- "ပြောတဲ့အခါ ရေးတဲ့အခါ" သင်ခန်းစာပါ စာပိုဒ်များကို အလွတ်မကျက်စေဘဲ သဘောတရားကို နားလည်အောင် ဖတ်ခိုင်းပါ။
- "ပြောတဲ့အခါ ရေးတဲ့အခါ" ဆောင်းပါးကို ကျောင်းသား/သူများအား အနည်းဆုံး ၃ ခေါက် ဖတ်ခိုင်းပါ။
- ကျောင်းသားတစ်ဦးချင်းဖြစ်စေ ၊ အတန်းလိုက်ဖြစ်စေ တစ်လှည့်စီ ဖတ်ခိုင်းပါ။
- ဆရာကြီးရေးသားချက်သည် ပြောဟန် လား၊ ရေးဟန်လား။ ဘယ်လိုထင်လဲ မေးကြည့်ပါ။
- ကျောင်းသားများအားလုံး ပါဝင်ဆွေးနွေးနိုင်စေရန် ဆရာက စည်းရုံးပေးပါ။ နောက်အတန်းချိန်တွင် ပါဝင်ဆွေးနွေးနိုင်စေရန် သင်ခန်းစာကို သေချာစွာ ဖတ်ခဲ့ဖို့ အိမ်စာပေးပါ။

စာသင်ချိန် (၂)

- ဤစာသင်ချိန်တွင် ဖတ်ပြီးသော သင်ခန်းစာကို ဆွေးနွေးမေးမြန်းခြင်းနှင့် စတင်ပါ။
- ကျောင်းသား/သူများကို အဖွဲ့များခွဲပါ။ ထို့နောက် ဆောင်းပါးတွင် ပါဝင်သော အဓိကအချက်များကို အချင်းချင်း ဆွေးနွေးတင်ပြပါစေ။
- ဆရာ/ ဆရာမက ကျောင်းသား၊ ကျောင်းသူတို့၏ တင်ပြချက်များကို ကျေလည်အောင် ပြန်လည် ဆွေးနွေးပေးပါ။
- ဤဆောင်းပါးတွင်ပါသည့် ပြောသူနဲ့ နားထောင်သူ၊ ရေးသူနဲ့ဖတ်သူကြားက ဆက်သွယ်ရေး လမ်း ကြောင်း အနေအထားကို ရေလည်အောင် ရှင်းပြပါ။
- စကားနှင့်သော်လည်းကောင်း၊ စာနှင့်သော်လည်းကောင်း ဆက်သွယ်ရာတွင် အဆင်ပြေစေရန် အကြောင်းနဲ့အကျိုး ခိုင်ခိုင်မာမာဆက်စပ်ပြဖို့ လိုအပ်ကြောင်း ဆွေးနွေးပြပါ။
- စကားပြောရာတွင် နားထောင်သူက ပြောသူအနားတွင်ရှိနေသောကြောင့် နားမရှင်းသော ကိစ္စကို ချက်ချင်းပြန်ရှင်းပြ၍ ရသော်လည်း၊ စာရေးသောအခါ ဖတ်သူကအနားတွင် မရှိနိုင်သောကြောင့် ပြန်မေး ဖို့မလိုအောင် ရှင်းရှင်းလင်းလင်း ရေးသင့်ကြောင်း ပြောပြပါ။
- ဤနေရာတွင် စာဖတ်သူများသည် ကြောင်းကျိုးဆင်ခြင်တတ်သူတွေ ဖြစ်သောကြောင့် အလေးထား သင့်ကြောင်း သတိပေးရှင်းပြပါ။
- အချုပ်အားဖြင့် (၁) အဆို၊ (၂) အထောက်အပင့်၊ (၃)သာဓက တို့သည် စာပိုဒ်တစ်ခုမှာ ပါသင့် အင်္ဂါသုံးရပ်ဖြစ်ကြောင်း၊ "မင်္ဂလာထမင်းဆိုင်" နမူနာစာပိုဒ်ကို ပြ၍ စိစစ်ခွဲခြမ်းစိတ်ဖြာပြပါ။
- ၅ မိနစ် ခန့်အချိန်ယူ၍ သင်ပြီးသမျှကို ပြန်မေးကြည့်ပါ။

စာသင်ချိန် (၃)

- ဟောပြောဆွေးနွေးခြင်းနည်း (Discussion Method)ကို သုံး၍ သင်ကြားပါ။
- ထိုနည်းအရ သင်ခန်းစာကို အစမှပြန်၍ နိဒါန်းပျိုးရှင်းပြပါ။ တစ်နည်း သိပြီးသမျှကို ပြန်နွှေး ပေးပါ။
- အရေးကြီးသော အချက်လက်များကို သေးစိတ်ထပ်ရှင်းပါ။ (အဆိုကောင်းတစ်ခုအကြောင်း၊ အဆိုကောင်း အင်္ဂါရပ်များ၊ အထောက်အပင့်၊ သာဓကဝါကျများအကြောင်း)
- ဥပမာများဖြင့် မြင်သာ စေရန်မေးမြန်းရှင်းလင်းပါ။ ( အဆိုကောင်းဖြစ်ရန် မည်သို့ လေ့ကျင့် သင့်ကြောင်း၊ အထောက်အပင့်ကောင်းများကို ရွေးချယ်ရေးသားသင့်ကြောင်း၊ သာဓကများကို မည်သို့ရွေးချယ်သင့်ကြောင်း)
- အနှစ်ချုပ်၍ ဆွေးနွေးပို့ချပါ။ ( ထိရောက်သော စာတစ်ပိုဒ်တွင် အဆို၊ အထောက်ပင့်၊ သာဓကတို့ ပါသင့်ကြောင်း)

- ထို့နောက် စာကောင်းတစ်ပိုဒ်ရေးရန် လိုအပ်သည့်အချက်များကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း မေးပါ။
- အတန်းမဆင်းမီ သင်ပြီးသမျှ ပြန်ပြန်မေးပါ။

စာသင်ချိန် (၄)

- ဤစာသင်ချိန်တွင် သင်ပြီးသမျှကို ဆရာက ဦးဆောင်မဆွေးနွေးပါနှင့်။ ကျောင်းသား/သူ တစ်ဦးချင်း ကို ဦးဆောင်ဆွေးနွေးပါစေ။
- ကျောင်းသား/သူများ၏ နားလည်မှုပမာဏကို သိရှိနိုင်ရန် အထပ်ထပ်မေးပါ။
- ကျောင်းသားများ၏ အာရုံစူးစိုက်မှုကို ပြောင်းလဲပါ။
- (အဆိုကောင်းအကြောင်းပြောပြီး အဆိုကောင်း တစ်ခုကို စဉ်းစားရေးသားစေခြင်းမျိုး၊ ထိုအဆိုကို ထောက်ပင့်သောအချက်များ၊ ၎င်းတို့ကို ခိုင်မာစေသော သာဓကများကို စဉ်းစားရေးသားစေခြင်းမျိုး) ပြုလုပ်ပေးပါ။
- အရေးကြီးအချက်များကို သီးခြား ခွဲထုတ်၍ အကျယ်ချဲ့ပြောပါ။
- (ကျောင်းသား/သူ တချို့သည် တကယ့်အဆိုဝါကျကို မရေးဘဲ ကိုယ် ဘာရေးမယ် ဆိုတာ ကြေညာမိသလို ရေးသားမိတတ်သည်။ နောက်ပြီး သူတို့ရေးသော အဆိုများသည် ကျယ်လွန်းလျှင် ကျယ်လွန်း၊ မကျယ်လွန်းလျှင် ကျဉ်းလွန်း နေတတ်ပါသည်။)
- ထိုအချက်များကို သေသေချာချာ မှတ်မိအောင် နားလည်အောင် ပြန်အသုံးချတတ်အောင် လေ့ကျင့်ပေးပါ။
- (မေးခွန်းများ ထပ်ခါထပ်ခါမေးပါ။ ကျောင်းသား/သူအားလုံးပါဝင်နိုင်အောင် ဆရာက စီစဉ်ပေးပါ။)
- ဆရာက Assignment မပေးမီ တပည့်များ ကို ညွှန်ကြားချက်တိတိကျကျပေးပါ။
- (စာတစ်ပိုဒ်တည်းဖြစ်ရမည်။ ကြေညာချက်လို အဆိုမျိုးမဖြစ်စေရန်၊ ကျဉ်းလွန်း ကျယ်လွန်းသော အဆို)

စာသင်ချိန် (၅)

- ပြောသူနဲ့ နားထောင်သူ၊ ရေးသူနဲ့ဖတ်သူကြားက ဆက်သွယ်ရေးလမ်းကြောင်း အနေအထား ကို ထပ်ပြောပြပါ။
- ဆက်သွယ်ရေးချောပြေဖို့ အကြောင်းနဲ့အကျိုး ခိုင်ခိုင်မာမာဆက်စပ်ပြဖို့ လိုအပ်ကြောင်း ရှင်းပါ။
- စကားပြောလျှင် နားထောင်သူက အနားရှိသောကြောင့် မရှင်းသောအချက်များကို ပြန်မေးခွင့် ရှိသော်လည်း ၊ စာရေးလျှင် စာဖတ်သူကအနားမရှိနိုင်သောကြောင့် မေးဖို့မလိုအောင် ရှင်းရှင်းလင်းလင်း ရေးသင့်ကြောင်း ပြောပြပါ။
- စာဖတ်သူတို့သည် ကြောင်းကျိုးဆင်ခြင်တတ်သူများဖြစ်သောကြောင့် အလေးထား သင့် ကြောင်း ပြောပြပါ။
- စာပိုဒ်တစ်ခုမှာ ပါသင့် အင်္ဂါသုံးရပ်ဖြစ်သည့် (၁) အဆို၊ (၂) အထောက်အပင့်၊ (၃)သာဓက "မင်္ဂလာထမင်းဆိုင်" နမူနာစာပိုဒ်ကို ပြ၍ ထပ်ရှင်းပြပါ။
- ကျောင်းသား/သူတို့ နှင့် အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းများ ထပ်လုပ်ပါ။

စာသင်ချိန် (၆)

- ဤစာသင်ချိန်မှစ၍ ကျောင်းသား/သူတို့၏ နားလည်မှုကို ပြန်လှန် စစ်ဆေးပါ။
- ကျောင်းသား၊ ကျောင်းသူတို့၏ နားလည်မှုကို စစ်ဆေးရန် လေ့ကျင့်ခန်းများကို ဖြေခိုင်းပါ။

- ထိုသို့ ဖြေခိုင်းရာတွင် တစ်ဦးချင်းထက် အဖွဲ့လေးများခွဲ၍ တစ်ပုဒ်ချင်းဖြေဆိုစေပြီး၊ အဖြေ တိုက်ခိုင်းပါ။
- နိုးကြားသော သင်ယူမှု Active Learning ဖြစ်စေရန် မေးခွန်းများကို ကျောင်းသား/သူ နှစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးမြန်း ဖြေဆိုပါစေ။
- ဆရာကဖြစ်စေ၊ အဖွဲ့ကိုယ်စားလှယ်ကဖြစ်စေ အဆိုတစ်ခုကို ကျောက်သင်ပုန်းပေါ် ရေးပါ။
- ထိုအဆိုသည် ရည်ညွှန်းခံပါရဲ့လား။ ရည်ညွှန်းခံနှင့်ပတ်သက်သော သဘောထားမှတ်ချက်ပါရဲ့ လား၊ ကျန်အဖွဲ့များက ဖြေပါစေ။
- ထိုအဆိုသည် ကြေညာချက်ပုံစံဖြစ်နေလား၊ ကျယ်လား၊ ကျဉ်းလား၊ လက်ခံနိုင်သော အဆိုလား၊ ကျန်အဖွဲ့များက ဖြေပါစေ။
- အဖွဲ့တစ်ဖွဲ့ချင်းက ထိုအဆိုကို ထောက်ပင့်နိုင်သော အချက်တစ်ချက်စီ၊ သာဓက တစ်ခုစီ စဉ်းစား ရေးပါ။
- ဤနည်းဖြင့် အတန်းသားအားလုံးပါဝင်ရေးသားသော စာတစ်ပိုဒ် ဖန်တီးရေးသားနိုင်ပါစေ။

စာသင်ချိန် (၇)

- ဤအချိန်တွင် ဆရာက ၅ မိနစ်လောက်အချိန်ယူ၍ အရေးကြီးသော အချက်များကို ထပ်နွှေးပေးပါ။
- (အဆို၏သဘော၊ အဆိုကောင်းတစ်ခုကို ရွေးချယ်ရေးသားပုံ၊ အထောက် အပင့်အချက်များ မည်သို့ရေးသားသင့်ပုံ၊ သာဓကများထည့်သင့်ပုံ) တို့ကို ကျောင်းသား/သူတို့ ကောင်းစွာ နားလည်နိုင်ရန် ၅ မိနစ်လောက်အချိန်ယူ၍ အကျယ်ချဲ့ ရှင်းပြပါ။
- ထိုသို့ရှင်းပြရာတွင် မေးခွန်းများကို မေးလိုက် ဖြေခိုင်းလိုက် ပြန်ရှင်းပြလိုက် လုပ်ဆောင်ပါ။
- လေ့ကျင့်ခန်း (၁) မှတ်မိမှုဆိုင်ရာ (Remember) မေးခွန်းဖြစ်၍ ၁၀ မိနစ်လောက်အချိန်ပေး၍ ဖြေခိုင်းပါ။
- လေ့ကျင့်ခန်း (၂) သည် အသုံးချမှုဆိုင်ရာ(Apply) မေးခွန်းဖြစ်၍ ၁၅ မိနစ်လောက် အချိန်ပေး၍ ဖြေခိုင်းပါ
- တစ်ဦးချင်းမေးသည်ထက် အဖွဲ့လိုက် ညှိနှိုင်းစဉ်းစားဖြေဆိုပါစေ။ ဆရာက ကြီးကြပ် လမ်းညွှန်ပါ။

စာသင်ချိန် (၈)

- အရေးသင်ခန်းစာများသည် ကျက်စာမဟုတ်ဘဲ ကျင့်စာဖြစ်သောကြောင့် များများလေ့ကျင့်ဖို့ လိုကြောင်း အလျဉ်းသင့်သလို ပြောပြပါ။
- လေ့ကျင့်ခန်းမေးခွန်း (၃) (၄) တို့သည် နားလည်မှုဆိုင်ရာ(Understand and Apply) မေးခွန်းများဖြစ်သည်
- ဤမေးခွန်းများကို တတ်နိုင်သလောက် အချိန်ယူ၍ တစ်ဦးချင်းမေးပါ။
- ကျောင်းသားနှစ်ယောက် အပြန်အလှန်အမေး အဖြေ ပြုလုပ်ပါစေ။
- ကျန်ကျောင်းသားများကို အာရုံစိုက်နားထောင်ပါစေ။ ဆရာက ကြီးကြပ်ပါ။
- ကျောင်းသားတို့ တကယ်နားလည်/မလည် ဆရာက သေချာစွာ အကဲဖြတ်ပေးပါ။
- ကျောင်းသားတို့ မကျေလည်သော မေးခွန်းများကို ဆရာက ရှင်းပြဖြေဆိုပါ။

စာသင်ချိန် (၉)

- လေ့ကျင့်ခန်း (၅) (၆) တတ်ကျွမ်းမှု (စိစစ်နိုင်မှု/တန်ဖိုးဖြတ်နိုင်မှု) ဆိုင်ရာ မေးခွန်းများ ဖြစ်သည်။
- ကျောင်းသား/သူတို့၏ စဉ်းစားတွေးခေါ်မှုကို မြှင့်တင်သော မေးခွန်းများဖြစ်သည်။
- ကျောင်းသား/သူတို့၏ ဝေဖန်သုံးသပ်နိုင်စွမ်းကို ဖြစ်ပေါ်တိုးတက်စေသော မေးခွန်းများ ဖြစ်သည်။
- တစ်ယောက်မကျန် အချိန်တစ်ခု သတ်မှတ်ပေးပြီး အလေးထားဖြေခိုင်းပါ။

- ကျောင်းသားအချင်းချင်း အဖြေစာရွက်ကို အပြန်လှန် လဲ၍ စစ်ဆေးပါစေ။
- သူတို့ အငြင်းပွားသော မဆုံးဖြတ်နိုင်သော အဖြေမျိုးပါမှ ဆရာက ဝင်ရောက် ဆွေးနွေးပေးပါ။
- ထိုဆွေးနွေးချက်ကို တစ်တန်းလုံးကြားပါစေ။

စာသင်ချိန် (၁၀)

- လေ့ကျင့်ခန်း (၇) (၈) သည် ဖန်တီးမှုဆိုင်ရာ မေးခွန်းများဖြစ်သည်။
- ဖန်တီးမှုဆိုင်ရာမေးခွန်းများသည် အဖြေအမျိုးမျိုးဖြစ်နိုင်သည်။
- ထို့ကြောင့် ဆရာ၊ ဆရာမတို့က ကျောင်းသား/သူတို့ ၏ အဖြေများကို သေချာစွာ စစ်ဆေးပါ။
- မေးခွန်းတိုင်း၏ အဖြေအားလုံးကို တစ်ဦးချင်းအချိန်ယူ၍ ရှင်းပြပေးပါ။
- သင်္ချာနှင့်သိပ္ပံဘာသာရပ်တို့ကဲ့သို့ တိကျသောအဖြေတစ်မျိုးတည်း မဖြစ်နိုင်သောကြောင့် ဆရာက အချိန်ပေး ရှင်းပါ။
- ဖတ်သင့်သော စာအုပ်စာတမ်းများကို လမ်းညွှန်ပေးပါ။
- ဆရာက ပုံနှိပ်စာအုပ်တွင် မပါသော စာတစ်ပိုဒ်ဖြစ်စေ၊ ပုံနှိပ်စာအုပ် စကားပြေသင်ခန်းစာ များမှ စာတစ်ပိုဒ်ကို ဖြစ်စေ ရွေးချယ်၍ ကျောင်းသား/သူများအား ဖတ်ခိုင်းပါ။
- ထို့နောက် ထိုစာပိုဒ်တွင်ပါသော အဆို၊ အထောက်အပင့်၊ သာဓကများကို စိစစ်ဖော်ထုတ် ပါစေ။
- ကျောင်းသား/သူတို့သည် သူများရေးထားသော စာပိုဒ်ကို ခွဲခြမ်းတတ်လျှင် အဆို၊ အထောက်အပင့်၊ သာဓကများ ပါဝင်သော စာတစ်ပိုဒ်ကို သူတို့ကိုယ်တိုင် ဖန်တီးရေးသား ပါစေ။
- မှတ်ချက်။ ။ အရေးသင်ခန်းစာများသည် ကျက်စာမဟုတ်။ ကျင့်စာဖြစ်သောကြောင့် လေ့ကျင့်ချိန်ကို များများယူသင့်သည်။ ဆရာနှင့် ကျောင်းသား အပြန်အလှန် ဆွေးနွေးခြင်းများကိုလည်း များများပြုလုပ်သင့်သည်။ အဖြေများကို ကျောင်းသား အချင်းချင်း အပြန်အလှန် စစ်ဆေး အကဲဖြတ်စေ သင့်သည်။

ဖတ်ရှုလေ့လာသင့်သော စာအုပ်များ

(၁) မောင်ခင်မင် (ဓနုဖြူ)၊၂၀၂၂ မေလ၊ စာရေးကြမလား၊ ကံ့ကော်ဝတ်ရည်စာပေ။
(၂) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၀၃ ဇန်နဝါရီ၊ ငယ်ပေါင်း ကြီးဖော် မြန်မာစကားနှင့်အရေးအသားပြဿနာများ၊ ကောင်းသန့်စာပေ။
(၃) မောင်ခင်မင် (ဓနုဖြူ)၊ ၁၉၉၄ မတ်၊ စကားပြေ သဘောတရား၊ စကားပြေ အတတ်ပညာ၊ စာပေလောက။
(၄) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၃၊ မြန်မာစာကိုယ်ခံတည်ဆောက်ရေး (အခြေခံစာအရေးအသားဆိုင်ရာ စာစု)၊ The Key Collection.
(၅) မောင်ခင်မင်(ဓနုဖြူ)၊ ၂၀၁၉၊ "အရေးအသား အလေးထားပါ တို့မြန်မာ" ဆောင်းပါး စာပေဆိုသော မိန်းမချောလေး (ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အတွေး)၊ စိတ်ကူးချိုချို။
(၆) မောင်ခင်မင်(ဓနုဖြူ)၊ ၂၀၁၉၊ "နှုတ်ပြောစကား အပြောစကားပြေ အရေးစကားပြေ" ဆောင်းပါး စာပေဆိုသော မိန်းမချောလေး (ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အတွေး)၊ စိတ်ကူးချိုချို။
(၇) မောင်ခင်မင်(ဓနုဖြူ)၊ ၂၀၁၉၊ "နှုတ်ပြောစကားဟန်၏ လက်ရှိအနေအထားနှင့် အနာဂတ်အလားအလာ" ဆောင်းပါး စာပေဆိုသော မိန်းမချောလေး (ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အတွေး)၊ စိတ်ကူးချိုချို။
(၈) စောလူ၊ ၂၀၁၅၊ စကားပြေ အရေးအသား ကြီး ခခွေး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

## ၂။ နည်းလမ်းငါးသွယ်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ၂။ နည်းလမ်းငါးသွယ် |
| သင်ယူမှုရလဒ် | (၁) စာရေးရန် နည်းလမ်းများကို စနစ်တကျ သိရှိသွားနိုင်တဲ့ အရည်အသွေးနှင့်<br>(၂) ထိုနည်းလမ်းများကို သုံး၍ စာကို ထိထိ ရောက်ရောက် ရေးနိုင်တဲ့ အရည်အသွေး နှစ်ရပ် တိုးပွားစေရန် |
| သင်ကြားနည်းစနစ် | ( ၁)မေးခွန်းနှင့် အဖြေသုံး၍ သင်ပြနည်း (Question and Answer Method)<br>(၂) ခြုံယူဆင်ခြင်နည်း (Inductive Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | • နားလည်မှုပမာဏကို သိရှိစေရန်<br>• ကျောင်းသားများ၏ အာရုံစူးစိုက်မှုကို ပြောင်းလဲချိန်အရေးကြီး အချက်များကို သီးခြား ခွဲထုတ် ၍ အကျယ်ချဲ့ပြောရန်<br>• Assignment မပေးမီ တပည့်များ ကို ညွှန်ကြားချက်ပေးရန်<br>• သင်ခန်းစာနှင့်ပတ်သက်၍ ယခင် သိရှိပြီးသမျှကို ပြန်လည် ဖော်ထုတ် ဆွေးနွေးခြင်း<br>• သင်ခန်းစာပါ အချက်အလက်များကို အသေးစိတ် လေ့လာခြင်းနှင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်စေခြင်း |
| စာသင်ချိန် | ၁၀ ချိန်၊ တစ်ချိန် (၄၅ မိနစ်) |

### စာသင်ချိန် (၁)

- နည်းလမ်းငါးသွယ်ကို မသင်မီ စာရေးနည်းနှင့်ပတ်သက်၍ ကျောင်းသား/သူများနှင့် မေးမြန်း ဆွေးနွေးပါ။

(သာဓကအားဖြင့်..........ကျောင်းသား/သူတို့အား G12 ရောက်ပြီမို့ စာကောင်းကောင်းရေးတတ်ပြီလားဟု မေးကြည့်ပါ။ (စာစီစာကုံး၊ အဆို၊ အချေ) ရေးရာတွင် ကျက်ထားတာကို ပြန်ရေးတာမဟုတ်ဘဲ ကိုယ်တိုင် ဖန်တီး ရေးသားဖူးလား မေးကြည့်ပါ။)

- ထို့နောက် စာရေးနည်း ဘာတွေသိလဲ ဟု မေးကြည့်ပါ။ (ငယ်ငယ်က သိပြီးသား စာရေးနည်း အချက်အလက်များကို ပြန်မှတ်မိ စေရန် ပြုလုပ်ပေးပါ။ သာဓက.... ဖြစ်စဉ်ပြရေးနည်း၊ ဖွင့်ဆိုရှင်းပြ ရေးနည်း၊ ကျိုးကြောင်းပြရေးနည်း၊ သရုပ်ဖော်ရေးနည်း)
- ကျောင်းသားတို့၏ အဖြေပေါ်မူတည်၍ သင်ခန်းစာဆီသို့ ခေါ်ဆောင်သွားပါ။
- စာရေးသူ ပြောပြသော “နည်းလမ်းငါးသွယ်” ကို ကြားဖူးလား မေးကြည့်ပါ။
- ကျောင်းသား/သူအားလုံးက “နည်းလမ်းငါးသွယ်” ကို ဖြည်းဖြည်းမှန်မှန် ဖတ်ပါစေ။ မှတ်မိအောင် ဖတ်ခိုင်းပါ။
- ဤနည်းအတိုင်း “နည်းလမ်းငါးသွယ်” နှင့် မိတ်ဆက်ပေးပါ။

စာသင်ချိန် (၂)

- ကျောင်းသား/သူများအား ယခင်စာသင်ချိန်က ဖတ်ပြီးသော နည်းလမ်းငါးသွယ်ကို မှတ်မိသလောက် ပြန်ပြောခိုင်းပါ။
- ထို့နောက်ဆရာက ပြည့်ပြည့်စုံစုံ ရှင်းပြပါ။
- သင်ခန်းစာပါလမ်းညွှန်ချက်အတိုင်း စာစရေးမည့်သူများသည် သဒ္ဒါ၊ စာလုံးပေါင်းသတ်ပုံနှင့် အဖြတ်အတောက်များကို ဂရုမစိုက်ဘဲ စိတ်ထဲရှိသမျှ ပေါ်လာသမျှ လွတ်လွတ်လပ်လပ် ရေးချရန် တိုက်တွန်းပါ။
- သင်ခန်းစာနှင့် ဆက်နွယ်သော Assignment မပေးမီ တပည့်များ ကို ညွှန်ကြားချက်များ တိတိ ကျကျ ပေးရန်လိုအပ်သည်။ (သာဓကအားဖြင့် စာတစ်ပုဒ်မရေးမီ အတွေးမလွန်သင့်ကြောင်း၊ စိတ်ထဲ ပေါ် လာသော စိတ်ထဲခံစားရသော အကြောင်းအရာကို လွတ်လွတ်လပ်လပ်ချရေးသင့်ကြောင်း၊ အမှား ပါမည်ကို မစိုးရိမ်သင့်ကြောင်း၊ မိမိသိသော နားလည်သော ခံစားရသောအရာကို မည်သည့် စိုးရိမ် ကြောင့်ကြမှုမှ မဖြစ်ဘဲ စာရွက်ပေါ် ရေးဖြစ်အောင် ချရေးသင့်ကြောင်း ဆရာကြီးပီမိုးနင်း၊ ဆရာကြီး ရွှေဥဒေါင်း စသည့် ဆရာကြီးများကို စံနမူနာထား၍ ရှင်းပြသင့်ပါသည်။)
- ကိုယ်ရေးချင်သော အကြောင်းအရာနှင့်ပတ်သက်ပြီး မေးခွန်းများများထုတ်၍ အဖြေများကို တစ်ခါတည်း စဉ်းစားဖြေဆိုပါစေ။
- ထိုသို့မေးခွန်းထုတ်သော သဘောကို အလွယ်တကူနားလည်နိုင်စေရန် "မင်္ဂလာထမင်းဆိုင်" နမူနာ စာပိုဒ်ကို ပြ၍ သဘောတရားကို ရှင်းပြပါ။
- စာမရေးမီ ရေးလိုသောအကြောင်းအရာနှင့်ပတ်သက်၍ ပေါ်လာသော စိတ်ကူးများကို စာရင်းချ ကြည့် သင့်ကြောင်း နမူနာများပြ၍ ရှင်းပြပါ။
- ရေးမယ့်အကြောင်းအရာနှင့် ဆက်စပ်သောအချက်များကို မျဉ်းတွေ မြားတွေ သုံးပြီး တွဲစပ် ကြည့်လျှင် ရေးလိုသော စိတ်ကူးက ပုံပေါ်လာနိုင်ကြောင်း ဆွေးနွေးပြပါ။
- နောက်ဆုံးနည်းတစ်နည်းအဖြစ် ကိုယ်ရေးချင်သော အကြောင်းအရာနှင့် ၎င်းကို ထောက်ပင့်မယ့် အချက်များကို ပုံကြမ်းလောင်း ကြည့်ပါစေ။
- စာတစ်ပုဒ်လုံးအကြမ်းပုံပေါ်လာလျှင် အကြောင်းအရာနှင့် ဝါကျများကို ပြန်မွမ်းမံရန် လိုအပ်ကြောင်းနှင့် တည်းဖြတ်ရန်လိုအပ်ကြောင်း တို့ကို လက်တွေ့ ရေးသား၍ ရှင်းလင်းပြပါ။

စာသင်ချိန် (၃)

- စာသင်ချိန် (၂) တွင် နည်းလမ်းငါးသွယ်ကို စာရေးသူညွှန်ပြသည့်အတိုင်း ဆရာက ပြည့်ပြည့်စုံစုံ ပို့ချပြီး ဖြစ်ရမည်။
- ထို့ကြောင့် ဤစာသင်ချိန်တွင် ကျောင်းသားများ၏နားလည်မှုပမာဏကို စစ်ဆေးပါ။
- ခေါင်းစဉ်တစ်ခုကို ပေး၍ လွတ်လွတ်လပ်လပ် ချရေးခိုင်းပါ။
- ခေါင်းထဲပေါ်လာတာကို လွတ်လွတ်လပ်လပ် ချရေးဖန် များလာတဲ့အခါ ရေးရင်းစဉ်းစားတဲ့ အလေ့အကျင့် ရလာမှာ ဖြစ်ကြောင်း ထပ်ပြောပါ။
- ကျောင်းသားများ၏ အာရုံစူးစိုက်မှုကို ပြောင်းလဲပါ။
- ကျောင်းသားများ၏ အာရုံစူးစိုက်မှုကို ပြောင်းလဲရန်လည်းကောင်း၊ စဉ်းစား တွေးခေါ်နိုင်စွမ်းကို တိုးတက်စေရန်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်အဖြေရှာနိုင်စွမ်းကို ရှင်သန်စေရန် လည်းကောင်း၊ ဖန်တီးနိုင်စွမ်းကို ဖွံ့ဖြိုးစေရန်လည်းကောင်း အဖွဲ့များခွဲ၍ မေးခွန်းများကို ဖြေဆိုပါစေ။
- ကျောင်းသားများ ချရေးပြီးသောအဖြေကို တစ်ဦးချင်း ဖတ်ခိုင်းပါ။ ဆွေးနွေးပေးပါ။

စာသင်ချိန် (၄)

- စာသင်ချိန်တိုင်း မေးခွန်းနှင့် အဖြေသုံး၍ သင်ပြနည်း (Question and Answer Method)နှင့် ခြုံယူဆင်ခြင်နည်း (Inductive Method) တို့ကို အလျဉ်းသင့်သလိုသုံးပါ။
- "နည်းလမ်းငါးသွယ်" ဆောင်းပါးသည် စာရေးသားရန် နည်းလမ်းများကို လမ်းညွှန်ထားခြင်း ဖြစ်သည့်အတွက် အလွတ်ကျက်ရမည့် သင်ခန်းစာမဟုတ်ကြောင်း အကြိမ်ကြိမ်သတိပေးပါ။
- နည်းလမ်းငါးသွယ်ကို ကောင်းစွာ နားလည်အောင် အမေး အဖြေပြုလုပ်၍ သင်ပြပါ။
- အရေးကြီးအချက်များကို သီးခြား ခွဲထုတ်၍ အကျယ်ချဲ့ပြောပြပါ။ သာဓကအားဖြင့်.......
- ( ရေးမယ့်အကြောင်းအရာနဲ့ ပတ်သက်တဲ့ ကိုယ့်စိတ်ကူးတွေ အသေးစိတ် အချက်အလက်တွေကို စိတ်ကူးရသလို ရေးချကြည့်ပါစေ။ စိတ်လှုပ်ရှားဖွယ်မြင်ကွင်း အကြောင်း ရေးမယ်ဆို ထိုမြင်ကွင်း ကို ပုံဖော်နိုင်သည့် အချက်မှန်သမျှ ခေါင်းထဲ ပေါ်လာသမျှ ချရေးပါစေ။)

စာသင်ချိန် (၅)

- နည်းလမ်း တစ်ခုပြီးတစ်ခု သာဓကနှင့်တကွ ရှင်းပြပါ။
- ခြုံယူဆင်ခြင်သင်ကြားနည်းကို သုံးရမည်ဖြစ်သောကြောင့် သင်ခန်းစာနှင့်ပတ်သက်၍ ယခင် သိရှိ ပြီးသမျှကို ပြန်နွှေးပေးပါ။ (လွတ်လပ်စွာရေးနည်း၊ မေးခွန်းထုတ်ကြည့်နည်း၊ စာရင်းချ ကြည့်နည်း၊ တွဲစပ်ကြည့်ခြင်း တို့ကို ကျောင်းသားများအား ပြန်မေး ပြန်ဖြေခိုင်းကြည့်ပါ။)
- နည်းလမ်းငါးသွယ်တွင် အသုံးအဝင်ဆုံးဖြစ်သည့် ပုံကြမ်းလောင်းကြည့်ခြင်းကို အသေးစိတ်ပြောပြပါ။
- ပုံကြမ်းတွင် ကိုယ်ပြောပြမယ့်အဆို၊ ထိုအဆိုကို ရှင်းပြမည့်၊ ထောက်ပင့်မည့် အချက်အလက်များပါရမည့်အကြောင်း ပြောပြပါ။
- ထိုအချက်အလက်တွေကို တစ်ခုပြီးတစ်ခု ဘယ်လိုစီစဉ်သင့်ကြောင်း သေသေချာချာ စဉ်းစားပါစေ။
- ပြီးလျှင် အချိန်တစ်ခု(၁၅ မိနစ်/ မိနစ် ၂၀) သတ်မှတ်ပေးပြီး ပုံကြမ်းတစ်ခု ရေးခိုင်းပါ။
- ရေးပြီးသမျှကို ပြန်မွမ်းမံ တည်းဖြတ်ဖို့ မဖြစ်မနေလုပ်ဆောင်သင့်ကြောင်း ပြောပြပါ။

စာသင်ချိန် (၆)

- ကျန်စာသင်ချိန်များသည် ကျောင်းသားများက လက်တွေ့ အလုပ်လုပ်ရမည့် အချိန်များ ဖြစ်သည်။
- အဖွဲ့၅ ဖွဲ့ခွဲပေးပါ။ ဆရာက ခေါင်းစဉ်တစ်ခု ရေးပေးပါ။
- ထိုခေါင်းစဉ်ကို ရေးရန် အဖွဲ့များအား ရေးနည်း (၅) နည်းကို မဲနှိုက်၍ တစ်ဖွဲ့ တစ်နည်း ရေးကြည့်ပါစေ။
- မရေးမီ အဖွဲ့ဝင်အချင်းချင်း သင်ခန်းစာပါ အချက်အလက်များကို ၅ မိနစ်ခန့် အသေးစိတ် ပြန် ဆွေးနွေးစေရမည်။
- ထို့နောက် လက်တွေ့ လေ့ကျင့်ရေးသားပါစေ။ မိနစ် ၂၀ ခန့် အချိန်ပေးပါ။
- အဖွဲ့ကိုယ်စား တစ်ယောက်က အဖွဲ့ ၅ ခု ၏ အဖြေများကို တစ်ဖွဲ့ချင်း တင်ပြဆွေးနွေးပါစေ။
- မိမိနှစ်သက်ရာ ခေါင်းစဉ်တစ်ခုကို နှစ်သက်ရာ နည်းလမ်းတစ်ခုနှင့် ဖန်တီးရေးသားဖို့ Assignment ပေးပါ။
- Assignment မပေးမီ တပည့်များကို ညွှန်ကြားချက် တိတိကျကျပေးပါ။ (မည်သည့်သတ်မှတ်ချက်မှ မရှိဘဲ စိတ်ထဲရှိသမျှ လွတ်လွတ်လပ်လပ် ချရေးခဲ့ရန် မှာကြားပါ။ မည်သည့်အကိုးအထောက်မှ မလိုဘဲ စိတ်ကူးကိုသာ ချရေးဖို့ မှာကြားပါ။)

စာသင်ချိန် (၇)

- နည်းလမ်းငါးသွယ်သည် ကျက်စာမဟုတ်ဘဲ နားလည်အောင် မှတ်သားပြီး လေ့ကျင့်ရေးသားရမည့် သင်ခန်းစာသာ ဖြစ်ကြောင်း မကြာခဏ သတိပေး ပြောကြားပါ။
- သင်ခန်းစာကို ကျောင်းသားများ မည်မျှနားလည်ကြောင်း သိရှိနိုင်ရန် မေးခွန်းများ မေးမြန်းဖြေဆိုစေရမည်။
- အချိန် အတိုင်းအတာတစ်ခုပေး၍ ချက်ချင်း ဖြေဆိုစေရမည်။ ဆရာက ကြီးကြပ် လမ်းညွှန်ပေးပါ။
- လေ့ကျင့်ခန်းမေးခွန်း နံပါတ် (၁) သည် မှတ်မိမှုဆိုင်ရာ မေးခွန်းများဖြစ်သည်။ (ကျောင်းသား တစ်ဦးချင်း မေးမြန်းဖြေဆိုပါစေ။)
- လေ့ကျင့်ခန်းမေးခွန်း (၂) သည် နားလည်မှုဆိုင်ရာမေးခွန်းဖြစ်သည်။ (ကျောင်းသားအချင်းချင်း အမေးအဖြေလုပ်မည့်သူကို ရွေးချယ်ပါစေ။ ထို့နောက် နှစ်သက်ရာ အပုဒ်ကို မေးခိုင်း၊ ဖြေခိုင်းပါ။)
- ကျောင်းသားတို့၏ အဖြေများကို ဆရာက သင့်/မသင့် ဆွေးနွေးပေးပါ။

စာသင်ချိန် (၈)

- အရေးသင်ခန်းစာများသည် ကျက်စာမဟုတ်၊ ကျင့်စာဖြစ်ကြောင်း ထပ်ခါထပ်ခါ ပြောကြား ပေးပါ။
- များများလေ့ကျင့်ဖို့လိုကြောင်း လေ့ကျင့်ခန်းများကို ကျောင်းသားကိုယ်တိုင် ဖြေဆိုပါစေ။ စာသင်ခန်းထဲတွင် တစ်ခါတည်းအပြီး ဖြေဆိုပါစေ။
- လေ့ကျင့်ခန်းမေးခွန်း (၃) (၄) (၅) (၆) (၇) သည် ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာမေးခွန်းဖြစ်သည်။ ကျရာမေးခွန်းနံပါတ်ကို အဖွဲ့လိုက် ဖြေဆိုပါစေ။
- မေးခွန်း ၅ ပုဒ် အဖွဲ့ ၅ ဖွဲ့ ကိုယ်ကျရာ မေးခွန်းကို အဖွဲ့လိုက် ညှိနှိုင်း၍ ဖြေဆိုပါစေ။
- ဘယ်အဖွဲ့က အချိန်မီ ပြီး/မပြီး ဆရာက လိုက်လံ ကြည့်ရှု စစ်ဆေးပါ။
- အဖွဲ့အလိုက်ဖြေထားသော အဖြေများကို သင့်/မသင့် ဆရာက ဆွေးနွေးပါ။

စာသင်ချိန် (၉)

- ကိုယ်ရေးတဲ့ အကြောင်းအရာတွေကို မွမ်းမံမယ်ဆိုရင် အကြောင်းအရာတွေ ဆက်စပ်မှု၊ ခိုင်မာမှု၊ စည်းရုံးမှုတွေကို စစ်ဆေးဖို့ အရေးကြီးကြောင်း အကျယ်ချဲ့ ရှင်းပါ။
- ဝါကျကို မွမ်းမံရာတွင် ဟန်ချက်ညီဖို့၊ စကားနွမ်းတွေမပါဖို့၊ ဗန်းစကားတွေ မပါဖို့၊ ဝါကျ တိုရှည် စုံဖို့ ပြန်စစ်ဆေးဖို့လိုကြောင်းပြောပါ။
- ထို့ပြင် ထိရောက်သော ဝါကျရေးရာတွင် ရှုထောင့်တစ်သမတ်တည်းဖြစ်ဖို့ အရေးကြီး ကြောင်းလည်း ပြန်ဆွေးနွေး ပေးပါ။
- လေ့ကျင့်ခန်းမေးခွန်း (၈) သည် ဝေဖန်သုံးသပ်အကဲဖြတ်မှုဆိုင်ရာမေးခွန်းဖြစ်သည်။
- ယခင် စာသင်ချိန်များအတိုင်းပင် ကျောင်းသားများအား လက်တွေ့ ဖြေဆိုပါစေ။
- ဆရာက အချိန်သတ်မှတ်ပေးပါ။ ကျောင်းသားအားလုံး သတ်မှတ်ချိန်တွင် ပြီးအောင် ဖြေပါ စေ။
- အဖြေများကို စာသင်ချိန်အတွင်း ပြီးသလောက် စစ်၍ လိုအပ်သည်များကို ပြန်ဆွေးနွေး ပေးပါ။
- မပြီးသော အဖြေစာရွက်များကို အိမ်သို့ယူ၍ စစ်ပေးပါ။

စာသင်ချိန် (၁၀)

- အရေးကြီးအချက်များကို သီးခြား ခွဲထုတ်၍ အကျယ်ချဲ့ပြောရမည်။ သာဓကအားဖြင့် အနုစိတ် ရေးသားခြင်းအကြောင်း၊ ဝါကျများ ဟန်ချက်ညီအောင် အားထုတ်သင့်ကြောင်း များကို ဥပမာများပြ၍ ဆွေးနွေးပါ။
- ကျောင်းသားများ၏အာရုံစိုက်မှုကို ပြောင်းလဲရန် မေးလိုက် ဖြေခိုင်းလိုက်လုပ်ပါ။
- ထို့ပြင် သင်ခန်းစာနှင့်ပတ်သက်၍ ယခင် သိရှိပြီးသမျှကို ပြန်လည် ဖော်ထုတ် ဆွေးနွေးခြင်း များ ပြုလုပ်ရမည်။
- သာဓက အားဖြင့် သင်ခန်းစာ (၁) "ပြောတဲ့အခါ ရေးတဲ့အခါ" တွင် ပါဝင်သော စာပိုဒ်တစ်ခုကို အဆို၊ အထောက်အပင့်၊ သာဓက များဖြင့် ရေးသားသင့်သော အချက်များကို ပြန်မှတ်မိစေရန် ဆွေးနွေးပြပါ။
- ထို့နောက် ရေးလိုသော အကြောင်းအရာကို သဒ္ဒါ၊ စာလုံးပေါင်း၊ အဖြတ်အတောက်မှားမှာကို စိတ်မပူဘဲ လွတ်လွတ်လပ်လပ်ချရေးပြီးမှ ပြန်မွမ်းမံခိုင်းပါ။
- လေ့ကျင့်ခန်း မေးခွန်း (၉) (၁၀) သည် ဖန်တီးမှုဆိုင်ရာမေးခွန်းဖြစ်သည်။
- သိပြီးသော နည်းများမှ နည်းလမ်းတစ်မျိုးမျိုးကို သုံး၍ ကိုယ်တိုင် စာတစ်ပုဒ်ကို ဖန်တီး ရေးသားစေရမည်။
- ထို့နောက် အဖွဲ့လိုက် ခွဲဝေစစ်ဆေးပြီး ပြန်လည် ဆွေးနွေးစေရမည်။
- မှတ်ချက်။ ။ လေ့လာပြီးသော သင်ခန်းစာများကို ပြန်မှတ်မိစေရမည်။ နည်းလမ်းငါးသွယ် သင်ခန်းစာ လမ်းညွှန်ချက်များကို ကောင်းစွာ သိရှိနားလည်စေရမည်။ ထိုအချက်များကို အသုံးချ၍ လေ့ကျင့်ခန်းများကို ကိုယ်တိုင်ပြုလုပ်နိုင်ရမည်။ ကျက်စာမဟုတ်၊ ကျင့်စာဖြစ်သောကြောင့် ကျောင်းသားများကိုယ်တိုင် မဖြစ်မနေလေ့ကျင့်ရေးသားရမည်။

ဖတ်ရှုလေ့လာသင့်သောစာအုပ်များ

(၁) မောင်ခင်မင် (ဓနုဖြူ)၊ မြန်မာစာ စကားဝိုင်း (၃)၊ ၂၀၂၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကား ဦးစီးဌာန၊ ရန်ကုန်မြို့။

(၂) မောင်ခင်မင် (ဓနုဖြူ)၊၂၀၂၂ မေလ၊ စာရေးကြမလား၊ ကံ့ကော်ဝတ်ရည်စာပေ။

(၃) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၀၃ ဇန်နဝါရီ၊ ငယ်ပေါင်း ကြီးဖော် မြန်မာစကားနှင့်အရေးအသားပြဿနာများ၊ ကောင်းသန့်စာပေ။

(၄) မောင်ခင်မင် (ဓနုဖြူ)၊ ၁၉၉၄ မတ်၊ စကားပြေ သဘောတရား၊ စကားပြေ အတတ်ပညာ၊ စာပေလောက။

(၅) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၃၊ မြန်မာစာကိုယ်ခံတည်ဆောက်ရေး (အခြေခံစာအရေးအသားဆိုင်ရာ စာစု)၊ The Key Collection.

(၆) စောလူ၊ ၂၀၁၅၊ စကားပြေ အရေးအသား ကြီး ခခွေး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

(၇) ဦးဖေမောင်တင်၊ ၁၉၆၅ ဒီဇင်ဘာ ၊ မြန်မာသဒ္ဒါနှင့် အသုံးအနှုန်း (ပဉ္စမအကြိမ်) ၊ စာပေဗိမာန်။

(၈)မင်းသုဝဏ်၊၂၀၀၃ ဧပြီ၊ စာရေးလိုသော် ဆောင်းပါး၊ ပန်းနှင့်ပင်စည်(ဒုတိယအကြိမ်)၊ သီဟရတနာစာပေ။

၃။ ခွန်အားရှိသောစာ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ၃။ ခွန်အားရှိသောစာ "တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ" ရွှေဥဒေါင်း |
| သင်ယူမှုရလဒ် | (၁) စာရေးရာတွင် သတိထားသင့်သော အချက်များကို သိရှိ နားလည် စေရန်<br>(၂) ထိုအချက်များကို ဂရုတစိုက် အလေးထား၍ ခွန်အားရှိ သောစာများ ရေးသားနိုင် စွမ်းရှိ လာစေရန် |
| သင်ကြားနည်းစနစ် | (၁) ဟောပြောဆွေးနွေးခြင်းနည်း (Lecture Discussion Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | • ဆရာနှင့်တပည့်အပြန်အလှန်မေးမြန်းဆွေးနွေးစေခြင်း<br>• ရသောအချိန်အတွင်း ပြီးစီးရန် လေ့ကျင့်သင်ကြားခြင်း<br>• စာသင်ခန်းထဲတွင် အောက်ပါအစီစဉ်အရ လက်တွေ့ ဆောင်ရွက် ခြင်း<br>(က) နိဒါန်းပျိုးခြင်း<br>(ခ) အချက်အလက်များတင်ပြခြင်း<br>(ဂ) ဥပမာများဖြင့် မြင်သာ စေရန်မေးမြန်းရှင်းလင်းဖြေဆိုစေခြင်း<br>(ဃ) အနှစ်ချုပ်၍ ဆွေးနွေးပို့ချပြီး နားလည်မှုကို ပြန်လှန် စစ်ဆေးခြင်း |
| စာသင်ချိန် | ၈ ချိန်၊ တစ်ချိန် (၄၅ မိနစ်) |

စာသင်ချိန် (၁)

- ပြီးခဲ့သော အရေးသင်ခန်းစာနှစ်ပုဒ်နှင့် ဆက်စပ်၍ ဝါကျတစ်ကြောင်းကို ရေးပြပါ။ (မှားသော ဝါကျဖြစ်စေရမည်။ သာဓကအားဖြင့် ဟန်ချက်မညီသောဝါကျ/ အနုစိတ်မရေးထားသော ဝါကျ)
- ထိုဝါကျသည် သင့်မသင့်/ ဆိုလိုသောအဓိပ္ပာယ်ကို ရောက်နိုင်/ မရောက်နိုင် ကျောင်းသားများကို ဖြေ ခိုင်းပါ။
- ထို့နောက် "ခွန်အားရှိသော စာ" သင်ခန်းစာသို့ ခေါ်ဆောင်သွားပါ။
- ခွန်အားရှိသောစာ ဆောင်းပါးသည် ခွန်အားရှိသော စကားပြေအရေးအသားကောင်းတစ်ခု ရေးသား နိုင်ရန် မရှိမဖြစ်လိုအပ်သော အချက်များကို လမ်းညွှန်ပြထားခြင်းဖြစ်ကြောင်း ရှင်းပါ။
- ခွန်အားရှိသောစာ ရေးနိုင်ရန် ၎င်းအချက်များကို သေသေချာချာ သိရှိပြီး နားလည် တတ်ကျွမ်းရမည် ဖြစ်ကြောင်း ရှင်းပြပါ။
- ခွန်အားရှိသောစာ မူရင်းစာပုဒ်ကို ဖတ်ခိုင်းပါ။

စာသင်ချိန် (၂)

- ဟောပြောဆွေးနွေးသည့် သင်ကြားနည်းကို သုံးပါ။
- ခွန်အားရှိသော စာ နှင့် ပတ်သက်၍ စာရေးသူအကြောင်းနိဒါန်းပျိုးပါ။

- ခွန်အားရှိသောစာ ဖြစ်စေရန် အချက်သုံးချက်လိုအပ်ကြောင်း၊ ထိုအချက်များကို ပြောပြသည့် ဆရာကြီးရွှေဥ ဒေါင်းကိုယ်တိုင် ခွန်အားရှိသောစာများစွာကို ဖန်တီးရေးသားနိုင်ကြောင်း စာရေးသူနှင့် စာကို ဆက်စပ်၍ မိတ်ဆက်ပေးပါ။
- ခွန်အားရှိသောစာ ဖြစ်စေသည့် အကြောင်းများကို အချက်အလက်တိတိကျကျ ပြောပြပါ။
- ခွန်အားရှိသောစာဖြစ်ရန် (၁) ရေးလိုသော အကြောင်း အရာကို ကောင်းစွာနားလည်ခြင်း (၂) အချက်ကျကျ ရေးတတ်ခြင်း နှင့် (၃) ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုး တည်ဆောက်ရန်လိုအပ်ခြင်းတို့ မရှိမဖြစ် လိုအပ် ကြောင်း အချက်အလက်များကို မှတ်မိအောင် ဆွေးနွေးပို့ချပါ။
- စကားပြေအရေးအသားကောင်း၏လက္ခဏာများကို ဖော်ပြရုံမက၊ မရေးမီ မိမိ ရေးလိုသော အကြောင်း အရာကို ကောင်းစွာနားလည်ဖို့ မရှိမဖြစ်လိုအပ်ကြောင်း နမူနာများပြ၍ ရှင်းလင်းပါ။
- ခွန်အားရှိသောစာသည် မည်သို့သော စာမျိုးဖြစ်ကြောင်း လမ်းညွှန်ထားချက်များကို လိုက်နာလျှင် စာရေး ကောင်းသူဖြစ်နိုင်ကြောင်း ကျိုးကြောင်းပြ၍ ပို့ချဆွေးနွေးပါ။
- ကျောင်းသားများအား ပို့ချပြီးသမျှကို မှတ်မိအောင် ဆရာက အချက်အားလုံးကို ပြန်မေးပေးပါ။
- ကျောင်းသားအချင်းချင်း ပြန်မေးခိုင်းပါ။

### စာသင်ချိန် (၃)

- ဟောပြောဆွေးနွေးခြင်းနည်းကို အသုံးပြုသင်ကြားရမည်ဖြစ်၍ ဆရာနှင့်တပည့်အပြန်အလှန် မေးမြန်း ဆွေးနွေးပါ။
- ခွန်အားရှိသောစာဖြစ်အောင် ရေးမည့်သူသည် ရေးလိုသောအကြောင်းအရာကို ကောင်းစွာ နားလည်သင့် ကြောင်း သာဓကနှင့် ရှင်းပြပါ။ (လေးလေးနက်နက်သေသေချာချာ မသိသော အကြောင်းအရာကို ဖြန်း သန်း ရေးမိလျှင် ဉာဏ်နှင့် စဉ်းစားဆုံးဖြတ်တတ်သော စာဖတ်သူတို့က ဖတ်မိပြီး အထင်သေး စိတ်ပျက် သွားတတ်သည်။)
- ထို့ကြောင့် အများပရိသတ်ဖတ်ရန်အလို့ငှာ စာရေးသူတို့သည် ထိုအချက်ကို အထူးဂရုပြုသင့် ကြောင်း ဆွေးနွေး သင်ကြားပါ။
- “ခွန်အားရှိသောစာ” ဖြစ်စေရန် သူ့နေရာနှင့်သူ တိကျမှန်ကန်သော စကားလုံး ရွေးချယ်သုံးနှုန်း ဖို့လို ကြောင်း၊ ထိုသို့ ရွေးချယ်သုံးနှုန်းခြင်းသည် အချက်ကျအောင် ရေးတတ်ခြင်းဖြစ်ကြောင်း ရှင်း ပါ။ ၁၀ နှစ် သားကလေး သာဓကနှင့်ရှင်းပြပါ။
- ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးတည်ဆောက်တတ်ခြင်းသည် ခွန်အားရှိသောစာအတွက် မရှိ မဖြစ် လိုအပ် ကြောင်း အသေးစိတ်ရှင်းပြပါ။
- ဤနေရာတွင် ဝိဘတ်အသုံးမှန်ကန်ရန် လိုအပ်ကြောင်း သာဓကဝါကျများဖြင့်ရှင်းပြပါ။
- ကျောင်းသားများအား ဝိဘတ်အသုံးမှားသော ဝါကျတချို့ရေးပြ၍ မေးကြည့်ပါ။

### စာသင်ချိန် (၄)

- ဟောပြောဆွေးနွေးနည်း(Lecture Discussion Mehtod) သင်ကြားမှုဖြစ်စဉ် ပေါက်မြောက် အောင်မြင်စေ ရန် စာသင်ခန်းထဲတွင် နိဒါန်းပျိုးခြင်း၊ အချက်အလက်များ တင်ပြဆွေးနွေးခြင်း၊ ဥပမာများဖြင့် ဆွေးနွေး ခြင်း လက်တွေ့ ဆောင်ရွက်သင်ကြားပေးပါ။
- ခွန်အားရှိသောစာ ဖြစ်ဖို့ လိုအပ်ချက် ၃ ခုကို အသေးစိတ် ပြန်၍ ဆွေးနွေးသင်ပြပါ။

- ထို ၃ ချက်ကို ရှင်းပြရာတွင် ဥပမာများဖြင့် မြင်သာစေရန် မေးမြန်းရှင်လင်း ဖြေဆိုပါစေ။
- ရေးလိုသောအကြောင်းအရာကို ကောင်းစွာမသိလျှင် အချက်ကျကျရေးနိုင်ဖို့မလွယ်ကြောင်း၊ သာဓကများဖြင့်ရှင်းလင်းပါ။
- ထိုသို့မသိလျှင် "ကြောင်" အကြောင်းရေးရင်း "ကျား" အကြောင်း ဖြစ်သွား နိုင်သောကြောင့် သတိပြုရမည်ဟု ရှင်းပြသင့်သည်။ (ဆရာတို့၏ ကိုယ်ပိုင် သာဓကများဖြင့်လည်း ဆွေးနွေးနိုင်ပါ သည်။)
- ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးဖြစ်စေရန်သည် နောက်ဆုံးမှပြောသော်လည်း ရှေ့နှစ်ခုကဲ့သို့ပင် တစ်တန်းတည်းထား၍ ဂရုစိုက်သင့်ကြောင်း သာဓက ဝါကျများပြ၍ ရှင်းပြပါ။
- ထို့ပြင် ဝိဘတ်များကို ထားချင်သလိုထားလျှင် ဆိုလိုချက်များ လွဲသွားတတ်ကြောင်း သာဓက ဝါကျ များဖြင့်ရှင်းပြပါ။
- ဆရာက ကျောင်းသားများအား ခွန်အားရှိသောစာ ဟု မိမိထင်သည့် စာတစ်ပုဒ်ကို စဉ်းစားခဲ့ဖို့ မှာကြားပါ။

## စာသင်ချိန် (၅)

- ဟောပြောဆွေးနွေးနည်း (Lecture Discussion Method) သင်ကြားမှုဖြစ်စဉ်တစ်ခုဖြစ်သည့် အနှစ်ချုပ်၍ ဆွေးနွေးပို့ချပါ။ ထို့နောက် ကျောင်းသားများ၏ နားလည်မှုကို ပြန်လှန် စစ်ဆေးပါ။
- ခွန်အားရှိသောစာ ရေးနိုင်ဖို့ လမ်းညွှန်ချက်များကို သာဓကများဖြင့် အသေးစိတ် ရှင်းလင်းပြီးလျှင် လေ့ကျင့်ခန်းများ ဖြေခိုင်းပါ။
- အချိန် သတ်မှတ်ပေးပြီး တစ်ဦးချင်းသော်လည်းကောင်း၊ နှစ်ယောက်ချင်း သော်လည်း ကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဖြေခိုင်းပါ။
- လေ့ကျင့်ခန်းမေးခွန်း နံပါတ်(၁)သည် မှတ်မိမှုဆိုင်ရာမေးခွန်းဖြစ်သည်။
- မှတ်မိမှုအခြေအနေကို စစ်ဆေးရမည်ဖြစ်၍ ကျောင်းသားတစ်ဦးချင်းစီကို သူ့ဘာသာ ဖြေခိုင်းပါ။
- ပြီးမှ ကျောင်းသားအချင်းချင်း အဖြေပြန်တိုက်ပါစေ။

## စာသင်ချိန် (၆)

- ခွန်အားရှိသောစာ ဆောင်းပါးမှ သဘောတရားများကို မှတ်မိအောင် လေ့လာခိုင်းပါ။
- လေ့ကျင့်ခန်းများ ဖြေဆိုရန် အချိန်တစ်ခုပေးပါ။
- ထိုအချိန်အတွင်း ပြီးအောင် ဖြေဆိုနိုင်အောင် လေ့ကျင့်ပေးပါ။
- လေ့ကျင့်ခန်း မေးခွန်း နံပါတ် (၂) သည် နားလည်မှုဆိုင်ရာမေးခွန်းဖြစ်သည်။
- အထားအသိုမမှန်သော ဝါကျများကို ပြင်ရေးနိုင်ခြင်းသည် စဉ်းစားနိုင်စွမ်းကို တိုးတက် စေကြောင်းပြောပါ။
- သင့်လျော်သော ဝိဘတ်ကို ထည့်နိုင်ခြင်းသည် သဒ္ဒါဆိုင်ရာ နားလည်တတ်ကျွမ်းမှုကို တိုးစေပြီး စိစစ်ရွေးချယ်နိုင်စွမ်းကို တိုးစေသောကြောင့် များများ လေ့ကျင့်ပေးပါ။
- ဖတ်ဖူးသော အထားအသိုမမှန်၊ သဒ္ဒါမမှန်သည့် ဝါကျများကို အဖွဲ့လိုက်ပြောခိုင်းပါ။

## စာသင်ချိန် (၇)

- အရေးသင်ခန်းစာများသည် ကျက်စာမဟုတ် ကျင့်စာဖြစ်ကြောင်း အခွင့်သင့်တိုင်းပြောပါ။
- သင်ခန်းစာပါ လမ်းညွှန်ချက်များကို မှတ်မိအောင် ကြိုးစားပါစေ။
- လေ့ကျင့်ခန်းများကို ကိုယ်တိုင်အားထုတ်ဖြေဆိုပါစေ။

- စာရေးရာတွင် သတိထားသင့်သောအချက်များကို သိရှိစေပြီး ကျောင်းသားများကိုယ်တိုင် ခွန်အားရှိသော စာမျိုးကို ဖန်တီးစေရမည်။
- လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) သည် ဖန်တီးမှုဆိုင်ရာမေးခွန်း ဖြစ်သည်။
- ဝါကျကိုဆုံးအောင် ရေးရာတွင် အဓိပ္ပာယ်လည်း ဆီလျော်အောင်၊ သဒ္ဒါသုံးလည်း မှန်အောင် ဖြေဆိုစေရမည်။
- ပြီးလျှင် ကျောင်းသားများ အချင်းချင်း ဆွေးနွေးခိုင်းပါ။ ဆရာက ကြီးကြပ်ပေးပါ။

စာသင်ချိန် (၈)

- စာသင်ချိန်အစတိုင်း ခွန်အားရှိသောစာ တွင် ပါသော အဓိကအချက်များကို ပြန်မေး ပြန်ဖြေခိုင်းပါ။
- အဖွဲ့များအလိုက် မေးခွန်းများကို ဖြေဆိုပါစေ။
- လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၄) သည်ဖန်တီးမှုဆိုင်ရာမေးခွန်းဖြစ်သည်။ ဤမေးခွန်းသည် နှစ်ဆင့်မေးခွန်းဖြစ်သည်။ ပထမတစ်ဆင့်တွင် ကျောင်းသားတို့က ထိုစာပိုဒ်၌ ဘာအကြောင်းကို ရေးထားလဲ သိပါစေ။ ဘာအကြောင်းရေးထားလဲ သေသေချာချာသိမှ သင့်လျော်သော ခေါင်းစဉ်ကို စဉ်းစားပါစေ။ အဖြေအမျိုးမျိုးဖြစ်နိုင်သည်ကို သတိပြုပါ။
- ကျောင်းသားတိုင်း၏ ဖန်တီးနိုင်စွမ်းကို တိုးတက်စေရန် လေ့ကျင့်ပေးပါ။
- မေးခွန်းနံပါတ် (၄) ကို ဖတ်ပြီး မည်သည့်အကြောင်းအရာကို ရေးထားကြောင်း ဖြေနိုင်ခြင်းသည် အဖတ်စွမ်းရည်နှင့် ဝေဖန်သုံးသပ်နိုင်စွမ်းကို တိုးတက်စေခြင်းဖြစ်သည်။
- ထို့နောက် ထိုအကြောင်းအရာနှင့် သင့်လျော်သော ခေါင်းစဉ်ကို တပ်ခိုင်းခြင်းသည် ဖန်တီးနိုင်စွမ်းကို စစ်မေးခြင်းဖြစ်၍ ကျောင်းသားတိုင်း၏ အဖြေသည် မတူနိုင်သောကြောင့် သင့်/မသင့် ဆရာက ဆွေးနွေးပေးပါ။
- လေ့ကျင့်ခန်းမေးခွန်းများကို ဆရာက မေးလိုက် ဖြေပြလိုက်လုပ်ခြင်းမျိုးကို လုံးဝရှောင်ပါ။ ဆရာက လုံးဝမဖြေပြရပါ။
- ကျောင်းသားများကိုယ်တိုင် အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဖြေဆိုပါစေ။
- မေးခွန်း နံပါတ် (၅) သည် နားလည်မှုကို စိစစ်သည့် မေးခွန်းဖြစ်သည်။
- ကျောင်းသားများ၏ စိစစ်ဝေဖန်နိုင်စွမ်းကို တိုးတက်စေသည့် မေးခွန်းဖြစ်သည်။
- စာကို မှန်အောင်ရေးသားရာတွင် အထောက်အကူများစွာ ပေးနိုင်ကြောင်း ရှင်းပါ။
- ဦးစွာ ပေးထားသော ဝါကျကို အသံထွက်၍ ဖတ်ပါစေ။
- ထို့နောက် စကားပိုများ ရှိ/မရှိ မေးပါ။
- ပြီးမှ ကျစ်လျစ်သော ဝါကျဖြစ်အောင် ပြင်ဆင်ရေးသားခိုင်းပါ။

မှတ်ချက်။ ။ မေးခွန်းများကို ဆရာက ဦးစွာ ဖြေပြခြင်းမျိုးမပြုသင့်ပါ။ ကျောင်းသားများကိုယ်တိုင်မေးကိုယ်တိုင်ဖြေဆိုရန် အားပေးရမည်။ ၄ ကြိမ်ကို ဆရာက ဦးဆောင်၍ မေးမြန်းဆွေးနွေးခြင်းဖြင့် သင်ကြားပေးသင့်ပြီး၊ ကျန် ၄ ကြိမ်ကို ကျောင်းသား/သူများ ကိုယ်တိုင် လေ့ကျင့်ဖြေဆိုပြီး အပြန်အလှန် စစ်ဆေး အကဲဖြတ်သင့်သည်။

ဖတ်ရှုလေ့လာသင့်သောစာအုပ်များ
(၁) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၅ နှစ်၊ မြန်မာစာ စကားဝိုင်း (၁)၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကား ဦးစီးဌာန၊ ရန်ကုန်မြို့။
(၂) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၆ နှစ်၊ မြန်မာစာ စကားဝိုင်း (၂)၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကား ဦးစီးဌာန၊ ရန်ကုန်မြို့။
(၃) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၂၀ ပြည့်နှစ်၊ မြန်မာစာ စကားဝိုင်း (၃)၊ (ဒုတိယအကြိမ်)၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကား ဦးစီးဌာန၊ ရန်ကုန်မြို့။
(၄) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၃၊ မြန်မာစာကိုယ်ခံတည်ဆောက်ရေး (အခြေခံစာအရေးအသားဆိုင်ရာစာစု)၊ The Key Collection.
(၅) ရွှေဥဒေါင်း၊ ၂၀၂၁၊ တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ၊ စိတ်ကူးချိုချို အနုပညာ။
(၆) ဦးဖေမောင်တင်နှင့် ဦးချို၊ ၂၀၁၃၊ မြန်မာစာကြည့်စာ ၃ တွဲပေါင်းချုပ်၊ စိတ်ကူးချိုချိုစာပေ။

## ၄။ စာရေးနည်း နှစ်မျိုး

| သင်ခန်းစာခေါင်းစဉ် | ၄။ စာရေးနည်းနှစ်မျိုး |
|---|---|
| သင်ယူမှုရလဒ် | (၁) စာတစ်ပုဒ်ကိုဖတ်ပြီး မည်သည့် ရေးနည်း မျိုးဖြင့် ရေးသားထားကြောင်း ဝေဖန် စိစစ်နိုင်သော အရည်အသွေး တိုးပွား စေရန်<br>(၂) ထိုစာရေးနည်းအသီးသီးကိုထင်ဟင်နေသော နမူနာများကို အတုယူ၍ ကိုယ်တိုင် ဖန်တီး ရေးသားနိုင်သော အရည်အသွေး တိုးပွား စေရန် |
| သင်ကြားနည်းစနစ် | (၁) မေးခွန်းနှင့် အဖြေသုံး၍ သင်ပြနည်း<br>(Question and Answer Method)<br>(၂) ဟောပြောဆွေးနွေးခြင်းနည်း (Lecture Discussion Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | • နားလည်မှုပမာဏကို သိရှိစေရန်<br>• ကျောင်းသားများ၏ အာရုံစူးစိုက်မှုကို ပြောင်းလဲချိန်အရေးကြီး အချက်များကို သီးခြား ခွဲထုတ်၍ အကျယ်ချဲ့ပြောရန်<br>• Assignment မပေးမီ တပည့်များ ကို ညွှန်ကြားချက်ပေးရန်<br>• ဆရာနှင့်တပည့်အပြန်အလှန်မေးမြန်းဆွေးနွေးစေခြင်း<br>• ရသောအချိန်အတွင်း ပြီးစီးရန် လေ့ကျင့်သင်ကြား ခြင်း<br>စာသင်ခန်းထဲတွင် အောက်ပါအစီစဉ်အရ လက်တွေ့ ဆောင်ရွက်ခြင်း<br>(က) နိဒါန်းပျိုးခြင်း<br>(ခ) အချက် လက်များတင်ပြခြင်း<br>(ဂ) ဥပမာများဖြင့် မြင်သာ စေရန်မေးမြန်းရှင်းလင်းဖြေဆိုစေခြင်း<br>(ဃ) အနှစ်ချုပ်၍ ဆွေးနွေးပို့ချပြီး နားလည်မှုကို ပြန်လှန် စစ်ဆေးခြင်း |
| စာသင်ချိန် | ၈ ချိန်၊ တစ်ချိန် (၄၅ မိနစ်) |

စာသင်ချိန် (၁)

- စာရေးနည်းနှစ်မျိုး ဆောင်းပါးကို မသင်ကြားခင် ကျောင်းသား/သူများကို အနည်းဆုံး ၂ ခေါက် ဖတ်ခိုင်းပါ။
- အတန်းထဲမဝင်ခင် တစ်ရက်ကြို၍ အိမ်မှာ ဖတ်ခဲ့ရန် မှာကြားပါ။
- စာရေးနည်းနှစ်မျိုးနှင့် သက်ဆိုင်သည့် နမူနာပြထား သောစာများကို ခံစားဖတ်ရှုရန် မှာကြားပါ။
- စာရေးကျင့်လိုသူ တစ်စုံတစ်ယောက်သည် မိမိတကယ်မြင်၊ တကယ်တွေ့၊ တကယ်သိသော အကြောင်းအရာတို့ကို ရေးသင့်ကြောင်း မှတ်သားပါစေ။
- စာစရေးသူတို့သည် မိမိခံစားလိုက်ရသည်တို့ကို စာဖတ်သူတိုင်းအား မိမိခံစားရသကဲ့သို့ ခံစားနိုင် အောင် တင်ပြရေးသားဖို့ အားထုတ်ဖို့လိုကြောင်း ရှင်းပြပါ။
- ပြီးမှ သင်ခန်းစာတွင်ပါသော စာရေးနည်းနှစ်မျိုးအကြောင်းနှင့် သဘောသဘာဝကို ဆရာက ရှင်းပြပါ။

စာသင်ချိန် (၂)

- စာရေးသူ ရန်ကုန်ဘဆွေကိုယ်တိုင် စာရေးနည်းကို ပြောပြရာတွင် သူကိုယ်တိုင်ရေးသော စာများကို နမူနာ ပြကြောင်း သတိပြုမိပါစေ။
- စာရေးနည်းနှစ်မျိုး ဆောင်းပါးနှင့် စာရေးသူ ရန်ကုန်ဘဆွေအကြောင်း ဆက်စပ်ရှင်းပြပါ။
- စာရေးကျင့်သူတိုင်းသည် မိမိစာကို ဖတ်၍ကောင်းရန်နှင့် မိမိရင်၌ ခံစားရသကဲ့သို့ ဖတ်သူတို့ ခံစား သိရှိရန် ရေးသားကြောင်းရှင်းပြပါ။
- ထို့ပြင် စာရေးကျင့်သူတို့အတွက် တိုက်ရိုက်ရေးဖွဲ့နည်းသည် လုံလောက်သော ရေးဖွဲ့နည်းဖြစ်၍ ကောင်းမွန် ရှင်းလင်းသော ရေးဖွဲ့နည်း၊ လွယ်ကူသော ရေးဖွဲ့နည်းလည်းဖြစ်ကြောင်း သာဓကများဖြင့် ရှင်းပြပါ။
- ထိုသို့ရှင်းပြရာတွင် စာရေးနည်းနှစ်မျိုးနှင့်ပတ်သက်၍ အရေးကြီးအချက်များကို သီးခြား ခွဲထုတ်ပြီး အကျယ်ချဲ့ရှင်းပြပါ။
- ဆရာက မိမိဖတ်ဖူးသော စာများကို နမူနာပြပါ။ ဘာကို ရေးထားကြောင်း ဘယ်လိုနားလည်ကြောင်း မေးပါ။ (အမျိုးသားပညာဝန်ဦးဖိုးကျား၏ "မင်းကတော်" "ဘုရားဖူးသွားခြင်း" ၊ သိပ္ပံမောင်ဝ၏ "အိုင်စီအက်စ်" "တောက်တဲ့" စသည်တို့သည် ဇာတ်ဆောင်တို့၏ ဂုဏ်ကို တင်စားရေးသား ထားခြင်း ဖြစ်ကြောင်း စိတ်ဝင်စားအောင် ရှင်းပြပါ။)
- ပြင်ပစာတို့နှင့် ဆက်စပ်စဉ်းစားဖို့ လမ်းညွှန်ပေးပါ။
- စာသင်ချိန်တစ်ချိန် ပြီးခါနီးတိုင်း သင်ပြီးသမျှမှတ်မိလား ပြန်စစ်ပါ၊ ပြန်မေးပါ။

စာသင်ချိန် (၃)

- စာရေးနည်းနှစ်မျိုးဖြစ်သည့် တိုက်ရိုက်ရေးခြင်းနှင့် သွယ်ဝိုက်ရေးခြင်းကို သာဓကများနှင့် ပြဆိုထား ကြောင်း ရှင်းပြပါ။
- (၁) မေးခွန်းနှင့် အဖြေသုံး၍ သင်ပြနည်း (Question and Answer Method)နှင့်
- (၂) ဟောပြောဆွေးနွေးခြင်းနည်း (Lecture Discussion Method)တို့ကို အလျဉ်းသင့်သလိုသုံး၍သင်ပါ။
- ဤအချိန်တွင် သွယ်ဝိုက်ရေးသားနည်းအကြောင်း ရှင်းပါ။
- စာရေးသူတို့သည် တကယ်ရှိ၊ တကယ်မြင်နေကြရသော လောကသဘာဝ၊ အဖြစ်အပျက်များကို မျက်မှောက် ၌ရှိသည့် လောကသဘာဝ၊ အဖြစ်အပျက်များထက် ပိုမိုလှပအောင် သွယ်ဝိုက်ရေးဖွဲ့နည်းဖြင့် တန်ဆာဆင် ရေးဖွဲ့တတ်ကြောင်း ရှင်းပြပါ။

- သွယ်ဝိုက်ရေးသားနည်းကို ထင်ထင်ရှားရှားမြင်နိုင်ရန် သာဓကများဖြင့် ရှင်းပြပါ။
- သာဓကများနှင့် ထင်ဟပ်ပြရာတွင် ကျောင်းသား/သူတို့ ရင်းနှီးပြီးသား ကဗျာ၊ ဝတ္ထု၊ ရသစာတမ်းတို့ကို ရွေးချယ်လျှင် ပို၍ မြင်သာနိုင်ပါသည်။
- ကျောင်းသားတို့အား ဝင်ရောက်ဆွေးနွေးပါစေ။ (သာဓကအားဖြင့်..... ဘယ်စာကို စိတ်ထဲ စွဲ နေလဲ။ ဘာကြောင့်လဲ။ ဘယ်လိုရေးသားမှုကို သတိထားမိလဲ။)
- ဆရာက နည်းနည်း ကျောင်းသား/သူများကို များများ ပြောခိုင်းပါ။

## စာသင်ချိန် (၄)

- မေးခွန်းနှင့် အဖြေသုံး၍ သင်ပြနည်း (Question and Answer Method) ကို အသုံးပြုသင်ကြားပါ။
- ကျောင်းသား/သူတို့၏ နားလည်မှု ပမာဏကို သိရှိစေရန် စာရေးနည်းနှစ်မျိုးအကြောင်းကို သေချာစွာ နားလည်အောင်သင်ကြား ပြီးလျှင် ကျောင်းသားများနှင့် မေးလိုက် ဖြေလိုက်လုပ်ပါ။
- သိပ္ပံမောင်ဝ "ဂေါက်သီး"သည် တိုက်ရိုက်ရေးနည်းလား။ သွယ်ဝိုက်ရေးနည်း လား မေးကြည့်ပါ။
- သင်ခန်းစာပါ နမူနာ စာပိုဒ်များကို မှတ်မိလား။ မမှတ်မိဘူးလား သိရအောင် ကောက်နုတ်မေးပါ။
- အဖွဲ့များခွဲ၍ ဖြေဆိုပါစေ။ အချိန်တစ်ခု သတ်မှတ်ပေးပါ။ အချိန်မီပြီးပါစေ။
- ကျောင်းသားတို့အဖွဲ့များ ဖြေဆိုသောအခါ ဆရာက ကြီးကြပ်ပေးပါ။

## စာသင်ချိန် (၅)

- ဤစာသင်ချိန်မှစ၍ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခိုင်းပါ။
- ကျောင်းသားများကို အဖွဲ့ခွဲ၍ တစ်လှည့်စီ အမေး အဖြေ ပြုလုပ်ပါစေ။
- မြန်မြန်ပြီးသော အဖွဲ့က မေးချင်ရာကို မေးခွင့်ရစေရမည်။ သာဓကအားဖြင့်... အဖွဲ့ (၁) က မေးခွန်း များကို အရင်ဆုံးပြီးအောင် ဖြေနိုင်သွားလျှင် စာရေးနည်းနှစ်မျိုးနှင့် ပတ်သက်၍ ကြိုက်ရာ မေးခွန်း ထုတ်စေရမည်။ ကျန်အဖွဲ့များက ဖြေရမည်။
- ဥပမာ။ ။ အမျိုးသားပညာဝန်ဦးဖိုးကျား၏ "မင်းကတော်" ဝတ္ထုသည် တိုက်ရိုက်ရေးနည်းလား။
- လေ့ကျင့်ခန်း မေးခွန်းနံပါတ် (၁) သည် မှတ်မိမှုဆိုင်ရာ မေးခွန်းဖြစ်သည်။
- လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၂) သည် နားလည်မှုဆိုင်ရာမေးခွန်းဖြစ်သည်။
- ကျောင်းသားများ၏ အာရုံစူးစိုက်မှု ကို ပြောင်းလဲနိုင်ရန် ဆရာကမဟုတ်ဘဲ၊ ကျောင်းသားများကို မေးမြန်း ဖြေဆိုခွင့်ပေးပါ။
- (လေ့ကျင့်ခန်းမေးခွန်းများသာမက သင်ခန်းစာပါ စာပိုဒ်များနှင့် မိမိနှစ်သက် ခံစားရသော ကဗျာ၊ ဝတ္ထု၊ ရသ စာတမ်းပါ စာပိုဒ်များကို တစ်ဖွဲ့က ဖော်ပြစေရမည်။ ၎င်းကို ကျန်အဖွဲ့များက တိုက်ရိုက်ရေးနည်း နှင့် ရေးထား လား။ သွယ်ဝိုက်ရေးနည်းနဲ့ ရေးထားလား ဆိုတာကို သုံးသပ်ဖြေဆို စေရပါမည်။)

## စာသင်ချိန် (၆)

- လေ့ကျင့်ခန်းမေးခွန်း နံပါတ် (၃)သည် အကဲဖြတ်မေးခွန်း ဖြစ်သည်။
- စာရေးနည်းနှစ်မျိုးနှင့်ပတ်သက်၍ လေ့ကျင့်ခန်းများ မဖြေခိုင်းမီ တပည့်များကို တိုက်ရိုက်ရေးနည်းကို သုံး၍ ရေးသော စာမျိုးသည် မည်သို့သော စာမျိုးဖြစ်ကြောင်း၊ သွယ်ဝိုက်ရေးနည်းကိုသုံး၍ ရေးသောစာမျိုး သည် မည်သို့သော စာမျိုးဖြစ်ကြောင်း သင်ခန်းစာတွင်ပါသော စာပိုဒ်များသာမက၊ အခြားစာပိုဒ်များကိုပါ နမူနာပေး၍ ပြန်နွှေးပေးပါ။

- လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၄) (၅) သည် စိစစ်ဝေဖန်သော မေးခွန်းဖြစ်သည်။
- အဖွဲ့လိုက်နှုတ်ဖြေဆိုပါစေ။
- အချိန်သတ်မှတ်ပေးပါ။
- ဆရာက ပြန်လည်ဆွေးနွေးပေးပါ။
- ရေးဖြေဖို့ အိမ်စာပေးလိုက်ပါ။

စာသင်ချိန် (၇)

- ဟောပြောဆွေးနွေးခြင်းနည်း (Lecture Discussion Method) ကို သုံး၍ သင်ကြားရမည် ဖြစ်၍ ဆရာနှင့် တပည့်အပြန်အလှန်မေးမြန်းဆွေးနွေးမှုကို လုပ်ပေးပါ။
- စာရေးကျင့်သူတို့အဖို့ ဖတ်၍ကောင်းသော စာမျိုးရေးရန် စကားလုံးလှလှရွေးခြင်းထက် မိမိ ပြောလိုသော အကြောင်းအရာကို စာဖတ်သူတို့ အလွယ်တကူ ရှင်းခနဲ ကွက်ခနဲ သိနိုင်စေရန် အလေးပေး၍ ရေးသင့်ကြောင်း အထပ်ထပ်ပြောပါ။
- တိုက်ရိုက်ရေးဖွဲ့နည်းဖြင့် ဂုဏ်ကိုဖော်ပြရာ၌ အများကိုလည်းကောင်း၊ တစ်ယောက်ချင်း တစ်ဦးချင်းကို လည်းကောင်း၊ အရာဝတ္ထုကို လည်းကောင်း ကြိုက်နှစ်သက်ရာ တိုက်ဆိုင်သလို ဖော်ပြနိုင်ကြောင်း ပြန်ပြောပြပါ။
- ထိုသို့ အမည်၊ အမျိုးအစား၊ ဂုဏ်အရည်အချင်း နှင့် ပုံသဏ္ဌာန်တို့ကိုသာမက အပြုအမူ အဖြစ်အပျက်တို့ကိုလည်း တိုက်ရိုက်ရေးဖွဲ့နိုင်ကြောင်း ပြောပါ။
- ထိုသို့ရေးဖွဲ့ရာတွင် မိမိဖော်ပြလိုသည့် အဖြစ်အပျက်တို့၏ လှုပ်ရှားနေသော အခိုက်အတန့်ကလေးကို သော်လည်းကောင်း၊ ဖြစ်ပျက် လှုပ်ရှားပြီး အခိုက်အတန့်ကလေးကို သော်လည်းကောင်း၊ ဖြစ်ပျက် လှုပ်ရှားလတ္တံ့သော အခိုက်အတန့်ကလေးကို သော်လည်းကောင်း ရေးဖွဲ့ပြနိုင်ကြောင်း ပြောပါ။
- ထို့ပြင် အသံတွေ ကြားလာအောင်၊ အနံ့တွေ နံလာအောင်၊ အကောင်အထည်ကြီးကို မြင်လာအောင်၊ ထိတွေ့ခံစားမှုတွေကို မိမိကိုယ်တိုင်ခံစားရသည်ဟု ထင်လာအောင် ပြုမူလှုပ်ရှားမှုတို့ဖြင့် ရေးဖွဲ့ပြနိုင်ကြောင်း အသေးစိတ်ထပ်ပြောပါ။
- ထိုသို့ ပြန်နွေးပြီးမှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၆) သည် ဖန်တီးမှုမေးခွန်း ကို ဖြေဆိုပါစေ။
- ဆရာက သင်ပြီးသမျှပြန်ပြောပြပြီး အချိန် မိနစ် ၂၀ ခန့်ပေး၍ မေးခွန်းနံပါတ် (၆ ) ကို ဖြေပါစေ။

စာသင်ချိန် (၈)

- ဤအချိန်တွင် သင်ကြားပို့ချပြီးသမျှကို ဆရာက ဦးဆောင်၍ အနှစ်ချုပ် ဆွေးနွေးပို့ချပါ။
- ကျောင်းသားများ၏ နားလည်မှုကို ပြန်လှန် စစ်ဆေးသင့်သောကြောင့် သင်ပြီးသမျှမှ ကောက်နုတ်၍ ကျောင်းသား/သူတိုအား ရုတ်တရက် မေးမြန်းသင့်သည်။ (ဥပမာ ... သိပ္ပံမောင်ဝ၏ "ဂေါက်သီး" သည် တိုက်ရိုက်ရေးနည်းလား/ သွယ်ဝိုက်ရေးနည်းလား။ )
- လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၇) အပုဒ်ခွဲ ၇ ပုဒ်သည် ဝေဖန်စိစစ် အကဲဖြတ်မေးခွန်းများ ဖြစ်သည်။
- ကျောင်းသားတို့၏ စဉ်းစားတွေးခေါ်နိုင်စွမ်းကို မြှင့်တင်ပေးသော မေးခွန်းများဖြစ်၍ မဖြစ်မနေ လေ့ကျင့်ဖြေဆိုပါစေ။
- ထိုမေးခွန်းများကို ဆရာကသတ်မှတ်ပေးသော အချိန်အတွင်း အပြီးဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးရမည်။

- မှတ်ချက် ။ ။ ဆရာက သင်ကြားပို့ချချိန်ကို (၄) ကြိမ်၊ ကျောင်းသား/သူများ လေ့ကျင့်ဖြေဆိုချိန်ကို (၄) ချိန် အနည်းဆုံးယူသင့်သည်။ အရေးသင်ခန်းစာသည် ကျက်စာမဟုတ်၊ ကျင့်စာ ဖြစ်သောကြောင့် ကျောင်းသား/သူတို့ကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ပြင်ပမှ သုတ ရသစာပေ များကို ရှာဖွေစေ၍ သူတို့ကိုယ်တိုင် မေးခွန်းအချို့ ပြုစုစေရမည်။ ဖြေဆိုစေရမည်။ အဖြေများကို ဆရာက ကြီးကြပ် ဆွေးနွေးပေးရမည်။

ဖတ်ရှုလေ့လာသင့်သောစာအုပ်များ

(၁) ဇော်ဂျီ၊ ၂၀၁၅၊ စာရှုခင်း (၂) ကဗျာ ပြဇာတ်နှင့် ပင်ကိုရေးဝတ္ထု၊ စိတ်ကူးချိုချို။

(၂) ဇော်ဇော်အောင်၊၂၀၀၈၊ မိုးပိတောက်စကားပြေများ လက်ရွေးစင်ဝတ္ထုတိုစု၊ သုံးပွင့်ညီညာစာပေ။

(၃) မင်းသုဝဏ်၊ ၂၀၂၂ ၊ မင်းသုဝဏ်ပုံပြင်များ ၊ (ဒုတိယအကြိမ်) ၊ စိတ်ကူးချိုချို အနုပညာ။

(၄) မင်းသုဝဏ်၊ ၂၀၀၂၊ မင်းသုဝဏ် ဝတ္ထုတိုများ (ပင်ကိုရေးနှင့် ဘာသာပြန်ဝတ္ထုတိုများ)၊ ရာပြည့် စာအုပ်တိုက်။

(၅) ရန်ကုန်ဘဆွေ၊ ၂၀၁၇၊ "စာရေးခြင်းအတတ်" စာအုပ်မှကောက်နုတ်၊ စိတ်ကူးချိုချိုအနုပညာ။

(၆) ရန်ကုန်ဘဆွေ၊၂၀၁၇ အောက်တိုဘာ၊ "ပန်းသွင်သီကုံး ရေးနည်းထုံးကား (ဒုတိယအကြိမ်)၊ ၊ စိတ်ကူးချိုချို အနုပညာ။

(၇) သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ၁၉၉၉၊ ခေတ်စမ်း၏ပန်းသုံးပွင့်ရနံ့များ၊ ရွှေစာပေတိုက်။

၅။ ရသဖန်တီးသူ ရသနှင့် ရသခံစားသူ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ၅။ ရသဖန်တီးသူ ရသနှင့် ရသခံစားသူ |
| သင်ယူမှုရလဒ် | (၁) စာရေးသူတို့သည် ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ်ကို ပုံဖော်ရန် စေတနာ ပွဲကိုင်ပြီး သဒ္ဒါလင်္ကာရ၊ အတ္ထာ လင်္ကာရ နည်းနာများကို အသုံးပြု ရေးသား တတ်ကြောင်း သိရှိစေရန်<br>(၂) ကိုယ်တိုင်ရေးဝတ္ထုဖြစ်စေ၊ မှီငြမ်း ဝတ္ထု ဖြစ်စေ၊ ဘာသာပြန် ဝတ္ထုဖြစ်စေ ခံစားသိ နှင့်အတူ ဘဝအသိမြင် ကို ပေးနိုင် ကြောင်း အကဲဖြတ် နိုင်စွမ်းရှိ လာစေရန် |
| သင်ကြားနည်းစနစ် | (၁) ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | • တပည့်များ၏ အတွေးအခေါ် အကြံဉာဏ်များ ပေါ်ထွက်လာ စေရန် လှုံ့ဆော်သင်ကြားပေးရမည်။ ထိုသို့သင်ကြားရန် အောက်ပါ လုပ်ငန်းစဉ်တို့ကို လုပ် ဆောင်ကြရမည်။<br>• အုပ်စုငယ်များဖွဲ့၍ ခေါင်းစဉ်တစ်ခုပေးခြင်း<br>• အဖြေကို နှုတ်ပြော/စာရေးခြင်းဖြင့် ရယူခြင်း<br>• ဆီလျော်သောအဖြေများ အကြံဉာဏ်များအတွက် (လိုအပ်ပါက) ဆက်လက် ဆွေးနွေးခြင်း၊<br>• စုပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးကို သင်ယူသူများ သိရှိအောင် လေ့ကျင့်ပေးခြင်း |
| စာသင်ချိန် | ၉ ချိန်၊ တစ်ချိန် (၄၅ မိနစ်) |

စာသင်ချိန် (၁)

- "ရသဖန်တီးသူ ရသနှင့် ရသခံစားသူ" ကို ချက်ချင်း မသင်ကြားသင့်ပါ။
- ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်၊ ဂီတ အနုပညာတစ်ခုခုကို ခံစားတတ်လား မေးပါ။ နှစ်သက်တာရှိလားမေးပါ။
- သင်ခန်းစာကို မသင်ကြားခင် ကျောင်းသား/သူများအား ဝတ္ထုဖတ်ဖူးလား/ ကဗျာဖတ်ဖူးလား/ ပြဇာတ်ဖတ်ဖူးလား/ ရုပ်ရှင်ကြည့်ဖူးလား ဦးစွာ မေးကြည့်သင့်ပါသည်။
- ထို့နောက် ယနေ့အချိန်ထိ ရင်ထဲစွဲနေသော အနုပညာတစ်ခု (ဝတ္ထု/ကဗျာ/ သီချင်း/ ပြဇာတ်/ရုပ်ရှင်) ကို ပြောခိုင်းပါ။ ဘာကြောင့် စွဲလမ်းနှစ်သက်နေရကြောင်းကို ပြောခိုင်းကြည့်ပါ။
- အဖြေအမျိုးမျိုးထွက်လာနိုင်ပါသည်။ ထိုအဖြေများကို မူတည်၍ ဆရာက သင်ခန်းစာနှင့် ဆက်စပ် ရှင်းပြပါ။ ရသ နှစ်သက်ခြင်းမခံစားရဘဲ မည်သည့်အနုပညာမှ မရပ်တည်နိုင်ကြောင်း နိဒါန်းပျိုးပါ။

စာသင်ချိန် (၂)

- "ရသဖန်တီးသူ ရသနှင့် ရသခံစားသူ" စာတမ်းကို ဖတ်ခိုင်းပါ။
- ထို့နောက်ဆရာက စာရေးသူတို့သည် ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ်တစ်ခုဖြစ်လာတတ်ကြောင်း ဦးစွာ ပြောပါ။
- ထိုစိတ်ကူးကို ပုံဖော်ရန် စာရေးသူ၏စေတနာ ပဲ့ကိုင်ကြောင်း ရှင်းပါ။
- ထို့နောက် စာရေးသူတို့သည် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ နည်းနာများကို အသုံးပြု၍ ရသစာပေများကို ရေးသားတတ်ကြောင်း သဘောတရားတို့ကို သင်ကြားပေးပါ။
- ထို့ပြင် ကိုယ်တိုင်ရေးဝတ္ထုဖြစ်စေ၊ မှီငြမ်း ဝတ္ထု ဖြစ်စေ၊ ဘာသာပြန် ဝတ္ထုဖြစ်စေ ခံစားသိနှင့်အတူဘဝအသိ မြင်ကို ပေးနိုင်ကြောင်း သာဓကများဖြင့် ရှင်းပြပါ။
- ဆရာက မိမိဖတ်ဖူးသော ရသစာပေ အမျိုးမျိုးဖြင့် သာဓကဆောင်၍ ရှင်းလင်းပို့ချသင့်သည်။
- ရသစာပေအမျိုးမျိုးကို ဖတ်ရင်း ဤသင်ခန်းစာပါ အချက်အလက်များနှင့် ထင်ဟပ်၍ စဉ်းစား တွေးတော သင့်ကြောင်း အသိပေးပြောကြားပါ။

စာသင်ချိန် (၃)

- "ရသဖန်တီးသူ ရသနှင့် ရသခံစားသူ" သင်ခန်းစာကို ကျောင်းသား/သူများအား အနည်းဆုံး ၂ ခေါက် ဖတ် ခိုင်းပါ။
- ဤသင်ခန်းစာကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method) နှင့် သင်ကြားသင့်ပါသည်။
- ထိုသို့ သင်ကြားရာတွင် တပည့်များ၏ အတွေးအခေါ် အကြံဉာဏ်များ ပေါ်ထွက်လာစေရန် လှုံ့ဆော် သင်ကြားပေးပါ။
- ကျောင်းသား/သူများအား ထိုသင်ခန်းစာတွင် ပညာရှင်နှစ်ဦးကို တွေ့မြင်နိုင်ကြောင်း သတိပြုမိပါစေ။
- ကျောင်းသား/သူတို့ကို အရင်မေးကြည့်ပါ။ စာတမ်းတွင် တွေ့ရသော ပညာရှင်နှစ်ဦးမှာ မည်သူတို့နည်း။
- ထိုပညာရှင်နှစ်ဦးမှာ ဆရာဇော်ဂျီ နှင့် ဆရာ မောင်ခင်မင်(ဓနုဖြူ) တို့ ဖြစ်သည်။
- ၎င်းဆရာကြီးနှစ်ဦး၏ ဘဝနှင့် စာပေ အချို့ကို မိတ်ဆက်ပေးပါ။
- (ဥပမာ.... ဆရာဇော်ဂျီသည် ပထမဆုံး ခေတ်စမ်းကဗျာဖန်တီးရှင်ဖြစ်ကြောင်း၊ ရသစာပေဖန်တီးသူဖြစ် ရုံမက၊ ရသစာပေသဘောတရားနည်းနာများကိုလည်း ရေးသားပြုစုခဲ့သော ပညာရှင်ကြီးဖြစ်ကြောင်း၊ ဆရာ မောင်ခင်မင်(ဓနုဖြူ) သည်လည်း ပထမဆုံးငွေတာရီရွှေတံဆိပ်ဆုရှင်ဖြစ်ကြောင်း၊ မောင်ရှပ်ဆိုး နှင့်မယ်မဒ္ဒီ ရသစာတမ်းများနှင့် ဘာသာ စာပေဆိုင်ရာ ဆောင်းပါးများ စာအုပ်စာတမ်း ၁၀၀ ကျော် ရေးသားပြုစုခဲ့သော ပညာရှင်ကြီးဖြစ်ကြောင်း အကျယ်တဝင့် ရှင်းပြပါ။)

စာသင်ချိန် (၄)

- ဤသင်ခန်းစာကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method) နှင့် သင်ကြားသင့်ပါသည်။
- ဆရာက စာတမ်းပါ ဆရာကြီးနှစ်ဦး၏ ဘဝနှင့်စာပေတို့ကို ပို့ချပြီးသောကြောင့် ကျောင်းသား/သူတို့အား ထိုဆရာကြီးနှစ်ဦး၏ စာများကို ဖတ်ဖူးလား မေးပါ။
- တပည့်များနှင့် အပြန်အလှန်မေးမြန်း ဆွေးနွေးမှုဖြင့် စာသင်ချိန်ကို စတင်ပါ။
- ပြီးမှ စာတမ်းပါ အချက်များကို ပို့ချပါ။ ဝေဖန်စိစစ်ပြရင်း သင်ကြားပါ။
- ဆရာဇော်ဂျီက ရသစာပေအဆိုအမိန့် အဖြစ် ရသစာပေဖန်တီးသူ (ရှုထောင့်)မှ ဖန်တီးသူ လိုအပ်ချက်ကို တင်ပြထားကြောင်း ရှင်းပြပါ။

- ၎င်းကို ကျောင်းသား/သူတို့ ကောင်းစွာနားလည်စေရန် အသေးစိတ် အချိန်ယူ၍ ရှင်းပြပါ။
- ( ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ်သည် စာရေးသူ၏ ဗီဇနှင့်ပတ်ဝန်းကျင် ထိတွေ့မှုမှလာကြောင်း၊ ထို စိတ်ကူး ဉာဏ် အထိန်းအမဖြင့် အတွေ့အကြုံ၊ စိတ်လှုပ်ရှားမှု၊ ဘဝအသိ၊ ဘဝသတိကို ရောက်အောင် ဖွဲ့ တတ်ကြောင်း၊ ထိုသို့ဖွဲ့ရာတွင် စကားတန်ဆာဆင်ခြင်း၊ အနက်တန်ဆာဆင်ခြင်းတို့ကို သုံး၍ ရေးဖွဲ့တတ် ကြောင်း ဆက် ရှင်းပြပါ။)
- ရသ ခံစားမှုနှင့်ပတ်သက်၍ ဘဝအာနိသင်နှစ်သက်ခြင်းနှင့် နှစ်သက်ခြင်းသက်သက် တို့ရှိနိုင်ကြောင်း သာဓကများဖြင့်ရှင်းပြပါ။
- ထို့ပြင် ရသခံစားသူ ရှုထောင့်မှ စာတစ်ပုဒ် ဖတ်ပြီး ထာဝရနှစ်သက်မှုနှင့် တစ်ခဏနှစ်သက်မှု ရနိုင်ကြောင်း ရှင်းပြပါ။
- ရသစာပေခံစားမှုကို နက်နက်ရှိုင်းရှိုင်း ဖော်ပြထားသောကြောင့် အချိန်ယူ ဆွေးနွေးပို့ချပါ။ ကျောင်းသား များ လိုက်နိုင်/မလိုက်နိုင် စာသင်ချိန်တိုင်း စစ်ဆေးပါ။

## စာသင်ချိန်(၅)

- ရသဖန်တီးသူ ၊ ရသနှင့် ရသခံစားသူ စာတမ်းသည် လေးနက်သော ရသစာပေဆိုင်ရာ အတွေးတို့ကို ကျောင်းသား/သူတို့အား မိတ်ဆက်ထားခြင်းဖြစ်ကြောင်း ပြောပြပါ။
- ကျောင်းသား/သူတို့က ဤသင်ခန်းစာကို ဦးနှောက်နှင့် မှတ်သားရုံမက ခံစားရင်း သင်ယူရမည် ဖြစ် ကြောင်း မှာကြားပါ။
- ဆရာမောင်ခင်မင် (ဓနုဖြူ) က မိမိအတွေ့အကြုံနှင့်ယှဉ်၍ စာရေးသူ၏ စေတနာကြောင့် မှိုငြမ်းဝတ္ထု ထက် ပင်ကိုရေးဝတ္ထုက ပိုကောင်းသည်ဟု ထင်ကြောင်း သုံးသပ်ထားသည်ကို ကျောင်းသား/သူတို့ ရှင်းရှင်းလင်းလင်း သိအောင် သင်ကြားပါ ။
- ထိုကောက်ချက်ချမှုကို သိသာထင်ရှားစေရန် ဆရာမောင်ခင်မင် (ဓနုဖြူ) ကရွှေဥဒေါင်း၏ “ပထမံ ဆရာ သိန်း” ဝတ္ထုနှင့် စိန်စိန်၏ “ချစ်ငြိုး ချစ်မာန်” ဝတ္ထုတို့ကို သာဓကဆောင် ထားကြောင်း ကွဲကွဲပြားပြားသိစေ ရန် ရှင်းပြပါ။
- ဆရာကြီးက ထိုသို့ သုံးသပ်ထား သော်လည်း ကျောင်းသား/သူတို့က သဘောတူ/မတူ မေးကြည့်ပါ။
- သဘောတူလျှင်လည်း ဘာကြောင့် သဘောတူကြောင်း၊ သဘောမတူလျှင်လည်း ဘာကြောင့် သဘောမတူ ကြောင်း လွတ်လွတ်လပ်လပ် ဖြေဆိုခွင့်ပြုပါ။ (ဤသည်မှာ တပည့်များ၏ အတွေးအခေါ် အကြံဉာဏ်များ ပေါ်ထွက်လာ စေရန် လှုံ့ဆော်သင်ကြားပေးခြင်းဖြစ်သည်။)
- ၎င်းမေးခွန်းအတွက် အမှား/ အမှန် ဟူ၍ မရှိကြောင်း ၊ ကျောင်းသားတိုင်း၏ အဖြေတိုင်းသည် အကျိုးသင့် အကြောင်းသင့်ရှင်းပြနိုင်လျှင် အမှန်ချည်းဖြစ်ကြောင်း ကြိုကြိုတင်တင် ရှင်းပြထားပါ။

## စာသင်ချိန်(၆)

- ဤသင်ခန်းစာကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method) နှင့် သင်ကြားသင့်သည်။
- ထိုသို့ သင်ကြားရာတွင် တပည့်များ၏ အတွေးအခေါ် အကြံဉာဏ်များ ပေါ်ထွက်လာစေရန် လှုံ့ဆော် သင်ကြားပေးပါ။
- အဖြေများကို အမှား/ အမှန် မဆုံးဖြတ်ဘဲ ကျောင်းသား/သူတို့ ခံစားရသည့်အတိုင်း လွတ်လွတ်လပ်လပ် ဖြေဆိုခွင့် ပေးပါ။

- ရသသည် စိတ်ကိစ္စဖြစ်သောကြောင့် စာဖတ်သူတို့၏ စိတ်လှုပ်ရှား ခံစားမှုသာ အတည်ဖြစ်ကြောင်း စာသင်ချိန်တိုင်း ရှင်းပြပါ။
- လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) (၄) သည် မှတ်မိမှုဆိုင်ရာ မေးခွန်းဖြစ်သည်။
- ၎င်းသင်ခန်းစာသည် စဉ်းစားတွေးခေါ်မှုကို အားကောင်းစေသည်။ မေးခွန်းများကိုလည်း အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အချိန်တစ်ခု သတ်မှတ်ဖြေဆိုခိုင်းပါ။
- မေးခွန်း (၁) (၄) အတွက် မိနစ် ၂၀ ခန့်ပေးပါ။

စာသင်ချိန် (၇)

- ဤသင်ခန်းစာကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method) နှင့် သင်ကြားသင့်သည်။
- ထိုသို့ သင်ကြားရာတွင် တပည့်များ၏ အတွေးအခေါ် အကြံဉာဏ်များ ပေါ်ထွက်လာစေရန် လှုံ့ဆော် သင်ကြားပေးပါ။
- အဖြေများကို အမှား/ အမှန် မဆုံးဖြတ်ဘဲ ကျောင်းသား/သူတို့ ခံစားရသည့်အတိုင်း လွတ်လွတ်လပ်လပ် ဖြေဆိုခွင့် ပေးပါ။
- ရသသည် စိတ်ကိစ္စဖြစ်သောကြောင့် စာဖတ်သူတို့၏ စိတ်လှုပ်ရှား ခံစားမှုသာ အတည်ဖြစ်ကြောင်း စာသင်ချိန်တိုင်း ရှင်းပြပါ။ ပြီးမှ မေးခွန်းများ ဖြေပါစေ။
- လေ့ကျင့်ခန်း မေးခွန်းနံပါတ် (၂) သည် နားလည်မှုဆိုင်ရာမေးခွန်းဖြစ်သည်။
- မေးခွန်းများကိုလည်း အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အချိန်တစ်ခု သတ်မှတ်ဖြေဆိုခိုင်းပါ။
- ညှိနှိုင်းဖြေဆိုပါစေ။ ပြီးမှ ဆရာက ကြီးကြပ်ဆွေးနွေးပါ။

စာသင်ချိန် (၈)

- ဤသင်ခန်းစာကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method) နှင့် သင်ကြားသင့်သည်။
- ထိုသို့ သင်ကြားရာတွင် တပည့်များ၏ အတွေးအခေါ် အကြံဉာဏ်များ ပေါ်ထွက်လာစေရန် လှုံ့ဆော် သင်ကြားပေးပါ။
- အဖြေများကို အမှား/ အမှန် မဆုံးဖြတ်ဘဲ ကျောင်းသား/သူတို့ ခံစားရသည့်အတိုင်း လွတ်လွတ်လပ်လပ် ဖြေဆိုခွင့် ပေးပါ။
- ရသသည် စိတ်ကိစ္စဖြစ်သောကြောင့် စာဖတ်သူတို့၏ စိတ်လှုပ်ရှား ခံစားမှုသာ အတည်ဖြစ်ကြောင်း စာသင်ချိန်တိုင်း ရှင်းပြပါ။
- လေ့ကျင့်ခန်းမေးခွန်း နံပါတ်(၃) (၅) (၆) သည် အကဲဖြတ်မှုဆိုင်ရာ မေးခွန်းဖြစ်သည်။
- မေးခွန်းများကိုလည်း အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အချိန်တစ်ခု သတ်မှတ်ဖြေဆိုခိုင်းပါ။
- ညှိနှိုင်းဖြေဆိုပါစေ။ ပြီးမှ ဆရာက ကြီးကြပ်ဆွေးနွေးပါ။

စာသင်ချိန် (၉)

- ဤသင်ခန်းစာကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method) နှင့် သင်ကြားသင့်သည်။
- ထိုသို့ သင်ကြားရာတွင် တပည့်များ၏ အတွေးအခေါ် အကြံဉာဏ်များ ပေါ်ထွက်လာစေရန် လှုံ့ဆော် သင်ကြားပေးပါ။
- အဖြေများကို အမှား/ အမှန် မဆုံးဖြတ်ဘဲ ကျောင်းသား/သူတို့ ခံစားရသည့်အတိုင်း လွတ်လွတ်လပ် ဖြေဆို ခွင့် ပေးပါ။

- ရသသည် စိတ်ကိစ္စဖြစ်သောကြောင့် စာဖတ်သူတို့၏ စိတ်လှုပ်ရှား ခံစားမှုသာ အတည်ဖြစ်ကြောင်း စာသင်ချိန်တိုင်း ရှင်းပြပါ။
- လေ့ကျင့်ခန်း မေးခွန်းနံပါတ် (၈) သည် စိစစ်ဝေဖန်သည့် မေးခွန်းဖြစ်သည်။
- လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၇) (၉) (၁၀) သည် စိစစ်ဝေဖန်၍ ဖန်တီးရေးသားရမည့် မေးခွန်းများ ဖြစ်သည်။
- ထိုမေးခွန်းများကို ပေါက်မြောက်အောင် ဖြေဆိုနိုင်ရန် အောက်ပါ လုပ်ငန်းစဉ်တို့ကို လုပ်ဆောင်၍ သင်ကြားပါ။
- အုပ်စုငယ်များဖွဲ့၍ မေးခွန်းတစ်ခုချင်းပေးပါ။
- အဖြေကို နှုတ်ပြော/စာရေးခြင်းဖြင့် ရယူပါ။
- ဆီလျော်သောအဖြေများ အကြံဉာဏ်များအတွက် (လိုအပ်ပါက) ဆရာက ဆွေးနွေးပေးပါ။
- စုပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးကို သင်ယူသူများ သိရှိအောင် လေ့ကျင့်ပေးပါ။
- မှတ်ချက်။ ။ အပိုင်း(၃) အရေးသင်ခန်းစာ ကို မသင်ကြားမီ အရေးသင်ခန်းစာများသည် ကျက်စာ မဟုတ်ဘဲ ကျင့်စာဖြစ်ကြောင်း ကျောင်းသား/သူများ သေသေချာချာ သဘောပေါက်အောင် ကြိုတင်အသိပေး ပြောကြားပါ။ လေ့ကျင့်ခန်းများကိုဖြေရာတွင် မှတ်မိမှု နှင့် နားလည်မှုဆိုင်ရာမေးခွန်းများမှလွဲ၍ ကျန် မေးခွန်းများသည် အဖြေအမျိုးမျိုးရနိုင်သော မေးခွန်းများဖြစ်၍ ကျောင်းသား/သူများ မိမိခံစားရသည့် အတိုင်း လွတ်လွတ် လပ်လပ် ဖြေဆိုနိုင်ကြောင်း၊ အဖြေမတူလည်း မမှားနိုင်ကြောင်း ဆရာက ကြိုတင် အသိပေးထား သင့်သည်။ အတွေးအခေါ်လွတ်လပ်မှုအပြည့်ပေး၍ ဖြေဆိုခွင့်ပေးပါ။

ဖတ်ရှုလေ့လာသင့်သောစာအုပ်များ

(၁) မောင်ခင်မင်(ဓနုဖြူ) ၊ ၂၀၁၈၊ ဘာသာ စာပေသုတေသနစာတမ်းများ ၊ ရာပြည့်စာအုပ်တိုက်။

(၂) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၈၊ စာပေသမုဒ္ဒရာ၌လက်ပစ်ကူးခြင်း (တတိယအကြိမ်)၊ ရာပြည့်စာအုပ်တိုက်။

(၃) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၉၊ "ရသနှင့် မယဉ်ပါးလေသောအခါ"ဆောင်းပါး၊ စာပေဆိုသော မိန်းမချောလေး (ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အတွေး)၊ စိတ်ကူးချိုချိုအနုပညာ။

(၄) ဇော်ဂျီ ၊ ၂၀၀၄ ဩဂုတ်လ၊ ရသစာပေအဖွင့်နှင့်နိဒါန်း (ဒုတိယအကြိမ်)၊ စိတ်ကူးချိုချိုအနုပညာ။

(၅) စာရေးသူအစုံ၊၁၉၉၉ ဒီဇင်ဘာလ၊ စာဆိုနှင့်စာ၊ (၁၃၆၁ စာဆိုတော်နေ့အထိမ်းအမှတ်)၊ အားမာန်သစ်စာပေ။

(၆) မင်းသုဝဏ် ၊၂၀၀၃ ဧပြီလ၊ "အနက်နှင့်ကာရန်" ဆောင်းပါး ပန်းနှင့်ပင်စည်(ဒုတိယအကြိမ်)၊ သီဟရတနာစာပေ။

(၇) မင်းသုဝဏ် ၊၂၀၀၃ ဧပြီလ၊ "မြန်မာစကား" ဆောင်းပါး ပန်းနှင့်ပင်စည်(ဒုတိယအကြိမ်)၊ သီဟရတနာစာပေ။

(၈) မင်းသုဝဏ် ၊၂၀၀၃ ဧပြီလ၊ "သခင်ကိုယ်တော်မှိုင်းနှင့် သူ၏ကဗျာတစ်ပုဒ်" ဆောင်းပါး ပန်းနှင့်ပင်စည်(ဒုတိယအကြိမ်)၊ သီဟရတနာစာပေ။

(၉) မင်းသုဝဏ် ၊၂၀၀၃ ဧပြီလ၊ "သခင်ကိုယ်တော်မှိုင်းသာ စာမဆိုခဲ့သော်" ဆောင်းပါး ပန်းနှင့်ပင်စည်(ဒုတိယအကြိမ်)၊ သီဟရတနာစာပေ။

ဖ။ ရေးဟန်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ဖ။ ရေးဟန် |
| သင်ယူမှုရလဒ် | (၁) ပညာရှင်တို့ မိန့်ဆိုသည့် ရေးဟန် သဘောတရားများကို သိရှိ နားလည်စေရန်<br>(၂) စာတစ်ပုဒ်ကို ဖတ်ပြီးသည်နှင့် မည်သည့် ရေးဟန်ကို သုံး၍ ရေးသား ထား ကြောင်း အကဲဖြတ်တတ်စေရန်<br>(၃) ရေးဟန်သဘောတရားတို့ကို ကောင်းစွာ နားလည်ပြီး သုတ ရသ စာပေများကို ကိုယ်တိုင် ဖန်တီးရေးသား နိုင်စေရန် |
| သင်ကြားနည်းစနစ် | (၁) ခြုံငုံယူဆင်ခြင်နည်း (Inductive Method)<br>(၂) တွေး တွဲ မျှဝေ သင်နည်း (Think – Pair – Share) |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | • သင်ခန်းစာနှင့်ပတ်သက်၍ ယခင် သိရှိပြီးသမျှကို ပြန်လည် ဖော်ထုတ် ဆွေးနွေးခြင်း<br>• သင်ခန်းစာပါအချက်အလက်များကို အသေးစိတ်လေ့လာခြင်း<br>• လက်တွေ့ လေ့ကျင့်ဆောင်ရွက်စေခြင်း<br>• သင်ယူနေသော အသိပညာနှင့် ဆက်စပ်နေသော မေးခွန်းများ မေး ခြင်း<br>• ၂ မိနစ်အတွင်း စဉ်းစား ပေါ်ထွက်လာသည့် အဖြေများကို ရေးသားစေ ခြင်း<br>• သူငယ်ချင်းနှင့် အဖြေကို မျှဝေဆွေးနွေးခြင်း |
| စာသင်ချိန် | ၉ ချိန်၊ တစ်ချိန် (၄၅ မိနစ်) |

စာသင်ချိန် (၁)

- သင်ခန်းစာကို တိုက်ရိုက်မသင်မီ ကျောင်းသား/များအား ဖတ်ဖူး နှစ်သက်ဖူးသော စာ ၂ ပုဒ်ကို ပြောခိုင်းပါ။
- ဘာကြောင့်နှစ်သက်လဲ။ စာရေးသူ နှစ်ဦးရေးသော စာနှစ်ပုဒ် ဘယ်လိုကွာခြားလဲ။ စိတ်ထဲရှိတာ ပြောခိုင်းပါ။
- စာရေးဆရာနှစ်ဦး၏ အရေးအသား မတူသည်မှာ သူတို့၏ စိတ်ကူးဉာဏ်၊ စေတနာ၊ အတွေ့အကြုံမှလာသည့် ရေးဟန်မတူသောကြောင့်ဖြစ်ကြောင်း၊ ရှေ့သင်ခန်းစာနှင့် ဆက်စပ်၍ ရှင်းပြပါ။
- သင်ခန်းစာနှင့်ပတ်သက်၍ ယခင်သိရှိသမျှကို ပြန်မေး ပြန်ပြော ပြန်သုံးသပ်သည့် ခြုံငုံယူဆင်ခြင်နည်းကို သုံး၍ သင်ကြားပြသပေးရမည်။
- ပြီးမှ ဆရာက လူတစ်ဦးနှင့်တစ်ဦး စကားပြောဟန်၊ ကိုယ်နေဟန် မတူသကဲ့သို့ စာရေးဆရာ(သို့) ကဗျာဆရာ တစ်ဦးနှင့်တစ်ဦး ရေးဟန် မတူကြောင်း သင်ခန်းစာဆီသို့ ဆွဲဆောင် ပို့ချပါ။ ထိုသို့ မတူပုံကို ကိုယ့် ပတ်ဝန်းကျင်မှ လူများကို သတိထားကြည့်စေပြီး ခိုင်မာအောင် ပြောကြားပါ။
- ဤနည်းဖြင့် ရေးဟန် သဘောတရားကို မိတ်ဆက်ပြောကြားပါ။

စာသင်ချိန် (၂)

- ရေးဟန်နှင့်ပတ်သက်၍ ပညာရှင်တို့ မိန့်ဆိုသည့် ရေးဟန် သဘောတရားများကို သိရှိနားလည်ရန် အရေးကြီးကြောင်း ရှင်းပြပါ။
- ထို့နောက် စာတစ်ပုဒ်ကို ဖတ်ပြီးသည်နှင့် မည်သည့် ရေးဟန်ကို သုံး၍ ရေးသားထားကြောင်း အကဲဖြတ်တတ်စေရန် ဤ ရေးဟန်သင်ခန်းစာကို သင်ကြားရခြင်းဖြစ်ကြောင်း ပြောပြပါ။
- ရေးဟန်သဘောတရားတို့ကို ကောင်းစွာ နားလည်ပြီး သုတ ရသ စာပေများကို ကိုယ်တိုင် ဖန်တီးရေးသားနိုင်စေရန် ရည်မှန်း၍ ဤသင်ခန်းစာကို သင်ကြားရခြင်းဖြစ်ကြောင်း သင်ယူမှုရလဒ်ကို သေသေချာချာ သဘောပေါက်အောင် ရှင်းပြပါ။
- ထို့နောက် သင်ခန်းစာမူရင်းစာပုဒ်ကို ကျောင်းသား/သူများအား အလှည့်ကျဖတ်ပါစေ။
- သင်ခန်းစာမူရင်းစာကို မှတ်မိသည်အထိ အိမ်မှ နောက်တစ်ခေါက် ဖတ်ခဲ့ဖို့လည်းမှာလိုက်ပါ။

စာသင်ချိန် (၃)

- မူရင်းစာကို ဖတ်ခဲ့လား မေးပါ။ ပြီးမှ ဘယ်လောက်မှတ်မိလဲ စစ်ဆေးသည့်အနေနှင့် ရေးဟန် ဘယ်နှမျိုးအကြောင်း စာရေးသူက ပြောထားလဲ မေးကြည့်ပါ။
- ထို့နောက် ဆရာက ကျောင်းသား/သူတို့အား ရေးဟန်သဘောတရား တစ်ခုစီကို အကြမ်းမျဉ်းပြောပြပါ။
- ရေးဟန်ဆိုသည်မှာ ဘာသာစကားကို ဘယ်လိုအသုံးပြုထားသည် ကို ဆိုလိုခြင်း ဖြစ်ကြောင်းရှင်းပြပါ။

(၁) ရေးဟန်ဆိုသည်မှာ လူကိုယ်တိုင်ဖြစ်ကြောင်း

(၂) ရေးဟန်ဆိုသည်မှာ နေရာတကျသုံးထားသော စကားလုံးများဖြစ်ကြောင်း

(၃) ရေးဟန်ဆိုသည်မှာ အကြောင်းအရာနှင့် ပုံသဏ္ဌာန်တို့ တစ်သားတည်း ပေါင်းဖွဲ့မှု ဖြစ်ကြောင်း

(၄) ရေးဟန်ဆိုသည်မှာ ရွေးချယ်မှုဖြစ်ကြောင်း ရေးဟန်သဘောတရား ၄ ခုကို မှတ်မိအောင် ထပ်ခါထပ်ခါ ပြောပြပါ။

- ကျောင်းသား/သူများကို အဖွဲ့ခွဲပေးပါ။
- ထို့နောက် ထိုရေးဟန်သဘောတရား ၄ ခုကို အချင်းချင်း အပြန်အလှန် မေးမြန်းဖြေဆိုခိုင်းပါ။

စာသင်ချိန် (၄)

- ရေးဟန်သဘောတရား ၄ ခုကို မှတ်မိသွားလျှင် တစ်ခုချင်း အသေးစိတ်ရှင်းပြပါ။
- ဤစာသင်ချိန်တွင် ရေးဟန် ၂ ခုအကြောင်းကို သာဓက အကိုးအကားများဖြင့် နားလည်အောင် အသေးစိတ်ရှင်း ပြပါ။
- ရေးဟန်တွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်လျက်ရှိကြောင်း ပြင်သစ်စာရေး ဆရာ ဗူဖွန်း၏ "ဟန်သည် လူကိုယ်တိုင်ပင်ဖြစ်သည်" ဟူသော ဖွင့်ဆိုချက် ကို သာဓကများဖြင့် ရှင်းပြပါ။ (ဆရာဇေယျ၊ ဆရာကြီးပီမိုးနင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဆရာမြမျိုးလွင်)
- "ရေးဟန်ဟူသည် နေရာတကျသုံးထားသော စကားလုံးများဖြစ်သည်" ဟု အိုင်းရစ်စာရေး ဆရာ ဆွစ်၏ ဖွင့်ဆိုချက်ကို သာဓကများပြ၍ ထင်ရှားအောင်သင်ပါ။
- စာသင်ချိန်ပြီးခါနီးတွင် ထိုရေးဟန် ၂ ခု၏ သဘောတရားကို တစ်တန်းလုံးမှတ်မိအောင် ပြန်မေးပါ။

စာသင်ချိန် (၅)

- သင်ပြီးသော ရေးဟန် ၂ ခုကို ပြန်မှတ်မိအောင် ပြောပြပါ။
- ကျန်ရေးဟန် ၂ ခုကို အကျယ်တဝင့် ရှင်းပြပါ။
- "ရေးဟန် ဟူသည် အကြောင်းအရာနှင့် ပုံသဏ္ဌာန်တို့ တစ်သားတည်းပေါင်းဖွဲ့မှုဖြစ်သည်"
- "အသားအဝတ်တန်ဆာ" ပင်ဖြစ်သည်" ဟူ၍ ဒဿနပညာရှင် ကာလိုင်းက တင်စားကြောင်း ပြောပြပါ။
- ''အသားအဝတ်တန်ဆာ" ဟုဆိုခြင်းဖြင့် အဝတ်တန်ဆာသည် အသားနှင့် ခွဲမရဘဲ တစ်သားတည်း ဖြစ်နေသကဲ့သို့ ပုံသဏ္ဌာန်သည် အကြောင်းအရာနှင့် ခွဲမရဘဲ တစ်သား တည်း ဖြစ်နေသည့်သဘောကို ဆိုလိုခြင်းဖြစ်ကြောင်း ဆက်စပ်ရှင်းပြပါ။
- ဆရာဇော်ဂျီ၏ ဖန်ပြာခွက်နှင့်ကျောက်စက်ရေ ဆောင်းပါး ကိုးကားရှင်းပြပါ။
- "ရေးဟန်ဟူသည် ရွေးချယ်မှုပင်ဖြစ်သည်" ဟူသော ဖွင့်ဆိုချက်သည် ရေးဟန်ပညာရှင်များ ကျယ်ကျယ်ပြန့်ပြန့် လက်ခံလျက်ရှိသော ဖွင့်ဆိုချက်ဖြစ်ကြောင်း ပြောပါ။
- စကားနှစ်ရပ်သည် အကြောင်းအရာအချက်အလက် ထပ်တူနီးပါးတူပြီး စကားသုံးပုံကွဲပြားလျှင် ရေးဟန် ကွဲပြားသည်ဟု ခေါ်နိုင်ကြောင်း သာဓကနှင့်ရှင်းပါ။ "အနူ" နှင့်"အနာကြီးရောဂါသည်" ၊ "အရူး" နှင့် "စိတ်ဝေဒနာရှင်"
- စကားလုံးတို့၏နောက်ကွယ်မှာ ထင်ဟပ်နေသော ဂယက်အနက် ခေါ် ခံစားမှုအငွေ့အသက်များ သိမ်မွေ့စွာ ကွဲပြားနေတတ်ကြောင်း ထင်ရှားသိသာအောင် ရှင်းပြပါ။
- ရေးဟန်ဟူသည် ရွေးချယ်မှုဖြစ်သည် ဟူသော ဖွင့်ဆိုချက် သည် အခြားဖွင့်ဆိုချက်များကို လွှမ်းခြုံနိုင် သောဖွင့်ဆိုချက် ဖြစ်ကြောင်း အခြားဖွင့်ဆိုချက် များနှင့် နှိုင်းယှဉ်၍ အနှစ်ချုပ်ရှင်းပြပါ။

စာသင်ချိန် (၆)

- ဤအချိန်မှစ၍ ကျောင်းသား/သူများကိုယ်တိုင် လေ့ကျင့်ခန်းများများလုပ်ရမည့်အချိန်များ ဖြစ် ကြောင်းကြိုတင်အသိပေး ပြောကြားပါ။
- သင်ကြားလေ့လာပြီးသမျှ ရေးဟန် ၄ မျိုးကို သာဓကများဖြင့် မှတ်မိအောင် ပြန်လေ့လာခဲ့ဖို့ မှာကြားပြီးဖြစ်ရမည်။
- ကျောင်းသားများ စာသင်ခန်းထဲရောက်လျှင် အုပ်စုများ ခွဲပေးပါ။
- လေ့ကျင့်ခန်းများကို နံပါတ်အလိုက် လေ့ကျင့်ပေးရမည်။
- မှတ်မိခြင်းကို စစ်ဆေးသည့် မေးခွန်းများကို အဖွဲ့လိုက်တစ်ပုဒ်ချင်း ဖြေဆိုပါစေ။
- အချိန်တစ်ခု သတ်မှတ်ဖြေဆိုခိုင်းပါ။ သာဓက။ ။ မေးခွန်း နံပါတ် (၁) ကို ၅မိနစ်ပေးပါ။
- မေးခွန်းနံပါတ် (၂) ကို ၁၀ မိနစ်ပေးပါ။
- မေးခွန်းနံပါတ် (၃) ကို ၁၀ မိနစ်ပေးပါ။
- ထိုမေးခွန်းများကို အဖွဲ့လိုက်တိုင်ပင်၍ အဖြေများကို ချရေးပါစေ။
- အားလုံးဖြေပြီးလျှင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်စစ်ဆေးပါစေ။ အဖြေမတူလျှင် ကျောင်းသား/သူ များ အချင်းချင်း အဖြေတတစ်ခုတည်း ရသည်အထိ ဆွေးနွေးညှိနှိုင်းပါစေ။

စာသင်ချိန် (၇)

- ဤအချိန်မှစ၍ ကျောင်းသား/သူများကိုယ်တိုင် လေ့ကျင့်ခန်းများများလုပ်ရမည့်အချိန်များ ဖြစ်ကြောင်း ကြိုတင်အသိပေး ပြောကြားပါ။
- သင်ကြားလေ့လာပြီးသမျှ ရေးဟန် ၄ မျိုးကို သာဓကများဖြင့် မှတ်မိအောင် ပြန်လေ့လာခဲ့ဖို့ မှာကြားပြီးဖြစ်ရမည်။
- သင်ခန်းစာနှင့်ပတ်သက်၍ ယခင် သိရှိပြီးသမျှကို ဆရာကပြန်လည် ဖော်ထုတ် ဆွေးနွေးပေးပါ။
- ထို့နောက် မေးခွန်းနံပါတ် (၄ ၊ ၅) ကို တစ်ဦးချင်း ဖြေဆိုပါစေ။
- မေးခွန်း နံပါတ် ၄။ “ “ရေးဟန်တွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်လျက်ရှိသည်” ဟူသော အဆိုကို မိမိ စကား ဖြင့် ရှင်းလင်းဖြေဆိုပါ” ဟူသော မေးခွန်းအတွက် အနည်းဆုံး ကျောင်းသား/သူ နှစ်ယောက်ကို နှုတ်ဖြင့်ဖြေဆိုပါစေ။
- မေးခွန်းနံပါတ် ၅။ ရေးဟန်နှင့်ပတ်သက်သော မည်သည့်ဖွင့်ဆိုချက်ကို နှစ်သက်သနည်း။ သာဓက တစ်ခု ပြ၍ ဖြေဆိုပါ။ ဟူသော မေးခွန်းအတွက် အနည်းဆုံး ကျောင်းသား/သူ နှစ်ယောက်ကို နှုတ်ဖြင့်ဖြေဆိုပါစေ။
- အနည်းဆုံးကျောင်းသား/သူ ၄ ယောက်ဖြေဆိုပြီးသား မေးခွန်း ၂ ပုဒ်ကို အိမ်စာအဖြစ်ယူ၍ နောက်အပတ်တွင် အပြီးပြရန် ပြောပါ။
- ဆရာက သေချာစွာ ဖတ်ရှုစစ်ဆေး၍ နောက်တစ်ချိန်တွင် သင့်/မသင့် လိုအပ်ချက်များကို ဆွေးနွေးပေးပါ။

စာသင်ချိန် (၈)

- ဤအချိန်မှစ၍ ကျောင်းသား/သူများကိုယ်တိုင် လေ့ကျင့်ခန်းများများလုပ်ရမည့်အချိန်များ ဖြစ် ကြောင်း ကြိုတင်အသိပေး ပြောကြားပါ။
- သင်ကြားလေ့လာပြီးသမျှ ရေးဟန် ၄ မျိုးကို သာဓကများဖြင့် မှတ်မိအောင် ပြန်လေ့လာခဲ့ဖို့ မှာကြားပြီးဖြစ်ရမည်။
- သင်ပြီးသမျှကို ၅ မိနစ်ခန့် အချိန်ယူ၍ ပြန်နွေးပါ။
- ဤအချိန်တွင် မေးခွန်းနံပါတ် ၆ ကို တစ်ဦးချင်း ဖြေဆိုစေရမည်။
- ဤမေးခွန်းသည် အဖြေအမျိုးမျိုးဖြစ်နိုင်ကြောင်း ဦးစွာ ရှင်းလင်းပါ။
- မေးခွန်းနံပါတ် ၆။ “ရေးဟန်သည် ရွေးချယ်မှုဖြစ်သည်” ဟူသောအဆိုကို ထောက်ခံပါသလား။ ထိုရေးဟန်နည်းနာကို အသုံးပြု၍ မိမိအတွေ့အကြုံတစ်ခုကို ရေးသားဖန်တီးပါ။ ဟူသော မေးခွန်း အတွက် အနည်းဆုံး ကျောင်းသား/သူ နှစ်ယောက်ကို နှုတ်ဖြင့်ဖြေဆိုပါစေ။
- အတန်းချိန်တွင် အချိန် ၁၅ မိနစ်ခန့်ပေး၍ ဖြေဆိုပါစေ။
- အတန်းသားအချင်းချင်း အဖြေစာရွက်များ လဲ၍ အပြန်အလှန် စစ်ဆေးပေးပါ။
- ဆရာက နမူနာ အဖြေလွှာ ၃ ၄ ခုကို ရွေးချယ်၍ သင့်/မသင့် ဆွေးနွေးပေးပါ။

စာသင်ချိန် (၉)

- ဤအချိန်မှစ၍ ကျောင်းသား/သူများကိုယ်တိုင် လေ့ကျင့်ခန်းများများလုပ်ရမည့်အချိန်များ ဖြစ် ကြောင်း ကြိုတင်အသိပေး ပြောကြားပါ။
- သင်ကြားလေ့လာပြီးသမျှ ရေးဟန် ၄ မျိုးကို သာဓကများဖြင့် မှတ်မိအောင် ပြန်လေ့လာခဲ့ဖို့ မှာကြားပြီးဖြစ်ရမည်။

- သင်ပြီးသမျှကို ၅ မိနစ်ခန့် အချိန်ယူ၍ ပြန်နွေးပါ။
- အတန်းသားများကို အဖွဲ့ (၅) ဖွဲ့ ခွဲပေးပါ။
- ဤအချိန်တွင် မေးခွန်းနံပါတ် ၇ (၅) ပုဒ် ကို တစ်ဖွဲ့ချင်း တစ်ပုဒ်စီမဲနှိုက်၍ ဖြေဆိုစေရမည်။
- အချိန် မိနစ် ၂၀ ခန့်ပေးပါ။
- အဖွဲ့ကိုယ်စား တစ်ယောက်က အဖြေကို ဖတ်ပြပါစေ။
- ဆရာက အဖြေများကို နားထောင်၍ လိုအပ်ချက်များကို ဆွေးနွေးပါ။

မှတ်ချက် ။ ။ ဆရာကိုယ်တိုင် ရေးဟန်သဘောတရားများကို ကျေညက်အောင် လေ့လာပါ။ လေ့ကျင့်ခန်းပါ စာပိုဒ်များသာမက မိမိဖတ်ရှုပြီးသော စာပေများမှ ကောက်နုတ်၍ ရေးဟန်များနှင့် ထင်ဟပ် ရှင်းပြပါ။ ခြုံယူဆင်ခြင်နည်း (Inductive Method) နှင့် တွေး တွဲ မျှဝေ သင်နည်း (Think – Pair – Share)ကို အသုံးပြု သင်ကြားသင့်သည်။ ဆရာကိုယ်တိုင် သင်ခန်းစာပါ အချက်အလက်များကို အသေးစိတ်လေ့လာရုံမက ကျောင်းသား/သူများကိုလည်း ကျေညက်အောင် ထပ်တလဲ လဲ မေးမြန်း ဖြေဆိုခိုင်းပါ။

ဖတ်ရှုလေ့လာသင့်သော စာအုပ်များ

(၁) ကျော်အောင်၊ ၂၀၀၆၊ ကမ္ဘာ့ဂန္ထဝင် ၁၀ (တတိယအကြိမ်)၊ ရာပြည့်စာအုပ်တိုက်။
(၂) မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၁၊ ရေးဟန်ပညာနိဒါန်း၊ စိတ်ကူးချိုချိုအနုပညာ။
(၃) မောင်ခင်မင် (ဓနုဖြူ)၊၂၀၁၉၊ စာပေဆိုသော မိန်းမချောကလေး (ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အတွေး)၊ စိတ်ကူးချိုချို အနုပညာ။
(၄) မောင်ခင်မင် (ဓနုဖြူ)၊၂၀၂၂ မေလ၊ စာရေးကြမလား၊ ကံ့ကော်ဝတ်ရည်စာပေ။
(၅) ဇော်ဂျီ၊ ၂၀၁၅၊ စာရှုခင်း (၂) ကဗျာ ပြဇာတ်နှင့် ပင်ကိုရေးဝတ္ထု၊ စိတ်ကူးချိုချို။
(၆) ဇော်ဂျီ၊ ၂၀၁၄၊ နိုဗဲဆုရ စာရေးဆရာများနှင့် သူတို့၏ ကမ္ဘာကျော်ဝတ္ထုတိုများ၊ The Key Collection.
(၇) တိုက်စိုး၊ ၂၀၀၈၊ မင်းနှင့်စာဆို (ဒုတိယအကြိမ်)၊ စိတ်ကူးချိုချို။
(၈) သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ၁၉၉၉၊ ခေတ်စမ်း၏ပန်းသုံးပွင့်ရနံ့များ၊ ရွှေစာပေတိုက်။